
## စိမ့် (ပညာရေး)

ကေရီဘုရင်မကြီး

# ရှင်စောပု



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | ◆ | အံ့ဖွယ် |
| မျက်နှာဖုံးပန်းချီ | ◆ | ပြည်ကျော်ဟန် |
| အတွင်းစာစီ | ◆ | မြစ်ခွဲဇစင်းကွန်ပျူတာ |
| ထုတ်ဝေသည့်လ | ◆ | ၂၀၁၃ ခုနှစ်၊ မေလ |
| အကြိမ် | ◆ | ပထမအကြိမ် |
| အုပ်ရေ | ◆ | ၁၀၀၀ |
| ထုတ်ဝေသူ | ◆ | ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊ အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊ ၁၀–မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ◆ | ဒေါ်ခင်စီ (ပြည်ဦးဘေပုံနှိပ်တိုက်)၊ အမှတ်(၁၅၈)၊ ၃၇–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ◆ | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | ◆ | ၂၅၀၀ ကျပ် |

''ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း'' (CIP)

စိမ့် (ပညာရေး)

ကောရိဘုရင်မကြီး ရှင်စောပု/ စိမ့် (ပညာရေး)။ –ရန်ကုန်၊ လင်းလင်းစာပေ၊ ၂၀၁၃။

၂၁၃ – စာ ၁၃ × ၂၁ စင်တီ


(၁) ကောရိဘုရင်မကြီး ရှင်စောပု

# ကေရီဘုရင်မကြီး ရှင်စောပု

စိမ့်(ပညာရေး)



ရှင်စောပုစေတီတော် (ရန်ကုန်မြို့၊ စမ်းချောင်းရပ်)





ဘုရင်မရှင်စောပု

([illegible] ရှင်စောပု [illegible])






ရှင်စောပုဘုရင်မ၏ရွှေအစတီပြီးသော
ခေါင်းဆောင်းတော်





မြင့်မြင့် ★ စာပေ
31,ထန်းတပင်အနောက်လမ်း၊
လှည်းတန်း၊ကမာရွတ်



ရှင်စောပုလက်ထက်မြန်မာပြည် နှင့် ရာမညတိုင်းပုံ




ရှင်စောပုသချိုင်းတော်ပုံ



ရှင်စောပုစံနေသောဒဂုန်မြို့သစ်




ရှင်စောပုကောင်းမှုဝတ္တကနယ်မြေပုံ



စိုက်ခဲ့ရသောကွမ်းပင်များ

## စာရေးသူ၏အမှာစာ

ကျွန်မသည် ရာဇဝင်ထဲမှထင်ရှားသော အမျိုးသမီးများအကြောင်း
တ်ဝင်စားသည်။ သူတို့၏ဘဝဖြစ်စဉ်၊ စိတ်နေသဘောထား၊ တွေ့ကြုံရခဲ့
ည့်ပြဿနာများ၊ ထိုပြဿနာများကို ဖြေရှင်းပုံစသည်ဖြင့်သိလိုသည်။ ကျွန်မ
သို့ပင် စာဖတ်သူများလည်း သိစေချင်သည်။ ထို့ကြောင့် ရာဇဝင်ထဲမှ
မျိုးသမီးများအကြောင်းရှာဖွေဖတ်ရှုပြီး စုဆောင်းထားသည်။ ထို့ပြင် ဝါရင့်
ရေးဆရာကြီး၊ ဆရာမကြီးများထံချဉ်းကပ်ပြီး မေးမြန်းကာမှတ်သားထား
ည်။

အချက်အလက်များစုဆောင်းပြီးသည့်အခါ ဝတ္ထုရှည်(လုံးချင်းဝတ္ထု)
ဖြစ် ပြန်လည်ပုံဖော်ပါသည်။ ပထမဆုံးရေးဖြစ်သည်မှာ 'ဒိုင်းခင်ခင်' ဖြစ်
ည်။ ထို့နောက် ရာဇဓာတုကလျာ၊ လှိုင်ထိပ်ခေါင်တင်၊ ပန်ထွာဘုရင်မ
သနိုးမင်းသမီး)၊ မင်းဆက်ငါးသွယ်ရှင်ဘို့မယ်၊ ရှင်မွေ့နွန်းစသူတို့အကြောင်း
ခဲ့သည်။

ရာဇဝင်ထဲမှထင်ရှားသောအမျိုးသမီးများအကြောင်းရေးသည် ဆိုသော်
ငြားသူတို့နှင့်ပတ်သက်ယှက်နွယ်နေသည့် အမျိုးသားများ (ဘုရင်၊ မင်းသား)
ကြောင်းချန်လှပ်ထား၍မရပါ။ ထို့ကြောင့်ထည့်သွင်းရေးသားခဲ့ပါသည်။

ယခုဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်နှင့် ဒလသုဒ္ဓမာယာ (တလသုဒ္ဓ
ဟုလည်းစာလုံးပေါင်းသည်)မိဖုရားတို့မှမွေးဖွားသော 'ရှင်စောပု'အကြောင်း
ခဲ့ပါသည်။ ရှင်စောပုကို အစ်ကိုဖြစ်သူ ဗညားရံက စစ်ပြေငြိမ်းစေသောငှာ
ဝဘုရင်ဆင်ဖြူရှင်သီဟသူ ထံဆက်သခဲ့ပါသည်။ ရှင်စောပုသည်
သမီးသုံးယောက်ကိုခွဲ၍ အင်းဝနေပြည်တော်သို့ လိုက်ပါသွားခဲ့သည်။
တွင် ခုနှစ်နှစ် နီးပါးကြာခဲ့သည်။

မိုးညှင်းမင်းတရား အင်းဝသို့ချီလာသောအခါ ကလေးကျေး တောင်ညိုမြင်းက ပုခန်းတရဖျားကို အင်းဝမှခံစေလိုသဖြင့် ရှင်စောပုကို လက်ဆောင် အဖြစ်ပေးလိုက်ရာ မိဖုရားအဖြစ်မှ မြို့စားကတော် အဖြစ်သို့ လျော့ကျခဲ့ရ ပြန်သည်။ မိုးညှင်းမင်းတရားက ရှင်စောပု အားမိဘုရားအဖြစ် မြှောက်စားသော်လည်း ချစ်ခင်ခြင်းမရှိပါ။ နောက်ပိုင်းအင်းဝရောက် စာသင်သားများဖြစ်သော ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏတို့၏အကူအညီဖြင့် ဟံသာဝတီနေပြည်တော်သို့ ထွက် ပြေးလာခဲ့သည်။

ရှင်စောပုသည် ခင်ပွန်းသည် ဘုရင်များကိုအာဃာတထား ခြင်းမရှိ။ လက်စားချေခြင်းမရှိ။ ယှဉ်ပြိုင်ဘက်မိဖုရားများကိုလည်း ဒုက္ခပေးခြင်းမရှိပါ။ ရတနာသုံးပါးကို ဆည်းကပ်ခြင်းဖြင့်သာနေထိုင်သည်။

ဟံသာဝတီပြည့်ရှင် ဗညားထော(မင်းအို)ဘွဲ့ခံယူပြီးဘုရင်မ ဖြစ်လာ သောအခါမိမိနိုင်ငံတော်ငြိမ်းချမ်းရေး၊ စည်ပင်ဝပြောရေးများ ကိုဆောင်ရွက်ခဲ့ သည်။ ရတနာသုံးပါးကို လွန်စွာကြည်ညိုသည်။ ရွှေတိဂုံစေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခဲ့သူ သာသနာ့ဒါယိကာမကြီးတစ်ဦးဖြစ်သည်။

ဘုရင်မကြီးရှင်စောပုသည် မိမိကံတော်မကုန်မီကတည်းကပင် နန်းလျာရွေးချယ်ခဲ့သည်။ ရွေးချယ်ခဲ့သူမှာ ရှင်ဓမ္မဓရလူထွက် 'ပုဏ္ဏား'ဖြစ်သည်။

ရှင်စောပုသည် ပုဏ္ဏား(ဓမ္မစေတီ)ကို သမီးငယ်နဲတကာသင် နှင့်ထိမ်း မြားပေးခဲ့သည်။ သမီးကြီးနဲတကာထော်၏ခင်ပွန်း ပုသိမ်မြို့စားဗညားအိမ် ကိုလုပ်ကြံစေပြီး သမီးကြီးနှင့်လည်းလက်ဆက် စေခဲ့သည်။ ဤလုပ်ရပ်သည် ဘုရင်မကြီးရှင်စောပု၏ ဘဝကိုအမည်းစက်ထင်စေခဲ့သော လုပ်ရပ်ပင်ဖြစ် သည်။

ဘုရင်မကြီး ဒဂုန်တွင်စံနေစဉ် ပြုလုပ်ခဲ့သော ကုသိုလ်တော်များနှင့် ပတ်သက်၍ ရွှေတိဂုံမဂ္ဂဇင်းမှ ကူးယူဖော်ပြထားပါသည်။

ဘုရင်မကြီးရှင်စောပုအကြောင်းကိုရေးသားရာ၌ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်းမရှိ၊ အဂတိတရားလေးပါးလိုက်စားခြင်းမပြုဘဲ အရှိကို အရှိအတိုင်း ရေးသားတင်ပြထားပါကြောင်း။

စိမ့်(ပညာရေး)

တက္ကသိုလ်စိန်တင်နှင့်ဆက်သွယ်ရန်လိပ်စာသစ်

မိုးမခမြိုင်၊ အမှတ်–၁၁၅၇/၁၁၅၈၊
မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။
☎ – ၅၀[illegible]၄၅၅

ကေရီဘုရင်မကြီး ရှင်စောပု

# အခန်း (၁)

## မြေးဖြူမလေး၏ ဘဝအစ

မွန်တို့ရာဇဌာနီ မင်းနေပြည်ဖြစ်သော မုတ္တမမြို့။

ကျောက်ဖျာ ကျောက်ညွန့်ပေါ်တွင် တည်ထားသောကြောင့် 'မော့တမော့မြို့'ဟုလည်း ခေါ်ကြသည်။ တောင်စဉ်တောင်တန်းတို့ကို ကျောခိုင်းကာ တံတိုင်းသဖွယ်ကာဆီးလျက် ရန်သူများ ဖျက်ဆီးတိုက်ခိုက်ရန် ခဲယဉ်းသော မုတ္တမမြို့ကြီးသည် ရာမညတိုင်းမွန်သုံးရပ်တွင် အထင်ရှားဆုံးဖြစ်သည်။ မုတ္တမမြို့၏ အနောက်ဘက်တောင်တန်းပေါ်၌ ကြည်ညိုဖွယ်ကောင်းသော ကျိုက်ဖျင်ကူစေတီကလည်း မြို့၏အလှကို အားဖြည့်ထားသည်။ စည်ပင်သာယာသော သင်္ဘောဆိပ်မြို့ဖြစ်၍လည်း ရောင်းဝယ်ဖောက်ကားသူများ ကျက်စားရာမြို့ဖြစ်သည်။

ဤမျှ သာယာလှပစည်ကားသော မုတ္တမမြို့၏ မင်းဆက်ကို **စ**တင်တည်ထောင်သူမှာ ဝါရီရူမင်း (မိုးပေါ်ကျမင်း)ဖြစ်သည်။ ဝါရီ**ရူမင်းသည်** **ဆင်းရဲသားဘဝမှ** ကြံရည်ဉာဏ်ရည်နှင့် ဝီရိယကြောင့် အထွတ်**အထိပ်မင်း**အဖြစ်သို့ **ရောက်လာသော** မွန်ဘုရင်ဖြစ်သည်။ ငယ်မည်မှာ မဂဒူးဖြစ်၏။ **ဝါရီရူမင်း** **အောက်မြန်မာနိုင်ငံရှိ မွန်ဒေသအားလုံး**ကို အုပ်စိုးနေချိန်တွင် ပုဂံ၌ **နရသီဟပတေ့** (တရုတ်ပြေးမင်း)**နှင့် သားတော်** အငယ်ကျော်စွာတို့ အုပ်စိုးလျ**က်ရှိသည်။**

မုတ္တမမင်းဆက်ကား **ဝါရီရူ**မင်းမှစ၍ ရှစ်ဆက်ရှိသည်။ **ခုနစ်ဆက်** မြောက်မင်းမှာ ဗညားအဲလောဖြစ်၏။ ဗညားအဲလောလွန်လျှင် တူတော် **ဗညားဦး**သည် ဆင်ဖြူရှင်ဘွဲ့ခံ၍ မုတ္တမနန်းကို ဆက်ခံသည်။

နန်းတက်ပြီး မကြာခင်မှာပင် မြောက်ဘက်တောသို့ ဆင်**ဖမ်းသွား**သည်။ ဆင်းဖမ်းက အပြန်တွင် ဗြတ်လိုင်းရွာသို့ ရောက်သည်။ **ထိုရွာတွင်** အလွန်လှပချောမောသော ဗြတ်လိုင်းရွာသူ မိန်းမချောကလေးတစ်ယောက်ကို တွေ့သည်။ အမည်မှာ 'မွေးမဂူသောက်'ဖြစ်၏။ မွန်ဘာသာ၊ မွေးမဂူသောက်၏

နက်အခိပ္ပာယ်မှာ 'လှထိပ်ခေါင်'ဖြစ်သည်။

ဖြတ်လိုင်းရှာသူ၊ လှထိပ်ခေါင်၊ မွေးမဂူသောက်ကို ဗညားဦးမင်းမြင်ချင် များစွာ ကြိုက်နှစ်သက်တော်မူသဖြင့် ကောက်ယူတော်မူသည်။

မုတ္တမသို့ အပြန်လမ်းခရီးတစ်လျှောက်လုံးကို ရာဇမတ်ကာစေသည်။ လမ်းဘေးဝဲယာတစ်လျှောက်လုံးကို အလံကလေးများ၊ တံခွန်ကလေးများဖြင့် လှပစွာ ဆင်ယင်ထားစေသည်။

ဗညားဦးမင်း မုတ္တမမြို့သို့ ဝင်တော်မူလျှင် မုတ္တမသူကလေးများက ကန်ဆောင်တိုင်များကိုင်၍ ကြိုဆိုကြသည်။ ထို့ပြင် 'ရုပ်ရည်အလွန်ချောမောလှပသည့် ဖြတ်လိုင်းရှာသူ လှပျိုဖြူကို ကန်တော့ပွဲ ဆီမီးပန်းမန်တို့ဖြင့် ကြာဖူးသဖွယ် လက်အုပ်ချီ၍ မုတ္တမခရီးသို့ ကြိုဆိုပါ၏။ ဖြတ်လိုင်းသူ သမီးပျိုကလေးများ၊ အလှပဂေးကို အရှင်မင်းကြီးချစ်ခင်လေးမြတ်သဖြင့် တစ်ပင်တိုင်နန်းလယ်တွင် စံပယ်စေပါသည်'စသဖြင့် သီချင်းစပ်၍ သီဆိုကာ ကြိုဆိုကြသည်။

မုတ္တမသို့ ရောက်ပြီးနောက် ဗညားဦးမင်းသည် မွေးမဂူသောက်ကို ချစ်မြတ်နိုးလှသဖြင့် 'ရာဇဒေဝီ'ဘွဲ့ဖြင့် မိဖုရားမြှောက်သည်။

ထို့နောက် အမတ်ကြီး သံဗုန်က မိမိ၏ သမီးလေးယောက်ကို ဗညားဦးမင်းအား ဆက်သသည်။ စန္ဒာမင်းလှာဘွဲ့ခံ မွေ့အစ်၊ နှင်းအံဒေါင်းဘွဲ့ခံ မွေ့ကော၊ စန္ဒာဒေဝီဘွဲ့ခံ မွေ့ဇိပ်၊ သီရိမာယာဘွဲ့ခံ မွေ့ဒေါတို့ဖြစ်ကြသည်။

ဗညားဦးသည် အကြီးသုံးယောက်ဖြစ်သော မွေ့အစ်၊ မွေ့ကောနှင့် မွေ့ဇိပ်တို့ကို မိဖုရားမြှောက်သည်။ အငယ်ဆုံးမွေ့ဒေါကိုမူ ညီတော်မင်းလကျာအား ပေးလေသည်။ ညီတော်မင်းလကျာသည် သမိန်ညီကောင်သိန်အမည်ခံ၍ ပဲခူးကို စားရသူဖြစ်သည်။

ရာဇာဒေဝီဘွဲ့ခံ ဖြတ်လိုင်းသူ မွေးမဂူသောက်မိဖုရားတွင် သားတစ်ယောက်ထွန်းကားသည်။ ဗညားဦးက 'ဘောင်မုန်'ဟု မှည့်ခေါ်သည်။ ဘောင်မုန်သည် မိခင်နှင့်တူသဖြင့် ရုပ်ရည်ချောမောသည်။ နူးညံ့သိမ်မွေ့သည်။ ဗညားဦးသည် ဘောင်မုန်ကို ချစ်သည်။

စန္ဒာမင်းလှာဘွဲ့ခံ မွေ့အစ်မိဖုရားတွင် သားသမီးမထွန်းကားပေ။ နှင်းအံဒေါင်းဘွဲ့ခံ မွေ့ကောမိဖုရားတွင် သမီးတော်တစ်ပါး မြင်သည်။ 'တလမေသီရိ'ဟု မှည့်သည်။ စန္ဒာဒေဝီဘွဲ့ခံ မွေ့ဇိပ်မိဖုရားတွင် သမီးတော်တစ်ပါးမြင်သည်။

'တလမေဒေါ'ဟု မှည့်၏။

ပဲခူးစား သမိန်ညီကောင်သိန် (မင်းလက်ာ)သည် တစ်ချိန်တွင် ေ
တော် ဗညားဦးအား ပုန်ကန်လေသည်။ ဗညားဦးအမျက်ထွက်၍ သေနာ
များကို စေလွှတ်ကာ နှိမ်နင်းစေသည်။ ဖမ်းမိလျှင် ကွပ်မျက်စေ၏။

သို့သော် ဗညားဦးမင်းသည် 'ညီကောင်သိန်'၏ ဇနီးဖြစ်သော မွေ့
မှာ မိမိ၏ ခယ်မဖြစ်၍ မုတ္တမသို့ ခေါ်ဆောင်ကာ အစ်မတော်များနှင့်အ
ထားပြီး 'သီရိမာယာ'ဘွဲ့ပေးကာ မိဖုရားမြှောက်တော်မူသည်။ ဗညားဦ
မိဖုရားဖြစ်ပြီးနောက် သားတော်တစ်ပါး ထွန်းကားသည်။ မင်းသားငယ်
လျာတွင် အစက်ပါလာ၏။ 'အပသုံ'ဟု အမည်မှည့်သည်။ ကလေးကို ဖွား
မကြာမီပင် မိခင်ဖြစ်သူ မွေ့ဒေါခေါ် သီရိမာယာဒေဝီ အနိစ္စရောက်လေသ
မိခင်သေဆုံးသဖြင့် သားငယ်ကို ဗညားဦး၏အစ်မတော်မဟာဒေဝီက မွေး
သည်။ တူတော်အပသုံကို မဟာဒေဝီသည် သားရင်းကဲ့သို့ ချစ်ခင်၏။ ကောင်း
ကျွေးမွေးပြုစုသည်။

မင်းသား'အပသုံ'ပြေးတတ်သည့်အရွယ် ရောက်သောအခါ မဟာ
သည် နန်းတော်သို့ ချီပိုးခေါ်ဆောင်လာသည်။ ကလေးကိုမြင်လျှင် ဗညားဦး
ယခုလို မိန့်ကြားသည်။

'အပသုံငယ်သည် ငါ့သားကား ဟုတ်ပါ၏။ သူ့ရုပ်ရည်မှာ ငါ
မတူ။ ဦးခေါင်းကြီးသည်။ ဆံကြမ်းသည်။ ခြေသလုံးသားကြီးသည်။ ရက်စ
မည့် လက္ခဏာရှိသည်'

အပသုံ ကြီးပြင်းလာသောအခါ ဗညားဦးမင်းက 'ဗညားနွဲ့'ဟု
အမည်ပေးတော်မူသည်။ အရွယ်ရောက်လာသည့်အခါ ဗညားနွဲ့သည် မောင်
တစ်ဝမ်းကွဲတော်သူ တလမေဒေါ(စန္ဒာဒေဝီဘွဲ့ခံ မွေ့ဇိပ်၏ သမီး)နှင့် ချစ်ကြို
ကြပြီး နှစ်ဦးသဘောတူ ဒဂုန်သို့ ထွက်ပြေးကြလေသည်။

ထိုသတင်းကို ဗညားဦးမင်း ကြားတော်မူလျှင် မိအောင် လိုက်ဖ
စေသည်။ မုညက်ရွာတွင် ဗညားနွဲ့နှင့် တလမေဒေါတို့ကို မိခဲ့သည်။ မင်းဂ
သည် သားတော်ဗညားနွဲ့ကို မျက်သဖြင့် အစောင့်နှင့် အကျဉ်းချထားလိုက်
သမီးတော်တလမေဒေါကိုမူ အပြစ်မယူပေ။

အစ်မတော်မဟာဒေဝီသည် တူတော်ဗညားနွဲ့ အကျဉ်းကျနေသဖ

များစွာ စိတ်မကောင်းဖြစ်သည်။ ထို့ကြောင့် မင်းကြီးအား လျှောက်ထားသည်။ သို့သော် လွှတ်တော်မမူပေ။

'သင်းသည် ငါ့သားပင်မှန်သော်လည်း ရက်စက်သူဖြစ်သည်။ ငါ့နှလုံးပူအောင်ပြုသည်။ ငါသည် သူ့ခမည်းတော်ဖြစ်သော်လည်း ငါ့ကို သူမချစ်'ဟု မိန့်တော်မူသည်။ မဟာဒေဝီတောင်းပန်ဖန်များသောကြောင့်သာ နောက်ပိုင်းတွင် အကျဉ်းမှ လွှတ်တော်မူသည်။

မဟာဒေဝီလည်း များစွာဝမ်းသာသွား၏။ တူတော်ဗညားနွဲ့နှင့် တူမတော် တလမေဒေါတို့ကို လက်ထပ်ပေးပြီး မိမိအပါးတွင် အိမ်တစ်ဆောင်ဆောက်ပြီး နေစေသည်။

ဤသို့ဖြင့် ရက်တွေတဖြည်းဖြည်း ကုန်ဆုံးသွားသည်။ တစ်နေ့တွင် ဗညားဦးသည် အစ်မတော်မဟာဒေဝီကို ခေါ်၍ 'ငါလည်း ကောင်းစွာမကျန်းမာတော့၊ ငါမျက်စိကွယ်သောနေ့တွင် အပသုံ(ဗညားနွဲ့)ကို မင်းမပြုစေနှင့်။ သူသည် ရက်စက်ကြမ်းကြုတ်သည်။ ပြည်သူတို့လည်း သူ့ကိုမချစ်။ ငါ့သားဘောင်မုန်သည် ဘုန်းကျက်သရေရှိသည်။ ရုပ်ရည်အဆင်းလှပသည်။ နူးညံ့သိမ်မွေ့သည်။ ပြည်သူတို့နှင့်လည်း သင့်တင့်သည်။ မင်းပြုရန် သင့်သူဖြစ်သည်'ဟု မိန့်တော်မူသည်။

ဆင်ဖြူရှင်ဗညားဦး၏ ဆန္ဒမှာ သားတော်ဘောင်မုန်ကိုသာ ထီးနန်းရစေလိုသည်။ သို့သော်…

သက္ကရာဇ် ၇၄၅၊ နယုန်လဆန်း ၃ ရက်၊ အင်္ဂါနေ့ညအချိန်၊ ဗညားနွဲ့သည် ပဲခူးမှ ဒဂုန်သို့ ထွက်ခွာသည်။ နောက်တစ်နေ့ မွန်းလွဲသုံးချက်တီးအချိန်တွင် ဒဂုန်သို့ ဆိုက်ရောက်သည်။ ဒဂုန်သို့ရောက်သော် ဗညားနွဲ့သည် ယခင်ကနေခဲ့သော အိမ်ဟောင်းသို့ သွား၍ နေသည်။ ထို့နောက် အစီးတော်မဟာဒေဝီ၏ ကျေးကျွန်များကို ခေါ်လိုက်သည်။ ရောက်လျှင် ဗညားနွဲ့က အချက်ပေးလိုက်သည်နှင့် ဗညားနွဲ့၏ ကျွန်များသည် မဟာဒေဝီ၏ ကျွန်များကိုထ၍ ခုတ်ကြသည်။ တစ်ပြိုင်တည်းလဲကျ သေဆုံးသွားကြ၏။ ထိုအခါမှ မြို့ဝမ်းများ (သူဌေးသူကြွယ်များ)နှင့် ရဟန်းသံဃာ များသည် ဗညားနွဲ့ပုန်ကန်ကြောင်းကို သိကြလေတော့သည်။

နောက်တစ်နေ့ နံနက်မိုးသေ႕ကျ်သောအခါ ဗညားနွဲ့သည် ဒဂုန်မြို့ပြင်

သို့ ထွက်သည်။ ဆယ့်ငါးကေခန့်အကွာတွင်ရှိသော မုနိုက်ခာတ်တော်ဘုရားသို့ သွားရောက်ဖူးမြော်သည်။ အပြန်ခရီးတွင် မိန်းမလှ၊ မိန်းမချောကလေး 'မွေမနိတ်'ကို တွေ့သည်။ ဆီသည်ဖြစ်၍ ဆီရောင်းရာတွင် သီချင်းလင်္ကာဖြင့် ဆို၍ ရောင်းသည်။ ရုပ်ရည်ချောမောလှပ၍ ကျက်သရေရှိသည်။ အလွန်ချစ်ဖွယ်ကောင်း၏။

မွေမနိတ်ကို ဗညားနွဲ့မြင်လျှင် စိတ်မထိန်းနိုင်အောင် ကြိုက်နှစ်သက်သည်။ သို့သော် မွေမနိတ်သည် လူလွတ်မဟုတ်။ မချွပ်စွပ်ဆိုသူ၏ ချစ်မယားဖြစ်သည်။ သိလျက်နှင့်ပင် ဗညားနွဲ့သည် မွေမနိတ်ကို ဒဂုန်သို့ ခေါ်ဆောင်ကာ ကောက်ယူလိုက်သည်။

မချွပ်စွပ်လည်း ဗညားနွဲ့ကို ကြောက်ရွံ့သဖြင့် ပဲခူးသို့ ထွက်ပြေးသည်။ ပဲခူးသို့ရောက်လျှင် မဟာဒေဝီထံသို့ ဝင်ကာ ဒဂုန်တွင် ဗညားနွဲ့ပုန်ကန်ကြောင်း လျှောက်တင်သည်။

မဟာဒေဝီလည်း သမိန်မရူးနှင့်အတူ သူ့ရှင် ဗညားဦးထံ ဝင်တွေ့ပြီး လျှောက်တင်သည်။ ဆင်ဖြူရှင်ဗညားဦးက 'ငါ နာမကျန်းဖြစ်နေလို့ မထိမဲ့မြင်ပြုတယ်။ သည်ကိစ္စကို ငါမဆွေးနွေးနိုင်။ အစ်မတော်သဘောအတိုင်းဆောင်ရွက်ပါ။ ငါ့သမီး တလမေဒေါကို ခေါ်ပေးပါ'ဟု မိန့်တော်မူသည်။

တလမေဒေါရောက်လာလျှင် 'အပသုံ မင်းပြုပါက ဆီသည်မ မွေမနိတ်ကို မိဖုရားမြှောက်မည်တဲ့။ သမီးရဲ့ စိတ်ထဲ ဘယ်လိုရှိသလဲ'ဟု မင်းကြီးမေးတော်မူသည်။

'သူ့ကိုယ်သူ ယောက်ျားဆိုပြီး ပြုချင်သလို ပြုနေပါတယ် ခမည်းတော်။ သူ့စရိုက်ကို မကြိုက်၍ သူ့နောက်သို့ မလိုက်ဘဲ နေပါတယ်'ဟု တလမေဒေါက ပြန်ဖြေသည်။

'ငါလည်း မကျန်းမာ၍ ငါ့ကိုယ်စား အစ်မတော် မဟာဒေဝီက မှူးမတ်များနှင့် တိုင်ပင်ပြီး စီစဉ်ပါ'ဟု ဗညားဦးမိန့်တော်မူသည်။

မဟာဒေဝီလည်း မှူးမတ်သေနာပတိများကို ခေါ်၍ ဗညားနွဲ့ပုန်ကန်သည့်ကိစ္စကို မည်သို့အရေးယူဆောင်ရွက်ကြမည်ကို ဆွေးနွေးသည်။ မှူးမတ်သေနာပတိများက ယခုအခါ အမတ်ကြီးသမိန်ဇိပ်ဖြဲမှာ အကြီးအကဲဖြစ်၍ သမိန်အား ဆင်ဖြူရှင်ကိုယ်စား ဆောင်ရွက်ရန် ဆိုကြသည်။ မဟာဒေဝီက

အမတ်ကြီး သမိန်ဇိပ်ဖြဲ၏ သဘောထားကို မေးသည်။

သမိန်ဇိပ်ဖြဲ၏ သဘောထားကို မေးမိသည်မှာ မဟာဒေဝီနှင့် မှူးမတ်များ၏ အမှားပင်ဖြစ်သည်။

အကြောင်းကား အမတ်ကြီး သမိန်ဇိပ်ဖြဲသည် ပုန်ကန်သူ ဗညားနွဲ့၏ အကျိုးကို လိုလားသူဖြစ်နေသောကြောင့်ပင်။ သို့ဖြစ်၍ သမိန်ဇိပ်ဖြဲက အလိမ္မာသုံးကာ အကြောင်းယုတ္တိတန်အောင် ယခုလို ရှင်းပြသည်။

'ဗညားနွဲ့သည် ဒဂုန်သို့ ထွက်ခွာသွားရုံသာ ရှိသေးသည်။ အရေးကိစ္စ ယယ်ယယ်ကလေးကို စစ်တပ်ကြီးနှင့် ချီတက်ရန် မသင့်သေးပါ။ ယခု မိုးကလည်း ကျနေပြီ။ လယ်ယာအလုပ်အကိုင်တွေ ပျက်ပေဦးတော့မည်။ ဆင်ဖြူရှင်မင်းကြီးကလည်း ဝေဒနာကြီးစွာ ခံစားနေရသည်။ ဗညားနွဲ့သည် ရန်သူဆိုသော်လည်း အခြားတစ်ပါးက ရန်သူမဟုတ်ပါ။ ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်အရင်းဖြစ်သည်။ သူ့ကို အတင်းအကျပ်လုပ်ပါက ကြောက်လန့်ပြီး ရှမ်းပြည်ဘက်၊ မြန်မာပြည်ဘက် ထွက်ပြေးသွားလျှင် မခက်ပါလော။ ငါတို့ နောင်တမရလေအောင် အခုလောလောဆယ်တော့ စာဖြင့် ပြန်ခေါ်ရန် အသင့်ဆုံးဖြစ်သည်။ အကယ်၍ စာဖြင့် ခေါ်လို့မှ ဗညားနွဲ့မလာလျှင် မိုးကုန်ပြီး နေသာတဲ့အခါ မြောင်းမြစား လောက်ဖျားနှင့် မုတ္တမစား ဗြတ်သဗတို့ကို ခေါ်ပြီး ရေကြောင်းက ချီစေမည်။ ငါတို့က သမက်တော်သမိန်မရူးနှင့် ကြည်းကြောင်းချီမည်။ ဒဂုန်မြို့သည် အုတ်မြို့ကြီးမဟုတ်၊ သစ်မြို့သာဖြစ်သည်။ ကြည်း၊ ရေ နှစ်ဘက်ညှပ်ပြီး လုပ်ကြံပါက ဗညားနွဲ့ ခံနိုင်မည်လော။ ငါတို့လက်က ဗညားနွဲ့လွတ်နိုင်ဖွယ် မရှိပြီ'

ဤတွင် မှူးမတ်များက 'အမတ်ကြီးစကား သင့်မြတ်လှပါပေသည်။ မှန်လှပါပေသည်။ အကောင်းဆုံးဖြစ်ပါပေသည်'ဟု ထောက်ခံကြသည်။ မည်သူ့ကို စာဖြင့် စေလွှတ်မည်နည်းဟု မေးသောအခါ သမိန်ဇိပ်ဖြဲကပင် 'သမိန်တိသဃကုမာကို စေလွှတ်သင့်ကြောင်း' ဆိုသည်။

မဟာဒေဝီရေးလိုက်သည့် စာ၏ အဓိကအချက်မှာ ဆင်ဖြူရှင် ကံတော်ကုန်သည့်အခါ ဟံသာဝတီထီးနန်းကို ဗညားနွဲ့လက်သို့ အပ်ရန် မိမိကြံစည်ထားသဖြင့် ပြန်လာခဲ့ရန်၊ ပြီးတော့ ဗညားနွဲ့၏ ချစ်မယား တလမေဒေါ မကျန်းမာဖြစ်နေသည်။ သားလေးဗောလောကျန်းဒေါလည်း မကျန်းမာသည်၊ ထမင်းမစား

သည်မှာ ငါးရက်၊ ခြောက်ရက်ရှိပြီဖြစ်ကြောင်း ပါရှိသည်။

သမိန်တိသကုမာသည် ဒဂုန်သို့ရောက်လျှင် ဗညားနွဲ့အား စာကို ဆက်သလိုက်၏။ ဗညားနွဲ့ကိုယ်တိုင် စာဖတ်သည်။ ဇနီးမယားနှင့် ချစ်သားတို့ နာမကျန်းဖြစ်နေ၍ ထမင်းမစားသည်မှာ ငါးရက်၊ ခြောက်ရက်ရှိပြီဆိုသည့် နေရာအရောက်တွင် ဗညားနွဲ့ ချုံးပွဲချငိုလေတော့သည်။ ဗညားနွဲ့၏ အလွန်မာ ကျောခိုင်မာသော အသည်းနှလုံးကို ဇနီးမယားနှင့် သားတို့က ကိုင်လှုပ်နိုင်စွမ်း ရှိလှပါဘိ။

သမိန်တိသကုမာသည် ဗညားနွဲ့စိတ်တည်ငြိမ်သွားသည်အထိ တိတ် ဆိတ်စွာ စောင့်ကြည့်နေသည်။ အတော်ကလေးကြာမှ အငိုတိတ်သွား၏။ ဗညား နွဲ့က ဟံသာဝတီသို့ ပြန်သင့်၊ မပြန်သင့် တိသကုမာအား မေးသည်။ သမိန် တိသကုမာက ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ပုံကို ယခုလို သာဓကပြပြီး ပြန်ဖြေသည်။

'တူတော်မောင် ဗညားနွဲ့၊ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားဟာ ယသော ဓရာနဲ့ သားတော်ရာဟုလာတို့ကို ချစ်သနားပြီး သံယောဇဉ်တွယ်နေပါက ရဟာန်း ပြုဖို့ တောထွက်နိုင်ပါဦးမလား။ သံယောဇဉ်ကို ဖြတ်ပြီး မောင်ဆန်နဲ့ ကဏ္ဍက မြင်းကို စီးပြီး တောထွက်ခဲ့လို့သာ ဗောဓိပင်နဲ့ ရွှေပလ္လင်တော်ကို ရပြီး ဘုရား မြတ်စွာ ဖြစ်ရတယ်မဟုတ်ပါလား။

ပြီးတော့ အမတ်ကြီး သမိန်ဇိပ်ဖြဲကလည်း မှာလိုက်သေးတယ်။ ခမည်း တော်ရဲ့ ဝေဒနာမှာ သည်းလှပြီ။ အရှင့်သားတော်ဟာ ရနေက်ထဲ ရောက်နေတဲ့ မိကျောင်းနဲ့ တူနေပြီ။ ရေတိမ်ဘက်ကို ပြန်လှည့်ရန် သင့်မသင့် စဉ်းစားဆင်ခြင် ပါတဲ့။ ကျွန်ုပ်နဲ့ သမိန်ဇိပ်ဖြဲတို့လည်း ဇရာပိုင်း ရောက်ကုန်ကြပြီ။ ကျွန်ုပ် ဟံသာဝတီမှာ နေရတာ ဆင်းရဲလှပါတယ်။ ဒါကြောင့် အရှင်မင်းသား ဗညားနွဲ့ အထွတ်အထိပ်ကို ရောက်တော်မူလျှင် ကျွန်ုပ်လူအို သမိန်တိသကုမာ မုတ္တမ မြေသင်းခဲညှို့ညှို့ကို ဝါးစားလိုပါတယ်'

သမိန်တိသကုမာလျှောက်တင်သည်ကို ကြားလျှင် ဗညားနွဲ့ ပြုံးတော် မူသည်။ အရီးတော်မဟာဒေဝီစေသော တမန်တော်ဖြစ်သော်လည်း ငါ့အကျိုးစီး ပွားကို လိုလားသူပေပဲဟု စဉ်းစားမိသည်။

ထို့နောက် ဗညားနွဲ့သည် မင်းကန်စီနှင့် တိုင်ပင်ပြီး မဟာဒေဝီထံ

ပြန်လိုက်သည်။ စာတွင် ပါသည့် အကြောင်းအရာများမှာ အကျဉ်းချုပ်အားဖြင့် ဟာဒေဝီ၏ ကျေးဇူးကြီးမားကြောင်း၊ ကတညုတကတဝေဒီတရားသည် သူ၏ လုံးသား၌ အမြဲကိန်းဝပ်နေကြောင်း၊ သူ၏ ကျွန်များနှင့် အရှင်တော်၏ ကျွန် များအချင်းချင်း ထိုးခုတ်သေကျေရသည့်အဖြစ်သို့ ရောက်ခဲ့သဖြင့် အရှင်တော် အား ကြောက်ရွံ့၍ ပဲခူးသို့ မပြန်ဝံ့သေးကြောင်း၊ အကယ်၍ အရှင်တော်က သူ့ကို အပြစ်မယူခွင့်လွှတ်သည်ဆိုပါက သူ၏ နှီးထိန်းတော် 'မွေ့အဲလော'ကို စေလွှတ်ခဲ့စေလိုကြောင်း စသဖြင့် ပါရှိသည်။

ဗညားနွဲ့၏ ပြန်စာကို သမိန်တိဿကုမာက မဟာဒေဝီအား ဆက်သ သည်။ ဗညားနွဲ့အကြောင်းကိုလည်း မေးသည်။ သမိန်တိဿကုမာက ဒဂုန်တွင် ဗညားနွဲ့ပုန်စားပြုမည့် ဟန်မရှိကြောင်း ဖြေကြားသည်ကို မဟာဒေဝီကျေနပ် နှစ်သက်သဖြင့် ဆုလာဘ်များ ချီးမြှင့်သည်။

ဗညားနွဲ့မှာသည့်အတိုင်း သူ့အထိန်းတော် မွေ့အဲလောကို စေလွှတ် သည်။ ဒဂုန်သို့မသွားမီ မွေ့အဲလောသည် ဗညားနွဲ့၏ ချစ်မယားတလမေဒေါ ထံသွားပြီး 'မောင်တော်အတွက် ရှင်မက ဘာလက်ဆောင်များ ပေးလိုက်ပါမည် နည်း' ဟု မေးသည်။

တလမေဒေါက 'ငါ့တွင် ပေးဖွယ်လက်ဆောင် အထူးမရှိ၊ ဆီအိုးတစ် လုံးနှင့် ချိန်ခွင်တစ်စုံကို ပါးလိုက်မည်'ဟုဆိုကာ ပေးလိုက်သည်။

မွေ့အဲလောလည်း မဟာဒေဝီထံသွား၍ ဗညားနွဲ့ထံ တလမေဒေါ ပစ္စည်းနှစ်မျိုးပေးလိုက်ကြောင်း ဝင်လျှောက်သည်။ မဟာဒေဝီက ရယ်မောပြီး 'တလမေဒေါ သည်လိုလုပ်တာ မယားတို့ပြုလုပ်အပ်တဲ့ ဓမ္မတာပေပဲ။ ဒီပစ္စည်း နှစ်မျိုးပေးလိုက်သည့်အဓိပ္ပာယ်ကို ညည်းသိသလား'ဟုမေးသည်။

'ဆီတို့မည်သည် မီးထွန်းလျှင် လင်းသည်။ တလမေဒေါက သူ့ကိုယ် သူ ဆီမီးရောင်နှင့် နှိုင်းယှဉ်ထားသည်။ မွေ့မနိတ်သည် နိမ့်ကျသောအမျိုးဖြစ်၍ မှောင်မိုက်သည့်နေရာတွင် ရှိနေသည်ကို ဆိုလိုသည်။ ဗညားနွဲ့ မွေ့မနိတ်ကို ယူခြင်းသည် မှောင်သောနေရာနှင့် လင်းသောနေရာနှစ်ခုစလုံး၌ နေသည်နှင့် တူသည်လို့ ဆိုလိုတာပေါ့ မွေ့အဲလောရဲ့။ ယခင်က နှစ်ဦးသားမှာ ဆင်းရဲချမ်း သာ အတူတူနေခဲ့သည်ကို ဆီ၏ အလင်းရောင်တွေ့တိုင်း ဗညားနွဲ့က တလမေ ဒေါကို သတိရစေဖို့ ဆီအိုးကို ပေးလိုက်ခြင်းဖြစ်သည်။ ချိန်ခွင်ပေးလိုက်သည်

မှာလည်း ချိန်ခွင်လျှာသည် မှန်သကဲ့သို့ တလမေဒေါသည်လည်း ဖြောင့်မတ်မှန်ကန်ပြီး ကောင်းသော သုစရိုက်၊ မြင့်မြတ်သောစိတ်ထားနှင့် ပြည့်စုံသည်ကို နှိုင်းယှဉ်ထားခြင်းပဲ။ ဗညားနွဲ့က သူ့ကို ပိုပြီး သတိရအောင်၊ ပိုပြီးချစ်လာစေလိုသောသဘော ဖြစ်ပေသည်'

မဟာဒေဝီသည် တလမေဒေါ၏ လက်ဆောင်သဘောကို ရှင်းပြပြီးနောက် ဗညားနွဲ့အတွက် ခြုံစောင်တစ်ထည်နှင့် စာတစ်စောင်ကို ပေးလိုက်သည်။

အထိန်းတော်မွေ့အဲလော ဒဂုန်သို့ရောက်လျှင် မဟာဒေဝီ၏ လက်ဆောင်နှင့် တလမေဒေါ၏ လက်ဆောင်တို့ကို ဗညားနွဲ့အား ပေးလိုက်သည်။ ဗညားနွဲ့က ဆီအိုးနှင့် ချိန်ခွင်ကို မွေ့မနိတ်အား ပေးသည်။ မွေ့မနိတ်က 'နှမတော်မှာ ဆီသည်အမှန်ပင်။ ပဲခူးမှ သခင်မက ပြက်ရယ်ပြုလိုက်သည်ကို နှမတော်က ရှက်ရမှာလား' ဟု ဆိုလေသည်။

မဟာဒေဝီ၏ စာကို ဖောက်ဖတ်သည်။ ဗညားနွဲ့ ပဲခူးသို့ ပြန်ခဲ့ရန်နှင့် အန္တရာယ်မရှိစေရန် သူ တာဝန်ယူကြောင်း ရေးထားသည်။

မွေ့အဲလောက 'အရီးတော်၏ စာတွင် ရေးခဲ့သမျှကို သခင်မယုံပါနှင့်။ အရီးတော်သည် ရေကန်တူး၍ ငါးကို စင်စေသကဲ့သို့ ဥပါယ်တံမျဉ်ပြုလျက် သခင့်အား ခေါ်ခြင်းဖြစ်သည်။ သခင်ကို လုပ်ကြံရန် နေ့စဉ်တိုင်ပင်နေကြသည်။ သေနာပတိများနှင့် အရီးတော်တို့ ညီညွတ်မှုရပါက သခင့်ကို လာရောက်တိုက်ခိုက်လိမ့်မည်။ မဟာဒေဝီသည် သမိန်မရူးကို ထီးနန်းပေးရန် ကြံနေသည်။ အရှင့်သားအကြံအစည်ကိုသာ မြဲမြံအောင် ဆောင်ရွက်ပါ။ သခင်အောင်မြင်မှ အမယ်လည်း မျက်နှာပွင့်လန်းပါမည်' ဟုဆိုပြီး ပဲခူးသို့ ပြန်သွားသည်။

အမတ်ကြီးသမိန်ဖိပ်ဗြဲက 'ပဲခူးသို့ မင်းသားချီသင့်ပြီ၊ အချိန်တန်ပြီ' ဟု ဗညားနွဲ့ထံ လျှို့ဝှက်စာရေးခဲ့သည်။ ထို့ကြောင့် ပဲခူးသို့ ချီရန် သူရဲကောင်းလက်ရွေးစင်လူငါးထောင်ကို ဗညားနွဲ့ ရွေးချယ်သည်။ မင်းသားနှင့်အတူ မင်းကန်စီ၊ မပိုင်ဆရာ၊ သမိန်လောက်ပြင်၊ ဘောမွန်စသည့် ဘက်တော်သားများလည်း ပါသည်။

အထူးသဖြင့် ဒဂုန်တွင် ဗညားနွဲ့ကောက်ယူခဲ့သော မွေ့မနိတ်၊ ဒုတိယကောက်ယူခဲ့သော နဂ္ဂဒါရွာသူ မွေ့သင်တို့လည်း ပါလာသည်။

မောသပျော့စခန်းသို့ ရောက်သောအခါ ခမည်းတော် ဗညားဦးမင်း

သည် ယမန်နေ့ကပင် နတ်ရွာလားတော်မူကြောင်း သိရသည်။ ဗညားနွဲ့လည်း မျက်နှာကို မျက်နှာသုတ်ပဝါ ဖုံး၍ ငိုသည်။ ရင်ဘတ်ပေါ်သို့ မျက်ရည်ပေါက် များ တတောက်တောက်ကျသည်အထိ ဝမ်းနည်းကြေကွဲစွာ ငိုနေသည်။

အကျဉ်းချုံး၍ ဆိုရသော် ဗညားနွဲ့ စိတ်တည်ငြိမ်သွားသည့်အခါ ခရီးဆက်သည်။ မောမသံစခန်းသို့ ရောက်သောအခါ ပြာသိုလကွယ်နေ့ ဖြစ်နေ သောကြောင့် ပဲခူးသို့မဝင်သေးဘဲ ရပ်နားကြသည်။

တပို့တွဲလဆန်းတစ်ရက်၊ အင်္ဂါနေ့၊ တက်နေ တစ်ချက်တီးကျော်လျှင် မိဖုရားနှင့်တကွ နန်းတက်ရန် ရာဇာပုရောဟိတ်က အခါပေးသည်။

'မွေမနိတ်' ကို 'ပီယရာဇာဒေဝီ'၊ နဂ္ဂဒါရွာသူ 'မွေ့သင်' ကို 'တလ သုဒ္ဓမာယာ' ဟူသော ဘွဲ့အမည်များပေးတော်မူသည်။

နောက်တစ်နေ့မိုးသောက်လျှင် ဗညားနွဲ့သည် စစ်ဝတ်စစ်စားဖြင့် ဆင်စီး ၍ အောင်မြေနင်းရန် ဌာနသို့ ချီတော်မူသည်။ ဆင်ထက်မှ သက်လျှင် သမိန် တိဿကုမာက လက်လှမ်း၍ အောင်မြေကို နင်းတော်မူသည်။ ထို့နောက် ရန်အောင်မြင်ဘုရားဖူးပြီးလျှင် ဆင်စီးလျက် မောတဂုတ်တံခါးမှ ပဲခူးမြို့တွင်းသို့ ဝင်တော်မူသည်။ နန်းတက်ပွဲမင်္ဂလာပြုလုပ်ရန် ဆောက်လုပ်ထားသော မဏ္ဍပ် အတွင်းသို့ ဝင်တော်မူပြီး ရာဇပလ္လင်ထက် တက်၍ စံပယ်တော်မူသည်။

ခေတ္တမျှအကြာ စိတ်တည်ငြိမ်သွားသည့်အခါ 'မင်းအစ်မတော်ကို သွားခေါ်ချေ' ဟု ဘောင်မုန်ကို မိန့်၏။

ဘောင်မုန်လည်း တလမေဒေါထံရောက်လျှင် နောင်တော်ဗညားနွဲ့က အခေါ်လွှတ်ကြောင်း လျှောက်သည်။ တလမေဒေါက 'မွေမနိတ်ကို မိဖုရား ကြီးဘွဲ့အမည်ပေးသည်' ဟုဆိုပြီး ဝမ်းနည်းလှသဖြင့် မလိုက်ဘဲ ငိုနေသည်။ ဘောင်မုန်လည်း တူတော်ဘောလောကျန်းဒေါကိုသာ ချီ၍ ဆင်ထက် တင်ကာ ဗညားနွဲ့ထံ ပြန်လာသည်။

ဗညားနွဲ့သည် သားတော်ဘောလောကျန်းတောကို ရင်ခွင်၌ ထား သည်။ ထို့နောက် ရာဇပရောဟိတ်က 'အချိန်တန်ပြီ ကြွတော်မူပါ' ဟု လျှောက် သည်။ ဗညားနွဲ့သည် သားတော်ဘောလောကျန်းတောကို ချီ၍ မိဖုရားကြီး ပီယရာဇာဒေဝီဘွဲ့ခံ မွေ့မနိတ်ကို လက်ဆွဲလျက် ခမည်းတော်၏ ရွှေအိမ်နန်း သို့ တက်တော်မူသည်။ ခမည်းတော်၏ အလောင်းတော်ကို ရှု၍ ဝတ်ပြုတော်မူ

သည်။

ထို့နောက် မြောက်နန်းတော်ဆောင်သို့ ကူး၍ ရာဇပလ္လင်ထက်၌ စံပယ်တော်မူသည်။ ဤတွင် ဥကင်ထီးဖြူတော်ကို ဖွင့်လျက် ခရုသင်းနှင့် တံပိုးခရာများကို မှုတ်ကြသည်။ စိန်စည်၊ ရွှေစည်၊ မြောက်စည်တော်များကို တီးကြသည်။ တူရိယာဂီတမျိုးစုံ တီးမှုတ်၍ နန်းတက်ပွဲသဘင်ကြီးကို ခံတော်မူသည်။

သက္ကရာဇ် ၇၄၅ ခုနှစ်၊ တပို့တွဲလဆန်း ဆယ်ရက်နေ့တွင် ဗညားနွဲ့သည် ရာဇဓိရာဇ်ဟူသော ဘွဲ့အမည်ခံ၍ နန်းတက်တော်မူသည်။

နန်းတက်ပွဲတွင် သံဃာတော်အပါးတစ်ထောင် ပင့်၍ ဆွမ်းခဲဖွယ်များ ဆက်ကပ်တော်မူသည်။ ပစ္စည်းလေးပါးတို့ကိုလည်း လှူဒါန်းတော်မူ၏။ ဆရာတော်ဘုရားများကလည်း ရာဇဓိရာဇ်မင်း(ဗညားနွဲ့)၏ အလှူတော်မင်္ဂလာကို သာဓုအနုမောဒနာပြုကြသည်။

သက္ကရာဇ် ၇၅၂ ခုနှစ်တွင် ရာဇာဓိရာဇ်မင်းသည် မိဖုရားပိယရာဇာဒေဝီနှင့် ဘိသိက်ခံတော်မူသည်။ ငယ်ချစ် ဇနီးမယား တလမေဒေါ၏ နှလုံးအိမ်၌ မည်မျှခံစားနေရရှာမည်နည်း။ ရာဇာဓိရာဇ်သည် စာနာထောက်ထားခြင်းမရှိသည့်အပြင် တလမေဒေါကို အမျက်တော်ရှ၍ စည်းစိမ်များနှင့် ကျေးကျွန်တို့ကို သိမ်းယူလိုက်သည်။ တလမေဒေါသည် ခမည်းတော် ဆင်ဖြူရှင် ပေးသနားတော်မူသည့် လက်စွပ် ၁၂ ချည်မှာ အဖိုးထိုက်တန်လှသဖြင့် သူ့ဆံထုံးထဲ၌ ထည့်ထားလိုက်သည်။ ရာဇာဓိရာဇ်သည် ထိုလက်စွပ်များကိုလည်း သွားယူရန် အမတ်ဒိန်အား စေလွှတ်ပြန်သည်။ အမတ်ဒိန်က ထိုလက်စွပ်များကို ဆံထုံးထဲမှ ထားသဖြင့် ယူ၍ မရပါကြောင်း လျှောက်တင်သည်။ ရာဇာဓိရာဇ်က ဆံထုံးကို ဖြေ၍ ယူခဲ့ရန် မိန့်တော်မူသည်။

အမတ်ဒိန် လွန်စွာ စိတ်ညစ်ရပြီ။ တလမေဒေါထံ ရောက်သောအခါ ပုဆစ်တုပ်၍ ရှိခိုးလျက် မျက်ရည်များ ကျလာသည်။

'အဘယ်ကြောင့် အမတ်ကြီး ငိုပါသလဲ'ဟု တလမေဒေါက မေးသည်။

'ကျွန်ုပ်ငိုရသည့်အကြောင်းမှာ အခြားမဟုတ်ပါ။ သူ့ရှင်ရာဇာဓိရာဇ်က

ဘုန်းရှင်ကံရှင်မိဖုရား၏ ဆံထုံးကို ဖြေပြီး လက်စွပ်များကို ယူချေဟု ထပ်မံ မိန့်တော်မူပါသည်။ ကျွန်ုပ်သည် လူဆင်းရဲဖြစ်သည်။ ကျေးကျွန်မျှသာ ဖြစ်ပါ သည်။ သည်လိုလူက ဧကရာဇ်မင်း၏ သမီးတော် ဦးဆံကို မထိဝံ့ပါဘူး။ ထိရဘူးလို့ အောက်မေ့ပြီး ဝမ်းနည်းလို့ ငိုပါသည်' ဟု အမတ်ဒိန်က လျှောက် သည်။

'အို…အမတ်ကြီး၊ ငါသည် ရာဇဝံသမင်းမျိုးမင်းနွယ်ဖြစ်သည်။ ဗညား နှင့် ငါသည် လင်မယားဝတ္တရားအနေဖြင့်လည်းကောင်း၊ မောင်နှမဝတ္တရား အနေဖြင့်လည်းကောင်း သည်လိုတော့ မလုပ်သင့်ပါဘူး။ ငါ့မှာ သည်လောက် တောင် အမှုအခင်းတွေ ဖြစ်ရပါလား။ အို…အမတ်ကြီး၊ ငါ့ကို သည်မျှပင် ရက်စက်လှပါလား' ဟု ငိုရင်း ပြော၊ ပြောရင်းလည်း ငိုယိုရာမှ သတိလစ်ကာ မူးမေ့လဲကျသွားတော့သည်။ အခြွေအရံများ ပိုင်းဝန်းပြုစုကြသဖြင့် ကောင်းစွာ သတိရလာသည်။

'ငါ့ဆံထုံးကို မည်သူမျှ အကိုင်မခံနိုင်' ဟု ဆိုကာ ဆံထုံးထဲမှ လက်စွပ် ၁၂ ချည်ကို ထုတ်ပြီး ငိုယိုလျက်ပင် အမတ်ဒိန်အား ပေးလိုက်သည်။ အမတ် ဒိန်လည်း သူ့ရှင် ရာဇာဓိရာဇ်အား လက်စွပ်များ ရရှိခဲ့ပြီဖြစ်ကြောင်း တင်လျှောက် သည်။

'ပိယရာဇာဒေဝီကို ပေးစေ' ဟု မင်းကြီးအမိန့်တော်မှတ်သဖြင့် အမတ် ဒိန်လည်း ပေးလိုက်လေသည်။

တလမေဒေါ်သည် စိတ်နှလုံးကြေကွဲဝမ်းနည်းလှသဖြင့် အစာရေစာ ပင် မဝင်တော့ပေ။ နောက်ဆုံးတွင် ဖုံးမသိန်နှင့် သံပုရာအဆိပ်ဆေးထည့်ပြီး မျှော်သောက်လိုက်သဖြင့် ဘဝနိဂုံးချုပ်သွားလေတော့သည်။

ဤတွင် အမိမဲ့သားလေး ဘောလောကျန်းတောကို အထိန်းတော် နှင်းအံကောင်းအား ထိန်းစေပြီး သီးခြားအိမ်ဆောက်၍ ထားသည်။

ငယ်က ချစ်သည့် ငယ်ချစ်ဆွေကို အနှစ်တစ်ရာ မမေ့သာဟု ဆိုကြငြား သော်လည်း ရာဇာဓိရာဇ်သည် ငယ်ချစ်ဇနီး တလမေဒေါ်ကို မေ့ထားသည်။ လျစ်လျူရှုထားသည်။ မေ့ရုံ၊ လျစ်လျူရှုရုံပင်မကသေး ခမည်းတော်ဗညားဦးမင်း

ပေးထားသည့် လက်စွပ်များကိုပင် ဒဂုန်မှ ကောက်ယူချီးမြှောက်ထားသော မွေမနိတ်အတွက် တလမေဒေါထံမှ အခမ့်တောင်းယူခဲ့သည်။ သည်မျှ ရက်စက်လှသော ရာဇာဓိရာဇ်မင်းဖြစ်၏။

သို့သော် တစ်ဖက်တွင်လည်း အလွန်ရက်ရောစွာ ပေးကမ်းလှူဒါန်းပြန်သည်။ မိမိအား ပုန်စားသူများကို နှိမ်နင်းအောင်မြင်ပြီးနောက် မှူးမတ်သေနာပတိများ၊ သူရဲသူခက်ဗိုလ်ပါများကို အထိုက်အလျောက် ဘွဲ့အမည်၊ အဆောင်အယောင်၊ ကျေးလက်၊ စည်းစိမ်၊ မြို့ရွာ၊ နယ်ပယ်များပေးကာ မြှောက်စားတော်မူသည်။

ပဲခူးမြို့၊ ရွှေမောဓောဘုရားခြေတော်ရင်း လေးဖက်လေးတန်တို့တွင် မဏ္ဍပ်ကနားကြီးများ ဆောက်သည်။ မဏ္ဍပ်ကနားကြီး တစ်မျက်နှာစီတွင် ပဋိမာဆင်းတုတော်ဘုရားအဆူ လေးဆယ်စီ ပူဇော်သည်။ မဏ္ဍပ်ကနားလေးဖက်အတွက် စုစုပေါင်း ဘုရားအဆူပေါင်း ၁၆၀ ဖြစ်သည်။ ရွှေမော်ဓောဘုရားတွင် မိမိကိုယ်အလေးချိန်မျှရှိသော ရွှေကို လှူဒါန်းတော်မူသည်။

တစ်နေ့လျှင် ရဟန်းသံဃာအပါးတစ်ထောင်ကျော် ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်ချိုချဉ်ရသာတို့ကို ဆက်ကပ်သည်။ ရဟန်းတစ်ပါးလျှင် သင်္ကန်းပရိက္ခရာရှစ်ပါးနှင့် ကြေးပိသာငါးရာစီ လှူဒါန်းသည်။ သည်အလှူကြီးကို ခုနစ်ရက်တိုင်တိုင် ကျင်းပသည်။ ပြသမ္ဗျကုသိုလ်အဖို့ကိုလည်း ရွှေတကောင်းဖြင့် ရေသွန်၍ ဝသုန္ဓရေမြေစောင့်နတ်အား တိုင်တည်တော်မူ၏။ (ဝသုန္ဓရေဟူသော ဝေါဟာရသည် ဝသုန္ဓရာဟူသော ပါဠိမှလာသော ဝေါဟာရဖြစ်သည်။ မြေကြီး၏ ခေါ်ရင်းဖြစ်သည်။ ယင်းမှတစ်ဆင့် မြေစောင့်နတ်ကိုလည်း ဝသုန္ဓရေဟု ခေါ်လကြသည်။ မြတ်စွာဘုရားရှင် ဘုရားဖြစ်ခါနီး မာရ်နတ်က တိုက်ခိုက်သောအခါ ဝသုန္ဓရေနတ်က ဆံပင်ကို ရေညှစ်သဖြင့် မြစ်ကြီးမြစ်ငယ်ဖြစ်ကာ မာရ်နတ်စစ်တပ်ကြီး ပျက်စီးထွက်ပြေးကြောင်းဖြင့် အစဉ်အလာပြောကြသည်။ ကျမ်းဂန်ကား မလာမရှိချေဟု ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်စာအုပ်ပြဆိုထားသည်။)

ထိုအချိန်တွင် ရာဇာဓိရာဇ်မင်း၏ သက်တော်မှာ ၂၃ နှစ်မျှသာ ရှိသေ

ည်။ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်တော်များကြောင့် ဟံသာဝတီပြည်
ွင် ထီးဖြူဆောင်း၍ နတ်ပြည်တမျှသော ချမ်းသာစည်းစိမ်ကို ခံစားတော်မူရ
သည်။

ဤသို့ ရာဇာဓိရာဇ် အထွတ်အထိပ်သို့ ရောက်နေချိန်တွင် မိဖုရား
ာလသုဒ္ဓမာယာသည် သားတော်များ ဖွားမြင်သည်။ ပထမသားမှာ ဗညားကျန်း
ဖြစ်၏။ ဒုတိယသားမှာ ဗညားရံဖြစ်သည်။

သက္ကရာဇ် ၇၅၅ ခု၊ တပေါင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင်
သမီးတော်လေးတစ်ပါး ထပ်မံဖွားမြင်ပြန်သည်။ သမီးတော်ကလေးမှာ အသား
အရေ ဖြူဝင်း၍ အလွန်လှသည်။ ရာဇာဓိရာဇ်၏ အရီးတော် မဟာဒေဝီသည်
ယခုလို မြေးမကလေးရသည့်အခါ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်၏။ မွေးကင်းစ
မြေးမကလေးကို ကြည့်ပြီး ကျေနပ်ပီတိဖြစ်နေသည်။ ထို့ကြောင့် မဟာဒေဝီ
သည် မြေးမကလေးကို မြတ်မြတ်နိုးနိုး အမည်ပေးသည်။

မွန်အခေါ်အားဖြင့် တခင်စံဖော်၊ မြန်မာသံဖြင့် ခေါ်လျှင် သခင်ကျော်ဘို့
ဖြစ်သည်။ အဓိပ္ပာယ်မှာ မြေးဖြူမဖြစ်သည်။ ထိုမြေးဖြူမကလေးကား
'ရှင်စောပု'ပင်တည်း။

❋ ❋ ❋

# အခန်း (၂)
## သူ့ရဲ့ကောင်းလဝွန်းအိမ်ထံ ပို့ခဲ့တဲ့ ဘုရင့်မိဖုရား

အထိန်းတော်၊ အချီတော်များ ရှိသော်ငြားလည်း မဟာဒေဝီသည် မြေးမလေး ရှင်စောပုကို ကိုယ်တိုင်ချီပိုးထိန်းကျောင်းသည်။ ရှင်စောပုလေး တီတီတာတာပြောတတ်သည်မှ တတ်သိနားလည်သောအရွယ် ရောက်လာသည့် တိုင်အောင် မပြတ်သွန်သင်ဆုံးမသည်။ အပြောအဆို၊ အနေအထိုင် ယဉ်ကျေးသိမ် မွေ့ဖို့၊ ဓလေ့ထုံးစံကို ထိန်းသိမ်းတတ်ဖို့၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့် ထိန်းတတ်ဖို့ စသဖြင့် သင်ကြားပေးသည်။

ယင်းသို့ ဘွားအေတော် မဟာဒေဝီ၏ သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းလာခဲ့သဖြင့် ရှင်စောပုသည် အရွယ်နှင့်မလိုက်အောင် ဘာသာတရား ကိုင်းရှိုင်းသည်။ အပြောအဆို ယဉ်ကျေးသိမ်မွေ့သည်။ အနေအထိုင် ကျစ်လျစ် သိပ်သည်းသည်။ ဆက်ဆံရေးကောင်းမွန်သည်။ ခမည်းတော်၊ မယ်တော်နှင့် ဘွားအေတော်များ မြှောက်စားထားသော်လည်း မောက်ကြွားခြင်းမရှိ။ နှိမ့်ချသော စိတ်ရှိ၏။ ထို့ကြောင့်ပင် နန်းတော်သူ၊ နန်းတော်သားများ၏ ချစ်ခင်မှုကို ရရှိ သည်။ ရှင်စောပု၏ ဘဝမှာ ပျော်ရွှင်စရာအတိ ပန်းခင်းသောလမ်းဖြစ်ခဲ့၏။

သို့သော် တစ်နေ့တွင် ရှင်စောပုသည် ရှိုက်ကြီးတငင် ငိုပွဲဆင်ခဲ့ရသည်။ မယ်တော်တလသုဒ္ဓမာယာသည် ခမည်းတော် ရာဇာဓိရာဇ်၏ ရွှေဖဝါးတော်ကို ဦးခိုက်ပြီး ငိုယိုနေသည်ကို သူမြင်တွေ့လိုက်ရသည်။ မယ်တော်က 'မသွားပါရ စေနှင့်'ဟု ငိုယိုတောင်းပန်နေသည်။ ခမည်းတော်မျက်နှာလည်း မကောင်း၊ မလှမ်းမကမ်းတွင် ခစားနေကြသော အမတ်ဒိန်နှင့် သမိန်ဗြာဇွတို့ထံသို့ ခမည်း တော်လှမ်းကြည့်ပြီး 'မိဖုရားကို ခေါ်ဆောင်သွားပေတော့'ဟု မိန့်လိုက်သည်၊ အမတ်ကြီးများလည်း ဘုရင့်အမိန့်တော်အတိုင်း မယ်တော် တလသုဒ္ဓမာယာ ကို ခန်းဆောင်အတွင်းမှ ခေါ်ဆောင်သွားကြသည်။

ရှင်စောပုသည် ငိုယိုပြီး သူ့မယ်တော်နောက်သို့ ပြေးလိုက်သွားသည်၊ အခြွေအရံများက အမြန်ပွေ့ချီချော့မော့ပြီး ဘွားအေတော်ထံ ခေါ်သွားကြသည်၊

သားတော်ဗညားကျန်းနှင့် ဗညားရံတို့မှာ လူပျိုတော်သား မင်းမှုထမ်းများအချင်းချင်း တီးတိုးပြောဆိုနေကြသည်ကို ကြားခဲ့ရသဖြင့် မယ်တော့်ဖြစ်အင်ကို မြင်တွေ့လိုက်ရသည့်အခါ မကျေမချမ်းဖြစ်ရသည်။ သို့သော် ခမည်းတော်မင်းကြီးကို ဆန့်ကျင်ပြီး ဘာမျှမပြောဝံ့၊ မလုပ်ဝံ့ကြပေ။ ညီအစ်ကိုနှစ်ယောက် ဒေါသကို ထိန်းနိုင်ခြင်းငှာ မစွမ်းသဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ နံရံကိုသာ ထိုးနက်လိုက်ကြတော့သည်။

မင်းသမီးလေး ရှင်စောပုမှာ ဘွားအေတော် မဟာဒေဝီ၏ ရင်ခွင်ထဲတွင် ရှိုက်၍ ရှိုက်၍ ငိုနေဆဲ။

မဟာဒေဝီလည်း တူမတော် တလသုဒ္ဓမာယာနှင့် မြေးမလေးတွေ၏ အဖြစ်ကို မရှုရက်သဖြင့် ရင်ထဲတွင် ဆို့နင့်နေသည်။ ချစ်လှစွာသော မြေးမကလေးကိုပင် ချော့မော့နှစ်သိမ့်ခြင်းငှာ မစွမ်းနိုင်ရှာပေ။

ဘာကြောင့် သည်မျှ ဝမ်းနည်းကြေကွဲနေကြရသလဲ။ ဖြစ်ရပ်က သည်လိုပါ။

ဒလစားမည်ကိုကောင်းနှင့် မြောင်းမြစားလောက်ဖျားတို့ ညီညွတ်ကြပြီး တော်လှန်ပုန်ကန်ကြသည်။ ဤတွင် ရာဇာဓိရာဇ်က လဂွန်းအိမ်ကို ယခုလို မိန့်တော်မူသည်။

'မင်းကိုယ်တိုင် လိုင်ဝသို့ ချီချေ။ ချောင်းထဲမှာ တိုင်တွေ စိုက်ထူတက် ၍ ကမ်းတစ်ဝက်ရှိလျှင် တိုင်ဖျားသာ ပေါ်ပါစေ။ ရေကျ၍ ကမ်းဝက်လွန်သည်မှ တိုင်လုံးတွေ ပေါ်ပါစေ။ ချောင်းအပြည့် တိုင်တွေ စိုက်ပါ။ သန်စွမ်းသော လှေကောင်းများရွေးပြီး လှေပေါ့နှစ်ဆယ်လောက်နှင့် စစ်ယောင်ပြပါ။ ချောင်းသို့ လိုက်ခဲ့အောင် မျှားခေါ်ပါ။ မင်းတို့ လှေနည်းသည်ကို မြင်လျှင် လိုက်လာမည်အမှန်။ သည်အခါ တိုင်ငုတ်တွေ ရှိသည့်ဘက်ကို ခွာခဲ့။ မင်းတို့က တိုင်တွေကြားက လွတ်အောင် ထွက်ခဲ့။ သင်းတို့က ရေလမ်းမသိတော့ တိုင်ငုတ်တွေ ပေါ်တင်ပြီး ဖီလာကန့်လန့်ဖြစ်ကုန်မည်။ အထပ်ထပ်ရောက်လာတဲ့ လှေတွေ ချင်းချင်း ငြိပြီး ထွေးလုံးကုန်မည်။ သည်တော့မှ မင်းတို့က တစ်ဟုန်တည်း ထွက်တိုက်ပါက နိုင်ရမည် မချွတ်'

ယခုလို မိန့်ပြီး သူ့ရဲကောင်းလဂွန်းအိမ် စိတ်ဓာတ်မြင့်လာစေရန် ရည်

သန်လျက် မိမိသုံးဆောင်သော ရွှေကွမ်းအစ်တော်ကို မိဖုရားတလသုဒ္ဓမာယာ
အား လဂွန်းအိမ်ထံ ဆက်သစေသည်။ လဂွန်းအိမ်လည်း မိဖုရားထံမှ ကွမ်းအစ်
ကို ယူပြီး သုံးဆောင်သည်။ ပြီးနောက် သူ့ရှင် ရာဇာဓိရာဇ်အား ဦးခိုက်ပြီး
အဆောင်တော်မှ ပြန်ခဲ့သည်။ မိမိတပ်စခန်းသို့ ရောက်သော် စဉ်းစားလေသည်၊

'ပုသိမ်စစ်တွင် လေ့တပ်အင်အား များလှသည်။ ငါတို့ဘက်က နည်း
လွန်းသည်။ ငါ့သခင်ငါ့အား ချစ်သည်၊ မချစ်သည်၊ ချစ်လျှင်လည်း မည်မျှ
ချစ်သည်ကို ငါစမ်းသပ်ဦးမည်။ ငါ့ကို ချစ်သည်မှန်ပါက ငါ့အသက်ကို မငဲ့
ကွက်တော့ဘဲ သေသည်အထိ အမှုတော်ကို ထမ်းမည်'

ဤသို့ကြံပြီး တပည့်ဖြစ်သူအား 'ငါ့ကိုမေးလျှင် ငါမကျန်းမာဟု
ဆိုချေ'မှာပြီးလျှင် စစ်မထွက်ဘဲ ခေါင်းမြီးခြုံကာ အိပ်နေတော့သည်။

မိုးသောက်လျှင် အမတ်ဒိန်နှင့် သမိန်ဗြာဒွတို့သည် တပ်ကို လှည့်ပြီ
စစ်ဆေးကြသည်။ လဂွန်းအိမ် စစ်မထွက်ဘဲနေကြောင်း သိလျှင် အခန်းစောင့်
ကို မေးကြ၏။ အခန်းစောင့်က လဂွန်းအိမ် မကျန်းမာ၍ အိပ်နေကြောင်း ပြေ
သည်။

အမတ်ကြီးနှစ်ဦးလည်း လဂွန်းအိမ်၏ လေ့ထက်ရှိ အိပ်ခန်းသို့ ဝင်ရ
စမ်းသပ်ကြသည်။

'မင်းမှာ ဘာရောဂါမှ မရှိပါလား။ ဘာကြောင့် သည်လိုလုပ်ရသလဲ
မေးကြပြီ။ ဤတွင် လဂွန်းအိမ်က ဖြစ်ကြောင်းကုန်စင်ပြောပြသည်။

'ယမန်နေ့က သူ့ရှင်သည် မိဖုရားတလသုဒ္ဓမာယာအား ကျွန်ုပ်ထံ
ကွမ်းဆက်စေသည်။ မိဖုရား၏ ရင်ဝတ်တန်ဆာလျှောကျသဖြင့် မြင်မိသည်
သွေးအရောင်မှာ လပြည့်ဝန်းတွင် ယုန်ဝပ်သကဲ့သို့ လွန်စွာတင့်တယ်လှသည်
ထို့ကြောင့် စိတ်ကို ထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်ပါ။ ထိုအာရုံသည် ကျွန်ုပ်
စိတ်ထဲ၌ စွဲငြိနေသဖြင့် မအိပ်နိုင်၊ မစားနိုင်၊ စိတ်မပျော်နိုင်ပါ။ စစ်ထွက်လျှ
လည်း သေမည်။ စစ်မထွက်ဘဲနေလျှင်လည်း သေရမည့်အတူတူမို့ စစ်မထွက်ဘ
ကျွန်ုပ်နေပါသည်'ဟု ဆိုသည်။

အမတ်ကြီးနှစ်ဦးက ဆုံးမသည်။ 'ငါ့တူလဂွန်းအိမ်၊ ကျေးဇူးရှင်
စိတ်မယိမ်းယိုင်သင့်။ စိတ်ထားဖြောင့်မတ်မှသာ စစ်ချီလေရာအရပ်တွင် ရန်သူ

အောင်နိုင်မည်။ ငါ့တူလဂွန်းအိမ်သည် မပြောသင့်၊ မဆိုအပ်သည်ကို ဆိုသည်။ ါးပါးသီလမမြဲလျှင် စစ်ချီလေရာမှာ ရန်သူကို အောင်မြင်နိုင်ပါဦးမလား'

လဂွန်းအိမ်က 'ဦးရီးတော်တို့နှစ်ဦးသည် မိဘက သားသမီးကို ဆုံးမ သကဲ့သို့ ကျွန်ုပ်အား ဆုံးမကြသည့်အတွက် ကျေးဇူးကြီးမားလှပါသည်။ သို့သော် မိဖုရားအား ကွမ်းတည်စေသည့်အခါ မိဖုရား၏ ရင်လွှမ်းတန်ဆာသည် လျှောကျ သဖြင့် မိဖုရား၏ အလှကျက်သရေကို ကျွန်ုပ်မြင်မိသည်မှစပြီး စိတ်ကို နိုင်ခဲ့ အောင် မထိန်းနိုင်တော့ပါ။ အိပ်စက်၍လည်း မပျော်၊ နေ၍လည်း မချမ်းသာပါ။ ကျွန်ုပ်၏ နောက်ကျိုနေသော စိတ်၊ ကပ်ငြိနေသော အာရုံ၊ ဖုံးလွှမ်းနေသော အလိုဆန္ဒတဏှာ မည်မျှ ကြီးမားနေသည်ကို ဦးရီးတော်တို့ သိမြင်ပြီးဖြစ်လို့ ဘာမျှလျှောက်ထားရန် မရှိတော့ပါ'ဟု ဆိုသည်။

အမတ်ကြီးနှစ်ဦးတို့က 'ငါတို့က မေတ္တာထားပြီး ဆုံးမသွန်သင်သည်။ ငါတို့တူ လဂွန်းအိမ်က အချက်အလက်တွေနဲ့ ချေပနေသည်။ သည်တော့ အောင်မင်းရဲ့ အဖြစ်သနစ်ကို ငါ့ရှင် ရာဇာဓိရာဇ်အား သံတော်ဦးတင်စေလို သလား'ဟုမေးသည်။

ဤတွင် လဂွန်းအိမ်က 'သံတော်ဦးတင်ပေးပါ။ သို့မဟုတ် မတင်ပါ နှင့်ဟု ကျွန်ုပ်မပြောပါ။ ဦးရီးတော်တို့ စိတ်ဆန္ဒအတိုင်းသာ ဆောင်ရွက်ကြပါ' ဟု ပြန်ဖြေသည်။

အမတ်ကြီးနှစ်ဦးလည်း အချင်းချင်းတိုင်ပင်ကြရတော့သည်။ အချိန် လည်း မရှိတော့ပြီ။ လဂွန်းအိမ်၏ အခြေအနေကို သူ့ရှင်အား လျှောက်ထားမှ တော်မည်ဟု ဆုံးဖြတ်ကြသည်။

ရာဇာဓိရာဇ်ထံရောက်လျှင် လဂွန်းအိမ် စစ်မထွက်ဘဲနေကြောင်း၊ လဂွန်းအိမ်ပြောဆိုသမျှ အားလုံးလျှောက်တင်ကြသည်။

ရာဇာဓိရာဇ်သည် လဂွန်းအိမ်၏ သဘောထားကို ကြားလျှင် ပြုံးတော် မူသည်။ 'မိဖုရားကို ငါမနှမြော၊ သင်းကိုသာ ငါနှမြောသည်'ဟု မိန့်တော်မူပြီး မိဖုရားတလသုဒ္ဓမာယာကို ခေါ်စေသည်။

'အမတ်ကြီးများ၊ ငါတို့ကေရာဇ်မင်းသည် သူရဲကောင်းကိုလည်း ချစ်သည်။ မိဖုရားကိုလည်း ချစ်သည်။ မိဖုရားဆိုတာ ငါတို့အဖော်အဖက်

ဖြစ်သည်။ ပါရမီဖြည့်ဘက်ဖြစ်သည်။ သူရဲ ကောင်းများကား ထိုသို့မဟုတ်ပြီ။ ငါတို့၏ ရန်သူများကို ဖြိုဖျက်ဖို့ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ် ပေးဖို့ အဖော်အဖက်ဖြစ်သည်။ သာသနာတော်ကို ငါတို့ဆောင်ရွက်စေမည့် အဖော်အဖက်ဖြစ်သည်။ ငါတို့ဂုဏ်သတင်းတိုးတက်အောင် ဆောင်ရွက်ပေးမည့် အဖော်အဖက်ဖြစ်သည်။ သူရဲကောင်းကို ပိုပြီး ချစ်ရပေမပေါ့။ တလသုဒ္ဓမာယာ လို ရုပ်ရည်ချောမောလှသော မိဖုရားကို ရှာဖွေမည်ဆိုက တစ်နေ့မဟုတ် တစ်နေ့တွေ့မည်။ ယခုလို နိုင်ငံတော်ကာကွယ်ရေးအတွက်၊ စစ်မက်ဖြစ်နေချိန် တွင် လဂွန်းအိမ်လို သူရဲကောင်းရှာဖွေတွေ့ရှိနိုင်ဖို့ များစွာ ခဲယဉ်းပေမည်။ သို့ဖြစ်၍ မိဖုရားတလသုဒ္ဓမာယာအား ကောင်းစွာပြင်ဆင်ပြီး ရွှေလောင်းတော်ဖြင့် လဂွန်းအိမ်ထံ ပို့စေ'ဟု မိန့်တော်မူသည်။

မိဖုရားတလသုဒ္ဓမာယာလည်း သူ့ရှင်ရာဇာဓိရာဇ်၏ ရွှေဖဝါးတော်ကို ဦးခိုက်ပြီး ငိုယိုတောင်းပန်သည်။ သူ့ရှင်က မိဖုရားအား ချော့မော့ဆုံးမသည်။ သူ့ရှင်ရင်ထဲတွင် မည်သို့ရှိမည်ကိုမူ သူ့ရှင် ရာဇာဓိရာဇ်ကိုယ်တိုင်သာလျှင် သိတော်မူပေလိမ့်မည်။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့လည်း သူ့ရှင်၏ အမိန့်အတိုင်း မိဖုရား တလသုဒ္ဓမာယာအား ရွှေဖောင်တော်၌ တင်၍ ရွှေကန့်လန့်ကာချလျက် လဂွန်း အိမ်ထံသို့ ပို့လေသည်။

သူ့ရှင်ရာဇာဓိရာဇ်က 'လဂွန်းအိမ်၏ အလိုဆန္ဒပြည့်ဝအောင် မိဖုရားကို ငါပို့လိုက်သည်။ ဆန္ဒပြည့်ဝပြီး စစ်ချီရာ၌ အောင်မြင်ပါစေကြောင်း ငါဆုတောင်း လိုက်သည်'ဟု မှာတော်မူသည်။

'မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်းစားလူလု အူနုကျွဲခတ်'ဆိုသည့် စကားရှိသည် မဟုတ်ပါလား။ ယခု ချစ်လှစွာသော မိဖုရား ကို လုယူသွားပြီ။ လူတကာပြုနိုင်ခဲသည့် အမှုကို သူ့ရှင်ရာဇာဓိရာဇ် ပြုခဲ့ နှလုံးသားခံစားချက် မရှိတော့ပြီလား။ သားတော်ဗညားကျန်း ဗညားရံနှင့် သမီးတော်လေး ရှင်စောပုတို့အတွက် မစဉ်းစားတော့ပြီလား။ မထောက်ထား မငဲ့ညှာတော့ပြီလား။

အစကမူ ဗညားရံသည် လဂွန်းအိမ်ကို စံပြသူရဲကောင်းအဖြစ် မှတ်ယ

ထားသည်။ အလွန်လေးစားသည်။ သူ့လိုသူရဲကောင်းဖြစ်ချင်သည်။ စစ်တံပိုး
သံတွေ၊ စစ်ခရာသံတွေ ကြားရပြီဆိုလျှင် ဗညားရံကလေး၏ စိတ်တွေ တက်ကြွ
လာသည်။ သူ့ကစားစရာများသည်လည်း လေးနှင့် မြား၊ လှံနှင့် ဓားတို့သာ
ဖြစ်၏။ လဝွန်းအိမ် စစ်ရေးလေ့ကျင့်နေပြီဆိုလျှင် ဗညားရံ လွန်စွာ အားကျခဲ့
သည်။

ယခုမူ စံပြသူရဲကောင်းကြီးက မယ်မယ့်ကို လိုချင်လိုတဲ့။ ခမည်းတော်
ဘုရားကလည်း ဝေဿန္တရာလက်သစ်လုပ်လိုက်ပြီ။ အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇ
တို့ကြားတွင် မယ်မယ်ပါသွားပြီ။ ဗညားရံ၏ ရင်ထဲတွင် လဝွန်းအိမ်ကို မုန်းတီး
စိတ်များ ဝင်လာသည်။ မင်းကံစီ ရဟန်းအဖြစ်မှ လူဝတ်လဲပြီး ခမည်းတော်
ဓမ္မစေတီဘုရား ပညာရှိအဖြစ် အမှုထမ်းနေသည့် မင်းကံစီသည် ခမည်းတော်
ကို မတားတော့ပြီလော။

ဗညားရံသည် လက်ထဲတွင် ကိုင်ထားသော လေးနှင့် မြားကို ပစ်ချပြီး
မင်းကံစီထံပါးသို့ ပြေးသွားသည်။ မင်းကံစီ၏ လက်နှစ်ဖက်ကိုဆွဲကိုင်ပြီး ...

'မင်းကံစီ၊ သည်အတိုင်းကြည့်နေတော့မှာလား။ ခမည်းတော်ကို ပညာ
သွန်ပြမဖျောင်းဖျတော့ဘူးလား။ မယ်မယ့်ကို မကယ်တော့ဘူးလား'ဟု လား
ပေါင်းများစွာ တရစပ်မေးနေသည်။

မင်းကံစီက 'ဒီလောက်လည်း မပူပါနဲ့ မင်းသားငယ်။ မကြာခင်မှာ
မင်းမယ်မယ် ပြန်ရောက်လာမှာပါ'ဟု အေးဆေးတည်ငြိမ်စွာ ပြောဆိုနှစ်သိမ့်
လိုက်သည်။

'ဘာပြောတယ် မင်းကံစီ၊ လဝွန်းအိမ်က လိုချင်လို့ တောင်းဆိုတဲ့
မယ်မယ့်ကို ပြန်လွှတ်ပါ့မလား'

'ပြန်လွှတ်မှာပါ မင်းသားငယ်။ အခုအချိန်မှာတော့ သူရဲကောင်းလဝွန်း
အိမ်ရော၊ သူ့ရှင်ရဲ့ ရင်ထဲမှာရော စစ်ပွဲဆိုတာကိုပဲ စဉ်းစားနေကြတယ်။ စစ်သွေး
တွေပဲ ဆူပွက်နေကြတယ်။ စစ်အောင်နိုင်ဖို့ကိုသာ အဓိကထားနေကြတယ်။
အချိန်မျိုးမှာ မိဖုရားကိုလည်း စွန့်လွှတ်နိုင်တယ်။ သားတော်၊ သမီးတော်တွေကို
စွန့်လွှတ်ဖို့လည်း ဝန်မလေးကြဘူးကွယ့်။ ကဲ...ကဲ...မင်းကံစီလည်း **အမတ်ဒိန်**
နဲ့ သမိန်ဗြာဇ္ဇတို့နောက် လိုက်သွားဦးမယ်။ မင်းသားငယ် **စိတ်အေးအေးသာ**

ထား၊ ဟုတ်ပလား’ဟု ဆိုကာ ဗညားရံ၏ ပခုံးကို သာသာကလေး ပုတ်ပြီး ထွက်ခွာသွားသည်။

နောင်တော် ဗညားကျန်းကို ကြည့်လိုက်ပြန်တော့လည်း လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကျောက်ရုပ်ကြီးလို ရပ်နေသည်ကို တွေ့ရသည်။ ဗညားရံသည် ချစ်ကြောက်ရိုသေရပါသော ခမည်းတော်မင်းကြီးကိုလည်း ဘာမျှ မလျှောက်တင်ဝံ့။ ပညာရှိမင်းကံစီကလည်း စိတ်အေးအေးသာထားပါဟု ဆိုကာ ရွှေလောင်းတော်ဖြင့် လိုက်သွားချေပြီ။ ဘာမျှမတတ်နိုင်တော့သည့်အဆုံး နန်းဆောင်၏ နံရံကိုသာ လက်သီးဖြင့် ထုနေတော့သည်။

ထိုအချိန်တွင် သမိန်စည်သူသည် အပြေးအလွှားရောက်လာသည်။ စည်သူကား အခြားသူမဟုတ်။ ခမည်းတော် ရာဇာဓိရာဇ်၏ တူတော် မုတ္တမ စားလေးဖြစ်သည်။ ဗညားကျန်း၊ ဗညားရံတို့နှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သည်။ ဗညားရံနှင့် အသက်မတိမ်းမယိမ်းဖြစ်၏။ ဗညားရံကဲ့သို့ စစ်ရေးစစ်ရာ တိုက်ခိုက်မှုကို ဝါသနာမပါ။ သူရဲကောင်းလဝွန်းအိမ်နှင့် နီးစပ်မှုမရှိ။

သမိန်စည်သူသည် စာပေကိုသာ ဝါသနာပါသည်။ ပညာရှိမင်းကံစီကို အထင်ကြီးသည်။ လေးစားသည်။ ပညာရှိတစ်ယောက် ဖြစ်လိုသည်။ ထို့ကြောင့် မင်းသားတို့တတ်အပ်သည့် အဋ္ဌာရသပညာများကို သင်ယူရင်း အားလပ်ချိန်တွင် စာတိုပေစကလေးများကို ဖတ်သည်။ မှတ်သည်။

စည်သူသည် ခန်းမဆောင်ထဲတွင် ရှင်စောပုကို ရှာသည်။ အရိပ်အယောင်မျှ မတွေ့ရသဖြင့် ဗညားရံ၏ ပခုံးကို ပုတ်ပြီး ‘ဗညား၊ ဖြူလေးရော၊ ဖြူလေး ဘယ်မှာလဲ’ဟု မေးလိုက်သည်။

‘မင်းနှမ မြေးဖြူမလား၊ သူကတော့ ငိုဖို့ပဲ တတ်တယ်။ မယ်မယ့်ကို ခေါ်သွားတော့ နောက်က ပြေးလိုက်လို့ အထိန်းတော်ကြီး ပွေ့ချီသွားလေရဲ့။ အခုလောက်ဆို ဘွားတော်မဟာဒေဝီရဲ့ ရင်ခွင်ထဲ ရောက်နေလောက်ပြီ’ဟု ဗညားရံက ပြန်ဖြေသည်။

သမိန်စည်သူသည် ဘွားအေတော် မဟာဒေဝီ၏ ခန်းဆောင်ဆီသို့ အဆောတလျင်သွားသည်။ ခန်းဆောင်တံခါးဝသို့ ရောက်သောအခါ စည်သူသည် လက်အုပ်ချီလျက် အသံပြုလိုက်သည်။

'ဘွားတော်၊ စည်သူပါ။ ဝင်ခဲ့ပါရစေ'

'သမိန်စည်သူလား၊ ဝင်ခဲ့လေကွယ်'

'ဟုတ်ကဲ့ပါ ဘွားတော်၊ အရှီးတော်ဒေဝီရဲ့ သတင်းကို ကြားကြားချင်း ပြေးလာပေမယ့် မမီလိုက်ပါဘူး။ ရွှေလောင်းတော်က ထွက်သွားနှင့်ပြီ။ ဗညားရဲ့ ကိုတော့ တွေ့တယ်။ ဖြူလေး (ရှင်စောပုကို ဆိုသည်)ကို မတွေ့လို့ လိုက်ရှာပါ တယ်။ ဗညားက မယ်မယ့်နောက် ပြေးလိုက်လို့ အထိန်းတော်ကြီး ပွေ့ချီသွား လေရဲ့၊ အခုလောက်ဆို ဘွားတော်မဟာဒေဝီရင်ခွင်ထဲ ရောက်နေရောပေါ့တဲ့'

စည်သူက မဟာဒေဝီကို ပြောပြရင်း တစ်ဆက်တည်းမှာပင် ရှင်စောပု ကို ပြောလိုက်သည်။

'ဒီလောက်လည်း ငိုမနေပါနဲ့ ဖြူလေးရာ၊ အရှီးတော်ပြန်လာမှာပါ'

'နင်ဘာသိလို့လဲ စည်သူ။ လဝွန်းအိမ်က မယ့်မယ့်ကို မရရင် စစ် ထွက်ဘူးဆိုလို့ ခမည်းတော်က မယ်မယ့်ကို ပေးလိုက်ပြီလေ။ မယ်မယ်ငိုတာ ကိုတော့ ငါ့ရင်ထဲမှာ စူးပြီး နာလိုက်တာ။ လဝွန်းအိမ်ကို မုန်းတယ်၊ မုန်းတယ်'

ဤတွင် မဟာဒေဝီက ပျာပျာသလဲ ဟန့်တားလိုက်သည်။

'ဒီလို မပြောရဘူး မြေးဖြူမလေးရဲ့။ လဝွန်းအိမ်ဟာ ဟံသာဝတီရဲ့ ရဲကောင်း။ သူရဲကောင်းတွေ၊ စစ်သည်ရဲမက်တွေဟာ ပြည့်ခြေ၊ ပြည့်လက် တွေ။ သူတို့ကို မုန်းလို့မဖြစ်ဘူး။ အမျက်တော်ရှုပြီး သတ်ဖြတ်ညှဉ်းပန်းရင် ည်ရှာစည်ပင်ဖို့ ခဲယဉ်းသွားမှာပေါ့ မြေးလေးရဲ့'

ဘွားအေတော် မဟာဒေဝီရဲ့ စကားဆို မြေဝယ်မကျ နားထောင်သော စောပုလည်း မကျေနပ်သည့်စကား ထပ်မပြောတော့ပေ။ ခေါင်းတဆတ်ဆတ် တ်ပြီး အငိုတိတ်သွားတော့သည်။

မဟာဒေဝီက 'ကြုံကြိုက်တုန်း ဗဟုသုတအဖြစ် ပြောပြရဦးမယ်။ ည်ရှာစည်ပင်ဖို့ သူရဲသူခက်တွေသာ အရေးပါတာမဟုတ်ဘူးကွယ့်။ ပြည့်ဝမ်း ၊ ပြည့်ကင်းတို့ဆိုတာတွေလည်း ရှိသေးတယ်'ဟု စကားပျိုးလိုက်၏။

'မှတ်သားထားလိုပါတယ်။ ပြောပြပါဦး ဘွားဘွား'ဟု သမိန်စည်သူ တောင်းဆိုလိုက်သည်။

'ကဲ…ကဲ…မှတ်ထားကြ'

**ပြည့်ဝမ်းကို မဖောက်ရာ။**
**ပြည့်ဦးကင်းကို မနှိမ်ရာ။**
**ပြည့်တံခွန်ကို မလှဲရာ။**
**ပြည့်မျက်စိကို မထုတ်ရာ။**
**ပြည့်စွယ်ကို မချိုးရာ။**
**ပြည့်မျက်နှာကို မဖျက်ရာ။**
**ပြည့်ခြေ၊ ပြည့်လက်ကို မဖြတ်ရာတဲ့။**

'အဲဒါတွေက ဘာတွေလဲ ဘွားဘွားရဲ့၊ ရှင်းပြပါဦး'ဟု သမိန်စည်သူက တောင်းဆိုသည်။

**ပြည့်ဝမ်းကို မဖောက်ရာ** ဆိုတာက ဒီလို မြေးတို့ရဲ့။ ပြည့်ဝမ်းဆိုတာ သူဌေး၊ သူကြွယ်တွေကို ပြောတာ။ သူဌေး၊ သူကြွယ်တွေကို အပြစ်မရှိဘဲ အပြစ်ရှာပြီး ဥစ္စာရွှေငွေတွေကို ဖျက်ဆီးသိမ်းယူတာ၊ သူဌေး၊ သူကြွယ်တွေ သေသွားတဲ့အခါ အမွေဆက်ခံမယ့် သားသမီးတွေ ရှိပါလျက် အမွေမခံရ၊ ပစ္စည်းတွေအားလုံး သိမ်းယူလိုက်တာဟာ ပြည့်ဝမ်းကို ဖောက်သည်မည်သတဲ့၊

**ပြည့်ဦးကင်း** ဆိုတာက မှူးကြီးမတ်ကြီးတွေကို ပြောတာ။ ပြည့်ဦးကင်းနဲ့ တူတဲ့ မှူးကြီးမတ်ရာများကို အမျက်တော်ရှပြီး မထောက်ထား မညှာတာဘဲ မဆင်မခြင် ကွပ်ညှပ်တော်မူတာကတော့ ပြည့်ဦးကင်းကို နှိမ်သည်မည်၏တဲ့၊

**ပြည့်တံခွန်** ဆိုတာ ရသေ့၊ ရဟန်း၊ ပညာရှိတို့ကို ဆိုလိုတာပေါ့၊ ရသေ့၊ ရဟန်းတွေ၊ ပညာရှိတွေကို အမျက်တော်ရှိရင် မစုံစမ်း၊ မမေးမြန်းဘဲ မထောက် မညှာ မျက်တော်မူခြင်းဟာ ပြည့်တံခွန်ကို လှဲသည်မည်၏တဲ့။

နောက်တစ်ချက်က **ပြည့်မျက်စိ**လေ။ ပြည့်မျက်စိနဲ့တူတဲ့ ပိဋကတ် ဗေဒင်တတ်တဲ့ ပညာရှိပုရောဟိတ်တွေကို အမျက်တော်ရှိရင် မျက်တော်မူခြင်းဟာလည်း ပြည့်မျက်စိကို ထုတ်သည်မည်၏တဲ့။

**ပြည့်စွယ်** ဆိုတာကတော့ မင်းညီမင်းသားတွေကို ပြောတာပေါ့၊ မင်းညီမင်းသားတွေနှင့် ပတ်သက်ပြီး အမျက်တော်ရှိရင် ရှေ့ကို ထောက်ရှုမျှော်တွေးခြင်းမပြုဘဲ မျက်တော်မူခြင်းသည် ပြည့်စွယ်ကို ချိုးသည်မည်၏တဲ့။

**ပြည့်မျက်နှာ** ဆိုတာကတော့ မိဘ၊ လင်သားတို့ရဲ့ ကြေးမုံသဖွယ်ဖြစ်တဲ့

သူတို့ရဲ့ သားသမီးတွေကို အနိုင်အထက်ယူတာလည်း ပြည်ကို ဖျက်သည် မည်တယ်။

ပြည့်ခြေ၊ ပြည့်လက်ဆိုတာကတော့ စောစောက ဘွားဘွားပြောတာပေါ့။ တိုင်းပြည်ရဲ့ ခြေလက်ဖြစ်တဲ့ သူရဲကောင်းတွေ၊ စစ်သည်ရဲမက်တွေကို အမျက်တော်ရှိလျှင် ပစ္စုပ္ပန်သံသရာနှစ်ပါးကို ထောက်ရှုခြင်းမပြုဘဲ သတ်ဖြတ်ခြင်းဟာ ပြည့်ခြေ၊ ပြည့်လက်ကို ဖြတ်သည်မည်၏လို့ ဆိုထားဘယ်။ ဒါကြောင့် ပြည်ရွာစည်ပင်ချင်ရင် ဒီအချက်တွေကို လိုက်နာကျင့်သုံးရမယ် မြေးတို့ရဲ့'ဟု ဆိုကာ သူ့စကားကို အဆုံးသတ်လိုက်သည်။

သမိန်စည်သူလည်း လက်အုပ်ချီပြီး 'ကျေးဇူးကြီးလှပါတယ် ဘွားတော်၊ နောက်ကိုလည်း ဘွားတော်ဆီ မကြာမကြာ လာရောက်ခစားပြီး ပညာတွေ သင်ယူရပါဦးမယ်။ အခုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'ဟု ခွင့်ပန်ကာ နောက်ဆုတ်ထွက်သွားသည်။ နောက်ဆုတ်ထွက်ခွာရင်း ရှင်စောပုကိုလည်း လှမ်းပြောလိုက်သည်။

'ဖြူလေး၊ အဆောင်တော်ကို ပြန်တော့။ အခုလောက်ဆိုရင် မယ်တော် တလသုဒ္ဓမာယာ ပြန်ရောက်လောက်ပြီ'

* * *

# အခန်း (၂)
## မိဖုရားထက်ပိုချစ်တဲ့ သူရဲကောင်း

လဂွန်းအိမ်သည် မိမိထံသို့ မိဖုရားကို ပို့လာပြီဟု သတင်းကြားသည်နှင့် ရွှေပန်း၊ ငွေပန်း၊ ပေါက်ပေါက်၊ ကန်တော့ပွဲစသည်တို့ကို စုံလင်အောင် ပြင်ဆင်ထားသည်။ ရွှေကန့်လန့်ကာချကာ လာနေသော ရွှေလောင်းတော်ကို အဝေးမှ မြင်ရလျှင် လက်အုပ်ချီကာ ကန်တော့သည်။ ရွှေလောင်းတော်ဆိုက်သောအခါ ဖောင်ဦးသို့ထွက်၍ ဦးခိုက်လျက် ပြင်ဆင်ထားသော ကန်တော့ပွဲစသည်တို့ကို မိဖုရားအား ဆက်သသည်။ မိမိ၏ သခင် သူ့ရှင် ရာဇာဓိရာဇ်ကို ရည်စူး၍လည်း ကန်တော့သည်။

အမတ်ဒိန်နှင့် သမိန်ဗြာဇွတို့ကိုလည်း ရှိခိုး၍ လက်ဆောင်များပေးသည်။ ပြီးလျှင် ယခုလို ပြောဆိုသည်။

'ကျွန်ုပ်သည် မင်းကြီး၏ စိတ်တော်ကို စမ်းသပ်ခြင်းသာ ဖြစ်သည်၊ သူရဲကောင်းဖြစ်သော ကျွန်ုပ်အား မိဖုရားထက် ပိုချစ်သည်ကို သိပါပြီ။ မိဖုရားကြီးအား နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကျွန်ုပ်ပြောဆိုပြစ်မှားခဲ့သည်တို့ကို အပြစ်လွှတ်ပါရန် တောင်းပန်ပါသည်။ အရှင်သခင်မင်းကြီးကိုလည်း သည်နေရာမှပင် ကန်တော့လိုက်ပါသည်။

ဦးရီးတော်အမတ်ကြီးတို့ မိဖုရားကို လာသည့်လမ်းအတိုင်း ပြန်လည်၍ ဆောင်ကြဉ်းသွားပါတော့။ ကျွန်ုပ်သည် အတွင်းစစ်ကို အောင်မြင်ခဲ့ပြီ။ ကျွန်ုပ်၏ ကျေးဇူးရှင်မင်းကြီး၏ စိတ်တော်ကိုလည်း သိရပြီ။ သည်မျှလောက်သော စစ်ကို မဆိုထားနှင့်။ သည့်ထက်ကြီးမားသော စစ်ကိုပင် ကျွန်ုပ်၏ အသက်ဇီဝိန်ချုပ်သည့်တိုင်အောင် အမှုတော်ကို ထမ်းရွက်၍ မင်းကြီး၏ ကျေးဇူးတော်ကို ဆပ်ပါမည်။ ဦးရီးတော်တို့က ကျွန်ုပ်လျှောက်ထားသည်ကို သူ့ရှင်ရာဇာဓိရာဇ်အား သံတော်ဦးတင်ပေးကြပါ'

လဂွန်းအိမ်သည် ဤသို့ပြောဆိုပြီး ရာဇာဓိရာဇ်ရှိရာသို့ မျှော်မှန်း၍ ဦးသုံးကြိမ်ချကာ ရှိခိုးလေသည်။

အမတ်ကြီးနှစ်ဦးလည်း များစွာ အံ့သြသွား၏။ ဝမ်းလည်း သာကြ၏။

က်နှာများလည်း ပြုံးရွှင်လာကြ၏။ မိဖုရားတလသုဒ္ဓမာယာလည်း ဝမ်းနည်း ကြကွဲနေသော ဝေဒနာများ ပြေလျော့သွားကာ ဝမ်းသာရွှင်လန်းပြီး ပြုံးနိုင်တော့ သည်။ အမတ်ကြီးနှစ်ဦးက လဂွန်းအိမ်မှာသမျှကို မင်းကြီးအား လျှောက်ထားပါ ည်ဟု ဝန်ခံကတိပြုကြသည်။ လဂွန်းအိမ်ကိုလည်း ရန်သူကို တိုက်ခိုက်အောင် မြင်ပါစေဟု ဆုတောင်းကာ ရွှေလောင်းတော်ကို ဦးလှည့်၍ ရာဇာဓိရာဇ်ထံ ပြန်ခဲ့ကြတော့သည်။

ရာဇာဓိရာဇ်မင်းကြီးသည် မိဖုရားကို ခေါ်ဆောင်သွားကြသော ရွှေ လောင်းတော်ထွက်သွားကတည်းက စိတ်တွေလှုပ်ရှားပြီး နန်းဆောင်ထဲတွင် တည်ငြိမ်စွာ စံတော်မမူနိုင်ပေ။ လဂွန်းအိမ်တောင်းဆိုစဉ်ကမူ နိုင်ငံ့အရေး၊ မိအာဏာတည်ရေးသာ ခေါင်းထဲရှိနေသဖြင့် သူရဲကောင်းလဂွန်းအိမ်ထံ မိမိ၏ ချစ်လှစွာသော မိဖုရားကို ချက်ချင်းပို့စေခဲ့သည်။ အမတ်ကြီးနှစ်ဦးက မိဖုရားကို ခေါ်ဆောင်သွားသည့်အခါတွင်မူ မိမိအသည်းနှလုံးကို ထုတ်ယူသွားသကဲ့သို့ ခံစားနေရပြီ။

အချိန်အတန်ငယ်ကြာလျှင် ရွှေလောင်းတော်ပြန်လည်ဆိုက်ရောက်လာ ၏။ ရွှေကန့်လန့်ကာကို ဖွင့်လိုက်လျှင် မိဖုရားတလသုဒ္ဓမာယာ ပြန်ပါလာသည်ကို တွေ့လိုက်သဖြင့် ကြိုဆိုနေသူများအားလုံး ဝမ်းသာသွားကြသည်။ ပျော်ရွှင်သွား ကြသည်။ သွက်လက်ချက်ချာသည့် အပျိုတော်ကလေး မိနှင်းဖြူသည် နန်း ဆောင်ထဲသို့ အပြေးအလွှားသွားရောက်သတင်းပို့သည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့် နန်းဆောင်တစ်ခုလုံး သိပြီး ဝမ်းသာပျော်ရွှင်သွားကြသည်။ ထိုသူတွေထဲတွင် ဝမ်းအသာဆုံး၊ အပျော်ရွှင်ဆုံးမှာ သူ့ရှင် ရာဇာဓိရာဇ်ပင်။

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဇတို့လည်း မိဖုရားတလသုဒ္ဓမာယာကို သူ့ရှင် မင်းကြီးထံ ပြန်လည်အပ်နှင်းပြီး လဂွန်းအိမ်၏ သဘောထားနှင့် မှာစကားတို့ကို ပြည့်စုံစွာ လျှောက်တင်ကြသည်။

"ကျွန်ုပ်သည် အရှင်သခင်၏ စိတ်တော်ကိုသာ စမ်းသပ်သည်။ သူရဲ ကောင်းဖြစ်သူ ကျွန်ုပ်အား မိဖုရားထက် ပို၍ ချစ်သနားတော်မူသည် မှန်၏။ မိဖုရားကြီးကိုလည်း နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ပြစ်မှား ပြောဆိုခဲ့သည်ကို အပြစ်လွှတ်ဖို့ လဂွန်းအိမ်က ဦးခိုက်ပါသည်ဘုရား။ အရှင်မင်း ကြီးကိုလည်း အဝေးမှ ရှည်စူးပြီး ကန်တော့ပါသည်ဘုရား။ ဦးရီးတော်အမတ်

ကြီးနှစ်ဦးတို့က မိဖုရားအား လာသည့်လမ်းအတိုင်း ပြန်လည်ဆောင်ကြဉ်းသွား ပေးကြပါလို့ တောင်းပန်ပါသည်။ ပြီးတော့ လဝွန်းအိမ်က သူဟာ အတွင်းစစ် ကို အောင်မြင်ခဲ့ပြီ။ အပြင်စစ်သည် သူ့ကို ခံနိုင်ပါမည်လား။ ကျေးဇူးရှင်သခင် ၏ စိတ်တော်ကို သိရပြီ။ သည်မျှလောက်သော ရန်သူကို မဆိုထားနှင့်၊ သည့်ထက်ကြီးမားသော စစ်ဖြစ်ပါစေ။ သူ့အသက်ဇီဝိန်ချုပ်ငြိမ်းသည့်တိုင်အောင် စစ်မူထမ်းပြီး မင်းကြီး၏ ကျေးဇူးတော်ကို ဆပ်ပါမည်တဲ့ဘုရား။ သူ့သဘော ထား သူပြောသမျှတွေကိုလည်း အရှင်မင်းကြီးအား လျှောက်တင်ပေးပါလို့ မေတ္တာရပ်ခံပါသည်ဘုရား။ ယခုလိုမှာကြားပြီး အရှင်မင်းကြီးရှိရာဘက်သို့ မျှော်မှန်းကာ သုံးကြိမ်ချပြီး ရှိခိုးကြောင်းပါဘုရား'

သူ့ရှင်လည်း သူရဲကောင်း၏ သဘောထားကို သိရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ထို့ထက် ပို၍ ပို၍ ဝမ်းမြောက်ရသည်မှာ သူချစ်သော မိဖုရားတလသုဒ္ဓမာယာ ပြန်ရောက်လာခြင်းပင်။

ရှင်စောပုသည် မိဖုရားကြီး ပြန်ရောက်လာပြီကြားသည်နှင့် ဘွားအေ ရင်ခွင်ထဲမှ ရုန်းထွက်ပြီး သူ့မယ်မယ်ကို ပြေးဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေး ပြန်၏။

'ကဲ…ငါမပြောဘူးလား။ အရီးတော်ဒေဝီပြန်လာမှာပါလို့။ ဦးရီးတော် က သူရဲကောင်းလဝွန်းအိမ်တောင်းဆိုတာကို ပေးလိုက်ပြီ။ သူရဲကောင်းက တကယ်ယူလိုက်ရင် ဘာဖြစ်သွားမလဲ။ ဒါ စဉ်းစားစရာပဲ။ ပြီးတော့ ဦးရီးတော် က သူ့မိဖုရားကို အလွန်ချစ်တာ။ ဒါပေမဲ့ စဉ်းစားချိန်မရှိဘူးလေ။ ပုသိမ်တပ်တွေ က လာနေပြီ။ သူရဲကောင်းတောင်းနေတဲ့ မိဖုရားကို အမြန်ပို့ပေးမှ အရေးတော် အောင်မြင်မှာပေါ့။ ဒီစစ်ကို မနိုင်ရင် တို့များအားလုံး လောက်ဖျားရဲ့ လက်အောက် ရောက်သွားမှာပေါ့ ဖြူလေးရဲ့။ ဒီအချိန်မှာ ဦးရီးတော်ရဲ့ ဆုံးဖြတ်ချက်၊ ဦးရီးတော် ရဲ့ လုပ်ရပ်ဟာ မှန်တယ်လို့ ငါရဲရဲကြီး ပြောဝံ့တယ်။ အဲ…အားနာနာနဲ့ ပြော ရမယ်ဆိုရင်…'

စည်သူသည် အရီးတော်တလသုဒ္ဓမာယာဘက်လှည့်ပြီး လက်အုပ်ချီ ကာ 'ကန်တော့နော် အရီးတော်'ဟု တောင်းပန်ပြီး သူ့စကားကို ဆက်သည်။

'ဘုရင်တစ်ပါးအဖို့ မိဖုရားရှာရတာ လွယ်သလောက် သူရဲကောင်းတစ် ယောက်ရဖို့ဆိုတာ အင်မတန်ခက်ခဲတယ် ဖြူလေးရဲ့'

'သူ့ရဲ့ကောင်းပဲ ပေါလွန်လွန်းလို့' ရှင်စောပုက စည်သူကို ဆန့်ကျင်ပြော
သည်။

'သူ့ရဲ့ကောင်းရှားပုံကို ငါ သမိုင်းအထောက်အထားနဲ့ ပြောပြမယ်။
ဟိုးတုန်းက သထုံဘုရင် မနူဟာမင်းမှာ ဆင်ဖြူတော် (၃၃)စီးရှိတယ်။ မြန်မာ
ဘုရင် အနော်ရထာမင်းစောက ဆင်ဖြူတော် (၁၆)စီးကို ပိုင်တယ်။ ဒီမင်းနှစ်ပါး
က ဓမ္မသပြေပင်အောက်ကို သွားပြီး သိကြားမင်းရှေ့မှောက်မှာ ကတိသစ္စာ
ပြီး မိတ်ခင်ပွန်းဖွဲ့ကြတယ်။ နောင်အခါ သထုံပြည်ကို ရန်သူတွေ လာရောက်
တိုက်ခိုက်တယ်။ ဒီတော့ မြန်မာဘုရင်အနော်ရထာမင်းစောထံမှာ စစ်ကူတောင်း
တဲ့။ အနော်ရထာမင်းစောက သထုံမင်းထံ သူ့ရဲ့ကောင်းလေးယောက် လွှတ်
လိုက်တယ်လေ။ အဲဒီသူ့ရဲ့ကောင်းလေးယောက်ကို နင်သိရဲ့လား'

'သိတာပေါ့။ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီး
တဲ့၊ ဟုတ်ပါတယ်နော် မယ်မယ်'

'ဟုတ်ပါတယ် သမီးလေးရယ်'

'အဲဒါပြောတာပေါ့။ သထုံဘုရင်ဆီမှာ ဆင်ဖြူတော် (၃၃)စီးရှိပေမယ့်
ရန်သူကိုတိုက်ဖို့ သူ့ရဲ့ကောင်းမရှိတော့ အနော်ရထာမင်းစောဆီ အကူအညီတောင်း
တော့တာပေါ့။ ဒီကျေးဇူးကို ဆပ်တဲ့အနေနဲ့ သထုံဘုရင်က မွန်မင်းသမီးကလေး
ကို အနော်ရထာမင်းစောထံ ဆက်သလိုက်တယ် ဖြူလေးရဲ့'

'စည်သူပြောတာ အမှန်ပဲလား မယ်မယ်'

'အမှန်ပေါ့ သမီးရဲ့၊ အနော်ရထာမင်းစောက မွန်မင်းသမီးကလေးကို
ရှားမြှောက်ခဲ့တဲ့ အစဉ်အလာရှိခဲ့တယ်'

စည်သူက ချစ်စနိုး ဖြူလေးလို့ခေါ်တဲ့ ရှင်စောပုသည် တအံ့တဩ
ဖြစ်နေသည်။ စည်သူက 'အံ့ဩမနေနဲ့၊ ငါတို့မွန်ဘုရင်တွေလည်း သမီးပေး
စားယူတွေ အများကြီးပဲ။ ငါမှတ်သားမိသလောက် ပြောပြမယ်' ဟုဆိုကာ ယခုလို
ပြောပြသည်။

'ငါတို့မွန်ရာဇဝင်မှာ မကဒူးဆိုသူရှိတယ်။ မိဘတွေက လယ်သမား၊
တမွေးစမှာ လယ်ထဲ ကောက်စိုက်နေတုန်း သူ့ကို လယ်ကန်သင်းပေါ်မှာ
ဒူး (ခမောက်ရှည်)တစ်ခုကို ပက်လက်လှန်ပြီး ထည့်တယ်။ တခြားဂဒူးတစ်ခု
အုပ်ပြီးထားတယ်တဲ့။ ကျီးတစ်ကောင်ဟာ ဂဒူးနဲ့အုပ်ထားတဲ့ကလေးကို

အစားအစာမှတ်ပြီး ထိုးသုတ်ဖို့လုပ်တယ်။ အဲဒီအခါ အပေါ်က အုပ်ထားတဲ့ ဂဒူးက ကျီးကို လိုက်ထိုးသတဲ့။ ဒါကိုမြင်လို့ သူ့မိဘတွေက ကလေးကို 'မဂဒူး' လို့ ခေါ်ကြတယ်။ သူ့မှာ မွေးချင်းသုံးယောက်ရှိတယ်။ မဂဒူး၊ မဂဒါနဲ့ နှမလေးက 'နှင်းဥရိုင်' တဲ့။

မဂဒူးရဲ့ အဖေက လယ်မလုပ်တော့ဘဲ သောက္ကတဲမြို့ကို သွားပြီး ကုန်ရောင်းတယ်။ မဂဒူးကြီးလာတော့ ဖခင်အိုနေရာကို ယူပြီး ငယ်သားတွေနဲ့ ကုန်ရောင်းကုန်ဝယ်လုပ်တယ်။ ဒီလိုနဲ့ သောက္ကတဲမြို့ကို ရောက်တော့ ငယ်သားတွေကို ပြန်လွှတ်ပြီး မဂဒူးက နေရစ်တယ်။ သောက္ကတဲမင်းရဲ့ ဆင်ကဲဆီမှာ အလုပ်လုပ်တယ်။ တိုတိုပြောရရင် မဂဒူးရဲ့ ကြိုးစားမှု၊ အတိတ်ကာလက ကုသိုလ်ကံတို့ကြောင့် သောက္ကတဲမင်းထံမှာ အမှုတော်ထမ်းခွင့်ရတယ်။ နန်းတော်အတွင်းအပြင်ကို ကြီးစိုးရတဲ့ ဝင်းမှူးအဖြစ် ခန့်ထားခြင်းခံရတယ်။

နန်းတော်ထဲ ဝင်ထွက်ဖန်များတော့ သောက္ကတဲမင်းရဲ့ သမီးတော် 'မေနှင်းသွယ်တာ' နှင့် ချစ်ကျွမ်းဝင်ကြတယ်။ မဂဒူးဟာ ရာဇဒဏ်ကို ကြောက်ရွံ့လာတယ်။ မေနှင်းသွယ်တာကိုလည်း မခွဲနိုင်ဘူး။ နောက်ဆုံးမှာ ချစ်သူနှစ်ယောက်ယူသင့်ယူထိုက်တဲ့ ရွှေငွေဥစ္စာပစ္စည်းများကို ယူပြီး 'ဆင်မခြေလျင်' နဲ့ ထွက်ပြေးကြတယ်။ မင်းကြီးသိလို့ လိုက်ဖမ်းစေတယ်။ မမီတော့ဘူး။ မဂဒူးဟာ မိဘရပ်ဌာန်ဖြစ်တဲ့ တကော့ဝန်းကို အရောက်ပြန်ခဲ့တယ်။ တကော့ဝန်းမှာ မြို့တည်ပြီး မင်းတစ်ပါးလို နေတယ်။ သူ့အထမ်းသမားသုံးဆယ်လည်း သူ့ထံမှာ ကျွန်ခံကြတယ်။ တကော့ဝန်းရွာကို မြို့အဖြစ် တည်လိုက်တဲ့အတွက် 'ဒုံဝန်း' (ဂဝံကျောက်မြို့)လို့ ခေါ်ကြတယ်။

ဒီအချိန်မှာ မုတ္တမမြို့ကို အုပ်ချုပ်နေတာက အလိမ္မာမင်းတဲ့။ မကဒူးက အလိမ္မာမင်းကို ပရိယာယ်နဲ့ မိတ်ဖွဲ့ပြီး မုတ္တမကို သိမ်းဖို့ကြံတယ်။ လက်ဆောင်ပဏ္ဏာတွေပို့ပြီး နှမတော် 'နှင်းဥရိုင်' ကိုလည်း မကြာခင်ဆက်သမယ့်အကြောင်း မှာလိုက်တယ်။ အလိမ္မာမင်းက ဝမ်းမြောက်ဝမ်းသာနဲ့ လက်ဆောင်တွေ ပြန်ပို့တယ်။ တစ်ဦးနဲ့ တစ်ဦး သံသယကင်းကင်းနဲ့ ဆက်ဆံကြတယ်။ တမန်အဆက်အသွယ် မပြတ်ဘူး။ ဒါကြောင့် ဒုံဝန်းနဲ့ မုတ္တမတို့မှာ 'မီးဖိုချောင်မီးမငြိမ်းတော့ဘူး'

'မီးဖိုချောင် မီးမငြိမ်းဘူးဆိုတာက ဘာလဲ စည်သူ'

သံတမန်ဧည့်သည်တွေကို အမြဲမပြတ် ချက်ကျွေးရလို့ မီးဖိုမှာ မီးမငြိမ်း
လို့ ဆိုလိုတာပေါ့။ ဒုံဝန်းနဲ့ မုတ္တမဟာ တစ်မြို့တည်းလို ဖြစ်နေပြီး အေးချမ်း
ယာတယ်တဲ့။ အလိမ္မာမင်းဟာ သူ့ကို ဆက်သမယ်ဆိုတဲ့ နှင်းဥရိုင်ကို
လိုဖြေနဲ့ ကွန်ပစ်မင်္ဂလာထွက်လာတယ်။ ဒီသတင်းကို ကြားတော့ မဂဒူးက
တော် နှင်းဥရိုင်ကို အခြွေအရံတွေနဲ့ သဲသောင်ပြင်မှာ ရေကစားစေတယ်။
လိမ္မာမင်းလည်း နှင်းဥရိုင်ကို မြင်လျှင်မြင်ချင်းပဲ ကြိုက်နှစ်သက်တယ်။
တွာတပ်မက်တယ်။ ဒါကြောင့် နှင်းဥရိုင်ကို ဘယ်နေ့ ဘယ်ရက် ဆက်သမလဲ
မဂဒူးကို မေးစေတယ်။

မဂဒူးက အဖြောင့်သမားမဟုတ်ဘူး။ အကောက်သမားလေ။ အလိမ္မာ
င်းကလည်း မဂဒူးကို မယုံဘူး။ ဒါကြောင့် သဲသောင်ပြင်မှာ ကျင်းပမယ့်
လာပွဲမှာ မဂဒူးကို သတ်ဖို့ အစီအစဉ်တွေလုပ်တယ်။ ဒီလိုအစီအစဉ်တွေလုပ်
ကို မဂဒူးအမိနဲ့ နှမ နှင်းဥရိုင်တို့ သိသွားကြတယ်။ 'အရေးကြီးတော့
နှီး'မဟုတ်လား။ မဂဒူးဆီ အကြောင်းကြားလိုက်တာပေါ့။ အဲဒီလျှို့ဝှက်
တင်းကို ရတာနဲ့ မဂဒူးက သူ့ကျေးကျွန်တွေကို ခေါ်ပြီး သစ္စာပြုစေတယ်။
တော့ အခုလို ညွှန်ကြားတယ်။

'မင်္ဂလာပွဲနေ့မှာ မင်းတို့အားလုံး သေရက်သောက်ဟန်ဆောင်ကြ။
တွေးပစ်ကြ။ သေရည်မူးဟန်ပြုကြ။ အလိမ္မာရဲ့ ကျွန်တွေ သေရည်ယစ်ကုန်
ပြီဆိုရင် 'မဇ'လို့ ငါဆိုမယ်။ အဲဒီအခါ သောက်စားတာတွေ ရပ်လိုက်ကြ။
က 'မုန့်ရုန်'လို့ ဆိုလိုက်ရင် အားလုံးထမင်းစားကြ။ 'မပ်ဇပ်'လို့ ဆိုလိုက်တာ
သူ့ကျွန်တွေကို ချက်ချင်းထခုတ်ကြ'လို့ အချက်သုံးချက်မှာထားတယ်။

အတိုချုံးပြောရမယ်ဆိုရင် အဲဒီမင်္ဂလာအခမ်းအနားကျင်းပတဲ့ နေ့၊ နေဝင်
ရောအချိန်မှာ ဒီရေတက်လာပြီး ရေအနက် ဆင်တစ်ရပ်မြုပ်လောက်တဲ့အခါ
ထားတဲ့အတိုင်း အခင်းဖြစ်တော့တာပဲ။ အလိမ္မာမင်းရဲ့ ကျွန်တွေ အငိုက်မိ
တယ်။ အလိမ္မာမင်းလည်း ဆင်မတစ်စီးအပေါ် ခုန်တက်ပြီး ကိုယ်လွတ်
တော့တာပေါ့။ ဒါပေမဲ့ ဒီရေတွေက ဆင့်ဝမ်းမြုပ်နေတော့ အလျင်အမြန်
ပြေးနိုင်ဘူး။ မဂဒူးဘက်က သူ့ကို မီလာပြီး ရန်သူ့လက်ချက်နဲ့ အလိမ္မာမင်း
ဆုံးသွားတယ်။ ဒါက ဖြစ်ရပ်တစ်ခု။

နောက်ဖြစ်ရပ်တစ်ခုက ပဲခူးမှာ တရဖျားမင်းပြုနေချိန် မုတ္တမမှာ ဝါရီရူး

မင်း (မကဒူး)အုပ်စိုးနေချိန်ပေါ့။ အဲဒီမင်းနှစ်ပါးလည်း တမန်တွေလွှတ်ပြီး မိတ်ဖွဲ့ကြတယ်။ တရဖျားက သူ့သမီး ရှင်စောလှကို ဝါရီဂူးမင်းထံ ဆက်တယ်။ ဝါရီဂူးမင်းက သူ့သမီး မေနှင်းသိန်ဒျာကို တရဖျားထံ ဆက်သတယ်။ မင်းနှစ်ပါး အချင်းချင်း သမီးပေးပြီး မိတ်ဖွဲ့ကြတာပေါ့။ တစ်မြို့နဲ့ တစ်မြို့ ရွှေလမ်းငွေလမ်း ဖောက်ကြတယ်။ တစ်ဦးရဲ့ ရန်စစ်ကို တစ်ဦးက ကူညီရမယ်လို့ ကတိသစ္စာပြု ကြတယ်။

ပြီးတော့ မုတ္တမစား မဂဒါခေါ်တဲ့ ခွန်လောမင်း လွန်တော့ စောအော မင်းပြုတယ်။ သောက္ကတဲမင်းက စောအောကို စောသင်းမောင်ဘွဲ့ ချီးမြှင့်တဲ့ အပြင် သူ့သမီးတော် 'မေနှင်းထမီ'ကိုပါ ဆက်လိုက်တယ်။ နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်းဖောက်ကြတာလေ။ ဒါပေမဲ့ နောက်ပိုင်းကျတော့လည်း သောက္ကတဲနဲ့ မုတ္တမနှစ်ပြည်ထောင် မိတ်ပျက်ကြတာပါပဲ'

'ကြားရရုံနဲ့တင် ငါ့ရင်ထဲမှာ နာနာကျင်ကျင် ခံစားရတယ်။ ငါ့ဘဝမှာ ဒီလိုအဖြစ်မျိုး မကြုံပါရစေနဲ့'

ရှင်စောပုက ရှေးရှေးသော မင်းသမီးကလေးများအတွက် တကယ်ပင် စိတ်ထိခိုက်ခံစားရသည်။ သူ့ဘဝမှာ သည်လိုအဖြစ်မျိုး ကြုံရမည်ကိုလည်း မလိုလားသဖြင့် ဆွေးဆွေးမြည့်မြည့် ပြောနေသည်။ ဤတွင် စည်သူက…

'စိတ်ချ ဖြူလေး၊ ဘယ်သူ့လက်ထဲမှ နင့်ကို အပါမခံနိုင်ဘူး။ နင့်ရှေ့မှာ ငါအမြဲရှိတယ်။ ငါ မားမားမတ်မတ်ရပ်တည်ပေးမယ်'ဟု ရဲရဲဝံ့ဝံ့ အာမခံ သည်။

'ငါတော့ နင့်ကိုပဲ အားကိုးရမှာ စည်သူ၊ အစ်ကိုတော် ဗညားရံက စိတ်ကြီးတယ်။ ဘာမဆို ရှူးရှူးဒိုင်းဒိုင်းနဲ့၊ သူ့ကိုတော့ ငါကြောက်တယ်'

ရှင်စောပုက စည်သူကို တကယ်ပင် အားကိုးတကြီး ပြောရှာသည်။ စည်သူကလည်း ရှင်စောပုကို အမှန်ပင် သံယောဇဉ်ရှိသည်။ ရှင်စောပု နှင့်ဆိုး ဆိုးသမျှ အနွံအတာခံသည်။ သည်းညည်းခံသည်။ သူ့အပြုအမူ၊ အပြောအဆိုတို့ သည် ခင်မင်နှစ်လိုဖွယ်ကောင်းသည်။ တည်ငြိမ်အေးချမ်းသည်။

မယ်မယ်တလသုဒ္ဓမာယာသည် သမီးလေး ရှင်စောပုနှင့် တူတော် သမိန်စည်သူတို့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပြောဆိုနေကြသည်ကို ကြည့်၍ ပြုံးနေသည်။ သမီးလေးအတွက် ဘဝအဖော်မွန်သည် သမိန်စည်သူသာ အသင့်

တ်ဆုံး၊ အလိုက်ဖက်ဆုံးဖြစ်သည်ဟု သတ်မှတ်လိုက်သည်။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ရပ်တန့်မနေသော အချိန်ကာလ းနှင့်အတူ သတ္တဝါများလည်း သံသရာခရီးကို လျှောက်လှမ်းနေကြသည်။ ည်လိုသံသရာခရီးကို လျှောက်လှမ်းနေကြသူတွေထဲတွင် မဟာဒေဝီသည် က်တော်လေးရှည်လျားသော ခရီးကို လျှောက်ခဲ့ရသည်။ သူ့ဘဝတစ်လျှောက် များ၏ ချီးမွမ်းခြင်းကိုလည်း ခံရသည်။ မုန်းတီးခြင်းကိုလည်း ခံခဲ့ရဖူးသည်။ ရဲခြင်းကိုလည်း ခံခဲ့ရသည်။ အဖြစ်အပျက်အမျိုးမျိုး၊ ပြဿနာပေါင်းစုံကို ကြုံခဲ့ရသည်။ ဖြေရှင်းခဲ့ရသည်။ မဟာဒေဝီသည် ယခုအချိန်တွင် ခြေကုန် က်ပန်းကြနေပြီ။ ထို့ကြောင့် ယမမင်းနှင့် ရင်ဆိုင်တွေ့လိုက်ရသည့်အခါတွင် း သူ့တွင် စွမ်းအားတွေ မရှိတော့ပြီ။ ယမမင်းကို နိုင်အောင် မတိုက်ခိုက်နိုင် တော့ပြီ။ နောက်ဆုံးတွင် မဟာဒေဝီသည် သူချစ်လှသော မြေးဖြူမလေး င်စောပုကို ထားရစ်ကာ ကံတော်ကုန်ရှာသည်။

ဘွားတော်မဟာဒေဝီကံတော်ကုန်ချိန်တွင် ရှင်စောပု၏သက်တော်မှာ စ်ဆယ့်နှစ်နှစ်မျှသာ ရှိသေးသည်။ ဘွားတော်သည် သူ့ဘဝအတွေ့အကြုံများမှ ကောင်းအဆိုး၊ အကျိုးအပြစ်များကို ခွဲခြားပြကာ သွန်သင်ဆုံးမခဲ့သည်။ ားတော် မရှိတော့သည့်အတွက် ရှင်စောပုသည် ဝမ်းနည်းမဆုံးဖြစ်ရသည်။ ည်အချိန်တွင် ရှင်စောပုအငိုတိတ်အောင် စိတ်ရှည်လက်ရှည် ဖျောင်းဖျနှစ်သိမ့် းသူ၊ ချော့မော့အားပေးသူမှာ သမိန်စည်သူသာ ဖြစ်သည်။

* * *

# အခန်း (၄)
# လဝွန်းအိမ်နှင့် မေနှင်းကေသရာ

လဝွန်းအိမ်သည် သူ့ရှင်ရာဇာဓိရာဇ်၏ မိဖုရားတလသုဒ္ဓမာယာအား ပြန်လည်ပို့ဆောင်မည့် ရွှေလောင်းလှေတော်ကို ခေတ္တမျှငေးကြည့်ပြီး လက်အုပ်ချီကာ ကန်တော့လိုက်၏။

သူရဲကောင်းစိတ်ဓာတ်သည် သူ့ရင်တွင်းသို့ တစ်မုဟုတ်ချင်း ဝင်ရောက်လာသည်။ စည်မောင်း၊ စစ်ခရာများကို တီးမှုတ်စေပြီး အောင်သံပေးကာ လှေတပ်ကို ချီလေသည်။ ပန်းလှိုင်သို့ရောက်လျှင် ရာဇာဓိရာဇ်မှာကြားတော်မူသည့်အတိုင်း ချောင်းပြည့်အောင် ငုတ်တိုင်များကို စိုက်စေသည်။ ငုတ်တိုင်များ စိုက်ပြီးပြီ။ ပန်းလှိုင်မြစ်ဝတွင် လှေပေါ့နှစ်ဆယ် (၂၀)သာ ပြထားသည်။ ကျန်သောလှေတစ်ရာကျော်ကို တစ်ဖက်ရန်သူများ မမြင်အောင် ဝှက်ထား၏။ လူအချို့ကိုသာ ကုန်းထက်မှာ နေစေသည်။

ပုသိမ်မှ လှည့်လာသော သမိန်လောက်ဂုန်သည် စစ်လှေငါးရာဖြင့် လိုက်လာသည်။ ပန်းလှိုင်သို့ရောက်သော် လဝွန်းအိမ်၏ လှေပေါ့နှစ်ဆယ်ကို မြင်သည်။ လှေတက်နည်းသည်ဟု ထင်မြင်ယူမှတ်ကာ ပေါ့ဆစွာလိုက်သည်။ ရေတက်ဖြင့် လိုက်ရသည်။ ရေကျလျှင် အမိအရဖမ်းယူမည်ဟု ကြံပြီး ဝိုင်းလိုက်ကြသည်။ လဝွန်းအိမ်၏ လှေပေါ့နှစ်ဆယ်က ပရိယာယ်ပြု၍ ကြောက်ပြီး ပြေးဟန်ဆောင်သည်။ ငုတ်တိုင်များစိုက်ထားရာသို့ ရောက်သောအခါ ရေကျပြီ။ လှေပေါ့နှစ်ဆယ်တို့လည်း ငုတ်တိုင်များကို လွတ်အောင် ထွက်ခဲ့ကြသည်။

ပုသိမ်သားတို့လည်း နောက်မှလိုက်ရင်း ကုန်းပေါ်သို့ လှမ်းကြည့်ကြသည်။ ကုန်းထက်တွင် လူအချို့ကို မြင်လျှင် လဝွန်းအိမ်တို့လှေထက်မှဆင်း၍ တက်ပြေးကြပြီဟု ထင်မှတ်ကာ ဖိပြီး လိုက်ကြသည်။ ဤတွင် လဝွန်းအိမ်တို့ စိုက်ထားသော ငုတ်တိုင်များနှင့် ငြိ၍ ရေ့ဆက်မရဘဲ ငုတ်တိုင်ပေါ်မှာ တင်နေကြသည်။ အချို့လှေများ ဖီလာကန့်လန့်တင်နေကြသည်။ မိမိတို့လှေအချင်းချင်း တိုက်မိခိုက်မိ၍ ထွေးရောယှက်တင်ဖြစ်ကုန်သည်။ အချို့လှေများ တိမ်းစောင်းသွားသည်။ အချို့ မှောက်ကုန်သည်။ အချို့လှေများ နစ်မြုပ်သွားကြသည်။

ထိုသို့ ဖြစ်နေချိန်တွင် လဝွန်းအိမ်သည် ဝှက်ထားသော လှေတစ်ရာ ကျော်တို့ကို တစ်ဟုန်တည်း ထိုးထွက်လာစေပြီး အပြင်းအထန်တိုက်ခိုက်ကြ သည်။ လဝွန်းအိမ်ကိုယ်တိုင် ပါဝင်ထိုးခုတ်တိုက်ခိုက်သဖြင့် ပုသိမ်သားတို့၏ လှေတပ်ငါးရာလည်း ဖရိုဖရဲ ပြိုကွဲကုန်သည်။ ဤတွင် သမိန်လောက်ဂုန်သည် လှေထက်မှ ခုန်ဆင်းကာ ရေကူး၍ ကုန်းပေါ်သို့ တက်ပြေးသည်။ ကုန်းထက်သို့ ရောက်သည်နှင့် ကိုယ်လွတ်ရုန်းကာ ပုသိမ်သို့ ထွက်ပြေးလေတော့သည်။

လဝွန်းအိမ်လည်း အရေးနိမ့်သွားသော ပုသိမ်တပ်သားများကို သိမ်းယူ ပြီးနောက် ရာဇာဓိရာဇ်ထံ ဆက်သသည်။ သူ့ရှင်မင်းကြီးလည်း ဝမ်းမြောက်ဝမ်း သာဖြစ်၍ ဤသို့မိန့်တော်မူသည်။

'လဝွန်းအိမ်သည် ငါညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း စီရင် ပြီး တိုက်ခိုက်လို့ ပုသိမ်တပ်ကို အနိုင်ရပေတယ်။ သည်အတွက် အောင်ပွဲခံ သူ့ရဲကောင်းများကို ငါကိုယ်တော်ကိုယ်တိုင် ဆုလာဘ်များ ချီးမြှင့်တော်မူမယ်။ ရွှေတိုက်စိုးအမတ်ကြီး လိုအပ်သမျှ စီစဉ်ထားစေ'

'မှန်လှပါ၊ အမိန့်တော်မြွက်အတိုင်းပါ ဘုရား'

သူ့ရှင်ရာဇာဓိရာဇ်လည်း အမိန့်တော်မြွက် ချမှတ်ပြီးနောက် အတွင်း ဆောင်သို့ ဝင်တော်မူသည်။

ညီလာခံစဲသည်နှင့် ရွှေတိုက်စိုးအမတ်ကြီးလည်း အောင်ပွဲခံသူရဲကောင်း များကို ချီးမြှောက်ရန် ရွှေငွေရတနာများ၊ ပုဆိုးအုပ်များ၊ ပဝါများကို စာရင်းအရ ထုတ်ယူကာ အဆင်သင့် စီစဉ်ထားသည်။

အောင်ပွဲခံသူရဲကောင်းများကို ဆုလာဘ်ချီးမြှောက်သည့်ပွဲမှာ အပျော် အပါးအတွက်သက်သက် ကျင်းပပေးခြင်းမဟုတ်ပေ။ သူရဲကောင်းများကို အားကျစေလိုသော စိတ်၊ မိမိနိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်လို သော စိတ်၊ လူစွမ်းကောင်းများ ထွက်ပေါ်စေရေး စသည်တို့ကို ရည်ရွယ်၍ ကျင်းပပေးခြင်းပင် ဖြစ်သည်။

သူ့ရှင် ရာဇာဓိရာဇ်နှင့်တကွ မိဖုရားများ၊ သားတော်များ၊ သမီးတော် များ ရှုစားတော်မူရန် ယာယီမဏ္ဍပ်တော်များ ဆောက်လုပ်ထားသည်။

ထို့အတူပင် တိုက်ပွဲပြန်သူရဲကောင်းများနှင့် စစ်သည်တော်များ၏ ဇနီး မယားများ၊ မိဘဆွေမျိုး၊ သားသမီးများ ကြည့်ရှုအားပေးနိုင်ရန်လည်း သီးခြား

နေရာထိုင်ခင်းများ စီစဉ်ထားသည်။

အချိန်ကျသည်နှင့် သူ့ရှင် ရာဇဓိရာဇ်နှင့် မိဖုရားများ၊ သားတော်များ၊ သမီးတော်များ အစီအစဉ်အတိုင်းကြွလာသည်။ သူ့ရှင်နှင့် မိဖုရားများ နေရာယူပြီးသည်နှင့် ဆုနှင်းသဘင်ပွဲ စတင်ကျင်းပသည်။

သူရဲကောင်းလဂွန်းအိမ်နှင့် အောင်ပွဲခံစစ်သည်တော်များ နန်းရင်ပြင်အတွင်းသို့ ဝင်လာကြသည်။ သူ့ရှင်၏ မင်္ဂလာမဏ္ဍပ်ရှေ့သို့ ရောက်သောအခါ သူ့ရှင်အား အရိုအသေပြု ကန်တော့ကြ၏။ အားလုံး အရိုအသေပြုပြီးနောက် သတ်မှတ်ပေးထားသော နေရာတွင် နေရာယူကြသည်။ သူရဲကောင်းများသည် တစ်ဦးချင်းစီလည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း တိုက်ခိုက်ရေးစွမ်းရည်များကို ပြကြသည်။

သူရဲကောင်းများကို အားပေးကြည့်ရှုနေကြသော ဆွေမျိုးသားချင်းများထဲတွင် လဂွန်းအိမ်၏ ချစ်ဇနီး 'မေနှင်းကေသရာ'လည်း ပါသည်။ မေနှင်းကေသရာသည် တစ်ချိန်က သူ့ရှင်ရာဇာဓိရာဇ်၏ ကိုယ်လုပ်တော်တစ်ဦးဖြစ်ခဲ့သည်။ ဒုန်ဝန်း၌ သူ့ရှင်ကို ပုန်စားသော သမိန်သံလုစ်၏ သမီးဖြစ်သည်။

မေနှင်းကေသရာသည် မဏ္ဍပ်တွင်း၌ ထိုင်နေသော်လည်း သူ၏စိတ်အစဉ်မှာ လွန်ခဲ့သောရက်များဆီသို့ ရောက်ရှိသွားသည်။

တစ်နေ့တွင် အမတ်ကြီး သမိန်ဗြာဇ္ဇသည် သူ့ရှင်၏ စေခိုင်းချက်အရ မေနှင်းကေသရာနှင့် အခြားကိုယ်လုပ်တော်တစ်ဦးတို့ကို လာရောက်ခေါ်ငင်သည်။ အကျိုးအကြောင်းတစ်ခွန်းတစ်ပါဒမျှ မပြောဘဲ သူ့နောက်လိုက်ခဲ့ရန်သာ ပြောသည်။ မကြာခင်မှာပင် အိမ်ကြီးတစ်အိမ်သို့ ရောက်ကြသည်။ အိမ်ကြီးမှာ ခေါင်ငါးဆက်ရှိသော အိမ်ကြီးဖြစ်သည်။ အိမ်ကပြင်နှင့် တံစက်မြိတ်များကို ကျယ်ဝန်းစွာ ဆောက်ထား၏။ အိမ်အတွင်းမှာလည်း ကောင်းစွာ ပြင်ဆင်ထားသည်။ ကန့်လန့်ကာများ ကာရံထားသည်။ ခုတင်၊ မွေ့ရာ၊ ခေါင်းအုံးများ၊ ဖျာ၊ ကော်ဇောတို့ဖြင့် ပြည့်ပြည့်စုံစုံ ခင်းကျင်းထားသည်။

သလွန်တစ်ခုပေါ်တွင် 'မသံလုံ'အမည်ရှိ လူတစ်ယောက် အိပ်နေသည်။ အိပ်နေသည်ဟု ဆိုသည်ထက် အရက်များ အလွန်အကျွံသောက်ထားသဖြင့် လူမှန်းမသိအောင် မူးနေသည်ဟုဆိုက ပို၍ မှန်ပေသည်။ သလွန်အနီးကွင် အတီးအမှုတ်၊ အကအခုန်များဖြင့် ဖျော်ဖြေနေကြသည်။

အမတ်ကြီး သမိန်ဗြာဇ္ဇသည် မေနှင်းကေသရာနှင့် ကိုယ်လုပ်တော်လေး တို့ကို သလွန်အနီးတွင် နေရာချထားပေးပြီး လိုအပ်သမျှ မှာကြားကာ ပြန်သွား သည်။

ထမင်းတစ်အိုးချက်ခန့်အကြာတွင် ထိုသူသည် အမူးပြေ၍ လန့်နိုးလာ သည်။ သူ့မျက်လုံးများကို ဖွင့်လိုက်၏။ မီးရောင်များထိန်ထိန်လင်းနေသဖြင့် မျက်စိများ ကျိန်းစပ်သွားသည်။ မီးရောင်ကို လက်နှင့် ကာပြီး ဘေးဘီကို ကြည့်လိုက်ရာ ကျုံ့ကျုံ့ကလေးထိုင်နေကြသော မိန်းကလေးနှစ်ယောက်ကို တွေ့လိုက်လျှင် ထိတ်လန့်တုန်လှုပ်သွားသည်။ မည်သို့တွေးမိသည်မသိ၊ ထပြေး ရန်ပြုသည်။ ဤတွင် မေနှင်းကေသရာနှင့် ကိုယ်လုပ်တော်ကလေးတို့က ဖမ်းချုပ်ထားလိုက်ကြသည်။

'ကျွန်ုပ်ရှိခိုးကန်တော့တောင်းပန်ပါတယ်။ သောက်စားမူးယစ်ပြီး လူမှန်း မသိဖြစ်သွားလို့ သူ့ရှင်မင်းကြီးရဲ့ သလွန်ထက်မှာ အိပ်မိပါတယ်။ သည်တစ်ကြိမ် ချမ်းသာပေးပါခင်ဗျာ' ဟုဆိုကာ ရှန်းမြဲရုန်းနေသည်။

'မရုန်းပါနဲ့တော့ အမောင်၊ နှမပြောပြပါ့မယ်၊ နားဆင်ပါ။ အမောင် စိုးရိမ်မကြောင့်ကြပါနှင့်။ ယခု သူ့ရှင် မင်းကြီးက အမောင့်အား တိုက်ကလား ဆေးကို စားစေပါတယ်။ 'လဥ္စန်းအိမ်' ဆိုတဲ့ ဘွဲ့ရွှေနဖူးစည်းကိုလည်း ချီးမြှင့် တော်မူပါတယ်။ ပြီးတော့ တိုက်ဆင်ပေါက်ငါးစီး၊ ယခုအိမ်ကြီးနှင့်တကွ နှမ မေနှင်းကေသရာရယ်၊ ဟောဒီက ကိုယ်လုပ်တော်ကလေးရယ်ကိုလည်း ကတော် မယားများအဖြစ် ဆောင်နှင်းပေးပါတယ်။ သည်အိမ်၊ သည်သလွန်နဲ့ သည်မယား တွေကို အမောင်ပိုင်ပါတယ်'

'တကယ်ဟုတ်လို့လား'

'ယုံကြည်တော်မမူလျှင် အမောင် မသံလုံရဲ့ နဖူးထက်မှာ စည်းထားတဲ့ 'လဥ္စန်းအိမ်' ဆိုတဲ့ ရွှေပြားဘွဲ့တော်ကို ကိုင်ကြည့်ပါ အမောင်'

မေနှင်းကေသရာက စေ့စုံစွာပြောပြသဖြင့် သူရဲကောင်းမသံလုံလည်း နဖူးထက်မှ ရွှေပြားကို ဖြေကြည့်သည်။ မေနှင်းကေသရာပြောသည့်အတိုင်း မှန်ကန်နေသည်ကို သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

မေနှင်းကေသရာက 'အမောင့်ကို သူ့ရှင်ရာဇာဓိရာဇ်က ချီးမြှောက်တာ

ဘယ်လိုအကြောင်းကြောင့်ပါလဲ’ဟု မေးသည်။

‘ကျွန်ုပ်အထင်ကို ပြောရမယ်ဆိုရင်တော့ သံမောင်မြို့စား ‘မဂြိုင်း’ရဲ့ ကိစ္စနဲ့ ပတ်သက်မယ်ထင်ပါတယ်။ ဒီလိုပါ။ မဂြိုင်းရဲ့ ဦးခေါင်းကို ဖြတ်ယူပြီး ညတွင်းချင်းပဲ သူ့ရှင်ကို ဆက်သခဲ့တယ်။ ရုတ်တရက်ကြီးဆိုတော့ သူ့ရှင်လည်း ထိတ်လန့်တော်မူသွားတယ်။ နောက်မှ မသံလုံငယ်ယောကျ်ားကောင်း ပီသပါပေ တယ်’လို့ ချီးကျူးတော်မူတယ်။ ဒီမျှပါပဲ။ ဆုလာဘ်တစ်စုံတစ်ရာ ဘာမျှ ချီးမြှင့်တော်မမူဘူး။ အဲသည်တုန်းက ကျွန်ုပ်စိတ်ထဲမှာ မကျေမနပ်ဖြစ်မိတယ်။ သည်မျှ ကြီးမားတဲ့ အမှုတော်ကို ငါ သက်စွန့်ကြိုးပမ်းထမ်းရွက်ပေးပါလျက် ဆုလာဘ်ဆိုလို့ ဘာတစ်ခုမျှ မပေးပါလားလို့ပေါ့။ ဒါပေမဲ့ သူ့ရှင်ကို ကြောက်လို့ ငြိမ်ငြိမ်ကလေး နေခဲ့တယ်။ အခုချီးမြှင့်ပုံကလည်း ကျွန်ုပ်ကို အထိတ်တလန့် ဖြစ်စေတယ်’

သည်ကိစ္စတွေအားလုံး သူ့ရှင်က အမတ်ကြီးသမိန်ဗြာဇ္ဇကို စီစဉ်စေပြီး ထိုက်ကုလားမှ ပဲခူးဟံသာဝတီသို့ ပြန်ကြွတော်မူသွားပါပြီဟု မေနှင်းကေသရာ က ရှင်းပြသည်။ ဤတွင် လဝွန်းအိမ်ဘွဲ့ခံ မသံလုံသည် ရာဇာဓိရာဇ်ကို ရည်မှန်းကာ အဝေးမှ ရှိခိုးကန်တော့လေသည်။

မေနှင်းကေသရာ စဉ်းစားနေသော အတွေးအာရုံကို လက်ခုပ်သံများက ဖြတ်တောက်လိုက်သည်။ အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ ကျီးကြည့်ကြောင်ကြည့် ဖြစ်နေပြီ။ လက်ခုပ်သံများ ထပ်မံထွက်ပေါ်လာသဖြင့် အသိဝင်လာပြီး မင်္ဂလာ မဏ္ဍပ်ဆီသို့ လှမ်းကြည့်လိုက်သည်။

သူရဲကောင်းလဝွန်းအိမ်သည် သူ့ရှင် ရာဇာဓိရာဇ်ချီးမြှင့်သော ပဝါကို ရင်မှာ စည်းနှောင်နေသည်ပဲ။ မေနှင်းကေသရာလည်း ဝမ်းသာအားရ လက်ခုပ် တီးလိုက်၏။ ထို့နောက် သူရဲကောင်းတစ်ယောက်ပြီးတစ်ယောက် သူ့ရှင်ကိုယ် တိုင် ချီးမြှင့်သော ဆုလာဘ်များကို ယူကြသည်။ လက်ခုပ်သံများကား မစဲ။

မင်္ဂလာမဏ္ဍပ်အတွင်း မယ်မယ်တလသုဒ္ဓမာယာ၏ နောက်ပါးတွင် နေရာရထားသော ရှင်စောပုသည် မင်းသားလေးများဘက်သို့ လှမ်းကြည့်လိုက် သည်။ အစ်ကိုဗညားရံသည် ထခုန်တော့မတတ် ဝမ်းသာအားရဖြစ်နေသလောက် သမိန်စည်သူကမူ လက်ခုပ်လည်း မတီးဘဲ ငူငူကြီးထိုင်နေသည်ကို တွေ့ရသည်။ မျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လို့ပါလိမ့်။ သဘင်ပွဲပြီးမှ မေးကြည့်ရ

ည်ဟု စိတ်ထဲ တွေးလိုက်သည်။

သူရဲကောင်းများကို ဆုချီးမြှင့်ပြီးနောက် သူ့ရှင်နှင့်တကွ မိဖုရား၊ င်းမမိသံများ၊ သားတော်၊ သမီးတော်များ အစဉ်အတိုင်း ပြန်ကြွသွားကြပြီ။ တော့ သူရဲကောင်းများ၊ သူတို့မိသားစုများ အသီးသီး နန်းရင်ပြင်မှ ထွက်ခွာ ားကြပြီ။

လဝွန်းအိမ်ဘွဲ့ခံ မသံလုံနှင့် မေနှင်းကေသရာတို့သည်လည်း သဘင်ပွဲ ပြီးတွင် တိုက်ကလားမြို့သို့ ပြန်လာကြသည်။ သူ့ရှင်ချီးမြှင့်ထားသော ခေါင် းဆက်အိမ်ကြီးတွင် နတ်စည်းစိမ်တမျှ ခံစား၍ နေလေတော့သည်။

* * *

# အခန်း (၅)
## အင်းဝ၊ စကြိုသူမြတ်၏ အောင်ပွဲ

**သက္ကရာဇ် ၇၇၅ ခုနှစ်**

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ဘုရင့်သမီးတော်ကလေး ရှင်စောပုသည်ပင် သက်တော်နှစ်ဆယ်ပြည့်ပြီ။ အမျိုးဝံသဘောဒအားဖြင့် 'မျက်ဝန်း' ဆိုသည့် အရွယ်လွန်ပြီ။ အရွယ်တော်အလိုက် အဆင်းရူပါ လွန်စွာလှပသည်။ လုံးရပ်သဏ္ဌာန်ပြေပြစ်သည်။ အပြောအဆိုချောင်လိမ္မာသည်။ စိတ်နှလုံးဖြူစင်သည်။ ဗုဒ္ဓဘုရားရှင်ကို အာရုံပြုရင်း အချိန်ကုန်စေသည်။

မှတ္တမစား 'သမိန်စည်သူ' လည်း အသက်နှစ်ဆယ့်နှစ်နှစ်ရှိပြီ။ ဟံသာဝတီနန်းတော်ရှိ မင်းညီမင်းသားများ၊ တူတော်များထဲတွင် သမိန်စည်သူသည် တည်ကြည်သူဖြစ်သည်။ အတွေးအခေါ်ရင့်ကျက်သူဖြစ်၏။ ကြမ်းကြမ်းရမ်းရမ်း မရှိ။ အေးဆေးတည်ငြိမ်သည်။ ဗညားရံကဲ့သို့ လက်ရုံးရည်သမားမဟုတ်။ နှလုံးရည်သမားဖြစ်၏။ ငယ်စဉ်ကပင် သမိန်စည်သူနှင့် ရှင်စောပုတို့ ခင်မင်ရင်းနှီးခဲ့ကြသူများဖြစ်၍ ခမည်းတော်ရာဇာဓိရာဇ်သည် သမီးတော်နှင့် တူတော် စည်သူတို့ကို လက်ဆက်ပေးလိုသော ဆန္ဒဖြစ်ပေါ်သည်။

သို့ဖြင့် သက္ကရာဇ် ၇၇၅ ခုနှစ်ကုန်ခါနီးတွင် သမီးတော်နှင့် တူတော်တို့ကို စေ့စပ်စုံဖက်ပေးတော်မူသည်။ မင်္ဂလာပွဲမှာ ကြီးကျယ်ခမ်းနားလှ၏။ နန်းတော်သူနန်းတော်သားအားလုံး ချစ်မြတ်နိုးကြသော သတို့သားစည်သူနှင့် သတို့သမီးရှင်စောပုတို့ကို ချီးမြှောက်သူတွေကား များပြားလှ၏။

ငယ်စဉ်ကလေးဘဝတုန်းကလို 'စည်သူ၊ နင်၊ ငါ' စသဖြင့် ခေါ်ဝေါ်သုံးစွဲ၍ မဖြစ်တော့။ ဇနီးမောင်နှံဘဝရောက်လာပြီမို့ စည်သူကို ရှင်စောပုက 'အမောင်' ဟူ၍ ပြောင်းလဲခေါ်ခဲ့သည်။ သမိန်စည်သူအဖို့မူ အထူးပြောင်းလဲခေါ်ဆိုရန် မလိုပေ။ 'ဖြူလေး' ဟုပင် ယခင်အတိုင်းခေါ်သည်။ တည်ငြိမ်အေးချမ်းသောစရိုက်ရှိသည့် သမိန်စည်သူ၏ စောင့်ရှောက်မှုကြောင့် ရှင်စောပု၏ အိမ်ထောင်သည်ဘဝမှာ သာယာချမ်းမြေ့လှသည်။ ပန်းခင်းသောလမ်းပါပဲ။

လွတ်လပ်သော အိမ်ထောင်သည်ဘဝမှာ များစွာ မကြာလိုက်ပါ။ သမီးလေး 'နဲ့တကာထော်' သည် သူတို့အိမ်ထောင်စုတွင် တိုးပွားလာသည်။

မီးဦးလေးမို့ အရူးအမူးချစ်ကြသည်။ မကြာမီ တီတီတာတာနှင့် အိမ့်ဆည်း
ည်းကလေးဖြစ်လာသည်။ နောက်ထပ်တိုးလာသူကတော့ 'နဲ့တကာသင်'ဆို
သည့် သမီးကလေး။ နဲ့တကာသင်ကိုလည်း ချစ်လိုက်ရတာ တုန်လို့။ အထိန်း
က်ကလေးများပင် ထိန်းခွင့်မကြုံပါ။ ဘွားအေတော် တလသုဒ္ဓမာယာနှင့်
ာနှစ်ပါးတို့က လက်ပေါ်က မချ၊ အလှည့်ကျချီပိုးနေကြသည်။

မိဘတို့မည်သည် သမီးဖြစ်ဖြစ်၊ သားဖြစ်ဖြစ် ရင်သွေးအားလုံးကို
်ကြစမြဲပင်။ သို့သော် သူတို့ဆန္ဒတွင် သားယောက်ျားလေးဖွားသန့်စင်စေလို
ည်။ ရင်နှစ်သည်းချာသားရတနာကို ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့
ဆောင်လိုသော ဆန္ဒဖြစ်သည်။ သို့မှသာ သာသနာ့အမွေခံဖြစ်၍ အပါယ်တံခါး
တ်ကာ နိဗ္ဗာန်တံခါးပွင့်မည်ဟု ယုံကြည်ကြသည်။

သမိန်စည်သူနှင့် ရှင်စောပုတို့၏ ထိုဆန္ဒသည် မကြာမီပင် ပြည့်သွား
ည်။ 'ဗညားပဂူ'ဆိုသည့် သားတော်လေးတစ်ပါး ဖွားသန့်စင်လာသောကြောင့်
င်။

'အေးအတူပူအမျှ ရာသက်ပန်ရှိုးမြေကျ၊ သေအတူရှင်မကွာ ပေါင်းဖော်
ကြမယ် ဖြူလေးရေ'ဟု မကြာခဏပြောနေသော သမိန်စည်သူသည် သက္ကရာဇ်
၇၈၀ ပြည့်နှစ်တွင် မကျန်းမမာဖြစ်ကာ သူချစ်သောမိသားစုကို ထားရစ်ကာ
ံတော်ကုန်ရှာသည်။

ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲ (ပိယေဟိဝိပ္ပယောဂေါဒုက္ခော)
ို ရှင်စောပုကြုံရပြီ။ အိမ်ထောင်သက်ငါးနှစ်၊ သက်တော်နှစ်ဆယ့်ငါးနှစ်တွင်
ဆိုးမဘဝသို့ ရောက်ရသည်။ သူ့ရင်ထဲမှ အသည်းနှလုံးကို ဆွဲထုတ်လိုက်သကဲ့
သို့ နာနာကျင်ကျင် ခံစားရသည်။ ဝမ်းနည်းကြေကွဲရသည်။ သောကပရိဒေဝမီး
တောက်လောင်ရသည်။

ရှင်စောပု၏ အဖြစ်ကို မယ်တော်တလသုဒ္ဓမာယာသည် မရှုရက်၊
မြင်ရက်တော့ပါ။ 'သမီးလေးရယ်၊ သမီးလေးခံစားနေရတာကို မယ်မယ်နား
လည်တယ်။ ဒါပေမဲ့ သမီးလေးရင်ထဲမှာ လောင်နေတဲ့ မီးကို မငြိမ်းသတ်ဘဲထား
င် ဆိုးကျိုးတွေသာ ဖြစ်လာမယ်။ ဒါကြောင့် 'သတိ'နဲ့ ငြိမ်းလိုက်ပါသမီးရယ်၊
သတိလေးနဲ့ ဆက်ဆက်ပြီး ထိန်းလိုက်ရင် အနေးနဲ့ အမြန်ငြိမ်းသွားမှာပါ။
မယ်မယ်ပြောတာ သမီးလေးသဘောပေါက်ပါတယ်နော်။

ရှင်စောပုသည် ရင်ထဲတွင် ဆို့နင့်နေသဖြင့် နှုတ်က ပြန်မဖြေနိုင်ပါ။ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ပြီးကော့ သက်ပြင်းတစ်ချက်ရှိုက်ပြီး စိတ်တည်ငြိမ်အောင် သတိထားလိုက်၏။

သမီးတော်လေး 'နဲတကာထော်'နဲ့ 'နဲတကာသင်'တို့သည် သူတို့၏ အထိန်းတော်လေးများ ပေါင်ပေါ်တွင် ထိုင်ကာ ဖွားတော်တလသုဒ္ဓမာယာကို ကြည့်လိုက်၊ မယ်တော်ရှင်စောပုကို ကြည့်လိုက်နှင့်။ မျက်နှာလေးများမှာ ညှိုးညှိုးငယ်ငယ်။

သားတော်လေး'ဗညားပဂု'မှာမူ မွေးကင်းစမို့ သူ့ဖခမည်းတော်ကွယ်လွန်သည်ကို မသိရှာပါ။ မယ်တော်ရှင်စောပု၏ ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်ကလေး။

ရှင်စောပုသည် သားတော်လေး၏ နဖူးပြင်သေးသေးလေးကို ငုံ့ပြီး နမ်းလိုက်သည်။ ပိုးအနီးစမှ လွတ်နေသော လက်ဖဝါးနုနုကလေးကို မိမိပါးဖြင့် ကပ်ထားလိုက်၏။ လက်ဖဝါးကလေးမှ နွေးသောအထိအတွေ့ကို ခံစားရသည်။ လွန်စွာ သေးငယ်သိမ်မွေ့လှသည့် အနွေးဓာတ်ကလေးသည် မိမိပါးပြင်မှတစ်ဆင့် တစ်ကိုယ်လုံးဆီသို့ ပျံ့နှံ့သွားသည်။ အဖမဲ့ရင်သွေးလေးတွေ၊ ဖခင်ရဲ့ မေတ္တာ၊ ဖခင်ရဲ့ ကြင်နာယုယမှုတွေ ကင်းသွားပြီဖြစ် [illegible] ဂတ်ကို မိမိအစွမ်းကုန်တည်ဆောက်ပေးရမှာပါလားဆိုသည့် အသိတရားသည် နှလုံးသားပြင်ဝယ် ပန္နက်ရိုက်သကဲ့သို့ စိုက်ထူပြီး ဖြစ်သွားလေတော့သည်။

■ ■ ■ ■ ■

အရာရာကို စိတ်လိုက်မာန်ပါပြုလုပ်တတ်သော သူ့ရှင်ရာဇာဓိရာဇ်သည် အင်းဝရွှေပြည်တွင် ဘုရင်မင်းခေါင်နန်းတက်သည်နှင့် အခြေမကျမီ မိမိ၏ ဗိုလ်ပါအလုံးအရင်းနှင့် သွားရောက်လုပ်ကြံလျှင် အလွယ်တကူရမည်ဟု မြင်သည်။

ထို့ကြောင့် ရာဇပရောဟိတ်၊ မှူးမတ်သေနာပတိ၊ ပုဏ္ဏားပညာရှိများနှင့် ဆွေးနွေးတိုင်ပင်သည်။ ရာဇပရောဟိတ်နှင့် မှူးမတ်သေနာပတိများကလည်း [illegible] ကျောက်ကားကြီးဖြင့် အင်းဝသို့ ချီရန် [illegible]

ည်းတပ်များကို စုရုံးပြင်ဆင်တော်မူသည်။

အင်းဝချီတပ်တွင် သမိန်ဗြာဒွ၊ သမိန်ဥပါကောင်း၊ သမိန်သံလှမ်း၊ မိန်ဗရမ်း၊ သမိန်သံကြယ်၊ သမိန်အဝန်နိုင်၊ သမိန်ရဲသင်ရဲ၊ သမိန်ဗြဲထဗိုက်၊ မိန်အဝမင်းကြီး၊ သမိန်ဖွတ်ဖစ်၊ အမတ်ဒိန်မဏိရွတ်တို့က သုရှင်ချမှတ်ပေး ည့် အစီအစဉ်အတိုင်း လိုက်ပါကြရသည်။ ရှေ့ဆုံးချီ စစ်ဦးမှူးကတော့ ပွန်းအိမ်'။

ရာဇာဓိရာဇ် အင်းဝသို့ ချီသည်မှာ ရွှေဂူမှာ ထွက်လာသောခြင်္သေ့မင်း ် တူသည်ဟုဆိုသည်။

အင်းဝဘုရင်မင်းခေါင်သည် ဟံသာဝတီရာဇာဓိရာဇ်၏ စစ်ကို အလွန် ကြက်ရွံ့ထိတ်လန့်တော်မူသည်။ စစ်တိုက်ရန် မစီရင်ဘဲ မြို့တံခါးကို ပိတ်၍ တော်မူသည်။

ရာဇာဓိရာဇ်သည် စစ်ကိုင်းမြို့ကို သိမ်းလိုက်သည်။ အင်းဝအထက် ကျော်တက်၍ တကောင်းမြို့သို့ တိုင်အောင် ချီတက်သည်။ တကောင်း ပြီးနောက် စစ်ကိုင်းသို့ စုန်ဆင်းလာသည်။ စစ်ကိုင်းတွင် သေနာပတိများနှင့် ိုင်ပင်သည်။

'ငါတို့ အင်းဝသို့ရောက်နေသည်မှာ ဆယ်ရက်ရှိပြီ။ ငါတို့ကို ထွက် တိုက်ဘဲ ငြိမ်နေသည်။ ကင်းသမားတွေလှည့်ပတ်ကြည့်သော်လည်း အင်းဝမှ ရယ်လို့ တစ်ယောက်မျှ မတွေ့။ မည်သို့ပြုလုပ်လျှင်ကောင်းမည်နည်း'

'မှန်လှပါ။ အင်းဝ၊ စစ်ကိုင်းနှင့် ရွှေကြက်ယက်ဘုရားတို့ဟာ မြစ်တစ် ်ကမ်းစီမှာ သုံးပွင့်ဆိုင်တည်ရှိနေပါတယ်ဘုရား။ ဟံသာဝတီသားတချို့ကို ကြက်ယက်ဘုရားဖူးဖို့ စေလွှတ်တော်မူပါ။ လှူဒါန်းပူဇော်ရန် ခါဆာပိတ်ထူ ၊ ထီးတံခွန်များ၊ ဆီမီးတိုင်များ ယူဆောင်ပြီး ညအခါ သွားရောက်ပူဇော်စေရ မယ်။ သမိန်သံကြယ်တို့အဖွဲ့ကို ကမ်းပါးမှာ ပုန်းကွယ်ပြီး စောင့်နေပါစေ။ န်တော်မျိုးတို့လူတွေ ဘုရားပူဇော်ပြီး ပြန်တဲ့အခါ အင်းဝသားတွေ ခါသာပိတ် များကို ထွက်ကောက်သည်ဖြစ်စေ၊ ထီးတံခွန်များကို ကြည့်လို၍ ထွက်လာ ည်ဖြစ်စေ သမိန်သံကြယ်တို့က အလွယ်တကူ ဖမ်းဆီးနိုင်ပါလိမ့်မယ်ဘုရား'

ရာဇာဓိရာဇ်လည်း အမတ်ဒိန်လျှောက်တင်သည့်အတိုင်း စီရင်စေ၏။ မိန်သံကြယ်တို့ကိုလည်း လှေဖြင့်သွားပြီး ကမ်းပါးမှာ ပုန်းကွယ်နေကြရန်

စေလွှတ်တော်မူသည်။

တစ်ဖက်တွင် ဘုရင်မင်းခေါင်ကလည်း အင်းဝတစ်နိုင်ငံလုံး ရာဇ မိရာဇ်၏ လက်အောက်သို့ ကျရောက်သွားမည်ကို အထူးစိုးရိမ်တော်မူသည်၊ ထို့ကြောင့် မှူးမတ်သေနာပတိကြီးများ၊ ပုဏ္ဏားတော်များ၊ ရဟန်းသံဃာတော် ကြီးများကို ပင့်ဖိတ်၍ ယခုလို လျှောက်ထားသည်။

'ဟံသာဝတီပြည်မှ ရာဇာဓိရာဇ်ဘုရင်ဟာ အင်အားအလုံးအရင်းနှင့် ချီတက်လာပြီး တိုက်ခိုက်ဖျက်ဆီးသည့်အတွက် ကျွန်ုပ်တို့နိုင်ငံ မြောက်ပိုင်းဘက် မှာ များစွာ ပျက်စီးပြီး မငြိမ်မသက်ဖြစ်ကုန်ပြီ။ ရာဇာဓိရာဇ်ဟာ ယခုအင်းဝအနီး မှာ ရှိနေသည့်အတွက် နိုင်ငံသူနိုင်ငံသားများ၊ ရဟန်းသံဃာအပေါင်း ငြိမ်းချမ်းမှု မရှိဖြစ်နေပါပြီ။ အထူးအားဖြင့် ကုသိုလ်တရားတွေနှင့် ကင်းကွာနေကြရပြီ၊ သည်တော့ စစ်ကြီး ငြိမ်းအေးသွားအောင် ရာဇာဓိရာဇ် ဟံသာဝတီသို့ ပြန်သွား အောင် မည်သို့ ကြံဆောင်ကြမည်လဲ'

မှူးမတ်သေနာပတိများအားလုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်၊ ရဟန်းသံဃာတော်များလည်း တစ်ခွန်းတစ်ပါဒမျှ မိန့်ကြားခြင်းမပြုကြပေ၊ ဤတွင် အသံတစ်သံ ပေါ်ထွက်လာသည်။

'အင်းဝပြည့်ရှင်ဘုရင်မင်းမြတ်က ဗုဒ္ဓသာသနာတော် ထွန်းလင်းစေလို၍ မိန့်တော်မူတယ်။ ငါတို့ရဟန်းသံဃာများဟာ မင်းကြီးရဲ့ အလှူကို ခံယူပြီး ဆောက်တည်ကြတယ်။ ယခုလို အင်းဝနေပြည်ရဲ့အရေး တိုင်ပင်တော်မူတာကို မင်းကြီးပူပင်သောကအေးအောင် ဘယ်သူမှ မလျှောက်ကြဘူး။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်စစ်ဖြုတ်ပြီး ပြန်သွားအောင် အကြံမပေးကြဘူး။ အခုလို တိတ်ဆိတ် နေလို့ သင့်ပါ့မလား'

သည်လို အကျိုးနှင့်အကြောင်းနှင့် မေးလိုက်သူမှာ ပင်းယတွင် သီတင်း သုံးနေသော ပိဋကတ်ဗေဒင်တတ် သက်တော် (၃၁)နှစ်၊ ဝါတော် (၁၁)ဝါရှိသော စကြိုသူမြတ်အရှင်ပင် ဖြစ်၏။

ပင်းယစကြိုသူမြတ်၏ စကားကို အပေါင်းပါသံဃာတော်များက ပြက်ရယ်ပြုကြသည်။

'ကိုယ်တော်ပြောတာ မှန်တာပေါ့။ ရာဇာဓိရာဇ်စစ်ခွာသွားအောင် ကြံ ဆောင်နိုင်မယ့်သူ၊ ကိုယ်တော်မှတစ်ပါး မရှိပါဘူး'

သည်လို ပြက်ရယ်ပြု၊ ငေါ့တော့တော့ ပြောကြသည်ကို စကြိုသူမြတ်
ည် ဒေါသဖြစ်ခြင်း၊ စိတ်ဆိုးခြင်းအလျှဉ်းမရှိ။ ပြုံးပြီး ပြန်ပြောသည်။

'ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ကို မဆိုထားနှင့်။ ဇမ္ဗူဒိပ်မြေအပြင်မှာ
တဲ့ မင်းအပေါင်းတို့က လာရောက်ဝန်းရံခဲ့ရင်တောင် သူတို့ပြန်သွားအောင်
တ်ရေးနဲ့ ငါစွမ်းဆောင်နိုင်ပါတယ်'

ဘုရင်မင်းခေါင်လည်း သည်လို ကြုံးဝါးသံကို ကြားတော်မူသည့်
ါ များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ၏။ အားရတော်မူ၏။ ထို့ကြောင့်
ရာတော်ပင်းယစကြိုသူမြတ်ကို မိမိအပါးသို့ ပင့်ခေါ်တော်မူသည်။

'ဟံသာဝတီရာဇာဓိရာဇ်ကို နှုတ်ရေးဖြင့် ပြန်သွားအောင် ဆရာတော်
ျင် ကြိုးစားဆောင်ရွက်ပေးတော်မူပါဘုရား'

'ဒကာတော်တရားမင်းမြတ် စိုးရိမ်ကြောင့်ကြတော် မမူပါနှင့်။ ရာဇာ
ရာဇ်ထံ ငါမေတ္တာစာပို့လိုက်ဦးမယ်'

**'ဟံသာဝတီပြည်ကြီးကို အစိုးရသော တရားမင်းကြီး၊ ရာဇာဓိရာဇ်ဟု ထင်ပေါ်ကျော်ကြားသော တရားမင်းမြတ်၏ မျက်နှာတော်ကို ငါမြင်လို၍ ဟံသာဝတီသို့ စုန်မည်ကြံသော်လည်း လှေတက်မစုံလို့ မရောက်ဖြစ်ပါ။ မင်းကြီးအား ကုသိုလ်၊ အကုသိုလ်နှင့်ယှဉ်တဲ့ တရားစကားများကို မဟောကြားရဘဲ ငါပျံလွန်သွားရင် အပါယ်ကို ကျမှာစိုးတယ်။ မင်းကြီးအား တရားဟောပြောဆွေးနွေးပြီးမှ ပျံလွန်ရင် ကောင်းရာသုဂတိဘုံသို့ ငါရောက်မယ်။ ဒါကြောင့် မင်းကြီးကို တွေ့လိုကြောင်း မေတ္တာစာ ပေးပို့အပ်ပါတယ်'**

ပင်းယစကြိုသူမြတ်၏ မေတ္တာစာကို ရလျှင် ဟံသာဝတီဘုရင် ရာဇာ
ရာဇ်က ယခုလို မိန့်ပြီး ဖိတ်ကြားတော်မူသည်။

'ဟံသာဝတီနေပြည်တော်မှ အင်းဝမြို့တိုင်အောင် ဆန်တက်လာတာ
ာယ်ရဟန်းတစ်ပါးကမျှ မေတ္တာစာ မဆက်ခဲ့ဘူး။ ရဟန်းတစ်ပါးမှလည်း
မြင်မတွေ့ရပါ။ အခု ပင်းယစကြိုသူမြတ်ကသာ ငါ့အား မြင်တွေ့လိုကြောင်း၊
ရားစကားဟောပြောလိုကြောင်း မေတ္တာစာဆက်ခဲ့တယ်။ အကယ်၍ ငါငြင်း

ပယ်လိုက်ရင် ရတနာသုံးပါးမှာ ရတနာတစ်ပါးကို ပယ်ရာ၊ မျက်နှာလွှဲရာ ရောက်တော့မယ်။ ငါကိုယ်တော်တိုင်ကလည်း စကြိုသူမြတ်ကို ဖူးမြင်လိုတယ်' ဟု မိန့်ပြီး ပင့်ဖိတ်လိုက်သည်။

ပင်းယစကြိုသူမြတ်လည်း အင်းဝဘုရင်မင်းခေါင်အား အကျိုးအကြောင်း အသိပေးပြီး ဂိုဏ်းထောက်ဆရာတော်တစ်ပါးကို အဖော်ပြုကာ ရာဇာဓိရာဇ်တဲနန်းရှိရာသို့ လှေဖြင့် ကူးလာသည်။ တဲနန်းသို့ရောက်သော် ဟံသာဝတီမှူးမတ်များက ရဟန်းနှစ်ပါးစလုံးကို ညီလာခံခန်းမသို့ ပင့်ဆောင်ခဲ့ပြီး သင့်တင့်စွာ ခင်းကျင်းထားသောနေရာတွင် ခေတ္တမျှ သီတင်းသုံးစေသည်။ ထို့နောက် ရာဇာဓိရာဇ်က ရဟန်းတော်နှစ်ပါးကို မြင့်သည့်နေရာတွင် သီတင်းသုံးရန် ပင့်ဆောင်တော်မူသည်။

ရာဇာဓိရာဇ်က သူ့ထံ အရှင်စကြိုသူမြတ် ကြွရောက်လာသည့်ကိစ္စကို မေးမြန်းလျှောက်ထား၏။

စကြိုသူမြတ်အရှင်ကလည်း ရာဇာဓိရာဇ် အင်းဝသို့ ဆန်တက်လာရခြင်းအကြောင်းရင်းကို မေးသည်။ ရာဇာဓိရာဇ်က အလိုဆန္ဒအကြောင်း လေးပါးရှိ၍ ဆန်တက်လာကြောင်း လျှောက်ထားသည်။

**(၁) အင်းဝပြည့်ရှင်မင်းကြီးစွာစော်ကဲလက်ထက်က ဟံသာဝတီနိုင်ငံ၏ မြို့စွန်နယ်ဖျားကို တိုက်ခိုက်ဖျက်ဆီးခဲ့ဖူးသည့်အတွက် ပြန်လည်လက်စားချေပရန် ဆန်တက်လာကြောင်း။**

**(၂) အင်းဝပြည်ကို ရာမညဒေသပိုင်ပြုပြီး ဟံသာဝတီကို ချဲ့ထွင်ရန် ဆန်တက်လာကြောင်း။**

**(၃) အင်းဝပြည်တွင် မြတ်စွာဘုရား၏ ဓာတ်တော် ကိန်းဝပ်သည့် စေတီပုထိုးများကို ဖူးမြော်လိုသည်။ သာသနာတော် ထွန်းလင်းတိုးပွားကြစေရန် စောင့်ရှောက်လိုပါ၍ ဆန်တက်လာကြောင်း။**

**(၄) ရှေးမင်းဧကရာဇ်တို့၏ အစဉ်အလာအရ မရောက်ခဲ့ရသော နေရာဒေသသို့ တပည့်တော်သည် အောင်မြင်သောစစ်ကြောင်းဖြင့် လှည့်လည်ရောက်ရှိခဲ့ကြောင်းကို ပေထက်**

**အက္ခရာတင်၍ နောင်လာနောက်သားတို့ ပြောစမှတ်ပြုစေရန် ရည်သန်၍ ဆန်တက်လာခြင်းဖြစ်ပါသည်။**

ရာဇာဓိရာဇ်၏ ဆန္ဒလေးရပ်ကို ကြားသိရသောအခါ ပင်းယစကြိုသူ မြတ်က ပြုံးကာ မိန့်တော်မူသည်။

'သာသနဒါယကာတရားမင်းမြတ်ထံမှာ တရားတော်နဲ့အညီ ဆုံးမဟော ကြားမည့် ဆရာရဟန်းပညာရှိလည်း မရှိ။ ပြည်ထဲအမှုတွင် အမြော်အမြင် ဆိမ္မာနှင့် ပြည့်စုံသည့် အမတ်သေနာပတိလည်း မရှိပါလား'

'ဆရာတော်၊ ဘယ်လိုမိန့်တော်မူပါသလဲ၊ ရှင်းလင်းပြတော်မူပါဦး ဘုရား'

'ရှင်းလင်းပြအံ့ ဒကာ။ သာသနာဒါယကာမင်းမြတ်ထံမှာ ရဟန်းပညာ မရှိဘူးဆိုတာက မင်းကြီးမိန့်ကြားသည့်အကြောင်းလေးပါးမှာ သုံးပါးသော အကြောင်းက မသင့်ပေဘူး။ တစ်ပါးသော အကြောင်းသာ တရားတော်နှင့်အညီ ဘုရားပစ္စေကဗုဒ္ဓါတို့ ချီးမွမ်းတော်မူကုန်တယ်။ သုံးပါးသောအကြောင်းများ လောဘဇောနှင့် စပ်သော အကြောင်းမို့ နတ်ရွာနိဗ္ဗာန်မှ ဗီလာဖြစ်ပေတယ်။ ကြောင့် ပညာရှိဆရာရဟန်းများ မရှိဘူးလို့ ငါဆိုတာပါ'

'ပညာရှိအမတ်၊ ပညာရှိသေနာပတိ မရှိဘူးဆိုတဲ့ စကားကတော့ ကြီးရဲ့ ခမည်းတော်ဗညားဦးမင်းလက်ထက်က ဗညားဦးမင်းနဲ့ အင်းဝဘုရင် ကြီးစွာစော်ကဲတို့လက်ထက်က နှစ်ပြည်ထောင်ချစ်ခင်ရင်းနှီးပြီး ရွှေတစ်ပြား ည်းကဲ့သို့ နေလာကြတဲ့အတွက် နိုင်ငံတော်စည်ပင်သာယာဝပြောတဲ့အကြောင်း မလျှောက်တင်ကြတဲ့အတွက် ပညာရှိမှူးမတ်သေနာပတိများ မရှိဘူးလို့ ဆိုလိုတယ်'

'ပြီးတော့ မင်းကြီးဟာ ရှေးဘဝကတည်းက မွန်ပြည်နယ်ဟံသာဝတီ သာ ဆုတောင်းခဲ့ဖူးလို့ ဟံသာဝတီပြည်ကိုသာ အုပ်ချုပ်မင်းလုပ်တော်မူရတယ်။ တစ်ပါးတိုင်းပြည်ကို ဖျက်ဆီးလုယူဖို့ ဖြစ်နိုင်ပါ့မလား။ အင်းဝနေပြည်တော် သာမညမဟုတ်။ ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်ရဲ့ ဗျာဒိတ်တော်ရတိုင်းပြည် ပြီးမို့ သာသနာတော်ရဲ့ တည်ရာဒေသဖြစ်ပေတယ်'

'အင်းဝနေပြည်တော်မှာ ဆင်မြင်းဗိုလ်ပါအလုံးအရင်းလည်း များလှ

တယ်။ လက်အောက်ခံမြို့ကြီးများမှာပင် စစ်သည်ဗိုလ်ပါ တောင့်တင်းခိုင်မာလှ တာကြောင့် သူ့ရှင်လုပ်ကြံဖို့ လွယ်မည် မဟုတ်ပေဘူး။ စိတ်ဆန္ဒအတိုင်း တိုက်ခိုက်မည်ဆိုလျှင် ရန်ငြိုးကြီးလာဖို့သာ ရှိတော့မပေါ့'

အရေးကြီးတဲ့အချက်က ရာသီဥတုပါပဲ။ ရှေ့ကို တန်ခူး၊ ကဆုန်ရောက် ပြီဆိုရင် မြစ်တွင်းမှာ မုန်တိုင်းထန်တော့မယ်။ ဒီရာသီမှာ ကျောက်စရစ်တို့၊ အိုးခြမ်းကွဲတို့ဖောင် လေပြင်းနဲ့အတူ ကောင်းကင်ထက်ကို လွင့်ပျံတက်ကုန် ကြတာ။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့အတိုင်း မြစ်ဧရာမှာ ရေတွေပြည့်ပြီး လှိုင်းတံပိုး အလွန်ပြင်းထန်လို့ လှေတပ်တွေတောင် မြစ်ကမ်းပါးမှာ မထားဝံ့ကြ ဘူး။ ဒီတော့ ကေရာဇ်နှစ်ပါး မေတ္တာထားပြီး တိုက်ခိုက်ခြင်းမပြုကြပါနှင့်၊ ဒါမှသာ ခပ်သိမ်းသော သတ္တဝါအပေါင်း ချမ်းသာရာရပေမယ်။ သတ္တဝါတွေ ချမ်းသာမှ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် ပြန့်ပွားစည်ပင်မယ်။ သာသနာ တော်ပြန့်ပွားစည်ပင်မှ ကောင်းမှုကုသိုလ်ပွားများပြီး မြတ်သောဆုနဲ့ ပြည့်စုံပေလိမ့် မယ် ဒကာတော်မင်းကြီး'

'တင်စားပြီးပြောရမယ်ဆိုရင် သာသနာ့ဒါယကာအရှင်မင်းကြီးကား ဘုရားနဲ့ အလားသဏ္ဍာန်တူတယ်။ ငါ ပင်းယစကြိုကား သိကြားနဲ့ တူတယ်။ အင်းဝပြည်သူပြည်သားများကတော့ ရာဇဂြိုဟ်ပြည်သူတွေနဲ့ တူတယ်။ ဘာ ကြောင့်လဲဆိုတော့ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံကြွလာတော်မူစဉ်က တံခါးပိတ်ပြီး နေကြတယ်။ သိကြားမင်းက ရာဇဂြိုဟ်ပြည်သူများ အပါယ်ဘုံသို့ ကျတော့မှာကို မြင်လို့ လုလင်ဖန်ဆင်းပြီး မြတ်စွာဘုရားရဲ့ သပိတ်တော်မှာ ဆွမ်းလောင်းတယ်။ အဲဒီလို သိကြားလုလင်ဆွမ်းလောင်းတာကို မြင်မှ ရာဇဂြိုဟ် ပြည်သူတို့လည်း ထွက်ပြီး ဆွမ်းလောင်းကြတယ်။ ဆွမ်းလောင်းရတဲ့ ကုသိုလ်ကံ အကျိုးကြောင့် သုဂတိဘုံသို့ လားကြရတယ်။ ဒါကြောင့် တရားမင်းမြတ်က ဘုရားနဲ့ တူတယ်၊ ငါကား သိကြားနဲ့ တူတယ်၊ အင်းဝရွှေပြည်သူတွေကတော့ ရာဇဂြိုဟ်ပြည်သူတွေနဲ့ အလားသဏ္ဍာန်တူတယ်'ဟု မိန့်ကြားသည်။

ထိုသို့ ပင်းယစကြိုသူမြတ်နှင့် ရာဇာဓိရာဇ်တို့ အပြန်အလှန်စကားဆို နေစဉ် ရာဇာဓိရာဇ်၏ အမတ်သမိန်သံကျယ်တို့သည် ရွှေကြက်ယက်ဘုရားသခင် ၏ ကျွန်သီးတော်များ နှစ်ကျိပ်ကျော်ခန့်ကို ဖမ်းလာပြီး ဆက်သသည်။

စကြိုသူမြတ်လည်း ဆက်လာသူများကို မြင်လျှင် 'မင်းကြီးသည် ကျေးဇူးရှင်၏ ကျေးဇူးတော်ကို မသိပေ' ဟု မိန့်တော်မူ၏။

ရာဇာဓိရာဇ်က 'မည်သူသည် ကျွန်ုပ်မင်းကေရာဇ်၏ ကျေးဇူးရှင်ဖြစ်ပါသလဲ' ဟု မေးတော်မူသည်။

တရားမင်းမြတ်ဟာ ရှေးဘဝက ဘုရား၊ ပစ္စေကဗုဒ္ဓါသာဝကတို့အား ပူဇော်မူဖူးသော ကျေးဇူးကြောင့် ယခုလို ကေရာဇ်မင်းတစ်ပါး ဖြစ်လာပြီး ငြိမ်းချမ်းသော ရတနာဆင်မြင်း ကျေးကျွန်သင်းပင်းတို့ကို ရရှိလာတယ်။ အိုးလက်ရုံး၊ ပညာနှင့် ပြည့်စုံတော်မူတယ်။ ယခု ဘုရားသခင်ရဲ့ ကျွန်သီးတော်တို့ကို ဖမ်းယူညှဉ်းဆဲခြင်းဟာ ကျေးဇူးရှင်၏ ကျေးဇူးတော်ကို တရားမင်းကြီး မသိတာပါပဲ။ ငါဟာ ဝိနည်းပရိယတ္တိနဲ့အညီ ပစ္စုပ္ပန်သံသရာစီးပွားနဲ့ အပ်တဲ့ တရားဖြင့် ကေရာဇ်မင်းနှစ်ပါး မဟာမိတ်ဖြစ်အောင် ခပ်သိမ်းသော သတ္တဝါ အပေါင်းလည်း ချမ်းသာလေအောင် ငါ မေတ္တာရပ်ခံပါတယ်။ ခွင့်ပြုတော်မူပါ။ မင်းမင်းကြီးခွင့်ပြုတော်မူရင် အင်းဝမှာ ပျော်ရင်လည်း ငါသီတင်းသုံးမယ်။ ဟံသာဝတီမှာ ပျော်ရင်လည်း ဟံသာဝတီမှာ သီတင်းသုံးတယ်။ အင်းဝနဲ့ ဟံသာဝတီနှစ်ပြည်ထောင် ရွှေတစ်ပြားတည်း ဖြစ်စေလိုတယ် ဒကာတော်မင်းမြတ်'

ရာဇာဓိရာဇ်က လျှောက်တင်သည်မှာ 'အရှင်သူမြတ်၊ ကျွန်ုပ်က ဤမြန်မာနိုင်ငံတစ်ဝန်းလုံးကို လုပ်ကြံဖို့ ဆန်တက်ခဲ့ခြင်းဖြစ်တယ်။ ယခု ကျွန်ုပ်ကို တရားနဲ့အညီ ဟောကြားတော်မူတဲ့အတွက် ဟံသာဝတီသို့ ပြန်တော်မူတော့မယ်' ဟု မိန့်တော်မူပြီး အရှင်ပင်းယစကြိုသူမြတ်ကို ပိတ်အုပ်၊ ခါသာထုပ်ကော်ဇော၊ နံ့သာ၊ ကရမက်။ အကျော်၊ ဓမ္မာ၊ ငရုတ်၊ ကွမ်းသီး၊ ပရဆေး စသည်များ လှူတော်မူသည်။ ရွှေကြက်ယက်ဘုရားမှ ဖမ်းလာသော ကျွန်သီးတော်များကိုလည်း ပြန်အပ်တော်မူ၏။

'ကျွန်ုပ် လေး၊ ငါးရက်ခန့် နေပြီး ရွှေကြက်ယက်တွင် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပါဦးမယ်' ဟု လျှောက်တင်တော်မူပြီး စကြိုသူမြတ်နှင့် အခြွေအရံများကို ရွှေလောင်းလှေနှင့် တင်ကာ အင်းဝဘက်သို့ ပို့ပေးလိုက်သည်။

ရာဇာဓိရာဇ်လည်း မိမိ၏ ရွှေဖောင်တော်ကို ဖျက်ပြီး ရွှေကြက်ယက်

ဘုရားရင်ပြင်တော်တွင် ဇရပ်ဆောက်သည်။ ပြီးလျှင် စကြိုသူမြတ်နှင့်တကွ သံဃာတော်တစ်ရာ ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေးတော်မူသည်။ ပိတ်အုပ်၊ ခါသာ အုပ်၊ ခင်းနီးနံ့သာ၊ ကရမက်အကျော်စသည်တို့ကို လှူတော်မူ၏။

မိုးသောက်လျှင် ရာဇာဓိရာဇ်သည် စကြိုသူမြတ်အရှင်ကို ပင့်၍ သူ့အား ပုဂံမြို့အထိ ပို့ပေးပါရန် လျှောက်ထားတော်မူသည်။ စကြိုသူမြတ်ကို ရွှေလှေ တော်တွင် ရွှေပြာသာဒ်နှင့် ပင့်ဆောင်သည်။ ရာဇာဓိရာဇ်လည်း ဖောင်ဦးလှည့်၍ ဟံသာဝတီသို့ စုန်တော်မူသည်။

ရာဇာဓိရာဇ်ကျောက်တစ်လုံးသို့ ရောက်လျှင် လှူဒါန်းထားသော ဇရပ် ကို အင်းဝဘုရင်မင်းခေါင်က မီးရှို့ဖျက်ဆီးပစ်သည်။ ရာဇာဓိရာဇ်လည်း မီးခိုး များကို မြင်လျှင် 'တပ်အားလုံးရပ်ကြ၊ အင်းဝကို ရအောင် ပြန်တိုက်မည်' ဟု ဒေါသဖြင့် မိန့်တော်မူသည်။

လှေတပ်များအားလုံး ရပ်လိုက်ကြသည်။ ရာဇာဓိရာဇ်၏ ဒေါသကို အမတ်ဒိန်မြင်လျှင် များစွာ ကြောက်ရွံ့သွား၏။ သို့ဖြင့် ဦးခိုက်၍ လျှောက်တင် လေသည်။

'လျှောက်တင်ပါသည် ဘုရား၊ အရှင်မင်းကြီး၏ ကုသိုလ်ကောင်းမှု ကို ဘုရင်မင်းခေါင်ဖျက်ဆီးသည်မှာ သူ့တန်ခိုးအာနုဘော်ကို ပျော့ညံ့သွားအောင် သေးသိမ်သွားအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။ ရတနာသုံးပါးနှင့် သာသနာတော် ကို ဖျက်ဆီးသူပါပဲ။ မီးခဲကို ကိုင်သူရဲ့ လက်သာ မီးလောင်မှာပါ။ အရှင်မင်း ကြီး၏ ကုသိုလ်မှာ ရေစက်ချလှူဒါန်းပြီးသားဖြစ်လို့ ဒါနမြောက်သွားပါပြီ။ အဟောသိကံမဖြစ်ပါဘုရား။ ဘုရားဟောဒေသနာတော်မှာ စစ်အင်ခင်းကျင်းပြီး အကြိမ်တစ်ရာ၊ တစ်ထောင် အောင်မြင်သော်လည်း ခန္တီဆိုသည့် သည်းခံခြင်း စစ်ကို တစ်ကြိမ်အောင်မြင်သည်နှင့် မညီမျှသေးပါ။ ခန္တီတရားကို လက်ကိုင် ထားသည့် ကုသိုလ်အကျိုး အာနိသင်သည် အခြားကုသိုလ်များထက် အဆပေါင်း များစွာ သာလွန်ပါသည်။ ပြီးတော့ 'ထွက်ပြီးသော ဆင်စွယ်၊ ဝင်တယ်လို့ မရှိ' ဆိုစကားအတိုင်း မင်းကေရာဇ်တို့မည်သည် ပေးပြီးသော ကတိကို ပြန်လည် ရုတ်သိမ်းရိုးမရှိပါ။ အရှင်မင်းကြီးက ဟံသာဝတီသို့ စုန်ပါတော့မည်ဟု စကြို သူမြတ်အရှင်အား ဝန်ခံကတိပြုခဲ့ပြီးပါပြီ။ ယခုအရှင်ဘုရား၏ ကုသိုလ်တော်

ကျောင်းကြီးကို အင်းဝဘုရင် မီးတင်ရှို့သဖြင့် ရွှေဖောင်တော်လှည့်ပြီး အင်းဝကို ဖြိုဖျက်တိုက်မည်ဟု မိန့်တော်မူသည်မှာ မသင့်လျော်ပါ။ တရားနည်းလမ်းတကျ ဖြစ်ဟု ကျွန်တော်မျိုး ထင်မြင်ပါ၍ အရဲစွန့်ပြီး လျှောက်ထားအပ်ပါသည်ဘုရား'

'အမတ်ကြီးဒိန်မဏိရွှယ်လျှောက်တင်ချက် မှန်ကန်သင့်မြတ်လှပါပေတယ်။ ကဲ…ကဲ…လှေတပ်တွေ အားလုံးစုန်ပေတော့'

ဘုရင်ရာဇာဓိရာဇ် အမိန့်တော်ချမှတ်ပြီးသည်နှင့် ရပ်တန့်ထားသော လှေတပ်များ ဆက်လက်စုန်ဆင်းကြသည်။ ကြည်းတပ်များလည်း ဆက်လက်ချီဆင်းကြ၏။ ကြည်း၊ ရေ နှစ်ထွေသော တပ်များအားလုံး ပုဂံသို့ ရောက်ကြလျှင် ရပ်နားကြသည်။ ထို့နောက် တန့်ကြည့်ဘုရားမြတ်စွာအပါးတွင် ကျောင်းဆောက်၍ ပစ္စည်းလေးပါးနှင့်တကွ ပင်းယစကြိုသူမြတ်အား လှူတော်မူသည်။

* * *

# အခန်း (၆)

## ဆံတော်ရှင်ဘုရားမှာ မင်းနှစ်ပါးထားတဲ့ သစ္စာ

အင်းဝဘုရင်မင်းခေါင်ကလည်း မွန်မင်းရာဇာဓိရာဇ်၏ နောက်နောင်ရေအား၊ ကြည်းအား ချီတက်လာမည်ကို စိုးရိမ်တော်မူသည်။ ထို့ကြောင့် အင်းဝဘက်မှ လိုက်ပြီး ဆီးဆို့စေမည်ဟု မှူးမတ်များနှင့် တိုင်ပင်သည်။ စစ်သူကြီးဘယဂါမဏိ၊ ရာဇသင်္ကြန်တို့ကို စေလွှတ်၍ ကြည်းကြောင်းမှ ဆီးဆို့တိုက်ခိုက်စေသည်။

အင်းဝတပ်များ ပုဂံသို့ ရောက်ပြီ။ မွန်စစ်သည်များ မြင်သော် ဆိပ်တွင် မဆိုက်ဝံ့ကြတော့ဘဲ အပြင်းစုန်ဆင်းသည်။ ပြည်သို့ရောက်သော် သမက်တော်မဟာရတ်(စောမဟာရာဇ်)ထွက်ပြေးကြောင်း ရာဇဓိရာဇ်ကြားတော်မူသည်။ ပြည်တွင် ရာဇာဓိရာဇ်၏ သမီးတော်တလမဲကြီး(တလမေကျော်)ကို ဘုရင်မင်းခေါင်ဘက်မှ ရရှိသွားသည်။

ရာဇာဓိရာဇ်နှင့် ဘုရင်မင်းခေါင်တို့သည် မိမိတို့ဘုန်းလက်ရုံးကို ပြရင်းပြည်မြို့တိုက်ပွဲကို အပြင်းအထန်ဆင်နွှဲကြသည်။ ပြည်မြို့တွင်းမှာလည်း ရိက္ခာပြတ်ပြီ။ စကု၊ စလင်းကလည်း ရိက္ခာပို့၍ မရဖြစ်နေသည်။ ရာဇာဓိရာဇ်သည် မြေထဲ၊ သရက်အလွန်တိုင်အောင် ရွာများကို စီးဆင်းတိုက်သည်။ ဘုရင်မင်းခေါင်၏ ရဲမက်များ အစာရေစာငတ်ချေပြီ။

သည်တော့မှပင် ဘုရင်မင်းခေါင်လည်း မှူးမတ်များကို ခေါ်၍ 'နှုတ်ရေးဖြင့် စစ်အေးအောင်'စေမှ သင့်မည်ထင်ကြောင်း မိန့်တော်မူသည်။ မှူးမတ်များလည်း မင်းကြီး၏ အကြံတော်သင့်လှသည်ဟု လျှောက်၏။

ဘုရင်မင်းခေါင်၏ အမှာစာသဝဏ်လွှာမှ လိုရင်းအချက်ကို ကောက်နုတ်ဖော်ပြရသော်...

'...နောင်တော်ဘုရင်ရာဇာဓိရာဇ်လည်း မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မင်းဧကရာဇ်ဖြစ်သည်။ ငါလည်း မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံသော ဧကရာဇ်မမ္မရာဇ်ဖြစ်သည်။ ငါတို့ညီတော်၊ နောင်တော်ချစ်ကြည်၍ သဟာယမိတ်ဖြစ်ကြရလျှင် ခပ်သိမ်းသောရန်သူတို့သည် မဖျက်ဆီးနိုင်

ပြီ။ ငါတို့ခမည်းတော်နှစ်ပါးရှိတော်မူသော ကာလကဲ့သို့ ရာမညတိုင်းဖြစ်သော ဆောင်တော်နိုင်ငံနှင့် သုနာပရန္တတိုင်း တမ္ပဒီပတိုင်းဖြစ်သော ငါတို့နိုင်ငံသည် မ်းမသေရေမနောက် ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်ချင်သည်။ နောင်တော်ဘုရင် ရာဇာဓိရာဇ်...'

ရွှေပေတွင် ဤသို့ ရေးပြီး လက်ဆောင်ပဏ္ဏာများစွာနှင့် စေတော်မူ သည်။

ရာဇာဓိရာဇ်လည်း သဝဏ်လွှာပါ စကားကို ကြားသော် ဗိုလ်မင်း ဖြတ်စနှင့် အမတ်ဒိန်မဏိရွတ်တို့ကို လှမ်းကြည့်တော်မူသည်။ ဗိုလ်မင်းဖြတ်စ က မျက်လွှာချထားသည်။ ရာဇာဓိရာဇ်က အမတ်ကြီးနှစ်ပါးတို့ လိမ္မာလှပေ သည်ဟု ချီးမွမ်းတော်မူသည်။

အင်းဝဘက်မှ သံတမန်များနှင့် ပြောဆိုတော်မူပြီး သဝဏ်လွှာအပြန် ကို ပေးတော်မူသည်။

'ဘုရင်ရာဇာဓိရာဇ်ကြားလိုက်အပ်သည် ညီတော်ရွှေနန်းသခင်ဘုရင်မင်း ခေါင်...။ ညီတော်သည် မြောင်းမြစားလောက်ဖျားငယ်အထက်က လျှောက်သော စကားကို နာတော်မူ၍ ငါ့တိုင်းကား နိုင်ငံအလုံးကို လိုက်လံ၍ ဖျက်ဆီးလေ သည်။ အများပင်ပျက်ချေသည်။ ယခုငါ့ညီတော်ရွှေနန်းသခင်နိုင်ငံတော်သို့ ငါချီရောက်လာသည်။ ပွဲလမ်းမရပါသေးဖြစ်သည်။ ညီတော်က တောင်းသော အရေးကို မပေးသာသေး'

ဘုရင်မင်းခေါင်လည်း လက်မလျှော့သေးပေ။ မိမိရထားသော သမိန်ဇိပ်ဗြဲကို ခေါ်တော်မူ၍ ရာဇာဓိရာဇ်၏ မိဖုရားများဖြစ်ကြသော သမီးနှစ် ယောက်မှတစ်ဆင့် စစ်ငြိမ်းချမ်းရေးရရှိရန် ကြိုးစားခိုင်းတော်မူသည်။

သမိန်ဇိပ်ဗြဲလည်း သမီးနှစ်ယောက်ထံ စာရေးပြီး အရေးဆိုခိုင်းသည်။ စ်ချီရာ၌ပါလာသော သမီးနှစ်ယောက်လည်း ရာဇာဓိရာဇ်၏ ခြေအစုံကို ဖက်၍ ငိုယိုပြီး ဖခင်ထံမှ စာကို ဆက်သည်။

ရာဇာဓိရာဇ်က မည်သို့မျှ မဆိုဘဲ သမိန်ဗြတ်စကို ခေါ်တော်မူပြီး...

'ဗိုလ်မင်းကြားပါစ၊ သမိန်ဇိပ်ဗြဲမသေဘဲ ရှိသေးသည်'ဟု မိန့်၏။

'သမိန်ဇိပ်ဗြဲဟာ ကျွန်တော်မျိုးတို့အရေးကို မလိုက်နာဘဲ သူ့ကိုယ်သူ အထင်ကြီးပြီး အရှင့်ကို မလေးမစားပြုလို့ သူ့ကျွန်ဖြစ်ရတာပါ။ သေလည်း

ကောင်း၏၊ ရှင်လည်း ကောင်း၏'ဟု ဗိုလ်မင်းဖြတ်စက လျှောက်တင်သည်။

ရာဇာဓိရာဇ်လည်း ခပ်မဆိတ်နေပြီး အတွင်းသို့ ဝင်တော်မူသည်။ မိဖုရားနှစ်ပါးလည်း ရာဇာဓိရာဇ်ကို အကြိမ်ကြိမ်တောင်းပန်တိုးလျှိုးသည်။

'ဗိုလ်မင်းသဘောမတူဘဲ ငါအလျင်မဆိုသာ၊ ဗိုလ်မင်းခွင့်ပေးမှ ငါ အရေးပေးသာချေမည်'

ဘုရင်ကိုယ်တိုင်က ဗိုလ်မင်းဖြတ်စကို အရေးထားသဖြင့် မိဖုရားနှစ်ပါးလည်း ရွှေတစ်ပိဿာ၊ ငွေခွက်တစ်ဆယ်ယူပြီး ဗိုလ်မင်းထံ သွားသည်။ ဗိုလ်မင်းဖြတ်စက မည်သို့မျှ မဆို။ လက်ဆောင်ကိုလည်း မသိမ်းပေ။

မိဖုရားနှစ်ယောက်လည်း ရာဇာဓိရာဇ်ထံ အသနားခံရပြန်သည်။ ဤတွင် ရာဇာဓိရာဇ်လည်း ဗိုလ်မင်းဖြတ်စကို ခေါ်တော်မူ၍ ဤသို့မိန့်တော်မူသည်။

'...ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် နိဗ္ဗာန်သို့ မရောက်သေးသရွေ့ လောကဓံတရားရှစ်ပါးမှ မကင်းသာဖြစ်သည်'

ဗိုလ်မင်းဖြတ်စက 'ရန်သူဖြစ်သော ရွှေနန်းသခင်အင်းဝဘုရင်ကို အောင်မြင်မည့်အရေးသာ ကျွန်တော်မျိုး ကြံတတ်သည်။ မိန်းမတို့စကားကို ညှာ၍ မကြံတတ်ပါဘုရား'ဟု လျှောက်တင်သည်။

'ဗိုလ်မင်းနှင့် သမိန်ဇိပ်ပြဲတို့သည် ငယ်ပေါင်းကြီးဖော်များ၊ သွေးသောက်များ ဖြစ်ကြသည်။ ဗိုလ်မင်းမရှုမကြည့်ပါပြီလော'

'ရန်သူကို အောင်မြင်မည့်အရေးကိုသာ ကြည့်ရှုတတ်ပါသည် ဘုရား'

ရာဇာဓိရာဇ်လည်း မည်သို့မျှ မဆိုသာသဖြင့် ခပ်မဆိတ်နေလိုက်ပြန်သည်။

အကျဉ်းချုံး၍ဆိုရသော် အင်းဝဘုရင်မင်းခေါင်က လက်ဆောင်ပဏ္ဏာများနှင့် သဝဏ်လွှာစေလာသည်။

'...ငါတို့မင်းဇကရာဇ်နှစ်ပါး အမျက်ရှိ၍ ရန်စစ်ကြီးစွာဖြစ်သော ကာလခပ်သိမ်းသော ရဲမက်ဗိုလ်ပါအပေါင်းတို့သည် 'တောင်လဲရာ မြက်ပြတ်'ဘိသကဲ့သို့ ကြီးစွာသော ဘေးဒုက္ခရောက်ကြလိမ့်မည်။ ထို့ကြောင့် ခပ်သိမ်းသော သတ္တဝါအပေါင်း ချမ်းသာစေမည့်အကြောင်းကို ကြားလိုက်သည်...'

ရာဇာဓိရာဇ်လည်း 'ညီတော်ရွှေနန်းသခင်မင်းခေါင်၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာမည့်အကြောင်းကို ရှုကြည့်ပါဟု မှာတော်မူရာ

လည်း ဘုရားဆုကို တောင်းတော်မူသော ကေရာဇ်မင်းမြတ်ဖြစ်၍ သတ္တဝါ ချမ်းသာခြင်းကိုသာ အလိုရှိသည်”ဟု မှာတော်မူလိုက်သည်။

မင်းနှစ်ပါးအရေးတော် ပြီးသော် မှူးမတ်အပေါင်းခြံရလျက် ပြည်မြို့ တော်ရှင်ဘုရားသို့ တက်တော်မူ၍ သစ္စာပြုကြသည်။ မင်းကေရာဇ်နှစ်ပါး ည် မိမိတို့၏ ထီးဖြူ ကွမ်းခွက်အစရှိသော အဆောင်အယောင်တို့ကို အလဲ လှယ်ပြုကြပြီး လက်ဆွဲခြေငင် ပြုတော်မူကြသည်။ ထို့နောက် နှစ်ပြည်ထောင် သာ မင်းတို့သည် နေပြည်တော်သို့ အသီးသီး ပြန်ကြလေသည်။

သို့သော် နှစ်ပြည်ထောင်ချစ်ကြည်ရေးသည် တာရှည်မခံပါ။ အထက် နိုင်တွင် မင်းပြုသော ထောရားကြီးကို အင်းဝမင်းခေါင်တိုက်၏။ နိုင်လျှင် ထာရားကြီးကို ကွပ်ပြီး သမက်တော်အနော်ရထာမင်းစောကို ပေးသည်။ ထော ရားကြီးသား နရမိတ်လှက ရာဇာဓိရာဇ်ထံဝင်သည်။ ဤတွင် မွန်အမတ်ကြီး မိတ်ဖြတ်စနှင့် အမတ်တစ်ကျိပ်တို့က စစ်သည်ဗိုလ်ပါများစွာနှင့် ရခိုင်သို့ ၍ လုပ်ကြံရာအနိုင်ရသဖြင့် အင်းဝဘုရင်၏ သမက်တော် အနော်ရထာမင်း စာနှင့် သမီးတော်တို့ကို ဟံသာဝတီသို့ ခေါ်ဆောင်လာသည်။ ရာဇာဓိရာဇ် သည် အနော်ရထာမင်းစောကို ကွပ်၍ သမီးတော် ရွှေပြည့်ချမ်းသာဖို့ မိဖုရား မြှောက်တော်မူသည်။

အင်းဝဘုရင်မင်းခေါင်ကြားလျှင် များစွာ အမျက်ထွက်တော်မူ၏။ ဟံသာဝတီသို့ ချီတက်တိုက်ခိုက်ရန် မှူးမတ်များနှင့် တိုင်ပင်သည်။ ပညာရှိ င်းရာဇာနှင့် မှူးမတ်များက ဇင်းမယ်ဘုရင်ထံ စစ်ကူတောင်းရန်နှင့် မိုးစဲ၍ သီပွင့်လင်းသွားမှ ချီတက်ရန် နားတော်လျှောက်သည်။

ဘုရင်မင်းခေါင်သည် မှူးမတ်များ အကြံပေးသည့်အတိုင်း ဇင်းမယ် ရှင်မဟာရတ်ထံသို့ ကျောက်ရင်စားနှင့် မြို့သာစားတို့ကို လက်ဆောင်ပဏ္ဏာ းစွာဖြင့် တောင်ငူကြောင်း စေလွှတ်လိုက်သည်။ တောင်ငူသို့ ရောက်သော် ာင်ငူသားတို့ကို ဇင်းမယ်သို့သွားရန် ခရီးလမ်းပြစေ၏။ သို့သော် လမ်းမှားပြီး သာဝတီ၊ မွန်၊ ပြည်၊ စရပ်မြို့များသို့ ရောက်သွားသည်။ စရပ်မြို့စားက အမတ်ကြီးနှစ်ယောက်နှင့် လူတစ်ရာကို ဖမ်းပြီး မွန်ဘုရင် ရာဇာဓိရာဇ်ထံ က်လေသည်။

ရာဇာဓိရာဇ်လည်း ဇင်းမယ်ဘုရင်ထံသို့ စေသော အမှာစာကို ကြားသိ

ရသောအခါ လှုတစ်ရာကို ဖမ်းပြီး သံအကြီးနှစ်ယောက်တို့၏ မျက်နှာကို မှတ်သားပြီး လွှတ်လိုက်သည်။

သံအကြီးနှစ်ယောက် အင်းဝဘုရင်ခြေတော်ရင်းသို့ ရောက်ကြပြီ။ အကျိုးအကြောင်းကို သိရလျှင် အင်းဝဘုရင်လည်း အမျက်ဒေါသကို မထိန်းနိုင်၊ ယခုပင် ဟံသာဝတီသို့ ချီတက်မည်ဟု မိန့်တော်မူသည်။ မင်းရာဇာက ယခုလို လျှောက်တင်သည်။

'ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား၊ မာန်တော်ဖြင့် အမျက်တော်ရှိပြီး အဆောတလျင်စစ်မချီသင့်ပါ။ ကာလ၊ ဒေသ၊ ပယောဂကို ထောက်ရှုရပါမည်။ ယခု မိုးလသို့ ရောက်နေပါပြီ။ ဝါဆို၊ ဝါခေါင်ဆိုလျှင် မွန်ပြည်အရပ်သည် စုံ၊ ရဂုံ၊ စေးပျစ်၊ စိမ့်၊ မြိုင်၊ ဂနိုင်၊ ပုပ်ပေါင်း ထူပြောလှပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်တို့သည် ရေပြည့်လျှမ်း၍ ညွန်၊ ပျောင်း၊ ရွှံ့စေးတို့လည်း များလှသည်။ ဆင်ကြောင်း၊ မြင်းကြောင်းမသာပါ။ အလွန်ခက်ခဲပါသည်။ သို့ပါ၍ မိုးစဲပြီး ပွင့်လင်းရာသီရောက်မှ ချီတော်မူသင့်ကြောင်းပါဘုရား'

သို့ရာတွင် ဘုရင်မင်းခေါင်သည် မင်းရာဇာလျှောက်သည့်စကားကို တူတော်မမူဘဲ 'ရဲမက်ဗိုလ်ပါတို့ကိုသာ စီရင်လော့၊ ယခုလပင် ချီတော်မူမည်'ဟု မိန့်တော်မူသည်။

ဤသို့ဖြင့် ဒုတိယအကြိမ် မွန်တို့ဌာနီ ဟံသာဝတီသို့ စစ်ချီတော်မူသည်။ သားတော်မင်းရဲကျော်စွာလည်း ဘုရင်မင်းခေါင်နှင့်အတူ စစ်ထွက်ရသည်။ သားတော်အငယ်သီဟသူက အခြားတပ်သုံးတပ်နှင့်အတူ အင်းဝမြို့တော်ကို စောင့်ရသည်။

ဘုရင်မင်းခေါင် စစ်ချီလာပြီကြားသည်နှင့် ရာဇာဓိရာဇ်လည်း ခုခံတိုက်ခိုက်ရန် စစ်ပြင်ရသည်။ ဘုရင် ရာဇာဓိရာဇ်တပ်၊ သမိန်ဗြတ်စ၊ အမတ်ဒိန်မဏိရွတ်၊ သမိန်အဝနိုင်၊ သမိန်ဇိပ်ပြဲ၊ သမိန်မောခွင်၊ သမိန်ရဲသေဥ်ရုံ၊ သမိန်မွန်စည်၊ ဥပါကောင်း၊ လဂွန်းအိမ်တပ်၊ ပေါင်း ဆယ်တပ်ဖွဲ့စည်းပြီး ဟံသာဝတီမှ ထွက်ကြသည်။ သန်လျင်မြို့ရောက်လျှင် ခံ၍ နေသည်။

ရာဇာဓိရာဇ်က လဂွန်းအိမ်ကို ရှေ့တပ်ထား၍ တိုက်စေသည်။ ဘုရင်မင်းခေါင်၏ ရှေ့ချီတပ်ကို လဂွန်းအိမ်မနိုင်၊ တပ်ပျက်သွားလျှင် ရာဇာဓိရာဇ်လည်း ပန်းကျော်သို့ ဆုတ်ရသည်။ ပန်းကျော်တွင် အခိုင်အလုံနေစဉ် အင်းဝ

များရောက်လာသည်။ ပန်းကျော် ထိုအကြိမ်ကြိမ်လုပ်ကြံသော်လည်း မရပေ။ လခန့်ကြာလျှင် အင်းဝတပ်၌ ရိက္ခာကုန်သွားသည်။ ပြည်မြို့က ပို့လာသမျှ တပ်ကိုလည်း ရာဇာဓိရာဇ်က ဆီးဆို့တိုက်ခိုက်သောကြောင့် မရောက်နိုင် ။ အင်းဝတပ်မှာ ရဲမက်ဖိုလ်ပါများလှသဖြင့် ငတ်မွတ်ချေပြီ။

ဤတွင် ဘုရင်မင်းခေါင်က နှုတ်ရေးဖြင့် စစ်ရပ်စဲရန် ရန့်အင်းပဲဓားကို ဇာဓိရာဇ်ထံ စေတော်မူသည်။

'ငါ အခု ဟံသာဝတီကို ချီလာသည်မှာ နောင်တော်က ပြည်ရွှေဆံ တ်ဘုရားရှေ့ဝယ် ပြုခဲ့ကြသည့် သစ္စာကို ဖောက်ပြီး ငါ့နိုင်ငံတော် ရခိုင်ကို ပ်ကြံသည်။ ငါ့သမက်ကို သတ်ပြီး ငါ့သမီးတော်ကို နန်းတင်သည်။ ငါက ကု နောင်တော်ရဲ့ သမီးကိုရလျှင် မင်းကေရာဇ်အချင်းချင်း သမီးဖြစ်၍ ငါ့ းတော်နှင့် စုံဖက်ပေးခဲ့သည်။ နောင်တော်ရဲ့ သမီးကို အလိုရှိလျှင် ငါပို့ပေး ည်။ ငါ့သမီးတော်ကို ယခုပြန်ပေးပါ။ ငါပြန်တော့မည်'

ရာဇာဓိရာဇ်လည်း မင်းခေါင်၏ အမှာစကားကို ကြားလျှင် စစ်သူကြီး မိန်ဗြတ်စနှင့် အမတ်ဒိန်တို့ကို ခေါ်၍ တိုင်ပင်သည်။

တိုင်ပင်သည်မှာလည်း ကောင်းသောတိုင်ပင်ခြင်း၊ စိတ်ကောင်းဖြင့် ိုင်ပင်ခြင်း မဟုတ်ပေ။ အင်းဝဘက်မှ အမတ်ကြီးတစ်ကျိပ်။ ဟံသာဝတီ က်မှ အမတ်ကြီးတစ်ကျိပ်၊ ကျိုက်ကိုဘုရားတွင် သစ္စာပြုစိမ့်မည်ဟု မှာသည်။ ဇာဓိရာဇ်၏ အကြံကား ဘုရားတွင် ဓားများ အသင့်မြှုပ်ပြီး အင်းဝဘက်မှ က်လာလျှင် ထိုဓားများကို ယူ၍ လုပ်ကြံရန်ဖြစ်၏။

ကျိုက်ကိုဘုရားတွင် သစ္စာပြုမည့်အကြောင်း အင်းပဲဓားက ပြန်လျှောက် ွင် မင်းရာဇာက ရာဇာဓိရာဇ်သည် ဥပါယ်တံမျဉ် ပရိယာယ်ဝေဝုစ်များလှ ည်။ သတိသမ္ပဇဉ်နှင့် ပြုလုပ်မှ သင့်မည်ဟု ဘုရင်မင်းခေါင်ထံ တင်လျှောက် ည်။

နံနက်မိုးသောက်လျှင် အင်းဝဘက်မှ အမတ်ကြီးတစ်ကျိပ်ကို ဆင်စီးစေ အခြွေအရံနှင့် တပ်က ထွက်စေသည်။

ရာဇာဓိရာဇ်ကလည်း အမတ်ကြီးတစ်ကျိပ်ကို ဆင်စီးစေ၍ အခြွေအရံ တပ်က ထွက်စေသည်။

ကျိုက်ကိုဘုရားသို့ မရောက်ခင် မွန်အမတ်လဂွန်းအိမ်က မြန်မာတို့

ဘက်မှ မိုးညွှင်းသတိုးကို ယခုလိုပြောသည်။

'သွေးသောက်၊ မင်းလည်း သူရဲကောင်း၊ ငါလည်း သူရဲကောင်းဖြစ်သည်။ ယခုပြုကြမည့် သစ္စာသည် ဖြောင့်မည်ထင်သလော။ မွန်တို့သည် သစ္စာမှန်ဖူးသည် မရှိ'

မိုးညွှင်းသတိုးလည်း အတူပါသူ မင်းရာဇာ၊ မင်းစည်သူတို့ကို မွန်တို့ကြောင့် ဖြောင့်မတ်မည် မထင်ဟု လဂွန်းအိမ်ဆိုသည်။ ပြန်မှ တော်မည်ဟုဆိုသည်။ မင်းရာဇာ၊ မင်းစည်သူတို့ကလည်း မွန်တို့ ပြုဟန်ကို မြင်လျှင် ဘုရားပေါ်သို့ မတက်ကြတော့ဘဲ ပြန်ကြလေ၏။ မြန်မာတို့ ပြန်ကြသည်ကို မြင်လျှင် မွန်တို့လည်း ပြန်ကြလေသည်။

ရာဇာဓိရာဇ်လည်း အဘယ်ကြောင့် ပြန်လာကြကြောင်း မေးတော်မူသည်။

'လဂွန်းအိမ်က မိုးညွှင်းသတိုးကို အဖြစ်မှန်ပြောပြသောကြောင့် မြန်မာတို့ ရိပ်မိပြီး ပြန်သွားကြသည်'ဟု မွန်အမတ်များက နားတော်လျှောက်သည်။

ရာဇာဓိရာဇ်က လဂွန်းအိမ်ကို ခေါ်ပြီး မေးရာ လဂွန်းအိမ်က ယခုလို ပြန်လည်လျှောက်တင်သည်။

'မြတ်သောမင်းကြီး၊ ရာမညတိုင်းဖြစ်သော ဟံသာဝတီပြည်ကြီးသည် သာသနာတော်၏ တည်ရာ မဟာရာဇဌာနီပြည်ကြီးဖြစ်သည်။ ယခု မြန်မာမင်းချီလာသည်။ မျိုးရိက္ခာကုန်၍ ပြန်ချင်လှပေပြီ။ ကျွန်တော်တို့တပ်နှင့် နီးလှသောကြောင့်သာ မခွာဝံ့၍ အရေးတောင်းလာသည်။ သို့ကို ကျွန်တော်တို့က သူ့ကို အကောက်ကြံ၍ သတ်မည်ပြုသည်မှာမူ သူတော်ကောင်းတို့၏ အကြံမဟုတ်ပါ၊ သူယုတ်မာတို့၏ အကြံသာ ဖြစ်ပါသည်။ နောက်နောင် ကမ္ဘာမကြေသရွေ့ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တိုင်အောင် မွန်တို့အမျိုးသည် မတော်မမှန် မတည်မကြည် အရှည်ဥဒါန်းတွင်ရစ်ပေလိမ့်မည်ကို စိုး၍ ကျွန်တော်ပြောပေသည်'

'ငါ့အကြံကို နင်ဖျက်သည်'ဟု ဆိုကာ အဲမွန်တရာကို ခေါ်ပြီး လဂွန်းအိမ်ကို သတ်စေ'အမိန့်တော်ချမှတ်သည်။ အဲမွန်တရာက လဂွန်းအိမ်ကို ဆွဲခေါ်သွားသည်။

'အရှင်မင်းကြီး၊ အမတ်သူရဲကောင်းကို ကွပ်တော်မူသည်ဟု ဘုရား

ခေါင်ကြားလျှင် သူ့ကို အားပေးအားမြှောက်သကဲ့သို့ ဖြစ်ချေမည်။ လဝွန်း ကို ကျွန်တော်မျိုး မေးပါရစေဦး။ အသက်စွန့်ပြီး အမှုတော်ကို ထမ်းပါမည် လျှင် ယခုပင် အမှုတော်ကို ထမ်းပါစေ။ သည်လိုမှ မဟုတ်လျှင် သင့်ကို ရမည်ဟု ဆိုသင့်ကြောင်းပါ'

ဗိုလ်မင်းသမိန်ဗြတ်စက ဤသို့လျှောက်လျှင် ရာဇာဓိရာဇ်လည်း ဆိတ် နေတော်မူသည်။ သမိန်ဗြတ်စလည်း အဲမွန်တရာကို လိုက်၍ ခေါ်စေသဖြင့် တရာလည်း လဝွန်းအိမ်နှင့်အတူ ပြန်လာသည်။

'မင်းအသက်လွတ်လိုလျှင် ဘုရင်မင်းခေါင်ကို ဆင်စီးချင်းတိုက်ပါ။ ရင်မင်းခေါင်ဟာ ညချမ်းအခါ အခြွေအရံ မှူးမတ်အပေါင်းနှင့် တပ်တော်ကို ည့်လည်ကြည့်ရှုမြဲဖြစ်သည်'

'ကောင်းလှပါပြီ။ ပကမတ်ဆင်ကိုသာ 'က'တင်ပေးပါ။ ရန်သူတစ် သားကို ဆင်စီးချင်းတိုက်ရမည်ဆိုလျှင် ကျွန်ုပ်သူရဲငါးရာနှင့် တိုက်ပါမည်'

လဝွန်းအိမ်နားတော်လျှောက်သည်ကို ရာဇာဓိရာဇ်ကြားတော်မူလျှင် မတ်ဆင်ကို ပေး၍ 'ငါလည်းလိုက်ပြီး ဆင်ကူမည်'ဟု မိန့်တော်မူသည်။

'မှန်လှပါ။ ဘုရင်မင်းခေါင်ကို ကျွန်တော်မျိုးမသိပါသဖြင့် သိသောသူ ကုန်းလယ်တင်၍ ပြပါစေ'

ရာဇာဓိရာဇ်က စစ်ကိုင်းစား ရှင်သိင်္ခတ်(နောင်တော်ဘုရင်မင်းခေါင်ကို ကျေနပ်သဖြင့် ရာဇာဓိရာဇ်ထံ ခိုဝင်နေသည့် ညီတော်)ကို ခေါ်ပြီး မိန့်တော်မူ သည်။

'အစ်ကိုတော် ရှင်သိင်္ခတ်၊ လဝွန်းအိမ်စီးသော ပကမတ်ဆင် ကုန်းလယ် စီး၍ ဘုရင်မင်းခေါင်ကို ပြပါလေ။ အကြံအတိုင်းအောင်မြင်ပါက ငါကိုယ် အင်းဝသို့ သွားပြီး နန်းတင်ပေးမည်'

စီစဉ်ထားသည့်အတိုင်း လဝွန်းအိမ်စီးသော ဆင်ပကမတ်၏ ကုန်းလယ် ရှင်သိင်္ခတ်စီးပြီး တောအကွယ်က စောင့်နေသည်။

ဘုရင်မင်းခေါင်လည်း ပြုမြဲအတိုင်း ညချမ်းတွင် တပ်ကို လှည့်လည် မူသည်။ ဘုရင်မင်းခေါင်၏ ဆင်တော်ရှေ့တွင် သူရဲကောင်းငါးရာခန့် လွယ်လျက်ပါလာသည်။ နောက်တော်မှ ဆင်စဉ်ဝေးသည်။ ဘုရင်မင်းခေါင် စီးတော်ဆင်ရဲမြတ်စွာ တစ်စီးသာ အပါးတော်တွင် လိုက်သည်။

လဂွန်းအိမ်လည်း စည်မောင်းတီးပြီး ပုန်းအောင်းနေရာမှ ထွက်လာ
သည်။ ဘုရင်မင်းခေါင်က 'နင့်ကိုသာ လိုသည်' ဟု ဆိုပြီး ဆင်တော်ကို
ချွန်းဖွင့်ကာ တိုက်တော်မူသည်။

အရေးကြီးတော့ သွေးနီးသည်ဟု ဆိုရမည်။ ဆင်ချင်းအစွယ်မယှက်ခင်
ရှင်သိဒ္ဓတ်က အော်ပြောလိုက်သည်။

'နောင်တော်၊ ကေရာဇ်မင်းဖြစ်ပါလျက် မျိုးမတ်များနှင့် ဆင်စီးချင်း
တိုက်ရာသလော၊ နောက်တော်က ဆင်ကူများလာသည်။ ထီးဖြူကို လှဲ၍ ထား
လေ'

ဘုရင်မင်းခေါင်လည်း ရှင်သိဒ္ဓတ်သတိပေးသံကြားလျှင် ဆင်ချွန်းပေ
ကာ ခွာတော်မူလေသည်။ လဂွန်းအိမ်က ထပ်၍ လိုက်သဖြင့် အင်းဝဘက်မှ
ရမည်းသင်းစည်သူ၊ ပခန်းတရဖျား၊ သတိုးကျေးတောင်ညီတို့ ဆင်အစီးငါးဆယ်
ခန့်နှင့် လဂွန်းအိမ်ကို ဆီးကြိုတိုက်ခိုက်ကြသည်။ လဂွန်းအိမ် မခံဝံ့၍ ပြန်လေ
သည်။ ချောင်းလယ်သို့ ရောက်လျှင် အကူလာသော ဘုရင်ရာဇာဓိရာဇ်နှင့်
ဆုံသည်။ ဘာကြောင့်ပြန်လာကြောင်းမေးလျှင် ရှင်သိဒ္ဓတ်သတိပေးလိုက်သဖြင့်
ဘုရင်မင်းခေါင်နှင့် မတိုက်လိုက်ရကြောင်း လျှောက်တင်သည်။ သည်ကိစ္စကြောင့်
ရာဇာဓိရာဇ်သည် ရှင်သိဒ္ဓတ်ကို သတ်လိုက်လေတော့သည်။

'ဘုရင်မင်းခေါင်ကို ရအောင် တိုက်မည်ဆို၍နှင့် အသက် ငါမသတ်
ဘဲနေသည်၊ ယခုဘယ်လိုကြံမည်နည်း' ဟု လဂွန်းအိမ်ကို မေးသည်။

'မှန်လှပါ။ ဘုရင်မင်းခေါင်၏ အိပ်ရာတော်အထိ ညဥ့်အခါဝင်ပြီး
လုပ်ကြံပါမည်'

ဤသို့လျှောက်ပြီး သူရဲကောင်းတစ်ဆယ့်နှစ်ယောက်ရွေးသည်။ ဓားလှံ
ကိုင်ကာ ညဥ့်နှစ်ချက်တီးကျော်တွင် ဘုရင်မင်းခေါင် တပ်သို့ ဝင်ကာ တပ်ကို
လှည့်ကြည့်သည်။ မြောက်မျက်နှာက ကျုံးတိမ်သည်။ တပ်လည်း မခိုင်၊
တပ်စောင့်လည်း နည်းသည်။ တပ်ပြင်က ဥနဲပင်ကို ခို၍ ဝင်ပြီး တပ်ကိုင်နှစ်
ချောင်းကို နုတ်ကာ ဝင်သည်။ သူရဲသုံးယောက်ကို ဥနဲပင်တွင်ထားခဲ့သည်၊
သူရဲသုံးယောက်ကို စစ်ကဲသရေ ရန်သူထလျှင် ခုတ်ရန် မှာကြားပြီး ထားခဲ့၏၊
သူရဲသုံးယောက် လူတွေနိုးလျှင် ဆင်ထုးများကို ဖြတ်ရန် ဆင်တင်းကုပ်တွင်
ထားခဲ့၏။ လဂွန်းအိမ်နှင့် လူသုံးယောက်ကား ဘုရင်မင်းခေါင်၏ တဲနန်းတော်

အက်သို့ ဝင်သည်။ လဝွန်းအိမ်သည် လူနှစ်ယောက်၏ ပခုံးကို နင်းပြီး ဦးကွပ်ကို ဖြတ်သည်။ ကြိုးပြတ်လျှင် ကြမ်းကို ဖွင့်ပြီး အပေါ်သို့ တက်လိုက် ။ အပေါ်ရောက်လျှင် ဘုရင်မင်းခေါင်၏ ကွမ်းခွက်တော်ကို ယူပြီး အောက်က ကို လှမ်းပေးလိုက်၏။ သလွန်တော်အနားမှ လက်သုံးတော်ပတ္တမြားဓားကို ၍ လုပ်ကြံရန် ရွယ်လိုက်သည်။

ဘုရင်မင်းခေါင် ကံကောင်းလေစွ။ အပါးတော်တွင် ညဥ့်စောင့်ရသော ယ်လုပ်တော်တစ်ယောက်သည် မီးရောင်ဖြင့် မြင်လေလျှင် 'မွန်သူခိုး၊ မွန်သူခိုး' ၍ အသံကုန်ဟစ်လိုက်သည်။ ဘုရင်မင်းခေါင်လည်း နိုးတော်မူပြီ။ ကိုယ်ရံ က်များ သောသောထလိုက်ကြသည်။

ဆင်တင်းကုပ်တွင်ထားခဲ့သော လူသုံးယောက်လည်း ဆင်ထူးများကို က်လိုက်ကြ၏။ ဆင်များထွက်လာသည့်အခါ မြန်မာတို့က 'သြော်…ဆင်တွေ တ်လို့ လန့်တာကိုး' ဟု ဆို၍ နေလိုက်ကြသည်။

လဝွန်းအိမ်လည်း ပြေးထွက်သည်။ တပ်အပြင်သို့ ရောက်မှ သူ့လူတစ် ယ်နှစ်ယောက် ပြည့်၊ မပြည့် ရေတွက်ပြီး ပြန်ခဲ့သည်။ ရာဇာဓိရာဇ်၏ ပ်သို့ လဝွန်းအိမ်ပြန်ရောက်လျှင် ကိစ္စ ပြီး၊ မပြီး မေးတော်မူသည်။

'မင်းကြီး၊ ဘုန်းကြီးသော ဧကရာဇ်တို့ကို လုပ်ကြံသောသူသည် ယက်လည်း မရှည်၊ ဘုန်းလည်းမကြီးဟူ၍ မိဘတို့ပြောဖူးသောကြောင့် ယက်ရှည်မှ အမှုတော်ကို ထမ်းရမည်ဟု စဉ်းစားကာ ကျွန်တော်မျိုး မလုပ်ကြံ ပါ။ ဘုရင်မင်းခေါင်၏ အပါးသို့ ရောက်ကြောင်း အထောက်အထားအဖြစ် မ်းခွက်တော်နှင့် ပတ္တမြားဓားကို ယူခဲ့ပါသည်ဟု ဆက်သသည်။

ဘုရင်မင်းခေါင်၏ သမီးတော်ကို ပြသောအခါ ကွမ်းခွက်တော် မှန်ကန် ကြောင်း ငိုယို၍ လျှောက်တင်သည်။

ရာဇာဓိရာဇ်လည်း ကျေနပ်အားရတော်မူသဖြင့် လဝွန်းအိမ်၏ အသက် လွတ်တော်မူသည်။

ဘုရင်မင်းခေါင်လည်း မိမိအပါးအထိ ဝင်ရောက်လာနိုင်သော မွန်တို့၏ မ်းသတ္တိကို ထိတ်လန့်တုန်လှုပ်မိသည်။ မျူးမတ်များနှင့် တိုင်ပင်ဆွေးနွေးပြီး ရင်မင်းခေါင်လည်း မွန်ပြည်မှ ဆုတ်ခွာတော်မူသည်။

✲ ✲ ✲

# အခန်း (၇)
## သူရဲကောင်းလဂွန်းအိမ်၏ နောက်ဆုံးနေ့

မကောင်းကံသည် တစ်ဦးတည်းမလာ၊ အပေါင်းအဖော်နှင့် လာလေ့ရှိသည်မဟုတ်ပါလား။ ဘုရင်မင်းခေါင် စစ်ရှေ့ရာတွင် မိဖုရားရှင်မိနောက်သည် ဆင်ရှေ့ကပေါင်းဝန်းနှင့်တကွ ကျကျန်ရစ်သဖြင့် မွန်တို့ရရှိသွားသည်။

တောင်မိဖုရားရှင်ဘို့မယ်လည်း ဆင်က လျှောကျ၍ ချောင်းနားတွင် ကျကျန်ရစ်သည်။ ဆင်ကဲတွေ့ရှိ၍ ရဲမြတ်စွာဆင်တော်တွင် တင်ခဲ့သည်။ ဆယ် ရက်ကြာမှ ဆင်ကဲနှင့် မိဖုရားရှင်ဘို့မယ်တို့ ရောက်လာကြသည်။

တစ်ခါသော် ရှင်ဘို့မယ်လက်ထဲမှ ကွမ်းညပ်ကျသွားစဉ် 'အို... ဆင်ကဲလေ'ဟု မိဖုရား ယောင်မိသည်။ ဤတွင် ဘုရင်မင်းခေါင်သည် ဆင်ကဲနှင့် မိဖုရားတို့ကို သံသယဝင်ပြီး ဆင်ကဲကို ကွပ်မျက်လိုက်သည်၊ ဆင်ဦးစီးကို စစ်မေးတော့မှ ဆင်ကဲလျှောက်တင်သည့်အတိုင်း မှန်ကန်ကြောင်း သိရသည်။ သစ္စာရှိသောကျွန်ကို သတ်မိပြီဟု နောင်တကြီးစွာ ရသည်။ ညီတော် ရှင်သိဒ္ဓတ်ကို ရာဇာဓိရာဇ် ကွပ်မျက်လိုက်ပြီဟု ကြားသည့်အခါတွင်ကား များစွာ ကြေကွဲတော်မူလှသဖြင့် စားတော်လည်း မဝင်၊ စက်တော်လည်း မခေါ်နိုင် ဖြစ်လေတော့သည်။

ဤတွင် မင်းရာဇာက လျှောက်တင်သည်။

'အရှင်မင်းကြီး ဟံသာဝတီသို့ ချီတော်မူမည် မိန့်စဉ်က ကျွန်တော်မျိုး ရှိခိုးနားတော်လျှောက်သည်ကို ယုံကြည်တော်မမူသောကြောင့် ယခုလို ဖြစ်ရပါ သည်။ နောက်နောင် ကျွန်တော်လျှောက်လျှင် ယုံတော်မူပါ။

စစ်တို့၏ သဘောသည် ကာလ၊ ဒေသ၊ ပယောဂသာ အရင်းခံဖြစ် ပါသည်။ မြတ်စွာဘုရား၏ တရားတော်၌လည်း ဘုံသုံးပါး၌ ကျင်လည်နေကြ သော သတ္တဝါအပေါင်းတို့သည် နာနာဘာဝ (သေကွဲကွဲခြင်း)၊ ဝိနာဘာဝ (ရှင်ကွဲကွဲရခြင်း)မှ မကင်းဟု လာချေသည် မင်းကြီး'

ဘုရင်မင်းခေါင်လည်း ပူလှစွာသော မီးကို ရေဖြင့် သွန်းဘိသကဲ့သို့ ကျိုက်ကျိုက်ဆူသော ရေပူဝယ် လောဟိတစန္ဒန (စန္ဒကူးနီ-ထိုစန္ဒကူး၏

နိုသင်မှာ ကျိုက်ကျိုက်ဆူနေသော ရေပူ၊ ဆီပူဝယ် ထိုစန္ဒကူးရည်ကို လိုက်သည်ရှိသော် တစ်ခဏချင်း အေးစေတတ်သည်။) မည်သော နံ့သာရည် လျှင် ချမ်းငြိမ်းအေးမြလေသကဲ့သို့ နှလုံးတော်ပြေသွားလေတော့သည်။

ဘုရင်မင်းခေါင်သည် သားတော်မင်းရဲကျော်စွာကို အာဏာကုန်လွှဲအပ် တော်မူသည်။ မင်းရဲကျော်စွာလည်း တလည်းဆီးစခန်းကို ဝင်တိုက်သည်။ တိုက်ပွဲတွင် မွန်တို့ဘက်မှ သမိန်ဥပါကောင်းသည် ကျူးရိုးထက်တွင် ဆင်ကို ပြီး တိုက်ခိုက်ရာ အင်းဝတပ်အားလုံးကို တွန်းလှန်နိုင်ခဲ့သဖြင့် ဥပါကောင်း သည် လွန်စွာ ထင်ရှားလာသည်။

မြောင်းမြသား သမိန်ဗြတ်စ နာမကျန်းဖြစ်သည်။ ဝေဒနာပြင်းထန် ဖြင့် ရာဇာဓိရာဇ်ကိုယ်တိုင် သမိန်ဗြတ်စ၏ ဖောင်သို့ ကြွလာပြီး ကြည့်ရှု တော်မူသည်။ လက်တော်ဖြင့်လည်း စမ်းသပ်တော်မူသည်။

'ငါ့သား၊ ဗညားပုသိန်ကို ဘုရင်မင်းခေါင်နဲ့ မင်းရဲကျော်စွာတို့ ဝန်းရံ ထားကြတယ်။ ငါ့ညာလက်ရုံး သမိန်ဗြတ်စ ငါ့ကို ပစ်သွားရင် ငါ ဘယ်သူ့ကို ကိုးပင်ရပါ့မလဲ' ဟု မချိတင်ကဲ မိန့်တော်မူသည်။ သမိန်ဗြတ်စငိုသည်။ ရာဇာ ဓိရာဇ်လည်း ငိုသည်။ ဗိုလ်မင်းသမိန်ဗြတ်စ အားမငယ်ပါနှင့်။ ဝေဒနာပျောက် အောင် ကြိုးစားပြီး ဆေးသောက်ပါ' ဟု အားပေးစကား ပြောကြားသည်။

သူရဲကောင်းလဂွန်းအိမ်ကလည်း သမိန်ဗြတ်စကို လာကြည့်သည်။ သမိန်ဗြတ်စက 'မင်းတို့ကို ငါ တကယ်ပစ်သွားရတော့မယ်။ ငါမရှိရင် မင်းနဲ့ သမိန်အဝန်နိုင်သာ သူ့ရှင်ရဲ့ လက်ဝဲလက်ယာအစွယ်များ ဖြစ်ပေတယ်။ ဘုရင့် သားတော်ကလည်း ညံ့တယ်။ သားတော်ဗညားပုသိန်အတွက် စိုးရိမ်ပူပန် လို့သာ ချီလာတာ။ ယခင်ကလို အရဲကိုးပြီး မင်းတို့ မစွန့်စားပါနဲ့၊ အင်းဝ ဘုရင်ရဲ့ သားတော် မင်းရဲကျော်စွာဟာ မင်းပျိုမင်းလွင်ဖြစ်တယ်။ လျင်မြန်ဖျတ် လတ်ထက်မြက်တယ်။ ရဲစွမ်းသတ္တိနဲ့လည်း ပြည့်စုံတယ်။ ပြီးတော့ ခက်ထန် တယ်။ သူ့စစ်အင်အားကလည်း ထူထပ်များပြားလှတယ်။ ငါတို့သခင် သူ့ရှင် က သားတော်နဲ့ တွေ့ပြီးရင် အမြန်စုန်လိမ့်မယ်။ မင်းရဲကျော်စွာ လိုက်ပြီး တိုက်မှာ မြေကြီးလက်ခတ်မလွဲပဲ။ မင်းတို့ လက်ဝဲ၊ လက်ယာက ကောင်းကောင်း ကာကွယ်ပေးကြပါ။ မင်းတို့ မကာကွယ်ပေးနိုင်ရင် သူ့ရှင်အခက်အခဲတွေ့မယ်။ သူ့ရှင်ရဲ့ ဂုဏ်သရေညှိုးနွမ်းရမှာကို ငါစိုးရိမ်လှတယ်' ဟု အထပ်ထပ် သတိပေး

သည်။ သုံးရက်အကြာတွင် သမိန်ဗြတ်စ ကွယ်လွန်လေ၏။

မင်းရဲကျော်စွာလည်း သမိန်ဗြတ်စကွယ်လွန်ပြီဖြစ်ကြောင်း ကြားလျှင် 'ရာဇာဓိရာဇ်၏ အစွယ်တစ်ချောင်းတော့ ကျိုးပြီ။ နောက်အစွယ်တစ်ချောင်းဖြစ်တဲ့ လဂွန်းအိမ်သာ ကျန်တော့တယ်။ လဂွန်းအိမ်ကိုလည်း ဥပါယ်တံမျဉ်ဖြင့် ငါရအောင် ယူပြမယ်' ဟု ကြုံးဝါးခဲ့သည်။

ဤသို့ ကြုံးဝါးပြီး တိုက်လှေလေးစင်းကို စီမံသည်။ 'အံ့စရာလှေ' ကို စုက္ကတေး၊ 'မြေးများဖွားလှေ' ကို မြင်စိုင်းစည်သူ၊ 'သားများမိလှေ' ကို ဥဇနာ၊ 'ရှမ်းစွန်လှေ' ကို စတုရင်္ဂသူအား အသီးသီးစီးစေသည်။ လှေလေးစင်းလုံးတွင် သူရဲကောင်းချည်း စီးစေ၍ ဒိုင်း၊ လှံ၊ ဓား၊ လှံများကို ကိုင်ဆောင်စေသည်။

'အံ့စရာလှေ' ကို ထီးဖြူကနက္ကဒဏ်နှင့် ဗီတာန်မိုးလျက် ထွက်စေသည်။ ကျန်လှေသုံးစင်းကို အနောက်ဘက်ကမ်းတွင် ပြုလုပ်ထားသော မြောင်းအတွင်း၌ ပုန်းလျှိုးကာ နေစေသည်။

မွန်တို့ဘက်မှလည်း လဂွန်းအိမ်စီးရန် မိကျောင်းရုပ်လှေကို ပေးတော်မူသည်။ ထိုလှေသည် နှစ်ဆယ့်တစ်လံရှည်သည်။ ထိုလှေတွင် သူရဲကောင်းသုံးရာပါသည်။ လဂွန်းအိမ်သည် ဋ္ဌသေနာပတိအဆောင်အယောင်များကို ဝတ်ဆင်သည်။ ရွှေခါးစည်း၊ ရွှေစလွယ်၊ ရွှေလက်ကျပ်၊ ရာမနားတောင်း၊ လက်နှစ်ဖက်စလုံးတွင် ကျောက်စီလက်ကောက်၊ လက်စွပ်များကို ဝတ်ဆင်၏။ အားလုံးအဆင်သင့်ဖြစ်သောအခါ သုရှင်ရာဇာဓိရာဇ်အား ဦးခိုက်ပြီး လှေသို့ ဆင်းကာ လှေစီးချင်းတိုက်ရန် ထွက်လေသည်။

အင်းဝဘက်မှ စုက္ကတေးသည် အံ့စရာလှေဖြင့် ထွက်ခဲ့သည်။ ပဲခူး၊ ဟံသာဝတီဘက်မှ လဂွန်းအိမ်က မိကျောင်းရုပ်လှေဖြင့် ထွက်လာသည်။ လှေနှစ်စင်းရင်ဆိုင်မိသည်နှင့် တိုက်ခိုက်ကြတော့သည်။

အင်းဝမှ အံ့စရာလှေသည် လဂွန်းအိမ်၏ မိကျောင်းလှေထက် နှစ်ဆမျှမြင့်မားသည်။ ထို့ကြောင့် လဂွန်းအိမ်ဘက်မှ ထိုးခုတ်ရန် ခက်ခဲနေသည်။ သို့ဖြင့် လဂွန်းအိမ်သည် ကွင်းဆက်သံကြိုးကို အံ့စရာလှေထက်သို့ ပစ်တင်လိုက်သည်။

လှေချင်းကပ်သွားပြီးမှ ကူး၍ ခုတ်မည်ပြုစဉ် မင်းစည်သူစီးသော လှေများဖွားလှေသည် ရုတ်တရက်ထွက်လာပြီး ကူညီတိုက်ခိုက်သည်။ ကုန်းဘက်မှာလည်း အင်းဝမြင်းတပ်နှစ်ထောင်မျှ လိုက်ကြသည်။

လဝွန်းအိမ်မှာ လှေတစ်စင်းတည်းဖြင့် စုက္ကတေးနှင့် မင်းစည်သူတို့၏ လှေနှစ်စင်းကို အားသွန်ခွန်စိုက် ရှုပ်ရှုပ်ချွံချွံ ထိုးခုတ်တိုက်ခိုက်နေရသည်။

စုက္ကတေးနှင့် မင်းစည်သူဘက်မှ အကျအဆုံးများသဖြင့် ဥဇနာနှင့် စတုရင်္ဂသူတို့စီးသော အခြားလှေနှစ်စင်းသည် ပုန်းကွယ်နေရာမှ ရုတ်တရက် ထွက်လာကြပြီး တိုက်ခိုက်သည်။ အင်းဝဘက်မှ လှေလေးစင်းသည် လဝွန်းအိမ်၏ မိကျောင်းလှေတစ်စင်းတည်းကို ဝိုင်းအုံပြီး ထိုးခုတ်သတ်ဖြတ်ကြသည်။ ဤတွင် လဝွန်းအိမ်၏ သူရဲသုံးရာအနက်မှ တစ်ရာမျှ ရေထဲသို့ ကျ၍ သေဆုံးသွားကြသည်။

အင်းဝမှ စုက္ကတေး၊ မင်းစည်သူ၊ ဥဇနာနှင့် စတုရင်္ဂသူတို့၏ လှေများမှ သူရဲတွေလည်း များစွာ ကျဆုံးသွားကြသည်။

လဝွန်းအိမ်ကား စိတ်ဓာတ်မကျ၊ အားမလျော့။ သူ့ထံတွင် ကျန်သမျှ သူရဲများနှင့် အစွမ်းကုန်ကြိုးစား၍ တိုက်ခိုက်ထိုးခုတ်သည်။ သူ့ရှင်ရာဇာဓိရာဇ်ဘက်မှ စစ်ကူမရောက်ပါ။ အကြောင်းမှာ ရာဇာဓိရာဇ်ကလည်း စစ်လန့်မည်စိုး၍ စစ်ကူမပို့ခြင်းဖြစ်သည်။ သည်အတိုင်းကြည့်၍သာ နေသည်။ ရာဇာဓိရာဇ်ထံမှ စစ်ကူမရောက်သဖြင့် အင်းဝလှေလေးစင်းမှ သူရဲများသည် လဝွန်းအိမ်၏ လှေထက်သို့ ကူးပြီး တိုက်ခိုက်ကြသည်။ လဝွန်းအိမ် ခြေကုန်လက်ပန်းကျပြီ။ သို့သော် လက်နက်မချဘဲ အသေခံတိုက်သည်။ ဤသို့တိုက်ခိုက်ရင်း ပေါင်တွင် လှံချက်ထိကာ လဲကျသွားသည်။ ပြန်၍ မထနိုင်မီ အဖမ်းခံရလေသည်။ အခြေအနေကို မင်းရဲကျော်စွာ မြင်လိုက်သဖြင့် အော်ဟစ်၍ ပြောလိုက်သည်။

'လဝွန်းအိမ်ကို မသေစေနှင့်'

မင်းရဲကျော်စွာသည် အော်ဟစ်သတိပေးပြီးနောက် လဝွန်းအိမ်အနီးသို့ လာရောက်ပြီး ဒဏ်ရာကို သေချာစွာ ကြည့်ရှုသည်။ ဒဏ်ရာကိုမြင်သည်နှင့် 'လဝွန်းအိမ် မရှင်နိုင်တော့ပြီ' ဟု ဆိုသည်။ ခမည်းတော်ထံလည်း အကြောင်းကြားစေသည်။ ဘုရင်မင်းခေါင်ကြားလျှင် သားတော် မင်းရဲကျော်စွာကို အပြစ်

ဆိုတော်မူသည်။

'ငါတို့မင်းဧကရာဇ်အချင်းချင်း စစ်တိုက်ကြသည့်အခါ သူ့ရဲကောင်းကို မသတ်။ ယခု လဝွန်းအိမ်သေလောက်သော ဒဏ်ရာရအောင် ထိုးသတ်သည်မှာ မသင့်တော်လေ။ ပန်းကျော်တွင် ငါစခန်းချစဉ်က လဝွန်းအိမ်၏ ကျေးဇူးများစွာ ရှိခဲ့သည်။ ငါ့ခေါင်းရင်းကို ရောက်ပါလျက် ငါ့ကို မသတ်ဘဲ ဆောင်ဓားနှင့် ရွှေကွမ်းအစ်ကိုသာ ယူသွားသည်။ ငါ့အကျိုးကို လဝွန်းအိမ်များစွာ ပြုခဲ့သည်။ လဝွန်းအိမ်မသေအောင် ကုစားရမည်'

ဤသို့မိန့်တော်မူပြီး သမားတော် 'တန္တဝါရီ'ကို ခေါ်တော်မူ၍ လဝွန်းအိမ်၏ အနာကို ကုသစေသည်။

မင်းရဲကျော်စွာသည် လဝွန်းအိမ်ကို ထားရာလှေဆီသို့ ရွှေလှော်ကား စီး၍ သွားသည်။ ရောက်လျှင် တင်းတိမ်(အကာအရံ)ကို ဖွင့်၍ ကြည့်ပြီး ယခုလို အားပေးစကားဆိုသည်။

'မင်းကို ငါ မ,စမည်။ သူကောင်းပြုမည်။ ဘာမျှ မစိုးရိမ်မကြောင့် ကြနှင့်'

'ကျွန်ုပ်အသက်ရှင်နိုင်တော့မည်မဟုတ်ပါ။ အနာသည်းလှသည်'ဟု လဝွန်းအိမ်က ပြောသည်။

'ထမင်းစားမည်လော'ဟု မင်းရဲကျော်စွာက မေးသည်။

'အရှင်တစ်ယောက်၏ ထမင်းကိုသာ ကျွန်ုပ်ဝမ်းသို့ ဝင်စေမည်။ အရှင်နှစ်ယောက်တို့၏ ထမင်းကို ကျွန်ုပ်ဝမ်းသို့ မသွင်းပါ'

'ထမင်းမစားလျှင် ရေသောက်မလား'

'ရေနှင့် ကွမ်းကိုသာ ပေးပါ'ဟု လဝွန်းအိမ်က တောင်းဆိုသည်။

မင်းရဲကျော်စွာလည်း မိမိသောက်သုံးသည့် ရေတကောင်းတော်ဖြင့် ရေတိုက်ပြီး စားတော်ကွမ်းခွက်မှ ကွမ်းကိုယူ၍ ကျွေးသည်။

လဝွန်းအိမ်သည် ရေကိုသောက်၍ ကွမ်းကိုစားပြီးလျှင် ယခုလိုတင် လျှောက်သည်။

'ရွှေနန်းရှင်၏ သားတော်ပေးသော ရေကိုသောက်ပြီး ကွမ်းကိုလည်း စားရပေသည်။ သည်ကျေးဇူးတော်ကို တစ်ပွဲတစ်လမ်းမျှ ကျွန်ုပ်မဆပ်ခဲ့နိုင်တော့ ပါ။ သို့သော် နောင်ရေးအတွက် အရှင့်သားတော်အကျိုးရှိစေဖို့ ကျွန်ုပ်လျှောက်

ခဲ့ပါမည်။ မှတ်ယူတော်မူပါ။ ရွှေနန်းရှင်၏ သားတော် မနာယူခဲ့သော် အမတ်သေနာပတိများက မှတ်သားနာယူကြပါ။ နောင်ကို သူရှင်ရာဇာဓိရာဇ်နှင့် စစ်ထိုးလျှင် လှေစီးချင်း၊ ဆင်စီးချင်း၊ မြင်းစီးချင်း၊ ခြေလျင်ချင်း မတွေ့ပါနှင့်။ သူရှင် ရာဇာဓိရာဇ်သည် ဆင်စီး၊ မြင်းစီးတွင် နည်းနည်းကောင်းသည် မဟုတ်။ သက်ဝဲ၊ လက်ယာရံ ဆင်စီးသူရဲသုံးဆယ်တို့သည် သူစိမ်းတစ်ရံစာမရှိ။ ဆွေမျိုးညီးဖြစ်သည်။ ရန်သူကို ပမာမခန့်၊ ကြောက်ရွံ့မှုမရှိ။ ဘီလူး၊ သရဲတွေနှင့်တူကြသည်။ လူနှင့် မတူကြပါ။ ကျွန်ုပ်လျှောက်သည်ကို မယုံကြည်ပါက နောင်တွေ့ကြုံသောအခါမှ သိတော်မူမည်’

လဂွန်းအိမ်၏ စကားကို မင်းရဲကျော်စွာ ကြားလျှင် ‘လဂွန်းအိမ်သည် သေလုနီးပါးဖြစ်နေသည်ပင် သူ့သခင်အား ငါတို့ကြောက်ရွံ့အောင် ပြောသေးသည်’ဟု မိန့်တော်မူ၍ ပြန်သွားလေသည်။

ထိုညဉ့်သန်းခေါင်ယံအချိန်တွင် လဂွန်းအိမ်သည် အနာသည်း၍ အနိစ္စရောက်လေသည်။ ယင်းသတင်းကို ဘုရင်မင်းခေါင်နှင့် မင်းရဲကျော်စွာတို့ကြားလျှင် ‘လဂွန်းအိမ်၏ အလောင်းကို သူ့သခင်ရှိရာသို့ မျှောချစေ’ဟု မိန့်တော်မူသည်။

ထို့ကြောင့် ငှက်ပျောဖောင်ပေါ်တွင် လဂွန်းအိမ်၏အလောင်းကို တင်ပြီးဆိုးဖြူအုပ်သည်။ ခေါင်းရင်းက ဆီမီးတိုင်ထွန်းပြီး မျှောချလိုက်သည်။ ပုဆိုးဖြူအုပ်လျက် ဆီမီးတိုင်နှင့် မျောလာသော ငှက်ပျောဖောင်ကို ရာဇာဓိရာဇ်ဘုရင်မြင်သောအခါ ‘လဂွန်းအိမ်ရဲ့ အလောင်းပဲဖြစ်မယ် အမတ်ဒိန်’ဟု မိန့်ပြီးခမ်းသို့ ဆယ်ယူစေသည်။

သူ့ရှင်ရာဇာဓိရာဇ်သည် ရေစပ်အထိ ဆင်းသွားသည်။ အမတ်ဒိန်လည်းနောက်တော်ပါးက လိုက်ဆင်းသွားသည်။

‘ဗိုလ်မင်းဗြတ်စလည်း ငါ့ကို စွန့်ခွာသွားပြီ။ ယခု မင်းလည်း ငါ့ကိုစွန့်သွားပြန်ပြီ။ ငါ့မှာ ကြံဖော်ကြံဖက် တိုင်ပင်ဖော်တိုင်ပင်ဖက် မရှိတော့ပြီ။ ငါ့အစွယ်နှစ်ချောင်းစလုံး ကျွတ်အောင် သူတို့ချွတ်လိုက်ကြပြီ။ သူရဲကောင်းနှစ်ယောက်ကို ငါနှမြောလှသည်’

သူ့ရှင်သည် လဂွန်းအိမ်၏အလောင်းကို ကြည့်ရင်း မချိတင်ကဲ မိန့်ကြားနေသည်။

အမတ်ဒိန်၏ ရင်ထဲတွင်လည်း တင်းကျပ်ဆို့နင့်သွားသည်။ သူ့ရဲ့ကောင်းတစ်ယောက် ကျဆုံးသွားပြန်ပါပကော။

သူ့ရှင်၏ မိန့်မြွက်သံက အမတ်ဒိန်၏ အတွေးကို ဖြတ်တောက်လိုက်သည်။

'သူ့ရဲကောင်းများကို မီးသင်္ဂြိုဟ်သည့် ပဝေဏီအစဉ်အလာအတိုင်း လဝွန်းအိမ်ရဲ့ အလောင်းကို မီးသင်္ဂြိုဟ်စေ။ အရိုးပြာကို ရွှေကြုတ်မှာ ထည့်ပြီး ရွှေမော်ဓောဘုရားအနီးမှာ ဂူသွင်းထားကြစေ'

* * *

# အခန်း (၈)

## မွန်သူရဲကောင်း အဲမွန်ဒယာ၏ သတ္တိစွမ်းအင်

ကြည်းတပ်မှ သမိန်ဗရမ်းသည် လဂွန်းအိမ်ကျဆုံးသွားသဖြင့် မင်းရဲကျော်စွာကို များစွာ မကျေမနပ်ဖြစ်ကာ ဒေါသထွက်နေသည်။ ပကမတ်(ဆင်ဖြူတော်ဆဒ္ဒန္တဟုလည်း မှုကွဲတွေ့သည်။)ဆင်ကို စီးပြီး အင်းဝကြည်းတပ်အနီးသို့ ချဉ်းကပ်ကာ ဆဲဆိုကြိမ်းမောင်းသည်။

'အင်းဝသားတွေ၊ မင်းတို့ကောက်ကျစ်စဉ်းလဲလှတယ်။ အလွန်လည်း ယိတယ်။ မင်းတို့ နည်းနည်းမှ သစ္စာမရှိဘူး။ မင်းတို့အစွမ်းသတ္တိကောင်းတယ်ဆိုရင် ထွက်ခဲ့ကြ။ တစ်ဦးချင်း ငါနဲ့ ဆင်စီးချင်းတိုက်မယ်။ သည်တော့မှ တစ်ဦးလက်စွမ်းကို တစ်ဦးသိကြတော့မပေါ့'

အင်းဝတပ်က ကြားလျှင် မင်းရဲကျော်စွာကို လျှောက်တင်ကြသည်။

မင်းရဲကျော်စွာက 'သည်လောက်စိန်ခေါ်နေတာ မင်းတို့ထွက်ပြီး သမိန်ဗရမ်းကို အရဖမ်းဆီးယူကြ' ဟု မိန့်တော်မူသည်။

အင်းဝဘက်မှ ဆင်စီးသူရဲများ ထွက်တိုက်ကြသည်။ သမိန်ဗရမ်းလည်း သူ့ဆင်ပကမတ်ကို စီးပြီး ခုခံတိုက်ခိုက်သည်။ အစပထမတွင် အင်းဝဘက်မှ ဆင်များ များစွာလဲကြသည်။ ထို့ကြောင့် နောက်ထပ် ဆင်များထွက်လာပြီး တိုက်ကြသည်။ သမိန်ဗရမ်းလည်း ကြာလျှင် ခံနိုင်တော့မည်မဟုတ်ကြောင်း ရှုံးစားမိသဖြင့် သူ့ဆင်ကို ချွန်းငင်ပြီး ပြေးထွက်ရတော့သည်။ ပြေးထွက်ခဲ့သော်လည်း မာန်မလျှော့။

'အင်းဝသားတွေ အရှက်မရှိကြ။ ဗိုလ်ပါအများနဲ့မှ အစွမ်းကောင်းကြတယ်။ တစ်ဦးချင်းတော့ မတိုက်ဝံ့ကြဘူး' ဟု အော်ဟစ်ပြောဆိုကာ ဟံသာဝတီတပ်စခန်းသို့ ပြန်ခဲ့လေသည်။

အင်းဝဘက်မှ သူရဲများလည်း သမိန်ဗရမ်းကို ရွံ့ကြောက်သောကြောင့် တပ်စခန်းအထိ မလိုက်ဝံ့ဘဲ ပြန်လှည့်သွားကြသည်။

ဘုရင်မင်းခေါင်သည် သမိန်ဗရမ်း၏ သတင်းကို ကြားရသောအခါ ထိုမွန်သူရဲကောင်းအား တွေ့လိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လက်

ဆောင်ပဏ္ဏာများနှင့်တကွ ရာဇာဓိရာဇ်ထံ သဝဏ်လွှာတစ်စောင် ပို့လိုက်သည်။

'ညီတော် ဘုရင်မင်းခေါင် ကြားရောက်လိုက်သည် နောင်တော် ရာဇာဓိရာဇ်၊ နောင်တော်၏ သူရဲကောင်း သမိန်ဗရမ်းသည် စီးချင်းတိုက်သည့်အရာတွင် အလွန်ကောင်းသည်။ တစ်ယောက်နှင့် တစ်ရာ၊ တစ်ယောက်နှင့် တစ်ထောင်ကိုပင် တိုက်နိုင်သည်ဟု ညီတော်ကြားရသည်။ ထို့ကြောင့် သမိန်ဗရမ်းကို ညီတော် တွေ့လိုမြင်လိုပါသည်။ နောင်တော်ခွင့်ပြုချက်အရ သမိန်ဗရမ်းအား ညီတော်ထံသို့ လွှတ်ခဲ့စေလိုပါသည်'

ရာဇာဓိရာဇ်သည် အင်းဝဘုရင်ကို ယုံကြည်မှုမရှိပါ။ သို့ဖြင့် သင့်တင့်သောလက်ဆောင်ပဏ္ဏာများဖြင့် စာပြန်လိုက်သည်။

'နောင်တော်ရာဇာဓိရာဇ် ကြားရောက်လိုက်သည်၊ ညီတော်ဘုရင်မင်းခေါင်၊ သမိန်ဗရမ်းကို ညီတော် တွေ့လို့က တွေ့နိုင်ပါသည်။ သို့သော် သမိန်ဗရမ်းကို လွှတ်လိုက်ပါက ယခင် လဂွန်းအိမ်ကို လွှတ်လိုက်သကဲ့သို့ ဖြစ်မှာစိုးပါသည်'

ရာဇာဓိရာဇ်၏ ပြန်စာကို ရလျှင် ဘုရင်မင်းခေါင် ပြုံးတော်မူသည်။

'သမိန်ဗြာဇ္ဈနှင့် လဂွန်းအိမ်တို့ မရှိပြီးတဲ့နောက် ရာဇာဓိရာဇ်ဟာ လက်နှစ်ဖက်ပြတ်နေသကဲ့သို့ ဖြစ်နေတယ်။ အကယ်၍ အမတ်ဒိန်နှင့် သမိန်ဗရမ်းတို့ကိုပါ ငါတို့ရလိုက်လျှင် ရာဇာဓိရာဇ်ဟာ ခြေလက်အားလုံးကို ဖြတ်တောက်ထားသလို ဖြစ်တော့မယ်'ဟု မိန့်တော်မူပြီး ရာဇသံအသစ်တစ်စောင်ရေးပြီး လက်ဆောင်များနှင့် လွှတ်လိုက်ပြန်သည်။

'သမိန်ဗရမ်းကို လွှတ်လိုက်ပါက လဂွန်းအိမ်လို ဖြစ်သွားမှာစိုးသည်ဟု နောင်တော့်စိတ်တွင် သံသယဖြစ်နေသည်မှာ ဖြစ်ထိုက်ပါပေသည်။ သို့သော်လည်း နောင်တော်နှင့် ညီတော်တို့သည် ဧကရာဇ်မင်းများ ဖြစ်ကြသည်။ ဧကရာဇ်မင်း၏ လက္ခဏာများနှင့် ပြည့်စုံကြသည်။ သစ္စာတရားမြဲမြံကြသည်။ ဘုန်းကံကုသိုလ်၊ ဥစ္စာပစ္စည်း၊ အာဏာစက်ရှိကြသည်။ စစ်အင်္ဂါလေးပါးဗိုလ်ပါများနှင့် ပြည့်စုံကြသည်။ သစ္စာတရားလည်း ရှိကြသည်။ အမှန်တရားကိုလည်း လက်ကိုင်ထားကာ ခိုင်ခံ့စေခဲ့ကြသည်။ အသက်ပင်သေပါစေ၊ သစ္စာကို မပျက်စေရသော မင်းဧကရာဇ်ဖြစ်ကြောင်း နောင်တော်အသိပင် မဟုတ်ပါလား'

ဘုရင်မင်းခေါင်၏ စာကို ဖတ်ပြီးနောက် ရာဇာဓိရာဇ်လည်း သံသယ

င်းသွားသည်။ လိမ်ညာပြီး ခေါ်ခြင်းမဟုတ်။ သမိန်ဗရမ်းကို ငါမလွှတ်ပါက ကို ကြောက်ရွံ့သောကြောင့်ဟု ဆိုပေမည်။ ဤသို့စဉ်းစားပြီး သမိန်ဗရမ်းကို တော်သို့ ဝင်စေသည်။

'ယခု ဘုရင်မင်းခေါင်က စိတ်ထားကောင်းဖြင့် မင်းကို တွေ့မြင်လို ကြောင်း ငါ့ထံ စာရေးလာတယ်။ ဒါကြောင့် ကြောက်ရွံ့ခြင်းမရှိဘဲ သွားရောက် တွေ့ဆုံချေ'ဟု မိန့်တော်မူသည်။

သမိန်ဗရမ်းလည်း အမိန့်တော်ကို နာခံပြီး မိမိတပ်သို့ ပြန်သွားသည်။ လက်နက်ဝှက်ပြီး ယူသွားရင် လိမ်လည်ရာ ကျပေမယ်။ လက်ချည်းသက် ကပ်ပဲ သွားတော့မယ်။ ငါ့နှုတ်ရေးသာလျှင် လက်နက်ဖြစ်စေမယ်ဟု စဉ်းစား း လက်နက်ယူမသွားတော့ပေ။ သူ့စိတ်ကြိုက်သူရဲသုံး၊ လေးဆယ်တို့ကို ယူသည်။ သမိန်ဗရမ်းသည် သင့်တင့်စွာ ဝတ်စားပြီး သူ့ရှင်ရာဇာဓိရာဇ်ထံ င်ရောက်၍ ဦးခိုက်ကန်တော့သည်။

သူ့ရှင်ထံမှ ဇေယျမင်္ဂလာကို ခံယူပြီး လှေသို့ ဆင်းသည်။ လှေထက် ရောက်သည်နှင့် လှေတက်များကို အမြန်ခတ်စေပြီး ဘုရင်မင်းခေါင်တပ်သို့ းသည်။ ဘုရင်မင်းခေါင်ကလည်း ဗိုလ်ပါများကို လွှတ်၍ ကြိုစေသည်။ ကြိုဆိုကြသူ အင်းဝဗိုလ်ပါများက သမိန်ဗရမ်းအား ယခုလို ပြောကြသည်။

'ငါတို့သခင် ဘုရင်မင်းခေါင်ဟာ အဆွေတော်ကို မေတ္တာကရုဏာ ကို လွန်စွာထားတော်မူပါတယ်။ ကြည်းတပ်မှာ အဆွေတော်ကို ရှာစေခဲ့သေး ယ်။ အဆွေတော် သံသယမဖြစ်ပါနဲ့'

သမိန်ဗရမ်းလည်း တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းမရှိဘဲ းအေးဆေးဆေးပင် လိုက်ပါသွားသည်။ အဝင်တံခါးဝသို့ရောက်သော် တံခါး င့်များက သမိန်ဗရမ်းထံတွင် လက်နက်တစ်စုံတစ်ရာ ပါ၊ မပါ ရှာဖွေစစ် းကြသည်။ လက်နက်မပါကြောင်း သေချာသောအခါ ဝင်စေသည်။

ယာယီနန်းပြာသာဒ်သို့ရောက်လျှင် အင်းဝဘုရင်မင်းခေါင် ထွက်ကြွ တ်မူလာသည်။ သမိန်ဗရမ်းကိုမြင်လျှင် ဝမ်းသာအားရ ချီးမွမ်းစကား မိန့် းတော်မူသည်။

'မင်း လုပချော်မောကြောင်း ငါကြားခဲ့ရတယ်။ ယခု လူကို မြင်ရတော့ ည်နဲ့ လိုက်အောင် လုပါပေတယ်။ ယောကျာ်းကောင်းလက္ခဏာတို့နဲ့ ပြည့်စုံ

တယ်။ စစ်ဗိုလ်ဖြစ်ထိုက်ပါပေတယ်'

'ကျွန်ုပ်ကို လှပါပေတယ်လို့ ရှေနန်းရှင်မိန့်တော်မူပါတယ်။ ကျွန်ုပ်အဖို့တော့ လှတယ်လို့ မမြင်သေးပါ။ ကျွန်ုပ်ဟာ သစ်ငုတ်ပေါ်မှာ ရှိတဲ့ မျောက်နဲ့သာ တူပါတယ်။ ဝသန်ကာလမိုးဥတုမှာ သစ်ငုတ်ပေါ်ထိုင်နေတဲ့ မျောက်ဟာ ဘယ်လိုလှပါမလဲ။ ကျွန်ုပ်လှတာကို ရှေနန်းသခင်မြင်လိုပါက သူရဲကောင်းတစ်ဦးချင်း စစ်ထိုးရန် စီစဉ်တော်မူပါ။ ဆင်စီးချင်း၊ သို့မဟုတ် မြင်းစီးချင်းတိုက်ကြပါ။ ဒါမှသာ ကျွန်ုပ်မည်သို့လှတယ်ဆိုတာ ရှေနန်းရှင် မြင်ရပါမယ်'

ဘုရင်မင်းခေါင်က 'မင်း သည်လိုပြောတာ ငါဝမ်းမြောက်ပါတယ်။ စစ်ထိုးကြရာမှာ နိုင်မယ်၊ ရှုံးမယ် ကြိုပြီး ပြောလို့မရဘူး။ ငါ့ဘက်က ရှုံးရင် သမိန်ဗရမ်းလှတာကို မြင်ရမယ်။ အကယ်လို့ သမိန်ဗရမ်းရှုံးပြီး ယင်ကောင်ကလေးစားလို့ရရုံ သွေးထွက်ခဲ့မယ်ဆိုရင် နောင်တော်ရာဇာဓိရာဇ်နဲ့ ငါပြောခဲ့တဲ့စကား ပျက်ချေတော့မယ်'ဟု မိန့်တော်မူသည်။ ပြီးတော့ သမိန်ဗရမ်းအား ရွှေကွမ်းခွက်တစ်ခု လက်ဆောင်ပေးတော်မူသည်။

သမိန်ဗရမ်းလည်း ရှေနန်းသခင်ဘုရင်မင်းခေါင်အား ဦးခိုက်ပြီး ပြန်သွားသည်။ သူ့ရှင်ရာဇာဓိရာဇ်ထံရောက်လျှင် ဘုရင်မင်းခေါင်မိန့်မြွက်သမျှ ပြန်လည်လျှောက်ထားလေသည်။

အင်းဝဘက်မှ လွန်စွာအတင့်ရဲလာသည်။ ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါးကြ၏။ ယခင်ကကဲ့သို့ ကြောက်ရွံ့ခြင်း မရှိကြပေ။ ဟံသာဝတီတပ်အနီးသို့ ချဉ်းကပ်လာကြသည်။ အင်းဝမှူးမတ်ဗိုလ်ပါ သေနာပတိများသည် စိတ်ဓာတ်တက်ကြွနေတော့သည်။

ပဲခူး၊ ဟံသာဝတီစစ်မျက်နှာတွင်မူ စိတ်ဓာတ်ကျဆင်းလျက်ရှိကြသည်။ ထိုအချိန်တွင် ရာဇာဓိရာဇ်၏ သားတော်ကြီး ဗညားကျန်းနှင့် သားတော်အငယ် ရာဇာမနုတို့သည် အင်အားအလုံးအရင်းဖြင့် မြောင်းမြို့မှ ရောက်လာကြသည်။ စစ်ကူရန် ချီတက်လာကြောင်း ခမည်းတော်ရာဇာဓိရာဇ်ထံ ဝင်ရောက်ကာ ရှိခိုးလျှောက်ထားကြသည်။

'ခမည်းတော်ဘုရား၊ ဘေးအန္တရာယ်ကို မြင်လျှင် စည်းစိမ်ကို စွန့်ရပါမယ်။ သည်တစ်ကြိမ် စစ်ပြုပါက ခမည်းတော် ရှုံးမည်ကို သားတော်မြင်ပါတယ်။ တပ်ကို နုတ်ပြီး ပြန်ဖို့ သင့်ပါပြီ။ သားတော်ကြီးညီရာသကို နန်းအပ်ထား

ပြီး ဟံသာဝတီမြို့ရဲ့ အပြင်ဘက်ကို ထွက်ခွာသင့်ပါတယ်။ ယာယီအားဖြင့် တွမှာ သုံးလလောက် နေတော်မူပါ။ ခမည်းတော်ရဲ့ ဇာတာတော် သန့်ပြီး ရာယ်ကင်းတဲ့အခါကျမှ မင်းရဲကျော်စွာနဲ့ စစ်ခင်းပါက ခမည်းတော် မုချ င်ပါမယ်ဘုရား'

သားတော် ဗညားကျန်းလျှောက်တင်သည်ကို ကြားရသောအခါ ရာဇာ ရာဇ်လည်း လွန်စွာ ကြောက်ရွံ့သွား၏။ တုန်လှုပ်သွား၏။ အကယ်၍ တပ်ကို က်ပြီး ပြန်ပါက အင်းဝစစ်မှ မင်းရဲကျော်စွာတို့က လိုက်လံတိုက်ခိုက်ကြမှာ ကိုလည်း စိုးရိမ်တော်မူသည်။

ထို့ကြောင့် မှူးမတ်သေနာပတိများနှင့် ဆွေးနွေးတိုင်ပင်တော်မူသည်။ ဇာဓိရာဇ်က ငါတို့ဆုတ်ခွာမည်ဟု မိန့်သဖြင့် မှူးမတ်များကလည်း သဘော လိုက်နာကြသည်။

'အမတ်ဒိန်နဲ့ အမတ်မဟာသမွန်တို့ ငါ့ဆီ အခုအထိ ရောက်မလာကြ သေးဘူး'

သူ့ရှင်က မိန့်ပြီး ခေါ်စေသည်။ သူ့ရှင်သည် ညဥ့်နက်သော်လည်း က်၍ မပျော်နိုင်ပေ။ စစ်ရေးစစ်ရာများကို တွေးရင်း ညဥ့်သုံးယံကုန်သွားသည်။

ထိုအချိန်တွင် မကလွှံသည် မင်းစီးလှေဝမ်းထဲမှ ရေများကို အသံကျယ် ယ်ဖြင့် ပက်ထုတ်သဖြင့် သူ့ရှင်ရာဇာဓိရာဇ်ကြားတော်မူသည်။

'မည်သူ ရေပက်နေသလဲ'

'ကျွန်ုပ် မကလွှံဖြစ်ပါတယ် မင်းကြီး'

'နေ့အချိန်မပက်ဘဲ ဘာကြောင့် ညဘက်ကျမှ ပက်ရသလဲ'

'နေ့အချိန် ရေနောက်၍ လှေသို့ ရေမဝင်ပါ။ ညအခါမှာ ရေကြည် ဖြင့် လှေထဲသို့ ရေဝင်ပါတယ်'

'ဘာကြောင့် နေ့အချိန် ရေနောက်ပြီး ညအခါ ရေကြည်သလဲ'

'နေ့အချိန်မှာ အင်းဝစစ်မျက်နှာမှာ ရှိတဲ့ ဆင်မြင်များ ရေထဲသို့ ဆင်း ပါတယ်။ ထို့ကြောင့် ရေနောက်ပါတယ်။ ညအခါမှာတော့ ဆင်တွေ၊ မြင်းတွေ ထဲမဆင်းပါ။ လူသူတိတ်ဆိတ်သဖြင့် ရေကြည်ပြီး လှေထဲရေဝင်ပါတယ် များ'

မကလွှံဟာ စကားကို လိမ္မာစွာ ပြောဆိုတတ်တယ်။ ထက်မြက်တယ်။

ပညာကြီးသူလည်း ဖြစ်တယ်။ အရေးကြီးတဲ့ ကိစ္စများကို သူနဲ့ တိုင်ပင်ကြံစည်နိုင်မှာပဲဟု သူ့ရှင်စဉ်းစားမိသဖြင့် မကလွံကို ခေါ်တော်မူသည်။

'ယခု ငါတို့ စစ်နုတ်ပြီး ဆုတ်တော့မယ်။ သူတို့လိုက်လို့မမီအောင် ဘယ်လိုနည်းနဲ့ ဆုတ်သင့်သလဲ'

'ကျွန်တော်မျိုးမှာ အကြံရှိပါတယ် မင်းကြီး။ စဉ်းစားထားပြီးပါပြီ။ စောစောကသာ ကျွန်တော်မျိုးနဲ့ ဆွေးနွေးရင် ယခုလောက်ဆို မင်းကြီး ဟံသာဝတီသို့ ရောက်နေလောက်ပြီ။ ယခုလည်း စိတ်လေးလံဖွယ်ရာ မရှိပါဘူး'

'ဒါဖြင့် မင်းဘယ်လိုများ ကြံစည်ထားသလဲ။ စိတ်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်းလျှောက်ထားပါ။ မင်းအကြံကောင်းရင် ငါလိုက်နာမှာပေါ့'

'ယခုလို စစ်တပ်ချင်း နီးကပ်လွန်းနေတဲ့အတွက် ခွာဖို့ လွန်စွာခက်နေပါတယ်။ ခွာရလွယ်အောင် ဥပါယ်တံမျဉ်တော့ သုံးရပါမယ်။ အကယ်၍ ရေကြောင်းက ခွာမယ်ဆိုရင် ကြည်းကြောင်းက ခွာမယ်လို့ အင်းဝသားတွေကို သိစေရပါမယ်။ ထိုနည်းလည်းကောင်းပါပဲ။ မင်းကြီးတို့က ကြည်းကြောင်းက ခွာမယ်ဆိုရင် ရေကြောင်းက ခွာတယ်လို့ သူတို့ကို သိစေရပါမယ်။ သူတို့ ကြည်းကြောင်းမှာ စောင့်နေတာကို မင်းကြီး ရေကြောင်းဖြင့် စုန်ရင် သူတို့ ဘယ်နည်းနဲ့မှ မီအောင် လိုက်နိုင်မှာ မဟုတ်ပါဘူး။ ရေလမ်းမှ ငုတ်တိုင်တွေ သူတို့ ထောင်ထားခြင်း ရှိ၊ မရှိ စုံစမ်းဖို့ ကျွန်တော်မျိုးကို တာဝန်ပေးတော်မူပါ မင်းကြီး'

မကလွံက ယခုလိုလျှောက်ထားသည်ကို သူ့ရှင် ရာဇာဓိရာဇ်သဘောတူတော်မူသဖြင့် မကလွံအား ထိုတာဝန်ကို ပေးတော်မူသည်။ စုံစမ်းရာ ရေကြောင်းတွင် ငုတ်များ စိုက်ထားသည်ကို တွေ့ရသည်။

မင်းကြီးက 'မကလွံ၊ မင်းဟာ ပညာဉာဏ်ထက်လွန်းတယ်။ မင်းပြောတဲ့အတိုင်း မှန်နေတယ်။ သည်တော့ သစ်ငုတ်တွေကို လွတ်အောင် ဘယ်လိုသွားရမလဲ'ဟု မေးတော်မူသည်။

'ကျွန်တော်မျိုးကို သူရဲကောင်းနှစ်ထောင်နဲ့ လှေလေးဆယ် ပေးတော်မူပါ။ ကျွန်တော်မျိုးတို့က ရှေ့က စုန်ပါမယ်။ အရှင်မင်းကြီးတို့က နောက်က စုန်ပါ။ နာရီဝက်အတွင်း အရှင်မင်းကြီးအလွယ်တကူ မသွားနိုင်ဘူးဆိုပါက ကျွန်တော်မျိုး ခေါင်းဖြတ်ခံပါ့မယ်'

မကလွဲက ရဲဝံ့စွာ အာမခံသဖြင့် ရာဇာဓိရာဇ်လည်း လွန်စွာအားတက် က်မူသည်။ သို့ဖြင့် ကြည်းကြောင်းပြန်တော်မူမည်ဟု ကြွေးကြော်စေသည်။ လျှင် သမိန်အဝနိုင်ကို ခေါ်တော်မူ၍ တပ်နတ်ဆုတ်ခွာမည့်အစီအစဉ်ကို ချာစွာ မှာတော်မူသည်။

'အင်းဝနှင့် စစ်မတိုက်လိုသေး။ ယခု ငါစုန်ဆင်းမည်။ မင်းဆိုင်းငံ့ ရစ်ပါ။ ညဥ့်မနက်မီ လှေတပ်ကို စုန်စေမည်။ ကြည်းတပ်ကို ဆိုင်းငံ့ထားမည်။ ဥ့်နက်လျှင် နောက်တော်က ကင်းသမားများအား တပ်ကို မီးတိုက်စေမည်။ တိုက်ပြီးမှ ခွာကြရသည်'

အစစအရာရာမှာကြားပြီးနောက် ရာဇာဓိရာဇ်သည် လှေတပ်သို့ သက် တော်မူသည်။

အင်းဝကင်းသမားများသည် ရာဇာဓိရာဇ် ကြည်းကြောင်းမှ ဆုတ်ခွာ တော့မည်ဆိုသည့် သတင်းကို ရသည်နှင့် မင်းရဲကျော်စွာအား လျှောက်တင်ကြ သည်။

'ကြည်းကြောင်းမှ ဆုတ်ခွာမည့် ရာဇာဓိရာဇ်ကို ကြေမွသွားအောင် ငါတို့ တိုက်မည်။ ဗိုလ်ပါအားလုံး အဆင်သင့်စီစဉ်ကြလော့'ဟု မင်းရဲကျော်စွာက မိန့်တော်မူပြီး စောင့်စားနေကြသည်။

ရာဇာဓိရာဇ်ဘက်မှ ကြည်းကြောင်းချီတပ်တွင် သားတော်ကြီး ဗညား ကျန်းက ဗိုလ်မင်းဖြစ်သည်။ သားတော်ရာဇမနုက ရှေ့ပြေးတပ်မင်းဖြစ်သည်။ ရဲကောင်းသမိန်ဗရမ်းက နောက်ခံတပ်မင်းဖြစ်၏။

ညဥ့်သုံးချက်တီးရှိပြီ။ စီစဉ်ထားသည့်အတိုင်း တပ်ကို မီးထင်းရတိုက်ပြီး သာဝတီသို့ ဆုတ်ခွာကြသည်။ မြန်မာတို့လိုက်တိုက်လျှင် မွန်တပ်အချင်းချင်း ည်းစည်းလုံးလုံးဖြင့် အင်းဝတပ်ပြိုကွဲအောင် တိုက်ရန် ဆုံးဖြတ်ထားပြီး ဖြစ် သည်။ မီးတိုက်ပြီးသည်နှင့် ခရာမှုတ်ကာ ခွာကြသည်။

အင်းဝက ကင်းသမားများက မွန်တပ်များ ဆုတ်ခွာပြီးဖြစ်ကြောင်း င်းရဲကျော်စွာထံ သတင်းပို့ကြသည်။ မင်းရဲကျော်စွာလည်း ဆင်တပ်၊ မြင်းတပ် တို့ကို အသင့်ပြင်ဆင်သည်။ ရေတပ်ကိုလည်း ကြည်းတပ်အဖြစ် ပြောင်းကာ န်တပ်များကို အမီလိုက်စေသည်။ ဤသို့ ပြုလုပ်လိုက်ခြင်းသည် အင်းဝဘက်မှ များကြီးမှားသွားသည်။ မွန်တို့၏ လှည့်ကွက်ထဲသို့ ဝင်လိုက်မိခြင်းပင် ဖြစ်၏။

ရေကြောင်းတွင် မြန်မာတပ်များ မရှိတော့သဖြင့် မွန်တပ်များအဖို့ လွတ်လပ်စွာ၊ အန္တရာယ်ကင်းစွာ စုန်နိုင်ပြီ။

ဥပါကောင်းနှင့် မကလွံတို့သည် သူရဲကောင်းနှစ်ထောင်၊ လှေလေးဆယ်ဖြင့် ရှေ့ဆုံးမှ စုန်ဆင်းသည်။ ထို့နောက်မှ ရာဇာဓိရာဇ်၏ လှေတော်စုန်သည်။ သူ့ရှင်၏ လှေတော်နောက်မှ သမိန်အဝနိုင်က စုန်ဆင်းသည်။

အင်းဝမှ ကြည်းကြောင်းချီတပ်များသည် သမိန်ဗရမ်းတပ်နှင့် ဗညားကျန်းတပ်များကို တွေ့လျှင် အပြင်းအထန် တိုက်ခိုက်ကြသည်။ နှစ်ဖက်စလုံးမှ သူရဲများ များစွာ သေကျေပျက်စီးကြသည်။

သမိန်ဗရမ်းသည် ဆင်တော်ပကမတ်ကို စီး၍ အင်းဝဆင်တပ်ကို တိုက်ခိုက်သည်။ အင်းဝဆင်များ များစွာလဲကျကုန်ကြသည်။ အချို့မခံနိုင်သဖြင့် ဆုတ်ပြေးကြသည်။ ဆုတ်ပြေးသော ဆင်များကို လိုက်ထိုးရင်း သမိန်ဗရမ်း၏ ဆင်သည် တွင်းနက်တစ်ခုထဲသို့ ကျသွားသည်။ တွင်းမှာ နက်လွန်းသဖြင့် ပြန်မတက်နိုင်တော့ပေ။

မင်းရဲကျော်စွာမြင်လျှင် သမိန်ဗရမ်းကို ဖမ်းစေသည်။ ဗညားကျန်းနှင့် ရာဇာမစုတို့လည်း သမိန်ဗရမ်းကို မည်သို့မျှ မကူညီနိုင်သဖြင့် ဟံသာဝတီသို့သာ အပြင်းဆုတ်ခွာသွားကြလေတော့သည်။

သမိန်ဗရမ်းကို ဖမ်းမိလျှင် မြန်မာသူရဲကောင်းတို့က စစ်ဆေးသည်။

'ရာဇာဓိရာဇ် မည်သည့်လမ်းကြောင်းက ခွာသွားသလဲ'

သမိန်ဗရမ်းက စဉ်းစားသည်။ ငါလိမ်ပြောလိုက်လျှင် ဗညားကျန်းကို အင်းဝဘက်မှ မီသွားမည်။ ရာဇာဓိရာဇ်စုန်ဆင်းသည်မှာ ကြာပြီ။ အမှန်ကို ပြောပြသည့်တိုင် ရာဇာဓိရာဇ်ကို သူတို့ လိုက်၍ မီနိုင်တော့မည်မဟုတ်။ သည်လိုစဉ်းစားမိသဖြင့် ယခုလို ပြောလိုက်သည်။

'အင်းဝသား ငမိုက်တွေ၊ သူ့ရှင် ရာဇာဓိရာဇ် ရေကြောင်းက စုန်သည်မှာ ကြာပြီ။ ကြည်းကြောင်းဖြင့် လိုက်လို့ တွေ့နိုင်ပါ့မလား'

သမိန်ဗရမ်း၏ စကားကို ကြားလျှင် အင်းဝသူရဲကောင်းများက မင်းရဲကျော်စွာထံ လျှောက်တင်ကြသည်။ မင်းရဲကျော်စွာက ကြည်းတပ်နောက်သို့ မလိုက်စေတော့ဘဲ တွင်းနက်ထဲ ကျသွားသော ဆင်ကိုသာ တွင်းပေါ်သို့ တင်ကြရန် မိန့်တော်မူသည်။ မည်သို့မျှ တင်၍မရသည်ကို သမိန်ဗရမ်းမြင်လျှင်

ဆင်သေမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် ဆင်တော်တက်လာနိုင်မည့် နည်းကို ပြောပြသည်။

'ရွှေနန်းရှင်၏ သားတော်၊ သည်ဆင်ကို အမှန်တကယ်အလိုရှိပါက ခုလိုနည်းဖြင့် တင်၍ ရမည်မဟုတ်ပါ။ ပျိုရွယ်သော တိုက်ဆင်တစ်စီးယူလာ၍ ခြောက်လှန့်စေရပါမယ်။ သည်တော့မှ တွင်းထဲက ဆင်ဟာ ဒေါသအမျက်ပြင်းစွာထွက်ပြီး တွင်းနက်ထဲက သူ့ဘာသာ ခုန်တက်ပါလိမ့်မယ်'

သမိန်ဗရမ်းပြောသည့်အတိုင်း တိုက်ဆင်တစ်စီး ယူလာပြီး ပြုလုပ်စေရာ တွင်းနက်ထဲက ဗကမတ်ဆင်သည် ဒေါသအမျက်ပြင်းစွာ ထွက်ပြီး တွင်းပေါ်သို့ ခုန်တက်လိုက်သည်။ ပြီးတော့ သူ့ကို ဒေါသထွက်အောင် ပြုလုပ်သော တိုက်ဆင်ပျိုကို လိုက်ခွေ့တော့သည်။ တိုက်ဆင်သည် ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ထိုနေရာမှာပင် လဲကျသေဆုံးသွားတော့သည်။ ဗကမတ်ဆင်ကို မင်းရဲကျော်စွာတို့ ရရှိလိုက်သည်။

ရေကြောင်းမှ ဆုတ်ခွာသော ရာဇာဓိရာဇ်အဖို့လည်း အလွယ်တကူ ခံဆင်းနိုင်သည် မဟုတ်ပေ။ အင်းဝသားများ စိုက်ထားသည့် ငုတ်တိုင်များက ရှိနေသည်။ ရှေ့ဆုံးမှ စုန်ဆင်းသော ဥပါကောင်းနှင့် မကလွံတို့သည် လှော်ကားလှနှစ်စင်း၏ ဝမ်းဗိုက်အောက်တွင် ပန္နက်တိုင်ကို ချည်နှောင်ကာ တန်းထိုး၍ ခံဆင်းကြသည်။ လှေဝမ်းအောက်မှ တန်းသည် ငုတ်တိုင်များကို လှဲပစ်လိုက်ကြသဖြင့် နောက်မှ စုန်လာသော ရာဇာဓိရာဇ်၏ လှေနှင့် ဟံသာဝတီရဲ့ လှေများလည်း အလွယ်တကူ စုန်ဆင်းနိုင်ကြသည်။

မင်းရဲကျော်စွာလည်း ရာဇာဓိရာဇ်သည် မည်သည့်လမ်းကြောင်းမှ ဆုတ်ခွာသည်ကို သမိန်ဗရမ်းအား စစ်မေးသည်။ သမိန်ဗရမ်းက ထပ်မံ၍ ဘုရင်ရာဇာဓိရာဇ် ရေကြောင်းမှ စုန်ဆင်းကြောင်း ထပ်မံအတည်ပြု ပြောလိုက်သည်။

မင်းရဲကျော်စွာလည်း ကြည်းတပ်ကို မလိုက်စေတော့ပေ။ ရေတပ်ကို ဦးစီး၍ ရာဇာဓိရာဇ်နောက်သို့ အပြင်းလိုက်တော်မူသည်။ မင်းရဲကျော်စွာ၏ စစ်ထွက်စစ်မောင်းသံများကို ကြားရသည့်အခါ သမိန်အဝနိုင်သည် နောက်ချန်၍ ခဲ၏ အနောက်ဘက်ကမ်းတွင် လှေကို မျှော၍ ရေပက်နေသည်။

မင်းရဲကျော်စွာ၏ လှေနီးလာသည်။ လှေတစ်စီးတည်း တွေ့၍

မေးသည်။ 'ကျွန်တော်မျိုးသည် သမိန်အဝနိုင်ဖြစ်ပါသည်'ဟု ဖြေ၏။

'ဘာကြောင့် လှေကို သည်နေရာမှာ မျှောထားရသလဲ'

'ကျွန်တော်မျိုး ပြေး၍မလွတ်နိုင်ပါ။ ရွှေနန်းသခင်ထံ ခစားလို၍ ကျွန်ခံခွင့်ပြုတော်မူပါ။ ကျွန်တော်မျိုးတို့ကို မယူလိုသော် သတ်ပစ်တော်မူပါ'

'ရာဇာဓိရာဇ်ရဲ့ လှေ ဘယ်ကို ရောက်နေပြီလဲ'

'ရှေ့တစ်ကွေ့မှာပင် ရှိပါသေးတယ်' ဟု သမိန်အဝနိုင်က ဖြေသည်။

မင်းရဲကျော်စွာလည်း အမှန်စကားဟု ထင်မှတ်ကာ သမိန်အဝနိုင်ကို မဖမ်းတော့ဘဲ အပြင်းစုန်လေသည်။

မင်းရဲကျော်စွာ၏ နောက်တော်မှ လှေများလည်း သမိန်အဝနိုင်ကို မေးကြသည်။ သမိန်အဝနိုင်ကလည်း ရှေးနည်းအတိုင်းပင် ဖြေကြားသည်။ အင်းဝစစ်သည်များ သံသယမရှိဘဲ စုန်ဆင်းကြသည်။ မင်းရဲကျော်စွာ၏ တိုက်လှေများ ကုန်ပြီ။ နောက်မှ ရိက္ခာလှေများ ရောက်လာသည်။ သမိန်အဝနိုင်သည် ရိက္ခာလှေများ ပျက်စီးအောင် ဖျက်ဆီးပစ်သည်။ ထိုသတင်းကို အင်းဝရဲ လှေများ၊ တိုက်လှေများကြားရလျှင် ထိတ်လန့်တုန်လှုပ်ကြကုန်သည်။

မင်းရဲကျော်စွာသည် မြစ်ကွေ့တစ်ခုပြီး တစ်ခု လွန်ခဲ့သော်လည်း ရာဇာဓိရာဇ်၏ လှေကို မတွေ့သဖြင့် သံသယဝင်လာသည်။ ထို့ကြောင့် အင်းဝ လှေများကို ရပ်ဆိုင်းပြီး နားစွင့်စေသည်။ ရိက္ခာလှေများကို မွန်တို့ ဖျက်ဆီးပစ် နေကြောင်း သိရလျှင် လှေတပ်ကို မစုန်စေတော့ဘဲ လှေဦးပြန်လှည့်၍ ဆန် တက်စေသည်။

မင်းရဲကျော်စွာတို့ ဆန်တက်လာကြောင်း ကြားလျှင် သမိန်အဝနိုင်သည် ဗိုလ်ပါများနှင့်အတူ ကြည်းထက်သို့ (ကုန်းပေါ်သို့)တက်သည်။ လှေကိုလည်း မီးတိုက်၍ ဖျက်ဆီးလိုက်သည်။ ကြည်းကြောင်းဖြင့် ပြေးလေသည်။ မင်းရဲ ကျော်စွာတို့က နောက်မှ လိုက်ရန် ကြံကြသေး၏။ မီနိုင်တော့မည်မဟုတ်သဖြင့် မလိုက်တော့ဘဲ အလွဲမြစ်သို့ အရောက်ဆန်တက်လေသည်။

ရာဇာဓိရာဇ်လည်း ရေကြောင်းမှ စုန်ဆင်းလာရာ သန်လျင်သို့ ရောက် ၏။ မြို့ဝန်းလူကြီးများကို ခေါ်ပြီး ရိက္ခာစုဆောင်း၍ လိုက်ခဲ့ရန် မိန့်တော်မူ သည်။ ဟံသာဝတီသို့ ရောက်သော် နန်းစည်းစိမ်ကို သားတော်ဗညားကျန်းအား အပ်နှင်းတော်မူသည်။ သားတော်အငယ် ရာဇာမစုအား တစ်နှစ်စာ ရိက္ခာထောက်

ရန် တာဝန်ပေးသည်။ သူ့ရှင်ရာဇာဓိရာဇ်သည် ဇာတာတော်မသန့်သဖြင့် တ္တမသို့ သွားရောက်နေထိုင်တော်မူသည်။

မင်းရဲကျော်စွာလည်း ဖမ်းဆီးရမိထားသော သမိန်ဗရမ်းနှင့် ဆင်တော် ကမတ်တို့ကို ခမည်းတော်ဘုရင်မင်းခေါင်ထံ ဆက်သသည်။ ဘုရင်မင်းခေါင် ည်း များစွာအားရကျေနပ်တော်မူသည်။

မင်းရဲကျော်စွာက "ခမည်းတော်ရွှေနန်းရှင်ဘုရား၊ ယခုအခါ ရာဇာ ရာဇ်ဟာ လွန်စွာအားနည်းနေပါပြီ။ သမိန်ဗြာဒွနှင့် လဂွန်းအိမ်တို့လည်း အနိစ္စ ရောက်ကုန်ပြီ။ သမိန်ဗရမ်းကိုလည်း သားတော်တို့ ရရှိထားပြီ။ ထို့ကြောင့် ရာဇာဓိရာဇ်ကို အလွယ်တကူတိုက်နိုင်ပါမည်။ သို့ပါ၍ ရေကြောင်း၊ ကြည်း ကြောင်းဖြင့် ဟံသာဝတီသို့ ချီတက်ခွင့်ပြုတော်ပါဘုရား" ဟု လျှောက်တင်သည်။

"သားတော်၊ မွန်မင်းရာဇာဓိရာဇ်ကို အထင်မသေးပါနှင့်။ သူ့မှာ ဖိုယာယ်ကြွယ်သည်။ ဥပါယ်တံမျဉ်များလှသည်။ စစ်ရေးစစ်ရာလိမ္မာကျွမ်းကျင် လှသည်။ ထက်ထက်မြက်မြက်ရှိသည်။ ပျော့ညံ့သည်ဟူ၍ မကြားစဖူး။ ယခု လည်း မိုးကျလုပြီ။ ငါတို့စစ်သည်တွေလည်း ပင်ပန်းလွန်းလှပြီမို့ သားတော် စစ်မချီပါနှင့်တော့။

မင်းရဲကျော်စွာက မလျှော့ပေ။ ထပ်မံတင်လျှောက်သည်။ ဘုရင်မင်း ခေါင်ကလည်း တားဆီးသည်။ အကြိမ်ကြိမ်တင်လျှောက်သည်။ နောက်ဆုံးတော့ ဘုရင်မင်းခေါင် ခွင့်ပြုလိုက်ရတော့သည်။

မင်းရဲကျော်စွာလည်း ဖမ်းမိထားသော "ဗကမတ်" ဆင်တော်ကို စီး သည်။ ကြည်းတပ်၊ ရေတပ်စီရင်ကာ ဟံသာဝတီသို့ စုန်ဆင်းတော်မူသည်။

မကြာမီ မိုးကျလာသည်။ အလွဲမြစ်၌ စခန်းချထားသော ဘုရင်မင်း ခေါင်သည် ဗိုလ်ပါများ လယ်ယာလုပ်ကိုင်နိုင်ရန်အတွက် အင်းဝသို့ ပြန်ကြွတော် မူသည်။ သုံ့ပန်းအဖြစ် ဖမ်းဆီးထားသော သမိန်ဗရမ်းကိုလည်း ခေါ်ဆောင်သွား သည်။

မကြာခင်မှာပင် သားတော်မင်းရဲကျော်စွာထံမှ စာရောက်လာသည်။

"......၊ သည်တစ်ကြိမ် သားတော် စစ်ချီခဲ့သည်မှာ အထူးပင် အောင် မြင်ပါသည်။ ဒဂုန်မြို့၊ ပုသိမ်မြို့နှင့် မြို့ကြီးများကို ဖြတ်ကျော်နိုင်ခဲ့ပါပြီ။ ယခု ဟံသာဝတီမြို့ကို ဝိုင်းရံထားပြီးပါပြီ။ ရာဇာဓိရာဇ်လည်း မုတ္တမသို့

တိမ်းရှောင်နေပါပြီ။ ရာဇာဓိရာဇ်ကို ဖမ်း၍ ခမည်းတော်ထံ ဆက်သပါမည်။ သားတော်အား ရိက္ခာများ အလုံအလောက်ပို့ပေးပါရန် ခြေဖဝါးတော်အောက် ရှိခိုးလျှောက်ထားပါသည်ဘုရား'

'အင်း…ငါ့သားတော် ယခု စစ်ချီရာမှာ အောင်မြင်နေတယ်။ သို့ပေမဲ့ မွန်မင်းကို အထင်မသေးလေနှင့်၊ မွန်မင်းဟာ စစ်တိုက်ရာမှာ ရဲရင့်တယ်၊ ကြမ်းကြုတ်တယ်၊ ဥပါယ်တံမျဉ်များလှတယ်၊ အကယ်၍ ငါ့သားတော်အခြေအနေမလှရင် ဗိုလ်ပါများကို ဘေးအန္တရာယ်မဖြစ်စေနှင့်။ စစ်ကိုပြင်ပြီး ဣန္ဒြေရရ ပြန်လာခဲ့ပါ'

မင်းရဲကျော်စွာသည် ခမည်းတော်ထံမှ မျိုးရိက္ခာများ ရသည်ကိုမူ ဝမ်းသာပါ၏။ သို့သော် ခမည်းတော်ပါးလိုက်သော စာကို ဖတ်ပြီးနောက် သဘောမတွေ့လှပေ။

ရာဇာဓိရာဇ်လည်း မုတ္တမတွင် သုံးလတိတိနေတော်မူပြီးသော် ဓာတာ သန့်ပြီ၊ အန္တရာယ်ကင်းပြီဟု ပုရောဟိတ်တို့က တင်လျှောက်ကြသည်။ မုတ္တမ သုံးဆယ့်နှစ်မြို့မှ ဆင်မြင်းဗိုလ်ပါများကို ညီညွတ်အောင် စီရင်သည်။ သန်လျင်စား အမတ်ဒိန်မှစပြီး မြို့စားအားလုံးကို မုတ္တမသို့ ခေါ်တော်မူသည်။ မှူးမတ်သေနာပတိများက ယတြာချေသည်သဘောဖြင့် ရာဇာဓိရာဇ်အား 'သိဒ္ဓိသောမ မင်း'ဟု ဘွဲ့သစ်ပေးကြသည်။ ဘွဲ့ခံပြီးနောက် မုတ္တမမှ သန်လျင်သို့ ကူးတော်မူသည်။ သန်လျင်တွင် မှူးမတ်သေနာပတိများနှင့် တိုင်ပင်သည်။

'မှူးကြီးမတ်ရာသေနာပတိများ။ ယခု ဟံသာဝတီကို မင်းရဲကျော်စွာ ဝိုင်းထားတယ်။ ယခု ငါတို့ စစ်ချီလာတဲ့အကြောင်း၊ မင်းရဲကျော်စွာတပ်ကို အပြင်ဘက်က ငါတို့တိုက်မယ့် အချိန်အခါကိုလည်းကောင်း၊ ဟံသာဝတီမြို့တွင်းမှာ ပိတ်မိနေသည့် ငါ့သားတော် ဗညားကျန်းသိအောင် မည်သို့လုပ်ကြပါမလဲ'

မင်းကြီးက သားတော်အတွက် စိုးရိမ်ပြီး မေးသော်လည်း တာဝန်ယူမည့်သူ မရှိပေ။

'သမိန်ဗြာဇနှင့် လဂွန်းအိမ်တို့သာ ရှိခဲ့လျှင် သည်လောက်ကိစ္စကို ငါပူပင်ရန်ပင် မလိုပြီ။ ယခုတော့ သင်းတို့နှစ်ယောက် မရှိသည့်အတွက် ငါ့လက်နှစ်ဖက် ပြတ်သွားသည်နှင့် တူနေပြီ။ ငါ့အကြံအစည်ကို မည်သူမျှ မဖြည့်နိုင်

ကြတော့ပါလား'

သူရှင်က ဤသို့ပြောလိုက်သည်နှင့် မင်းပရိသတ်၏ နောက်ဘက်ဆုံး င် ခစားနေသော 'အဲမွန်ဒယာ'သည် ခေါင်းကို မော်ပြီး ရဲဝံ့စွာလျှောက်တင် ကြ၏။

'သမိန်ဗြာဒ္ဓနှင့် လဝွန်းအိမ်တို့ မရှိသော်လည်း ကျွန်တော်မျိုးရှိပါသေး ည်။ မင်းကြီး၏ ရွှေဖဝါးတော်အောက်တွင် ကျွန်တော်မျိုးခစားလျက် အရှင် မိန့်ကို နာခံပါမည်။ တာဝန်ယူဆောင်ရွက်ပေးပါမည်။ ဥပါယ်တံမျဉ်ဖြင့် ံသာဝတီမြို့သို့ အရောက်သွားပြီး မင်းကြီး၏ အမိန့်ကို သားတော်ဗညားကျန်း ် အရောက်ပို့ဆက်ပေးပါမည် ဘုရား'

'ဟံသာဝတီမြို့ပတ်ပတ်လည်မှာ အင်းဝဘက်က သည်းမျှ ခိုင်ခိုင်ခံ့ခံ့ဝန်း ထားတာ မောင်မင်းဘယ်လိုဝင်မှာလဲ'

'မှန်လှပါ။ ရိုးရိုးဝင်လို့ရမည်မဟုတ်ပါ။ ကျွန်တော်မျိုး၏ ကျောကို ဲ့အောင် ကြိမ်ဖြင့် ရိုက်စေပါဘုရား'

ရာဇာဓိရာဇ်လည်း အဲမွန်ဒယာလျှောက်ထားသည့်အတိုင်း ကျောပြင် ို ကြိမ်ခြမ်းဖြင့် ဆယ်ချက်ရိုက်စေသည်။ အဲမွန်ဒယာလည်း သူရှင်ရာဇာဓိရာဇ် ို ဦးခိုက်သည်။ သူစိတ်ကြိုက်သူရဲရှစ်ယောက်တို့ကို ခေါ်ပြီး လက်နှစ်ဖက်တွင် းကိုယ်စီကိုင်ကာ ဟံသာဝတီသို့ ထွက်ခွာသွားလေတော့သည်။

မြစ်အနီးရှိ အင်းဝကင်းတပ်မှ စစ်ဆေးမေးမြန်းသည်။

'ရာဇာဓိရာဇ်၏ စစ်တပ်မှ ထွက်ပြေးခဲ့သည်။ ရွှေနန်းသခင်၏ သား က် မင်းရဲကျော်စွာတပ်တွင် ခိုဝင်လိုသည်'ဟု အဲမွန်ဒယာက ဖြေသည်။ ျမကင်းသမားများကြားလျှင် ဝမ်းသာပြီး ပင်းယသူကြီးထံ သတင်းပို့သည်။ င်းယသူကြီးက အဲမွန်ဒယာတို့ကို လှေဖြင့် ကြိုစေ၏။ ရောက်လျှင် ထပ်မံစစ် းသည်။ အင်းဝကင်းသမားများကို ဖြေခဲ့သည့်အတိုင်း ဖြေရာ ယုံကြည်ပြီး င်းရဲကျော်စွာထံ ပို့ပေးသည်။

မင်းရဲကျော်စွာက ချက်ချင်း မယုံပေ။ သံသယဖြစ်သည်။ နာမည်နှင့် ွက်ပြေးလာရသည့်အကြောင်း မေးပြန်သည်။

'ကျွန်တော်မျိုး၏ အမည်မှာ အဲမွန်ဒယာဖြစ်ပါတယ်။ ရာဇာဓိရာဇ် ရှေ့ပြေးတပ်က ဗိုလ်မှူးပါ။ ကျွန်တော်မျိုးဟာ ရာဇာဓိရာဇ်တပ်မှာ အမှုတော်

ကို သက်စွန့်ကြိုးပမ်းထမ်းရွက်သော်လည်း အခြားဗိုလ်မင်းများကို ချီးမြှင့်သကဲ့သို့ ကျွန်တော်မျိုးကို မချီးမြှင့်ပါ။ အမတ်ဒိန်ရဲ့ ကုန်းချောမှုကြောင့် ကျွန်တော်မျိုးဟာ အမှုတော်ကို မည်မျှကြိုးပမ်းထမ်းရွက်သော်လည်း အပြစ်သာ ဖြစ်ရပါတယ်။ သူ့ရှင်ဟာ ကျွန်တော်မျိုးကို ဒေါသထွက်ပြီး ကျောကွဲအောင် ကြိမ်ဒဏ်ပေးပါတယ်။ သို့ပါ၍ ကျွန်တော်မျိုးနှင့် ဒုက္ခအတူ ခံစားရတဲ့ ရဲဘက်တော်ရှစ်ယောက်ကို အဖော်ညှိပြီး ရွှေနန်းရှင်သားတော်ရဲ့ ခြေဖဝါးအောက်သို့ လာရောက်ခစားရခြင်းဖြစ်ပါတယ်။ အရှင့်သားတော်ဟာ ရာဇာဓိရာဇ်နဲ့ စစ်ခင်းတဲ့အခါ သူ့စစ်ကို နိုင်အောင် ကျွန်တော်မျိုး တိုက်ပေးလိုပါတယ်။ အမတ်ဒိန်ကိုလည်း လက်စားချေလိုပါ၍ တိုက်ခွင့်ပြုတော်မူပါ အရှင့်သား'

အဲမွန်ဒယာက အမတ်ဒိန် မကောင်းကြောင်းလျှောက်သော်လည်း မင်းရဲကျော်စွာသည် ယုံကြည်ခြင်းမရှိပါ။ 'အမတ်ဒိန်ဟာ အသက်ကြီးသော သေနာပတိကြီးဖြစ်တယ်။ ပညာလည်း ကြီးတယ်။ ငယ်ရွယ်တဲ့ ဗိုလ်မင်းကို ဝန်တိုလို့ ကုန်းချောတယ်ဆိုတာ မဖြစ်နိုင်ဘူး'ဟု စဉ်းစားသည်။

'အဲမွန်ဒယာ၊ နင်ပြောတဲ့ စကားတွေဟာ ယုတ္တိမတန်ပါလား။ ငါတို့စစ်အခြေအနေကို နင်ထောက်လှမ်းဖို့ လာတာပဲ ဖြစ်မယ်။ စိတ်ကောင်းစေတနာကောင်းနဲ့ နင်လာတာ မဟုတ်။ နင်ဟာ ငါတို့အတွက်တော့ ဆူးညှောင့်ခလုတ်ပဲ ဖြစ်မယ်'

ထို့နောက် မင်းရဲကျော်စွာသည် ပင်းယသူကြီးကို ဤသို့ မိန့်၏။

'အဲမွန်ဒယာကို ငါမယုံကြည်။ သူ့စကားများသည် ယုတ္တိမတန်။ မွန်တို့သည် ဥပါယ်တံမျဉ်များလွန်းသည်။ သူတို့ဝမ်းဗိုက်ထဲတွင် တံစဉ်ခုနစ်လက်ရှိသည်ဟု ဆိုကြသည်မဟုတ်လား။ စစ်အတွင်းမှာ ပြေးလာသည့် ဗိုလ်ပါများကို မည်သို့ ယုံကြည်ရမည်နည်း'

ဤတွင် ပင်းယသူကြီးက 'ရွှေနန်းသခင်၏ သားတော် မိန့်သည့်စကားမှန်ပါသည်။ လောကမှာ လူကောက်ရှိသလို လူဖြောင့်လည်း ရှိပါသည်။ အဲမွန်ဒယာသည် ကျောကွဲအောင် ရာဇဒဏ်သင့်ထားသူ ဖြစ်ပါသည်။ သူ့ရဲဘော်များနှင့် လာရောက်ခစားသည့်အတွက် စိတ်ကောင်းစေတနာကောင်းဖြင့် လာရောက်သည်ဟု ကျွန်ုပ်မြင်ပါသည်'ဟု လျှောက်သည်။

သည်စကားကို ကြားလျှင် မင်းရဲကျော်စွာ ပြုံးတော်မူသည်။

ပင်းယသူကြီးလည်း လူကြီးဖြစ်ပြီး မွန်တို့ဥပါယ်တံမျဉ်ကို မမြင်တတ်လား။ ဥပမာပြရမည်ဆိုလျှင် ရှေးအခါက ပုဂံမင်းသည် 'အခမခန်း' ဆိုသူကို နးစားအဖြစ် သူကောင်းပြုထားသည်။ နောင်အခါ 'အခမခန်း' ပုဂံမင်းကို ပုန်ကန်သည်။ ပုဂံမင်းက ပုန်ကန်သူ အခမခန်းကို နှိမ်နင်းဖို့ စေတသူကြီးကို လွှတ်လိုက်သည်။ သည်အခါ အခမခန်းဟာ သူ့ယောက္ခမကို ကျောကွဲအောင် ရိုက်ပြီး စေတသူကြီးထံ ခစားခိုင်းသည်။ စေတသူကြီးလည်း သံသယလုံးဝမရှိဖြင့် လက်ခံလိုက်သည်။ နောက်ဆုံးမှာ စေတသူကြီးဟာ အဆိပ်သင့်ပြီး သွားရရှာသည်။ မွန်တို့ရဲ့ ပရိယာယ်ကြောင့် စေတသူကြီး ပျက်စီးကိန်းခဲ့သည်ကို ပင်းယသူကြီး မသိလေရော့သလား။

နောက်တစ်ခု ဥပမာပြရမည်ဆိုလျှင် မဟောသဓမင်းဇာတ်ထဲက ထုတ်ပြရပေမည်။ မဟောသဓမင်းသည် ကေဝဋ္ဋအမတ်အား ကျောကွဲအောင် ရိုက်ပြီး စူဠနီဗြဟ္မဒတ်မင်းထံ ထောက်လှမ်းစေသည်။ စူဠနီဗြဟ္မဒတ်မင်းက ယုံကြည်လက်ခံလိုက်သည့်အတွက် စစ်သည်ဗိုလ်ပါများနှင့် လက်နက်ပစ္စည်းများ ဆုံးရှုံးပျက်စီးပြီး ထွက်ပြေးရသည့် မဟောသဓဇာတ်ကို ပင်းယသူကြီး ဖတ်ဖူးလေရော့သလား။ အခု ငါတို့ထံ ဝင်လာသည့် အဲမွန်ဒယာဟာ သည်နည်းအတိုင်းပါပဲ။ သူတို့ကို သတ်ပစ်ရင်လည်း အစဉ်အလာပျက်မည်။ နှင်ထုတ်လျှင်လည်း သူတို့အကြံအစည်ကို ကြောက်ရွံ့လို့ဟု ဆိုကြပေမည်။ သည်တော့ လုံးကို သံခြေချင်းခတ်ထားမှ တော်မည်။ အကယ်၍ စစ်သူလျှိုတွေ ချာလျှင် ကိုးယောက်စလုံးကို ခေါင်းဖြတ်သတ်မည်'

မင်းရဲကျော်စွာက ဤသို့မိန့်ကြားသဖြင့် အဲမွန်ဒယာတို့အားလုံးကို ခြေချင်းခတ်ပြီး လုံခြုံစွာ ထားလိုက်ကြသည်။ အဲမွန်ဒယာလွတ်သွားပါက စောင့်တို့ကို သတ်ပစ်မည်ဟု မိန့်တော်မူသည်။ ထို့ကြောင့် အစောင့်များလည်း ထူးဂရုစိုက်၍ စောင့်ကြပ်နေကြသည်။ အဲမွန်ဒယာသည် သူ့ကို ယုံကြည်ကြ ရန် ထွက်ပြေးမည့်အရိပ်အယောင်မပြဘဲ အေးဆေးငြိမ်သက်စွာ နေသည်။

တစ်နေ့တွင် အဲမွန်ဒယာက တံခါးစောင့်များကို ပြောပြသည်။ 'ကျုပ် ရာဇာဓိရာဇ်တပ်က ဗိုလ်မင်းပဲ။ အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့ မယ့် သူကောင်းပြုခြင်းမခံရဘူး။ ရာဇာဓိရာဇ်ကို မကျေနပ်လို့ နေ့စဉ် ယာတတရားတွေပဲ ပွားနေသည်။ မွန်ဘုရင်တပ်က ထွက်ပြေးလာပြီး မင်းရဲ

ကျော်စွာရဲ့ အမှုတော်ကို အသက်ထက်ဆုံးထမ်းရွက်ဖို့ လာခဲ့သော်လည်း အကြံ မအောင်ဘဲ အပြစ်ဒဏ်ခံနေရသည်။ 'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးက ကျားထက်ဆိုး'ဆိုသည့် အဖြစ်နှင့် ကြုံနေရပြီ။ ကျုပ်တို့အပေါ်မှာ သံသယကင်း သွားအောင် လုပ်ချင်ပါတယ်။ ကျုပ်တစ်ယောက်ကို အကျဉ်းထားပါ။ ကျန်ရှစ် ယောက်ကို ထုတ်ပြီး မွန်သူရဲတွေနှင့် တိုက်ခိုက်ပါစေလား။ ဒါမှ အမှန်ကို သိတော်မူပါမည်'

တံခါးစောင့်က သေနာပတိကို ပြောပြသည်။ သေနာပတိက မင်းရဲ ကျော်စွာကို လျှောက်တင်သည်။ မင်းရဲကျော်စွာ စိတ်ထဲတွင် သံသယနည်းသွား သည်။ အဲမွန်ဒယာပြောသည့်အတိုင်း သူရဲရှစ်ယောက်ကို မွန်တို့နှင့် ထွက်တိုက် စေသည်။

အဲမွန်ဒယာကလည်း သူ့လူရှစ်ယောက်ကို ယခုလို စကားသွင်းထား သည်။ 'မင်းတို့ကို ထွက်တိုက်စေပါက သေလုနီးပါး ဖြစ်နေတဲ့ သူရဲများကိုသာ ရွေးပြီး ဦးခေါင်းကို ခုတ်သတ်ကြ။ အဲဒီဦးခေါင်းကို နေ့စဉ် မင်းရဲကျော်စွာကို ဆက်သကြ။ သည်လိုလုပ်နိုင်ဖို့ မင်းတို့စိတ်ကို ကြမ်းကြမ်းတမ်းတမ်း ထားရ ပေမည်'

မွန်သူရဲရှစ်ယောက်တို့လည်း အဲမွန်ဒယာပြောသည့်အတိုင်း ဆောင်ရွက် ကြသဖြင့် မင်းရဲကျော်စွာလည်း သံသယတွေ ပယ်ပျောက်သွားသည်။

ထို့ကြောင့် အဲမွန်ဒယာကို အကျဉ်းမှ ထုတ်သည်။ မြန်မာသူရဲတို့ကဲ့သို့ ဝတ်စေပြီး မွန်တို့ကို တိုက်ခိုက်စေသည်။ အဲမွန်ဒယာလည်း လက်နှစ်ဖက်စလုံး တွင် ဓားကို ကိုင်ပြီး သူ့ရဲရှစ်ယောက်နှင့်အတူ မွန်တပ်များရှိရာသို့ အပြေးအလွှား ဝင်ကြသည်။ မွန်တပ်များနှင့် နီးသော် အဲမွန်ဒယာသည် မြန်မာတို့ခေါင်းဆောင်း ကို ချွတ်၍ လွှင့်ပစ်လိုက်၏။ မွန်တို့သိအောင် ဟစ်အော်ပြီး ဟံသာဝတီမြို့တွင်း သို့ ပြေးဝင်ကြသည်။ မွန်တို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။

ဗညားကျန်းက 'ငါ့ဆီဝင်ရောက်နိုင်ရန် မည်သို့ပြုရကြောင်း'မေးသည်။ အဲမွန်ဒယာက သူ့ပရိယာယ်ကို စေ့စုံစွာ တင်ပြသည်။

'အရှင့်ခမည်းတော်ရာဇာဓိရာဇ်သည် ဇာတာတော်သန့်ပြီဖြစ်၍ မုတ္တမမှ ခွာပြီး သန်လျင်တွင် စခန်းချနေပါသည်။ မြို့ပြင်ဘက်မှ မင်းရဲကျော်စွာတပ်ကို

ိုက်ခိုက်မည်ဖြစ်ကြောင်း၊ အရှင့်သားတော်မသိမှာစိုး၍ ကျွန်တော်မျိုးကို စေလွှတ်တော်မူပါသည်။ တိုက်ခိုက်မည့်နေ့မှာ လဆန်း (၃) ရက်၊ သောကြာနေ့ဖြစ်ပါသည်။ နေရာမှာ အနောက်ဘက်က စ၍ တိုက်ပါမည်။ အရှင့်သားတော်လည်း ဆင်သင့်စီမံပြီး မြို့တွင်းမှ အညီအညွတ်တိုက်ခိုက်ရန် မှာတော်မူပါသည် ရှင့်သား'

ဗညားကျန်းလည်း အဲမွန်ဒယာ၏ စကားကို ကြားရသည့်အခါ များစွာ း‌တက်သည်။ စစ်အောင်ပြီးသကဲ့သို့ ဝမ်းမြောက်သည်။ အသက်စွန့်၍ တင်းပို့လာသော အဲမွန်ဒယာကိုလည်း ဆုလာဘ်ပေးတော်မူသည်။

'အဲမွန်ဒယာလို ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် သူရဲကောင်းအလွန်ရှားသည်'ဟု မိန့်တော်မူသည်။

အဲမွန်ဒယာနှင့် သူရဲရှစ်ယောက်တို့လည်း မြို့ပေါ်သို့တက်ပြီး မြန်မာတို့း မည်သို့တိုက်ခိုက်ရမည်ကို လေ့လာအကဲခတ်သည်။ ပြီးတော့ ဆွေးနွေးတိုင်ကြ၏။

မြန်မာတို့ဘက်မှ မင်းရဲကျော်စွာလည်း ဒေါသအမျက်ချောင်းချောင်း က်နေသည်။ ဥပါယ်တံမျဉ်ဖြင့် မိမိထံဝင်လာသော အဲမွန်ဒယာနှင့် သူရဲရှစ်ယာက် ဟံသာဝတီမြို့တွင်းသို့ ပြေးဝင်ကြကြောင်း သိရသောကြောင့်ဖြစ်သည်။

'အစကတည်းက သူတို့ကို ငါ မယုံလို့ သံခြေချင်းခတ်ထားစေသည်။ က်တော့ ငါယုံကြည်အောင် သူတို့လုပ်ပြကြသည်။ သူတို့ပရိယာယ်ကို လို့ ယခုလို ဟံသာဝတီမြို့ထဲ ဝင်သွားနိုင်ကြသည်။ ယခု ငါတို့ ပဲခူးဟံသာကို အခိုင်အခံ့ဝိုင်းရံပိတ်ဆို့ထားကြသည်။ သူက မြေလျှိုးမိုးပျံပြီး ထွက်လာလား။ ငါ့လက်ထဲက ကြက်ကလေးလိုပဲ ငါသတ်လိုသည့်အခါ သူသေရ။ အဲမွန်ဒယာကို မိလို့ကတော့ သူ့ရင်ကို ခွဲပြီး သူ့နှလုံးသည်းပွတ်ကို ငါသအချာကြည့်မည်'ဟု မိန့်တော်မူသည်။

မင်းရဲကျော်စွာစေခိုင်းချက်အရ မြန်မာသူရဲများက 'အဲမွန်ဒယာ၊ လူလိမ်ကောက်၊ လူစဉ်းလဲ၊ ပလီပလာနှင့် မုသားစကားဆိုပြီး မြို့တွင်းသို့ ဝင်ပြေး။ မင်း သတိသာ ထားပေရော့။ မကြာခင် ငါတို့နှင့် တွေ့ရမည်'ဟု မ်းမောင်းသည်။

အဲမွန်ဒယာကလည်း အညံ့မခံ။ 'မင်းတို့သည်လောက်တောင် မိုက်ကြ

သလား။ ဟံသာဝတီကို မင်းတို့ရမယ်လို့ မထင်နဲ့။ အခု ငါ ပဲခူးဟံသာဝတီမြို့တွင်းသို့ ဝင်ခဲ့ပေမယ့် သည်မှာ ငါနေမှာမဟုတ်ဘူး။ မနက်ဖြန်မိုးသောက်တာနဲ့ ငါပြန်ထွက်မည်။ မင်းတို့ ငါ့ကို ဖမ်းနိုင်ရင် ဖမ်းပေရော့'ဟု မခံချင်အောင် ပြန်လည်ချေပသည်။

မြန်မာ့သူရဲကောင်းများက အဲမွန်ဒယာ၏ စကားကို မင်းရဲကျော်စွာထံ တင်လျှောက်ကြသည်။ မင်းရဲကျော်စွာလည်း လွန်စွာအမျက်ထွက်သည်။

'ကောင်းပြီ၊ အဲမွန်ဒယာက မြေလျှိုးမိုးပျံနိုင်လို့လား၊ ကိုယ်ပျောက်ဝိဇ္ဇာမို့လား။ ကောင်းကင်ကလည်း ငှက်တစ်ကောင်မျှ မပျံစေနှင့်။ လေးနှင့်သာပစ်သတ်။ မြေအောက်ကလည်း အင်မတန်သေးငယ်တဲ့ တိရစ္ဆာန်ကလေးတောင် ထွက်ခွင့်မရအောင် ကျပ်ကျပ်ဂရုစိုက်ကြ။ သတိကြီးစွာထားကြ။ အဲ…တစ်ယောက်ယောက်ရဲ့ တာက လွတ်ထွက်သွားတယ်ဆိုရင် တာဝန်ကျဗိုလ်မင်းကို အပြစ်ယူမည်။ နေ့ညမပြတ် စောင့်ကြပ်ကြစေ'ဟု ကျပ်တည်းစွာ အမိန့်တော် ချမှတ်သည်။

မြန်မာတို့ဘက်မှ သူရဲများလည်း အဲမွန်ဒယာလွတ်ထွက်မသွားအောင် သတိကြီးစွာထားပြီး စောင့်ကြပ်နေကြသည်။

နံနက်မိုးသောက်ပြီး အလင်းရောင်ဖြာလာသည်နှင့် မြို့တံခါးဖွင့်ပြီး ထမ်းစင်တစ်ခုကို လူလေးယောက်ထမ်းပြီး ထုတ်လာသည်။ ထမ်းစင်မှာ ငှက်ပျောပင်နှင့် ပြုလုပ်ထားသော ငှက်ပျောဖောင်ဖြစ်၏။ ဖောင်ပေါ်တွင် ဝါးကပ်တစ်ချပ်ခင်းထားသည်။ ဝါးကပ်ပေါ်တွင် အသုဘအလောင်းကောင် တင်ထားသည်။ ခေါင်းရင်းဘက်တွင် မြေပန်းကန်နှင့် ဆန်တစ်ခွက်၊ ကြက်တစ်ကောင်ထားပြီး ဆီမီးတစ်တိုင် ထွန်းထားသည်။ (မြန်မာပေမူမှ ယူထားခြင်းဖြစ်သည်။ ငှက်ပျောဖောင်ပြင်ဆင်ပုံ မွန်စာပေနှင့် ကွဲလွဲသည်။)

ငှက်ပျောဖောင်ဘေးမှ ဦးပြည်းရိတ်ထားသော မိန်းမတစ်ယောက်လိုက်လာသည်။ ထိုမိန်းမသည် ဝမ်းနည်းပက်လက်ပြောငိုငိုပြီး လိုက်ပါလာသည်။

'အမယ်လေး…ကျေးဇူးရှင်ကြီးရဲ့။ ကျုပ်ကိုပစ်ပြီး ရှင်တစ်ယောက်တည်း သွားတော့မှာလား။ အေးအတူပူအမျှ ကျုပ်နဲ့အတူ ဒီစစ်ဘေးက လွတ်အောင်ပြေးကြမယ်ဆို။ အခုတော့ စစ်ကြီးမပြီးခင်မှာ ကျောက်ရောဂါနဲ့ ကပ်ဆိုက်ပြီး သေရက်လေခြင်း။ ရှင့်အလောင်းကို မြေမြှုပ်လို့လည်း မရပါလား။ ရိုးရို

ကနဲ့ သေရင်တောင် ကျုပ်ကျေးဇူးရှင်သခင့်အလောင်းကို ထုံးစံအတိုင်း သဂြိုဟ်နိုင်သေးတယ်။ သည်စစ်ဘေးက လွတ်အောင် ကျုပ်တစ်ယောက် ည်း ဘယ်လိုပြေးရပါ့မလဲ။ ကျုပ်ကိုပါ တစ်ခါတည်း ခေါ်သွားပါတော့လား’ ရင်ဘတ်စည်တီး ငိုကြီးချက်မဖြင့် လိုက်ပါလာသည်။

ရေဆိပ်သို့ရောက်သောအခါ အလောင်းကောင်ကို ထမ်းလာသူများ ည် ငှက်ပျောဖောင်ကို ရေကြောင်းသို့ရောက်အောင် မျှောချကာ မြို့တွင်းသို့ ဝင်သွားကြလေသည်။

မြန်မာကင်းသမားများလည်း ကင်းလှေအနီးသို့ မကပ်စေဘဲ ငှက်ပျော င်ကို ဝေးဝေးရောက်အောင် ဝါးလုံးရှည်ဖြင့် ထိုးထုတ်လိုက်ကြလေသည်။

ငှက်ပျောဖောင်သည် မြန်မာတပ်များကို လွန်လာသည်။ မြစ်ကွေ့တစ် ကွေ့လွန်လာသည်နှင့် ဖောင်ပေါ်မှ အလောင်းကောင်သည် ငှက်ပျောဖောင်ကို မ်းသို့ရောက်အောင် အမြန်လှော်ခတ်သည်။ ကမ်းစပ်သို့ရောက်သည်နှင့် ဖောင် ါ်တွင် ပါလာသော ဓားကို ဆွဲကာ ကုန်းမြေပေါ်သို့ တက်လိုက်သည်။ သူကား အဲမွန်ဒယာပင်တည်း။

အဲမွန်ဒယာသည် သန်လျင်သို့ရောက်အောင် ပြေးခဲ့ပြီး ရာဇာဓိရာဇ်ထံ စားဝင်သည်။ ရာဇာဓိရာဇ်က မြို့တွင်းမှ မည်သို့ ထွက်လာကြောင်း မေးတော် သည်။

အဲမွန်ဒယာက ကပ်ရောဂါဖြင့် သေသူဟန်ဆောင်ပြီး မြို့တွင်းမှ ထွက် နိုင်ကြောင်း အစအဆုံး စေ့စုံစွာ လျှောက်တင်သည်။

‘လိမ်မာပါးနပ်ပါပေတယ်။ မင်းနှင့်တူသူ ဤဇမ္ဗူမှာ မရှိနိုင်ဘူး’ဟု မွမ်းတော်မူပြီး ဆုလာဘ်များစွာ ပေးတော်မူသည်။

မင်းရဲကျော်စွာတို့ဘက်မှ သူရဲများက အဲမွန်ဒယာမြို့ထဲမှ ထွက်သွားပြီ မသိကြပေ။ မြို့တွင်းမှာပင် ရှိနေသေးသည်ဟု ထင်ကာ မြို့တံခါးအနီးသို့ းက ‘အဲမွန်ဒယာ ဘာကြောင့် ထွက်မလာသေးသနည်း။ ခေါင်းဖြတ်ခံရမည် ၍ မထွက်ဝံ့သလော’ဟု ဟစ်အော်ကြသည်။

မြို့ရိုးထက်တွင်ရှိကြသော မွန်သူရဲများက ဟက်ဟက်ပက်ပက်ရယ် ပြီး . . .

‘ငမိုက်သားတွေ၊ ယမ နေ့ကတည်းက အဲမွန်ဒယာထွက်သွားတာ

မင်းတို့မမြင်လိုက်ကြပြီလော။ ယခုဆိုလျှင် သန်လျင်ရှိ သူ့ရှင်ရာဇာဓိရာဇ်ထံသို့ ရောက်နေပြီ။ မယုံကြည်ပါက သွားကြည့်ကြလေ'ဟု ဆိုသည်။

ဤတွင် မင်းရဲကျော်စွာသည် လက်ယာထောင်မှူးကို လက်ဆောင်ပဏ္ဏာများနှင့်တကွ သန်လျင်သို့ စေလွှတ်သည်။ သန်လျင်သို့ရောက်သည့်အခါ အဲမွန်ဒယာကို အမှန်ပင် တွေ့ရသည်။ မင်းရဲကျော်စွာက ရွှေကနှင့် မြင်းတစ်စီးကို ဆုအဖြစ်ပေးလိုက်ကြောင်း လျှောက်တင်ကာ ပြန်ခဲ့လေတော့သည်။

လက်ယာထောင်မှူးလည်း မင်းရဲကျော်စွာထံ ပြန်လာပြီး အဲမွန်ဒယာကို အမှန်ပင် တွေ့မြင်ခဲ့ကြောင်း လျှောက်တင်သည်။

မင်းရဲကျော်စွာလည်း များစွာ အံ့သြသွားသည်။

'အဲမွန်ဒယာသည် သာမန်လူမဟုတ်။ သူမတူအောင် စွမ်းဆောင်နိုင်သည်။ မွန်သူရဲကောင်းများသည် အစွမ်းသတ္တိရှိသည်။ ဉာဏ်ပညာကြီးသည်' ဟု ချီးမွမ်းတော်မူသည်။

* * *

# အခန်း (၉)

## မင်းရဲကျော်စွာ၊ ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့၏ နောက်ဆုံးနေ့

မင်းရဲကျော်စွာသည် မွန်တို့၏ အရည်အသွေးကို သိသွားပြီ။ မွန်တို့၏ စွမ်းသတ္တိနှင့် ဉာဏ်ပညာကြီးမားပုံကိုလည်း နားလည်သဘောပေါက်ပြီ။ မွန်တို့မြို့ကို တာရှည်ဝိုင်းရံထား၍ မဖြစ်ကြောင်း စဉ်းစားမိသည်။

ထို့ကြောင့် မွန်တို့နှင့် အမြန်တိုက်မှ ဖြစ်မည်ဟု သေနာပတိများကို မိန့်တော်မူသည်။

တိုက်ပွဲကား စပြီ။ မြန်မာတို့သည် ဟံသာဝတီမြို့ရိုးပေါ်သို့ လှေကား ထောင်ပြီး တက်ကြသည်။ အချို့က ကွင်းဆက်သံကြိုးကို မြို့ရိုးပေါ်ပစ်တင် ပြီး တက်ကြသည်။

မြို့တွင်းမှ ဟံသာဝတီသားတို့ကလည်း ဓား၊ လှံ၊ လေး၊ မြားတို့ဖြင့် အစွမ်းကုန်ခုခံတိုက်ခိုက်ကြသည်။ နှစ်ဖက်စလုံး အကျအဆုံးများကြသည်။ မင်းဝဘက်မှ ကြိုးစားပြီး အကြိမ်ကြိမ်တိုက်ခိုက်သော်လည်း ဟံသာဝတီမြို့တွင်းသို့ မဝင်နိုင်ပေ။

မွန်တို့ဘက်မှ ဟူးရားများက မင်းရဲကျော်စွာ၏ သက်တမ်းကို တွက် ချက်ပြီး မည်သည့်နေရက်တွင် သက်တမ်းကုန်ဆုံးမည်ဟု ဟောကိန်းထုတ်ကြ သည်။

မြန်မာဟူးရားများကလည်း မင်းရဲကျော်စွာ၏ ဇာတာတော်မသန့်သော ကြောင့် စစ်မထွက်ရန် တားမြစ်ကြသည်။ မင်းရဲကျော်စွာက နာယူတော်မမူပေ။ သေရည်နှင့် သားငါးများကို ပြင်ဆင်စေပြီး မှူးမတ်များ၊ မြန်မာသူရဲများကို သောက်စားစေသည်။ မင်းရဲကျော်စွာကိုယ်တိုင်လည်း ခါတိုင်းထက် ပိုမို၍ သေရည်သောက်သုံး၏။

အဆိုးဆုံးမှာ ကိုယ်တိုင်စီးမည့် ဆင်တော်ငချစ်ခိုင်ကို အရက်သုံးအင် တိုက်ခြင်းပင်ဖြစ်သည်။ ယခင်နှစ်အင်တိုက်ရာမှာ ယခု သုံးအင်တိုက်လိုက်သည့် အခါ ပင်ကိုအသိစိတ်ပျောက်သွားတော့သည်။

မင်းရဲကျော်စွာ ထွက်မလာသဖြင့် ဟံသာဝတီသားတို့က လှောင်ကြ ပြောင်ကြသည်။ ဤတွင် မင်းရဲကျော်စွာလည်း ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။ သေနာပတိများ၊ ဟူးရားများ အတန်တန်တားသော်လည်း မရတော့ပြီ။ ချစ်ခိုင်ကို စီးပြီး ထွက်လာသည်။ စစ်အင်္ကျီမပြည့်စုံဘဲ ထွက်လာသည်ကို မြင်လျှင် ရာဇာဓိရာဇ်သည် သားတော်နှစ်ပါးခြံရံလျက် ချီတက်လာသည်။ အင်းဝနှင့် ဟံသာဝတီ သဲသဲမဲမဲ တိုက်ကြသည်။ ဆင်တော်ချစ်ခိုင်သည် ဓား၊ လှံ၊ လက်နက်များစွာ ထိထားသဖြင့် အလွန်နာကျင်နေသည်။ သောက်ထားသော သေရည်ကြောင့်လည်း အလွန်မူးယစ်နေသည်။

ထို့ကြောင့် ချစ်ခိုင်သည် သူ့သခင်မင်းရဲကျော်စွာကို ခါချလိုက်သည်။ မင်းရဲကျော်စွာလည်း ဆင်ပေါ်မှ ကျပြီး ပေါင်တော်ကို ဆင်ထိချေသည်။ ရရှိသည့်ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် မတ်တတ်ရပ်၍ မရ။ လမ်းလည်း မလျှောက်နိုင်တော့ပေ။ လေးဖက်တွား၍ ရွှေလျားကာ ခုနှဲပင်အောက်တွင် ဝင်နေသည်။

မင်းရဲကျော်စွာ၏ ဆင်တော် ကုန်းလယ်တင် နန္ဒသူရိယလည်း ဆုံးသည်။ ဆင်တော်နောက်ထိုင် နေတ်တော်မှူ မသေမပျောက်ကျန်ရစ်သည်။ မင်းရဲကျော်စွာကို ရှာကြရာ ခုနှဲပင်အောက်တွင် တွေ့ကြသည်။

ရာဇာဓိရာဇ်က ရွှေဝေါယာဉ်ဖြင့် မင်းရဲကျော်စွာကို တင်ယူစေသည်။ ဆေးဝါးများဖြင့် ကုသပေးသော်လည်း မင်းရဲကျော်စွာက ဟံသာဝတီဆေးကို ငါမသောက်၊ ဟံသာဝတီထမင်းကို ငါမစား၊ ငါ့ကို သတ်ဖို့သာ စီရင်ပါတော့ဟု ဆိုသည်။

သက္ကရာဇ် ၇၇၈ ခု၊ တန်ခူးလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ညတွင်ပင် အနာသည်းလာပြီး မင်းရဲကျော်စွာ အနိစ္စရောက်လေတော့သည်။

ဘုရင်မင်းခေါင်လည်း သားတော်မင်းရဲကျော်စွာ ကျဆုံးကြောင်း သိရလျှင် များစွာ ယူကျုံးမရဖြစ်သည်။ ငါ့အသည်းနှလုံးကဲ့သို့ ချစ်သော သားတော် ကျဆုံးသွားသည်မှာ ငါ့ယာဘက်မျက်လုံး ပျက်စီးသွားသည်နှင့် အတူတူပင်။ ဗိုလ်မင်းများက ငါ့သားတော်ကို ခေါ်ပြီး သတ်ပစ်ခဲ့ကြသည်။ ငါနာကြည်းလှသည်ဟု မိန့်တော်မူသည်။

အမတ်ကြီးနန္ဒမိတ်က 'ရာဇာဓိရာဇ်နှင့် သားတော်မင်းရဲကျော်စွာတို့

င်စီးချင်းတိုက်ခိုက်ရန် ချိန်းဆိုသည့်နေ့သည် သားတော်၏ ဇာတာမသန့်သည့် ်က်ဖြစ်ကြောင်း၊ ဟူးရားများက အကြိမ်ကြိမ်တားမြစ်ပါသော်လည်း သားတော် မနာယူသောကြောင့် ကျဆုံးရခြင်းဖြစ်ကြောင်း၊ ယခုပွင့်လင်းရာသီတွင် ဇာမိရာဇ်ကို တိုက်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း လျှောက်တင်သည်။

ဘုရင်မင်းခေါင်လည်း အမတ်ကြီးနန္ဒမိတ်လျှောက်တင်ချက်အရ ဟံသာ ်သို့ ရေအား၊ ကြည်းအား စုန်တော်မူသည်။

ဒလတွင် အစောင့်အနေထားသော ဟံသာဝတီမင်းသား ဗညားရံနှင့် ားဒလတို့လည်း အင်းဝတပ်များ နီးကပ်လာမှ သိသဖြင့် မြင်းစီးပြီး ထွက်ပြေး ်မြောက်သွားသည်။

အင်းဝနှင့် ဟံသာဝတီစစ်ကား မပြီးဆုံးသေးပေ။ သက္ကရာဇ် ခုနစ်ရာ ်ဆယ့်ကိုးခုသို့ ရောက်လာသည်။ အင်းဝတပ်က ဒလကို လုပ်ကြံစည်။ ုပါ။ ဒဂုန်သို့ ချီ၍ လုပ်ကြံသည်။ ရာဇာဓိရာဇ်၏ သားတော် ဒဂုန်စား ားစက်နှင့်တကွ တစ်မြို့လုံးရသည်။ ဗညားစက်နှင့်တကွ မှူးမတ်များပါ းဆီးခေါ်ဆောင်၍ အင်းဝသို့ ပြန်တော်မူသည်။ ဗညားစက်ကို မိမိသားတော် ်သို့ ထားသည်။ ဟံသာဝတီမင်း၏ သားတော်ကို ရသဖြင့် ငါ့စိတ်နှလုံး ်ပြေပြီး ဟံသာဝတီကို ငါတိုက်ခြင်းမပြုတော့ဟု မိန့်တော်မူသည်။

အင်းဝနှင့် ဟံသာဝတီ ပဒေသရာဇ်အချင်းချင်း အားပြိုင်ကြသော ်မှာ သုံးဆယ့်ခြောက်နှစ်ကြာသည်။ သမိုင်းတွင် အနှစ်လေးဆယ်စစ်ပွဲ၍ ်ရှားသော စစ်ပွဲသည် ဘုရင်မင်းခေါင်လက်ထက်တွင် ပြီးဆုံးသွားလေတော့ ည်။

ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ စစ်မတိုက်ဘဲ နေရသဖြင့် ဘုရင်မင်း ်၏ဘဝမှာ အေးချမ်းသွား၏။ သို့သော် လေးနှစ်မျှအကြာတွင် နာမကျန်း ်သည်။ ရောဂါဝေဒနာ တဖြည်းဖြည်း ဖိစီးလာသည်။ သမားတော်ကြီးများ ်စားကုသပါသော်လည်း သက်သာသည်မရှိပါ။ တစ်ဆယ့်ငါးရက်ဝေဒနာ ်ရပြီး ဘုရင်မင်းခေါင်နတ်ရွာစံတော်မူသည်။

အင်းဝဘုရင်မင်းခေါင် နတ်ရွာစံပြီဖြစ်ကြောင်း မွန်ဘုရင်ရာဇာဓိရာဇ် ်ားလျှင် စိတ်နှလုံးမသာမယာဖြစ်တော်မူသည်။ မိဖုရားများက…

'ဘုရင်မင်းခေါင်ဟာ သူ့ရှင်ရဲ့ယောက်ဖလည်း တော်တယ်။ ယောက္ခမ

လည်း တော်တယ်။ ယခုဘုရင်မင်းခေါင်နတ်ရွာစံပြီမို့ သူ့မိဖုရား၊ ကိုယ်လုပ် မောင်းမများကို သိမ်းပိုက်တော်မူပါဦးလား'ဟု ပြက်ရယ်ပြုကြသည်။

'ညည်းတို့ ငါ့ကို ပြက်ရယ်ပြုကြပါ။ လှောင်ကြ၊ ပြောင်ကြပါ။ နန်းတက်စကတည်းက ငါ့အာဏာရှိဖို့၊ ငါ့ဂုဏ်သိမ်ကြီးမြင့်ဖို့ပဲ လုပ်ခဲ့တယ်။ ငါ့လောဘ၊ ဒေါသ၊ မောဟတွေကြောင့် ပြည်သူ့အသက်ပေါင်းများစွာ သေကျေခဲ့ရတယ်။ မြို့တွေ၊ ရွာတွေ စစ်တလင်းဖြစ်ခဲ့ရတယ်။ အခု ငါအသက်ကြီးပါပြီ။ ပခုံးတစ်ဖက်က ညည်းတို့ကို ထမ်းပြီး ကျွေးမွေးမယ်။ အခြားတစ်ဖက်က ကုသိုလ်ကောင်းမှုတွေ ပြုပြီး သံသရာစီးပွားအတွက် လုပ်ရတော့မယ်'

'စိတ်ရဲ့အညစ်အကြေးတွေကို ဖယ်ရှားကင်းစင်စေပြီး သံသရာစီးပွားကိုသာ ရှာကြံတော့မယ်လို့ မိန့်ကြားသံကို နားဆင်ရတဲ့အတွက် နှလုံးစိတ်ဝမ်း ချမ်းမြေ့ရပါတယ် ခမည်းတော်ဘုရား'

ရာဇာဓိရာဇ်၏ သလွန်တော်အနီးတွင် ခစားနေသော သမီးတော်ရှင်စောပုက လျှောက်တင်လိုက်သည်။

'စိတ်ချမ်းသာရပါစေ့မယ်လို့ ခမည်းတော်က ကတိပြုပါတယ်ကွယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မီးသုံးမီး လောင်မြိုက်နေတာကြောင့် သမီးတော်နဲ့ တကွ ဖတဆိုးမြေးကလေးတွေကို လျစ်လျူရှုခဲ့တယ်။ ဖခင်တို့ ထမ်းဆောင်ရမယ့် ဝတ္တရားတွေလည်း ပျက်ကွက်ခဲ့တယ်။ အဲဒီအပြစ်တွေအတွက် ခမည်းတော်ကို ခွင့်လွှတ်ပါ သမီးလေးရယ်'

'အပြစ်ရယ်လို့ တစ်ကြိမ်တစ်ခါမျှ မယူဆမိကြောင်းပါဘုရား'

'သာဓု သာဓု သာဓုပါကွယ်'

■ ■ ■ ■ ■

သံသရာစီးပွားအတွက်သာ ရှာကြံတော့မည်ဟု ဆိုစေကာမူ ရာဇာဓိရာဇ်သည် ဝါသနာကိုမူ မစွန့်လွှတ်နိုင်ပေ။ တစ်ချိန်တွင် လပွတ်သလွတ်တော်၌ လွန်စွာအဆင်းလှသော ဆင်တစ်စီးရှိကြောင်း သတင်းကြားလျှင် ဆင်ကြော့ထွက်တော်မူသည်။ ဆင်ကို ကြော့မိလျှင် ငင်၍ ထုတ်ရာ ပေါင်တော်ကို လွန်ချုပ်မိလေသည်။ လွန်ရှသွားသောဒဏ်ရာမှာ အရိုးကိုပင် ထိသွားသည်။ ဝေဒနာ

းထန်သဖြင့် နာကျင်ကိုက်ခဲလှ၏။ ထို့ကြောင့် တဲရှင်တော်အမြန်ဆောက်၍ ရှင်ထက်တင်ပြီး အမြန်ပြန်ခဲ့ကြသည်။ ဟံသာဝတီသို့ အမြန်ဆုံးရောက်ရန် မှ ဆင်ဆယ်စီးကို လမ်းထွင်ပြီး သွားစေသည်။

'ငါ့အနာသည်းလှသည်။ မပျောက်နိုင်တော့ပြီ။ ငါ့ကိုယ်ထဲမှာ လောင်နေသလို ပူလှသည်။ ငါ့သားတော်များကို ခေါ်၍လည်း မီတော့မည် ဟုတ်။ ငါကံတော်ကုန်လျှင် နန်းစည်းစိမ်ကို ဆက်လက်ခံစားမည့် သားတော် ဗညားကျန်းကို ကူညီကြပါ။ သားတော်လတ်ဗညားရံလည်း နောင်တော်ကို ရိုးရိုင်းပင်းပါ' ဟု မှူးမတ်သေနာပတိ ဒေါဗညား (မွန်အမှူးအမတ်)တို့အား ကြားတော်မူသည်။

ပြီးလျှင် သားတော်အငယ် အစုရာဇာကိုလည်း 'ခမည်းတော်ကံကုန် ပါက နောင်တော်ကြီးအား ခမည်းတော်အလား ရိုသေလေးစားရမည်။ မင်း နောင်အချင်းချင်း စည်းစည်းလုံးလုံးနေကြပါ။ ဟံသာဝတီမြို့ရွာနိုင်ငံများကို ခံ့မြဲမြံအောင် စောင့်ထိန်းပါ' ဟု မှာတော်မူသည်။

မင်းကြီး၏ ဒဏ်ရာသည် သက်သာသည်မရှိ။ သမားတော်လေးဦး သည် တဲရှင်ပေါ်တွင် လိုက်ပါပြီး ကြပ်မတ်ကုသကြသည်။ သို့သော် မင်းကြီး သည်လမ်းခရီးမှာပင် ကံတော်ကုန်ရှာသည်။ ရုပ်အလောင်းတော်ကို ဝေါတော်ပေါ် ပြောင်း၍ သယ်ဆောင်လာကြသည်။ ကမာသမိန်ပိုက်အရပ်သို့ ရောက်လျှင် များ၊ ကိုယ်လုပ်တော်၊ မောင်းမ၊ သားတော်၊ သမီးတော်၊ မှူးမတ်ဗိုလ်ပါများ က်ကြိုကြသည်နှင့် ဆုံမိကြသည်။

ရာဇာဓိရာဇ်၏ ရုပ်အလောင်းတော်ကို ရှေးထုံးစဉ်လာအတိုင်း ပြင်ဆင် ထိုအရပ်မှာပင် မီးသဂြိုဟ်ကြသည်။ မှူးကြီးမတ်ရာသေနာပတိမှစ၍ အားလုံး နည်းကြေကွဲ၍ ငိုကြွေးကြသည်။

ခမည်းတော်၏ ရုပ်ကလာပ်တော်ကို နံ့သာထင်းမီးတောက်များ ဝါးမျို သည်ကို ကြည့်ရင်း ရှင်စောပုသည် ရင်ထဲတွင်ဆို့နင့်ကာ မျက်ရည်ဖြိုင်ဖြိုင် လာသည်။

* * *

# အခန်း (၁၀)
# သည်းအူကြွေလု ရှင်စောပုဘဝ

အင်းဝဘုရင်မင်းခေါင် နတ်ရွာစံပြီးနောက် အိမ်ရှေ့မင်းသား သီဟသူသည် 'သီဟသူရမဟာဓမ္မရာဇာ'ဘွဲ့ခံယူ၍ မိဖုရားစောမင်းလှနှင့်အတူ နန်းတက်တော်မူသည်။

အစဉ်အလာအရ ခမည်းတော်ဘုရင်မင်းခေါင်၏ မိဖုရားရှင်ဘို့မယ်ကိုလည်း မိဖုရားကြီးအဖြစ် ဆက်လက်မြှောက်စားတော်မူသည်။

သီဟသူနန်းတက်စမှာပင် အထိန်းတော်မြေဒူးစားဥတ္တမသီရိဇေယျာသူရနော်ရထာက မြစ်အတွင်းမျောလာသည့် လေးတောင်ပြည့် ဆင်ဖြူတော်တစ်စီးဆက်သသည်။ ပြည်စားမင်းရဲကျော်စွာအမည်ခံ စောရွှေခက်ကလည်း ဆင်ဖြူတစ်စီးဆက်လာသည်။ ထို့ကြောင့် ဆင်ဖြူရှင်ဘွဲ့ခံယူကာ 'ဆင်ဖြူရှင်သီဟသူ' ဟူ၍ တွင်လာသည်။

ရှေးမင်းတို့၏ အစဉ်အလာအတိုင်း နန်းတက်သည်နှင့် မင်းမှုထမ်းများကို ဆုလာဘ်များပေးသည်။ ရာထူးတိုးမြှင့်မြှောက်စားသည်။ သို့ဖြင့် ကျွန်တော်ရင်းဖြစ်သော မြို့တောင်စားကို ရဲလှေ (မိကျောင်းသဏ္ဍာန်ရှိ၍ လျှင်မြန်စွာလှော်ခတ်သွားလာနိုင်သော စစ်လှေ)ဆယ်စင်းနှင့်တကွ ပဒုံမြို့ကို စားစေသည်။

မိုးညှင်းသတိုး၏ သားအငယ်ကို အင်းဘဲရွာ စားစေ၏။ ထို့ပြင်စားတော်ကွမ်းရေကိုင် (မင်းဧကရာဇ်သုံးဆောင်တော်မူသည့် ကွမ်းနှင့် ရေတို့ကိုကိုင်ဆောင်လိုက်ပါရသည့် အမှုထမ်း)ရသည်။ ထိုစဉ်က အင်းဘဲစားလေး၏အသက်မှာ ကိုးနှစ်မျှသာ ရှိသေးသည်။ ကွမ်းရေကိုင်ရာထူးမှာ မြင်သမျှလူကိုခန့်ထားလေ့မရှိပါ။ အဝေးအရာရှိများ၊ မြို့စားများ၏ ညီ၊ သား၊ စသောဂုဏ်သရေရှိလူများကိုသာ ခန့်ထားလေ့ရှိ၏။ အဝေးအရာရှိများ၊ မြို့စားများပုန်စားခြားနားခြင်းမပြုရန် စီမံထားခြင်းဖြစ်သည်။

ဆင်ဖြူတစ်စီးဆက်သသော ပြည်စားစောရွှေခက်ကိုလည်း ပြည်မြို့မှနုတ်၍ သာယာဝတီမြို့ကို စားစေသည်။ ပြည်မြို့တွင် လစ်လပ်သွားရာ စောရွှေခက်၏ သမက် မင်းမဟာကို ပြည်၌ ခန့်ထားတော်မူသည်။

ယင်းသို့ ရာထူးရွေ့ပြောင်းခြင်း၊ ခန့်အပ်ခြင်းစသည့် နန်းတွင်းရေးရာများ ဆောင်ရွက်နေရသဖြင့် များစွာ အလုပ်ရှုပ်နေသည်။ နန်းတက်စမင်းတို့၏ းအတိုင်း တဘက်ဆွဲအရပ်တွင် ကျောင်းဆောက်လုပ်လှူဒါန်းသည်။ ယင်း ာင်းနေ သံဃာတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသည်။ ာင်းပျက်လျှင် ပြုပြင်ရန် မြေလှူသည်။ ထိုကျောင်းရေစက်ချပွဲတွင် ဘုရင် ာသူသည် မိဖုရားရှင်ဘို့မယ်ကိုသာ ရေစက်ခွက်ကိုင်စေသည်။ ရှင်ဘို့မယ် ာ ရှေ့တန်းတင်လွန်းသဖြင့် မိဖုရားစောမင်းလှ မခံမရပ်နိုင်အောင် နာကြည်း သည်။ နန်းတော်ထဲ နေရသည်မှာ စိတ်ဆင်းရဲလှ၏။ ထို့ကြောင့် ရွှေစေတီ ာက်ဘက်တွင် တန်ဆောင်းကြီးတစ်ဆောင် ဆောက်လုပ်ပြီး နေတော်မူသည်။ အချိန်မှစ၍ 'တန်ဆောင်းရှင် စောမင်းလှ' ဟူ၍ ခေါ်တွင်လေသည်။

ဟံသာဝတီ၌လည်း ဘုရင်ရာဇာဓိရာဇ် နတ်ရွာစံပြီဖြစ်၍ သားတော် ကြီး ဗညားဓမ္မရာဇာ နန်းတက်တော်မူသည်။ ညီတော် ဗညားရံနှင့် ဗညားကျန်း ာ ဒဂုန်နှင့် သန်လျင်မြို့များမှနေ၍ ထောင်လွှားခြားနားကြသည်။

ဗညားဓမ္မရာဇာကား အမြော်အမြင်ရှိသည်။ အလိမ္မာသုံး၍ ညီတော် ကို ချော့မော့ခေါ်ယူသည်။ ဤတွင် ညီတော်ဗညားရံသည် နောင်တော် းဓမ္မရာဇာ၏ ခြေတော်ရင်းသို့ ခိုဝင်လာသဖြင့် အိမ်အရှေ့အရာ ပေးတော်မူ ည်။

ညီတော် ဗညားကျန်းကား နောင်တော်ကို ဆက်လက်၍ ပုန်ကန်သည်။ ်တော်ထံ ခိုဝင်ခြင်းမပြုဘဲ ဒဂုန်တွင်ပင် အခိုင်အမာနေသည်။ အင်းဝဘုရင် ဖြူရှင်သီဟသူထံ အမတ်ကြီးနှစ်ဦးကို စေလွှတ်၍ ဒလမြို့ကို လုပ်ကြံပေးပါ စ်ကူတောင်းသည်။

အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူသည် ဗညားကျန်းတောင်းဆိုသည်ကို ခံတော်မူသည်။ ရာဇသကြိန်နှင့် တုရင်ပညာတို့ကို စစ်သည်အလုံးအရင်းနှင့် စေလွှတ်သည်။ ဒဂုန်သို့ ရောက်လျှင် အင်းဝတပ်နှင့် ဗညားကျန်း၏ ား ပေါင်းပြီး ဒလသို့ ရေကြောင်း၊ ကြည်းကြောင်းချီ၍ လုပ်ကြံကြသည်။ ြို့တွင် သမိန်မောခွင်၊ သမိန်ပွန်စည်တို့ ကောင်းစွာမခုခံနိုင်သဖြင့် တစ်မြို့လုံး ရသည်။

အင်းဝတပ်မှ တပ်မှူးများသည် ဒလမြို့တွင်းရှိ ဆင်၊ မြင်း၊ လက်နက်

တို့ကို သိမ်းယူကြသည့်အပြင် သူဌေးသူကြွယ်တို့၏ ရတနာရွှေငွေများကိုပါ သိမ်းယူသွားကြသည်။ မြို့နေ ယောက်ျား၊ မိန်းမများကို အင်းဝသို့ ခေါ်ယူသွားရန် လှေပေါ်သို့ တင်ကြသည်။ ဤသည်ကို ဗညားကျန်းမြင်လျှင် ရွှေငွေရတနာ လက်နက်ကိရိယာတို့ကိုသာ ယူသင့်သည်။ လူကိုမူ သိမ်းယူခြင်းမပြုသင့်ဟု တားဆီးသည်။ ထိုအခါ အချင်းများကြသည်။ ဗညားကျန်းလည်း နောင်တော် ဟံသာဝတီဘုရင် ဗညားဓမ္မရာဇာထံ တစ်ဖက်လှည့်၍ စစ်ကူတောင်းကာ အင်းဝစစ်သည်တို့ကို တိုက်ခိုက်ပြန်သည်။ အင်းဝစစ်မှူးရာဇသင်္ကြန် ကျဆုံးသွား၏။ ဤတွင် စစ်မှူးတရင်ပညာလည်း ရသမျှစစ်သည်ရဲမက်များကို စုရုံး၍ အင်းဝသို့ ပြန်လေသည်။ ဟံသာဝတီထီးနန်းအတွက် လှုပ်ရှားနေသော ဗညားကျန်းလည်း မိမိအခြေမခိုင်တော့မှန်း သိသဖြင့် မုတ္တမသို့ ထွက်ပြေးလေတော့သည်။

အိမ်ရှေ့ဥပရာဇာ ဗညားရံသည် နောင်တော်ဗညားဓမ္မရာဇာက ဗညားကျန်းအား စစ်ကူရမည်လောဟု မကျေနပ်ဖြစ်သည်။ ထို့ကြောင့် မိမိနှင့် သဘောကိုက်ညီသူများကို စုရုံးခေါ်ဆောင်ကာ ဒဂုန်သို့ပြောင်းရွှေ့သည်။ ဒဂုန်ရောက်လျှင် စစ်အင်အားဖြည့်တင်းလျက် တစ်သီးတခြား စံနေသည်။

အင်းဝဘုရင်ဆင်ဖြူရှင်သီဟသူသည် ဟံသာဝတီမှ ဗညားဓမ္မရာဇာ ဗညားရံနှင့် ဗညားကျန်းတို့ ညီနောင်သုံးပါး စိတ်ဝမ်းကွဲပြားနေကြသည်ကို ကြားသိရလျှင် ဟံသာဝတီသို့ ချီတက်ရန် စီစဉ်သည်။ မိုးညှင်းသတိုးကို ဗိုလ်ချုပ်ခန့်အပ်၍ တပ်ရစ်တပ်ကို အုပ်ချုပ်စေကာ ကြည်းကြောင်းဖြင့် ချီ သည်။ ကလေးကျေးတောင်ညိုကိုလည်း ဗိုလ်ချုပ်ခန့်၍ တပ်ငါးတပ်ဖြင့် ရေ ကြောင်းက ချီစေသည်။

ပထမခဲပေါင်ကို လုပ်ကြံသည်။ ရလျှင် ဘုရားဒါယကာဆိုသူ မြို့စားခန့်၍ ထားခဲ့သည်။ ထိုမှ ဆက်လက်၍ ပုသိမ်ကို လုပ်ကြံသည် ပုသိမ်ကိုလည်း တိုက်ခိုက်နိုင်သဖြင့် စလင်းစားနော်ရထာကို မြို့စားခန့်သည် ပုသိမ်မှ ဒလသို့ကူး၍ လုပ်ကြံတိုက်ခိုက်ရာ အောင်ပွဲခံနိုင်ပြန်၏။ ထိုမှတစ်ဆ ဒဂုန်သို့ကူးကာ ကြည်း၊ ရေ နှစ်ဖက် ဝန်းရံပြီး တိုက်ခိုက်သည်။ အလွယ်တ မရရှိပေ။ ဝန်းရံထားသည့် ကာလမှာ တစ်လမျှ ကြာသွားပြီ။ ပြည်သူပြည်သာ များလည်း လုပ်ငန်းကိုင်ငန်းများ ပျက်ကြသည်။ ကြာလျှင် မြို့လူထုရေ

းသူရဲများပါ ရိက္ခာပြတ်၍ ငတ်မွတ်ကုန်ကြတော့သည်။

ဗညားရံသည် အခြေအနေအရပ်ရပ်ကို သုံးသပ်မိသဖြင့် များစွာ စိတ်ပူ
း၏။ နောင်တော်ဗညားဓမ္မရာဇာထံ စစ်ကူတောင်းရမည်လား၊ နောင်တော်ထံ
စစ်ကူလာ၍ တိုက်ခိုက်ကြပါက သူရဲသူခက်တွေ သေကျေပျက်စီးကြရမည်။
းချောင်းစီးရပေဦးမည်။ မိမိမြို့သူမြို့သားတွေ စစ်ဘေးစစ်ဒဏ်သင့်ကြရပေ
မည်။ စစ်တလင်းမှာ တွေ့ရမည့် အနိဋ္ဌာရုံတွေ၊ အနိဋ္ဌာရုံတွေ။ သည်တော့
ဘာလုပ်ရမလဲ။ ဦးနှောက်ခြောက်မတတ် စဉ်းစားသည်။

'ရှေးဘေးတော်ဘိုးတော်တွေလက်ထက်က သမီးပေးပြီး အမျိုးအနွယ်
က်ကြတယ်။ နှမပေးပြီး မင်းနှစ်ပါးချစ်ကြည်ရေးယူကြတယ်။ တစ်ပြည်နဲ့
စ်ပြည် ရွှေလမ်းငွေလမ်းဖောက်ကြတယ်။ ပဲခူးတရဖျား၏ သမီးရှင်စောလှ
ို မုတ္တမဝါရီရူးထံ ဆက်တယ်။ ဝါရီရူး၏ သမီး မေနှင်းသိန်ဒျာကို တရဖျား
ဆက်တယ်။ အချင်းချင်းသမီးပေးပြီး ရွှေလမ်းငွေလမ်းဖောက်ကြတယ်။
ကြာသေးခင်ကပင် ဘုရင်မင်းခေါင်က သူ့နှမတော်မင်းလှမြတ်ကို သုပဘာ
ဖိဘွဲ့ခံ၍ ခမည်းတော်ရာဇာဓိရာဇ်ထံ ဆက်သခဲ့သေးသည်ပဲ'

သည်လိုစဉ်းစားမိသဖြင့် ဗညားရံသည် ဆင်ဖြူရှင် သီဟသူနှင့် ရွှေ
မ်းငွေလမ်းဖောက်ရန် အကြံရသည်။ မည်သူ့ကို ဆက်သရမည်နည်း။ ဗညားရံ
ခေါင်းထဲတွင် လက်ခနဲပေါ်လာသည်။ သို့ဖြင့် နှမတော် ရှင်စောပုကို
ခေါ်လွှတ်လိုက်သည်။

ဗညားရံက အခေါ်လွှတ်သဖြင့် ရှင်စောပု မနေသာပြန်။ ဒဂုန်စားဗညားရံ
အိမ်တော်သို့ လိုက်ခဲ့ရသည်။ ရောက်လျှင် ဗညားရံက အင်းဝဆင်ဖြူရှင်
ဟသူနှင့် ရွှေလမ်းငွေလမ်းဖောက်လိုသည့်အတွက် ရှင်စောပုကူညီရန် နားချ
သည်။

'ဗညားရံ၊ ရက်စက်လှချေလား။ အင်းဝနဲ့ ဒဂုန် စစ်ရပ်စဲဖို့၊ ရွှေလမ်း၊
လမ်းဖောက်ဖို့ ငါ့ကို သက်မဲ့ပဏ္ဏာသဖွယ် ဆက်သမယ်ပေါ့။ မုဆိုးမလေးမို့
ကျင့်တာလား။ ငါ့ရင်သွေး၊ ဖတဆိုးလေးတွေမျက်နှာကိုမှ မထောက်တော့
လား။ အကြင်နာတရား ကင်းမဲ့လှချေလား ဗညားရံ'

'အို…ဒီလိုမဟုတ်ရပါဘူး ဖြူမလေးရယ်၊ ငါ့ကိုယ်ကျိုးအတွက် ဒီလို

ဆုံးဖြတ်တာ မဟုတ်ရပါဘူး။ တကယ်ပါ။ အခု အင်း၀တပ်တွေ ဒဂုန်ကို ဝန်းရံထားတာ တစ်လလောက်ရှိနေပြီဆိုတာ နင်လည်း အသိပါ။ ဒဂုန်မြို့စား တစ်ယောက်အနေနဲ့ ဒီအတိုင်းထိုင်နေလို့ မဖြစ်တော့ဘူး။ မြို့သူမြို့သားတွေ လုပ်ငန်းကိုင်ငန်းပျက်ကြတာ ကြာပြီ။ မကြာခင်မှာ ရိက္ခာပြတ်တော့မယ်။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲ။ မြန်မြန်စစ်ရပ်စဲမှ ဖြစ်မှာပေါ့။ နှစ်လမ်းပဲ ရှိတယ်။ တိုက်ခိုက်ပြီး ဖြေရှင်းမလား။ ရွှေလမ်း၊ ငွေလမ်းဖောက်တဲ့နည်းနဲ့ ဖြေရှင်းမလား။ အဲ…တိုက်ခိုက်မယ်ဆိုပါတော့၊ နောင်တော်ကြီး ဗညားဓမ္မရာဇာ ထံ စစ်ကူတောင်းရမယ်။ နောင်တော်ကြီးက စစ်ကူပို့မှာ အမှန်ပဲ။ တိုက်ကြ ခိုက်ကြပြီဆိုတာနဲ့ စစ်သည်တွေရော မြို့သူမြို့သားတွေပါ သေကျေပျက်စီးကြ ရမယ်။ သွေးထွက်သံယိုဖြစ်ကြရမယ်။ စစ်ဘေးစစ်ဒဏ်ကို အလူးအလဲ ခံကြရ မယ်။ အဲဒီအန္တရာယ်တွေကို ငါ့နှမ ကြည့်ရက်သလား။ ငါတို့အမျိုးတွေ အတိဒုက္ခ ရောက်ကြမှာကို လျစ်လျူရှုရက်သလား။ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော ဆိုပြီး မျက်နှာလွှဲခဲပစ်ဝံ့သလား။ ကဲ…ပြောစမ်းပါဦး’

ဗညားရံသည် နှမတော်ရှင်စောပု၏ အထာကို သိသူမို့ အညာကို ကိုင်လိုက်ပြီ။ မေတ္တာကရုဏာတရားနှင့် ပြည့်ဝသူ မေတ္တာရှင်မလေး ရှင်စောပု မငြင်းသာတော့ပြီ။

‘ကောင်းပြီလေ၊ လူ့အသက်ပေါင်းများစွာကို ကယ်တင်ဖို့ ငါလက်ခံ လိုက်မယ်။ ဒဂုန်မြို့စား ဗညားရံဂုဏ်ရှိန်မြင့်မားဖို့အတွက် မဟုတ်ဘူး။ ငါ့ အသည်းနှလုံး ငါ့ရင်သွေးလေးတွေကို ဘယ်သူ…’

ရှင်စောပု၏ ရင်ထဲတွင် ဆို့နင့်လာသဖြင့် ရှေ့ဆက်မပြောနိုင်ဘဲ သည်မှာပင် ရပ်သွားသည်။

‘နင့်ရင်သွေးလေးတွေအတွက် မပူနဲ့။ နဲတကာထော်တို့ မောင်နှမသုံး ယောက်ကို ငါ့သားသမီးအရင်းတွေလို ငါစောင့်ရှောက်မယ်။ ကျွေးမွေးပြုစု မယ်။ ကလေးတွေကို မှည့်တစ်ပေါက်မစွန်းစေရဘူး။ ငါတာဝန်ယူတယ်’ဟု ဗညားရံက ကတိပေးသည်။

ရှင်စောပု စောဒက မတက်တော့ပါ။ သမိန်စည်သူကွယ်လွန်သွားပြီး ကတည်းက ဖခင်၏ မေတ္တာရော မိခင်မေတ္တာပါ ပေါင်း၍ မိမိတစ်ယောက် တည်း ထွေးပွေ့ပြုစုလာခဲ့သည်မှာ လေးနှစ်ပင် ကြာခဲ့ပြီ။ ဖတဆိုးလေးတွေရယ်

မျက်နှာမငယ်စေရ။ အထူးသဖြင့် နုနယ်သော နှလုံးသားလေးများကို ထိရာမရစေရန် ဂရုစိုက်ခဲ့သည်။ ယခုမိခင်ဖြစ်သူကို အင်းဝဘုရင် ဆင်ဖြူရှင် ဟုသူထံ ဆက်သလိုက်ပါက ရင်သွေးငယ်ကလေးတွေဟာ 'အမိမဲ့သား ည်းငါး' ဆိုသလို မိမိမရှိသည့်အတွက် အတိဒုက္ခရောက်ကြရမှာကို စိုးရိမ် န်လှသည်။

■ ■ ■ ■ ■

ဒဂုန်မြို့စား ဗညားရံသည် မင်္ဂလာအခမ်းအနားကျင်းပရန် ပြာသာဒ်ကြီး းဆောင်ဆောက်သည်။ နှမငယ် ရှင်စောပုကို ပို့ရန် ရွှေဝေါတော်ကိုလည်း ခမ်းနားအောင် ပြင်ဆင်သည်။ ရှင်စောပုကို 'သီရိတြိဘဝနာဒိတျာပဝရအတု ဂ္ဂမဟာဓမ္မရာဇာဓိရာဇမဟာဒေဝီ' ဟူသော ဘွဲ့အမည်ပေးသည်။ ပြီးတော့ ားကြီးတို့၏ အဆောင်အယောင်များကိုလည်း ပေးသည်။ ကိုယ်လုပ်အမတ် မ်းသုံးကျိပ်၊ အထိန်းအချီ၊ မွန်အမတ်၊ မြန်မာအမတ်များအစီအစဉ်အတိုင်း ်၍ ရွှေဖောင်တော်သို့ ပို့ဆောင်ရန် အဆင်သင့်ဖြစ်ကြပြီ။

ရွှေဝေါတော်ထက်သို့ မတက်မီ ရှင်စောပုသည် ရင်သွေးငယ်သုံးဦးကို ဖက်ထားလိုက်သည်။ ကလေးငယ်များမှာ ဘာမျှ မသိရှာကြ။ အခါတိုင်းလိုပင် ဖက်ထားသည်မို့ ပျော်ရွှင်နေကြသည်။ ရင်သွေးကလေးများနှင့် ခွဲခွာရတော့မှာ ရှင်စောပုရင်ထဲမှာ ဆို့နင့်နေသည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လာ ည်။ လွှမ်းမျက်ရည်တွေ ကျဆင်းမလာစေရန် မျက်တောင်ခတ်ပြီး သိမ်းလိုက် ည်။ ပွေ့ဖက်ထားသော ရင်သွေးငယ်များကို အထိန်းတော်များ၏ လက်ထဲသို့ ပြောင်းပေးလိုက်သည်။ ရင်သွေးငယ်များ၏ မျက်နှာကလေးများကိုပင် မကြည့် ဘဲ ခန်းဆောင်ထဲမှ လှည့်ထွက်ခဲ့သည်။

သုံးနှစ်အရွယ်သားငယ်လေး ဗညားပရူ၏ 'မယ်မယ်' ဟူသော ခေါ်သံ ည် ရှင်စောပု၏ အသည်းနှလုံးကို စူးစူးရှရှ နာကျင်သွားစေသည်။

မည်သူတွေ မိမိဘေးမှ လိုက်ပါလာသည်ကို မသိပါ။ ကြည့်လည်း ကြည့်မိပါ။ ကိုယ်နှင့် စိတ် ကင်းကွာပြီး လျှောက်လှမ်းလာသည်။

'သတိထားတော်မူပါ သခင်မဖုရား၊ ရွှေဝေါယာဉ်ရှိရာသို့ ရောက်ပါပြီ'

ဟု တိုးတိုးလေး သတိပေးလိုက်သံကြားမှ အသိဝင်လာသည်။ ရှင်စောပုနေသား တကျထိုင်ပြီးသည်နှင့် ရွှေဝေါယာဉ်စတင်ထွက်ခွာသည်။ ဝေါယာဉ်သွားရာလမ်း တစ်လျှောက်တွင် ရာဇမတ်ကာထားသည်။ ဝဲယာတစ်လျှောက် ပရိသတ်များ ကျိတ်ကျိတ်တိုးနေသည်။ ပရိသတ်များသည် အင်းဝစစ်မီးကို ငြိမ်းစေသည့် သခင်မလေးရှင်စောပုအတွက် ဂုဏ်ယူနေကြသည်လား၊ သို့တည်းမဟုတ် သည် နှစ်ပြည်ထောင်ချစ်ကြည်ရေးအတွက် ရှင်စောပုကို လက်ဆောင်ပဏ္ဏာအဖြစ် ပေးလိုက်ရသောကြောင့် ဝမ်းနည်းကြေကွဲနေကြသည်လား။ ပရိသတ်၏ ရင်ထဲမှာ မည်သို့ခံစားနေရသည်ကို မသိရပေ။ ရှင်စောပု၏ ရင်ထဲမှာမူ အစ်ကိုတော် ဗညားရံ၏ ရက်စက်မှုကို နာကြည်းနေရသည်ကတော့ အမှန်ပင်ဖြစ်သည်။

မကြာမီ မွန်တူရိယာစောင်းညှင်းများ တီးမှုတ်သံကို ကြားရသည်။ တဖြည်းဖြည်း သီဆိုသံများကိုပါ ကြားရသည်။ 'သီရိတြိဘဝနာဒိတျာပရေ…' သူ့အစ်ကိုတော် ဗညားရံပေးလိုက်သည့် ရှည်လျားလှသော ဘွဲ့အမည်။ သူ့ဂုဏ်ပုဒ်တွေကို ဖွဲ့သီထားသည့် မွန်သီချင်းပေပဲ။ ရှင်စောပုအတွက်မူ သည်ရွှေနား တော်သွင်း သီချင်းသံသည် သာယာခြင်းအလျဉ်းမရှိ၊ နားဝင်ချိုခြင်း ကင်းမဲ့လှ၏။

ရွှေဝေါယာဉ်သည် မြစ်ဆိပ်သို့ ဆိုက်ရောက်လာသည်။ ဝေါယာဉ်ဆိုက် ကပ်ရာမှ အင်းဝဘုရင်၏ ရွှေဖောင်တော်ဦးအထိ လှပစွာ တန်ဆာဆင်ထားသော တံတားရှိသည်။ ရွှေဝေါယာဉ်ထက်မှ ရှင်စောပုကို ရံရွှေတော်ကလေးနှစ်ဦးက တွဲခေါ်သည်။ သူတို့နောက်က ကိုယ်လုပ်တော်အမတ်သမီးသုံးကျိပ်၊ အထိန်းအထ များ၊ မွန်အမတ်၊ မြန်မာအမတ်များ အစီအစဉ်အတိုင်း တံတားပေါ်မှ လျှောက် လှမ်းလာကြသည်။

ပန်းလှိုင်ဆိပ်တွင် လှပစွာ ဆင်ယင်ထားသော ဖောင်တစ်စီး ဆိုက်ထား သည်။ ဖောင်တော်တစ်ခုလုံး ရွှေရောင်တောက်ပနေသည်။ အင်းဝဘုရင် ဆင်ဖြူ ရှင်သီဟသူ၏ ရွှေဖောင်တော်။

အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူသည် ရွှေဖောင်တော်မှ လှမ်းမျှော် ကြည့်လိုက်သည်။ သုရှင်ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပု၏ အလှဂုဏ် သတင်းကို ယခင်ကတည်းက ကြားဖူးပြီးဖြစ်၏။ ယခုမျက်မြင်တွေ့လိုက်ရသော အခါတွင်ကား တော်ရုံလှသူမဟုတ်။ တဖက်ကင်းသော အလှ။ နတ်မိမယ် အလား ထင်မှတ်မှားရသော အလှပါလားဟု စိတ်တွင် စွဲမှတ်မိတော့သည်။

ဆင်ဖြူရှင်သီဟသူကိုယ်တိုင် ရှင်စောပုကို လက်ကမ်းကြိုဆိုပြီး ရွှေ
လွန်ဆီသို့ ခေါ်ဆောင်ကာ သူနှင့် ယှဉ်လျက် ထိုင်စေသည်။ ဖောင်တော်၏
ဘက်ပိုင်းရှိ နန်းတော်သူ နန်းတော်သား အခြွေအရံများသည် သူတို့၏
ရှင်သခင်မအသစ် မိဖုရားကြီးရှင်စောပုကို လှမ်းကြည့်ကြသည်။ ရှင်စောပု
ကြောင်း၊ ချောကြောင်း၊ ကျက်သရေရှိကြောင်း၊ သိမ်မွေ့နူးညံ့ကြောင်း စသဖြင့်
ကင်းသတင်းတွေကို အချင်းချင်း တီးတိုး တီးတိုးပြောနေကြသည်။

ဆင်ဖြူရှင်သီဟသူသည် မင်္ဂလာယူသောအနေဖြင့် မြန်မာအမတ်ကြီး
။ မွန်အမတ်ကြီးများ၊ ရွှေဖောင်တော်ထက် လိုက်ပါလာကြသူများကို **ခုနစ်ရက်**
ိုင်တိုင် ညှော်ခံကျွေးမွေးတော်မူသည်။ ခုနစ်ရက်လွန်မြောက်သည်နှင့် ရွှေဖောင်
တော်သည် အင်းဝသို့ ဆန်တက်လာသည်။ ဆင်ဖြူရှင်သီဟသူအဖို့ ဒဂုန်ကို
ိုက်ခိုက်ခြင်းမပြုရဘဲ အလိုအလျောက် လက်အောက်ခံအဖြစ် ရယူနိုင်ခဲ့ပြီ။
ဓာဓိရာဇ်၏ သမီးတော် ရှင်စောပုကိုလည်း မိဖုရားကြီးအဖြစ် သိမ်းပိုက်နိုင်
ပြီ။ ရလဒ်တွေကား အမြတ်ချည်းသက်သက်ပင်။

ဆန်တက်လာသော ရွှေဖောင်တော်သည် သာယာဝတီသို့ ဆိုက်ရောက်
သည်။ ရောက်လျှင်ရောက်ချင်း ဆင်ဖြူတော်ပေါ်ကြောင်း လျှောက်လာကြ
သည်။ ထိုသတင်းကိုရသည်နှင့် ဆင်ဖြူရှင်သီဟသူသည် မိဖုရားအသစ်စက်
က် ရှင်စောပုကို ဖောင်တော်ပေါ်တွင် ထားရစ်ကာ ဆင်ဖမ်းထွက်တော်မူသည်။
င်အစီးတစ်ဆယ်ကျော် မှူးမတ်များကို စီးစေသည်။ ရဲမက်ဗိုလ်ပါများကိုလည်း
င်ဖြူဖမ်းရန် ခေါ်ဆောင်သွားသည်။ တောတွင်းသို့ရောက်လျှင် ဆင်ကို တွေ့
သည်။ ဆင်ဖြူကို ကျော့သည့်အခါ ဆင်က အကျော့မခံဘဲ ထွက်ပြေးသည်။
င်ဖြူရှင်က ဆင်နောက်သို့ အပြင်းလိုက်တော်မူသည်။ ဤတွင် အတူလိုက်ပါ
သော မှူးမတ်များနှင့် အကွဲကွဲအပြားပြား ဖြစ်သွားသည်။ မှူးမတ်များလည်း
ရှင်သီဟသူကို မျက်ခြည်ပြတ်သွားကြသည်။

မွန်သူရဲကောင်း သမိန်ဗရမ်းသာလျှင် ဆင်ဖြူရှင်သီဟသူကို အမီလိုက်
ပြီး နှစ်ဦးသား တောနက်ထဲ ရောက်သွားသည်။ ဆင်ဖြူတော်ကိုလည်း
တွေ့တော့၊ မျက်ခြည်ပြတ်သွားသည်။ ထို့ကြောင့် သည်နေရာမှ ရွှေဖောင်တော်
 ပြန်ကြဖို့သာ ရှိတော့သည်။

ဤတွင် သမိန်ဗရမ်းလည်း အခွင့်ကောင်းရသည်နှင့် ဆင်ဖြူရှင်သီဟသူ

ကို ယခုလိုလျှောက်တင်သည်။

'ရွှေဘုန်းတော်ကြီးမြတ်တော်မူသော အင်းဝရွှေနန်းရှင်ဘုရား၊ ကျွန်တော်မျိုး အင်းဝတွင် အမှုတော်ထမ်းခဲ့သည်မှာ နှစ်ကာလကြာညောင်းလှပါပြီ။ ကျွန်တော်မျိုးရဲ့ ဇနီးမယားနဲ့ သမီး၊ သားများကိုလည်း လွမ်းဆွတ်လှပါပြီ။ ဇာတိရပ်ရွာသို့ ပြန်ခွင့်ပြုတော်မူပါဘုရား'

ဆင်ဖြူရှင်သီဟသူက ခွင့်မပြုပါ။ အတန်တန်တားမြစ်တော်မူသည်။ သို့သော် သမိန်ဗရမ်းသည် အမိန့်တော်ကို နာခံခြင်းမပြု။ တားမြစ်တော်မူသည်ကိုလည်း လက်မခံဘဲ ဟံသာဝတီဘက်သို့ ဆင်ကို အပြင်းနှင်လေတော့သည်။

* * *

# အခန်း (၁၁)
# ဆင်ဖြူရှင်သီဟသူ နန်းကျပြီ

ဆင်ဖြူရှင်သီဟသူသည် ဆင်ဖြူတော်ကို မရသည့်အပြင် သူရဲကောင်းမိန့်ဇရမ်းကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ဆင်ဆယ်စီးဖြင့် လိုက်ပါသွားသော မှူးမတ်များလည်း ဆင်ဖြူရှင်မင်းပြီးနှင့် တကွဲတပြားဖြစ်သွားရာ တောနက်ထဲသို့ ဆက်မလိုက်တော့ဘဲ ဖောင်ကာဆိုက်ကပ်ထားရာသို့ ပြန်လာကြသည်။ ဆင်ဖြူရှင်ပြန်လည် မရောက်လားသည့်အတွက် စိုးရိမ်ပူပန်သွားကြသည်။ မည်သို့မည်ပုံရှာဖွေကြမည်ကိုသွေးနွေးတိုင်ပင်ကြသည်။

ရှင်စောပုအဖို့မူ ဆင်ဖြူရှင်ပြန်မရောက်သည့်အတွက်လည်း ပူပန်ခြင်း၊ မင်းကြီးကို ရှာဖွေရေး ဆွေးနွေးကြသည်ကိုလည်း စိတ်မဝင်စားနိုင်ပါ။ မိ၏ လက်ရှိဘဝကိုသာ တွေးရင်း နာကြည်းနေသည်။ သည်လိုခံစားမှုမှတစ်ငံ့ အတွေးအာရုံသည် မယ်မယ်တလသုဒ္ဓမာယာထံသို့ ရောက်သွားသည်။

သူရဲကောင်းလဝွန်းအိမ်က ပဒေသရာဇ်သက်ဦးဆံပိုင်သုရှင် ရာဇာဓိရာဇ်မိဖုရားကို တောင်းသည်။ သုရှင်သည် မျက်စပ်ပိုးဝင်လည်း မဖြစ်၊ အူနုတ်သလိုလည်း မနာ။ ခမည်းတော်ရဲ့ ခေါင်းထဲမှာ ထိုစဉ်က နိုင်ငံတော်အရေး အာဏာတည်မြဲရေးပဲ ရှိနေလိမ့်မည်။ မယ်တော်ကိုတော့ ခမည်းတော်ချစ်မှာ အမှန်ပင်။ သူရဲကောင်းကို ချစ်သည့်စိတ်အမှန်ပင်လား။ သူတကာပြုနိုင်သည့်အမှုကို ခမည်းတော်ရာဇာဓိရာဇ်ပြုခဲ့သည်။ မယ်တော်တလသုဒ္ဓမာယာကိုဝွန်းအိမ်ထံ တကယ်ပင် ပို့ခဲ့သည်။

ယခုလည်း ဗညားရံသည် အင်းဝနှင့် ဟံသာဝတီစစ်မက်ကို ရှောင်ရှားဖို့စောပုကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သလိုက်ပေပြီ။

မှူးမတ်များနှင့် လူစုကွဲကာ ဆင်ဖြူရှင်သီဟသူသည် တစ်ပါးတည်းလာသည်။ ဘုရင်မင်းမြတ်ရောက်သည်နှင့် ရွှေဖောင်တော်လည်း ဆိပ်ကမ်းမှပြီး အင်းဝသို့ ရေးရှုဆန်တက်သည်။ ဆင်ဖြူရှင်သီဟသူသည် မိဖုရားရှင်စောပု အထူးဂရုစိုက်သည်။ အင်းဝသို့ လိုက်ခဲ့ရသဖြင့် အားငယ်နေမည်စိုး၍

ကြင်နာယုယစွာ ပြုစုသည်။ ရွှေအင်းဝ၏ သာယာပုံကိုလည်း စီကာပတ်ကုံး ပြောပြနေသည်။ သို့သော် ရှင်စောပုစိတ်မဝင်စားပါ။ ရွှေဖောင်တော်ဆန်တက်နေသည့် မြစ်ရောဝန်းကျင်၏ သာယာရှုမောဖွယ်အလှကိုလည်း ရှင်စောပုခံစား၍ မရပါ။ ရွှေဖောင်တော်နှင့် အထက်အညာသို့ လိုက်ပါနေရငြားသော်လည်း ရှင်စောပု၏ စိတ်အစဉ်မှာမူ ဒဂုန်တွင် ကျန်ရစ်ခဲ့သည့် ရင်သွေးငယ်ကလေးများဆီသို့သာ ရောက်နေသည်။

တစ်နေ့ဝင်တစ်နေ့ထွက် ဖောင်တော်ခရီးဆက်ခဲ့ရာ အင်းဝရွှေမြို့တော်သို့ ဆိုက်ရောက်လာသည်။ မှူးကြီးမတ်ရာသေနာပတိ၊ အင်းဝနန်းတွင်းရှိသမျှ အားလုံး မိဖုရားကြီးရှင်စောပုကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။ ကြိုဆိုကြသူများထဲတွင် မိဖုရားခေါင်ကြီး ရှင်ဘို့မယ်ကား မပါဝင်ပေ။

ဆင်ဖြူရှင်သီဟသူ၏ ခမည်းတော်ဘုရင်မင်းခေါင်လက်ထက်ကတည်းကပင် ရှင်ဘို့မယ်သည် မဟေသီအဖြစ် ချီးမြှင့်မြှောက်စားခြင်းခံရသူဖြစ်သည်။ ရွှေအင်းဝတစ်ပြည်လုံးတွင် ပြိုင်ဘက်ကင်းသည့် အလှဘုရင်မဖြစ်သည်။ လှသလောက်လည်း မာန်မာနကြီးသူဖြစ်၏။ စိတ်ခက်ထန်၏။ အင်းဝနိုင်ငံတော်တွင် သူသာလျှင် နံပါတ်တစ်၊ သူသာလျှင် ပထမ၊ သူ့ထက်သာသူ မရှိစေရ။ သည်မျှ အလိုဆန္ဒမာန်မာနကြီးမားလှသည့် မိဖုရားကြီးရှင်ဘို့မယ်သည် ယခု ဆင်ဖြူရှင်သီဟသူ၏ မိဖုရားကြီးအဖြစ် ရောက်ရှိလာသော ရှင်စောပုကို အဘယ်မှာလျှင် လှိုက်လှဲပျူငှာကြိုဆိုနိုင်ပါမည်နည်း။

အပြင်အလျာအရောင်အဆင်း လှပချောမော၍ စိတ်နေစိတ်ထား ဖြူစင်လှသော ရှင်စောပုကို အင်းဝဘုရင်သီဟသူသည် လွန်စွာအရေးပေးသည်။ မြတ်နိုးယုယကြင်နာသည်။ အလိုလိုက်အကြိုက်ဆောင်သည်။ ဆင်ဖြူရှင်သီဟသူသည် ရှင်စောပုက သူ့အပေါ် ညွတ်လာအောင် နည်းမျိုးစုံဖြင့် ကြိုးစားသည်။ သို့သော် ရှင်စောပုသည် သူ့နှလုံးသားကို ဆင်ဖြူရှင်ထံ ပေးဆက်ခြင်းမပြုနိုင်။ အပ်နှံခြင်း မပြုနိုင်ပါ။ သည်ကမ္ဘာလောကတွင် ရှင်စောပုကို ထိုက်ထိုက်တန်တန် ပိုင်ဆိုင်ခဲ့သူမှာ ရင်သွေးငယ်များ၏ ဖခင်၊ ငယ်ချစ် သမိန်စည်သူမှလွဲ၍ မည်သူမျှ မဖြစ်စေရ။ ထို့ကြောင့် ရှင်စောပုသည် သူ၏ နှလုံးအိမ်တံခါးကို လုံခြုံစွာ ပိတ်ထားလိုက်သည်။

အင်းဝရွှေနန်းရှင်သီဟသူအား တံ့ပြန်မေတ္တာမထားနိုင်သော်လည်း နိုင်င

အထွဋ်အထိပ်ပုဂ္ဂိုလ်အဖြစ် ရှိသေသည်။ ကောင်းစွာဆက်ဆံသည်။ မထီမဲ့မြင်ခြင်းမရှိပေ။

အင်းဝတွင် အနေကြာလာသည့်အခါ မိဖုရားရှင်စောပု၏ သဘောမှန် နန်းတော်သူနန်းတော်သားများအားလုံး နားလည်သဘောပေါက်လာကြသည်။ မောလှပသလောက် မာန်မာနကင်းသူ၊ နူးညံ့သိမ်မွေ့သူ၊ နှိမ့်ချတတ်သူ၊ မြတ်သူအဖြစ် အသိအမှတ်ပြုလာကြသည်။

ဤသို့ လေးစားနှစ်လိုဖွယ်ကောင်းသူအဖြစ် ထင်ရှားလာလေလေ ခေါင်ကြီးရှင်ဘို့မယ် ခံပြင်းလေလေဖြစ်၏။ ရှင်စောပုအပေါ် မနာလိုဝန်တို ဖြစ်လာ၏။ မရှုစိမ့်ဖြစ်လာ၏။ သို့သော် ရှင်စောပုထိခိုက်နစ်နာစေရန်ကိုကား ကိရိက်မပြုပေ။

ဆင်ဖြူရှင်သီဟသူကလည်း ရှင်ဘို့မယ်ကို မချစ်မနှစ်သက်တော့သလို ခဲ့သည်။ သို့ဖြင့် ဆင်ဖြူရှင်ကို ရန်ငြိုးဖွဲ့သည်။ နန်းပလ္လင်ပေါ်မှ ဖယ်ရှားပစ် အထိ ဆုံးဖြတ်လိုက်လေတော့သည်။ ဤတွင် နန်းပလ္လင်ပေါ်မှ ဖယ်ရှားနိုင် နည်းလမ်းများကို စဉ်းစားသည်။ တွေးတောကြံဆသည်။

ပထမစဉ်းစားမိသည်မှာ နန်းတွင်း၌ ကာကပွဲပြုလုပ်မည်။ ဆင်ဖြူရှင် ဟသူသည် ကာချင်းဆိုပြီး ကာရေးကစားသည်ကို ဝါသနာထုံသည်။ ကာကပွဲ တစ်စုံတစ်ယောက်ကို လုပ်ကြံစေရမည်လား စဉ်းစားသည်။ သည်လိုဆိုလျှင် တွင်း၌ ရုတ်ရုတ်သဲသဲဖြစ်တော့မည်။ ထို့ကြောင့် ကာရေးကစားစေမည့် ကြံကို ဖျက်လိုက်သည်။

ဆင်ဖြူရှင်သီဟသူသည် အင်းဝဝန်းကျင်ရှိ တောထဲသို့ မကြာခဏ ကစားထွက်လေ့ရှိသည်။ သူနှင့်အတူ မှူးမတ်များ၊ ကိုယ်လုပ်တော်များ၊ မမိဿံများကို စုရုံးခေါ်ဆောင်သွားတတ်သည်။ တစ်ခါတစ်ရံ ဆင်ကျော့ ။ ဆင်ကျော့ရန်မရှိပါက လွတ်လပ်ပျော်ရွှင်စွာ နေတတ်သည်။ ကိုယ်လုပ် များသည် မင်းကြီး၏ အခွင့်အရေးပေးမှု၊ ယုယချစ်ခင်မှုတို့ကို ရယူလိုသဖြင့် ထက်ငါ ဦးအောင် ပြုစုကြသည်။ မင်းကြီးအနားမှ မခွာကြ။ သည်လိုဝိုင်း လည်ခစားကြ၊ ပြုစုကြ၊ ယုယကြသည်ကို ဆင်ဖြူရှင် လွန်စွာသဘောကျ ။ နန်းတွင်းမှာလို ရှင်ဘုရင်ကလည်း ရာဇဣန္ဒြေနှင့် နေရထိုင်ရ မိန့်ကြား ည်မဟုတ်။ လွတ်လပ်ပေါ့ပါးစွာ မိန့်ကြားရသည်မို့ မင်းကြီးများစွာ ပျော်ရွှင်

သည်။

သည်လို အောင်ပင်လယ်ဘက် ခရီးထွက်ပြီး ပျော်ပါးနေခိုက် အမေ့မေ့ အလျော့လျော့နေခိုက် မင်းကြီးကို လုပ်ကြံရသော် အဆင်ပြေချောမွေ့မည်ဟု မိဖုရားခေါင်ကြီးရှင်ဘို့မယ် တွေးတောကြံစည်မိသည်။ တွေးတောကြံစည်မိသည့် အတိုင်း ရှင်ဘို့မယ်သည် အမြန်ဆုံး အကောင်အထည်ဖော်တော့သည်။

ရှင်ဘို့မယ်သည် အုန်းပေါင်(သီပေါ)လယ်သံဘွားကို လှမ်းခေါ်လိုက်၏။

'ဆင်ဖြူရှင်သီဟသူကို လုပ်ကြံနိုင်ပါက အင်းဝနန်းပလ္လင်ပေါ်သို့ တင်ပေးမည်'ဟု အာမခံသည်။

မကြာမီပင် ဆင်ဖြူရှင်သီဟသူသည် မှူးတော်မတ်တော်များ၊ မိဖုရား မောင်းမမိသံများ၊ ကိုယ်လုပ်တော်များနှင့်အတူ တပျော်တပါး အောင်ပင်လယ် အရပ်သို့ တောကစားထွက်ကြသည်။

သည်သတင်းကို ရှင်ဘို့မယ်က သတင်းပို့လိုက်သည်နှင့် အုန်းပေါင် လယ်သံဘွားသည် စစ်သည်အလုံးအရင်းနှင့် ချီလာသည်။ အောင်ပင်လယ်သို့ ရောက်သောအခါ ဆင်ဖြူရှင်သီဟသူကို ချက်ချင်းဝင်မတိုက်သေးဘဲ အခြေအနေ ကို စောင့်ကြည့်နေသည်။ အချိန်တွေ တဖြည်းဖြည်းကုန်သွားသည်။ ညဦးအမှောင် လွှမ်းလာသည်။ တဖြည်းဖြည်းညဥ့်နက်လာ၏။ ဆင်ဖြူရှင်သီဟသူနှင့် အပေါင်း အပါများလည်း ပေါ့ပေါ့ဆဆနှင့် သောက်စားပျော်ပါးနေကြသည်။ သည်လို သောက်စားပျော်ပါးကာ အမှတ်မဲ့နေခိုက် အုန်းပေါင်လယ်သံဘွားသည် ဆင်နှင့် ဝင်ကာ တိုက်ခိုက်လေတော့သည်။

ဆင်ဖြူရှင်သီဟသူသည် 'ရဲခက်စံလှ'ဟူသော ဆင်ကို စီး၍ ခုခံတိုက် ခိုက်သည်။ တိုက်ရင်းခိုက်ရင်း ဆင်ဖြူရှင်၏ ဆင်တော်ရဲခက်စံလှသည် ရွှံ့ညွန်ထဲ သို့ ကျသွား၏။ ဆင်ဖြူရှင်သည်လည်း အုန်းပေါင်လယ်သံဘွားတို့ဘက်မှ ပစ်လိုက်သော မြားသုံးချက်ထိသွားသည်။

ဆင်ဖြူရှင်၏ အခြေအနေကို မြင်လိုက်သော ကွမ်းရေကိုင်အင်းဘဲစား သည် ဆင်ဖြူရှင်ကို ကယ်ရန် 'ရဲသော်တုံ'ဆင်ကို စီး၍ ရောက်လာသည်။ အုန်းပေါင်လယ်သံဘွားဘက်မှ ညှပ်ပိတ်တိုက်ခိုက်နေသဖြင့် ဆင်ဖြူရှင်ဘက်မှ အရေးနိမ့်နေပြီ။ ထို့ကြောင့် ဆင်ဖြူရှင်က ကွမ်းရေကိုင် အင်းဘဲစားကို 'လွတ် အောင်ရုန်းပေတော့'ဟု မိန့်တော်မူလေသည်။ အင်းဘဲစားလည်း တိုက်ပွဲမှ

မြန်ခွာပြီး အင်းဝသို့ အပြေးနှင်ခဲ့၏။ ရောက်လျှင် အင်းဘဲစားသည် တန်ဆောင်းရှင်စောမင်းလှထံ ဦးစွာဝင်၍ သတင်းဆိုးကို ပို့သည်။ အချိန်မဆိုင်းဘဲ န်ဆောင်းရှင်ထံ အမှုထမ်းနေသော ကွမ်းခွက်တော်ကိုင် ချစ်သူမိလှညက်ကို ခေါ်ပြီး ဖခင်မိုးညှင်းသတိုးရှိရာ မိုးညှင်းမြို့သို့ သွားသည်။ မိုးညှင်းသတိုးလည်း သူ့သား အင်းဘဲစားအား ဝန်းသိုမြို့သို့ လွှတ်၍ စားစေသည်။

ဆင်ဖြူရှင်သီဟသူကျဆုံးသည့်သတင်းကို ရလျှင်ရချင်း အင်းဝရွှေနန်း ရှိ မှူးမတ်ဗိုလ်ပါများ စုရုံးပြီး အောင်ပင်လယ်သို့ အမြန်ချီတက်ကြသည်။ ရောက်လျှင် ဘုန်းပေါင်လယ်သံဘွားကို အလုံးအရင်းများစွာနှင့် တိုက်ခိုက်သည်။ ဘုန်းပေါင်လယ်သံဘွားအနေဖြင့် သည်လိုတိုက်ခိုက်ခြင်းခံရလိမ့်မည်ဟု လုံးဝ ထင်မှတ်ခဲ့ပေ။ အင်အားရှိသမျှ ပြန်လည်ခုခံတိုက်ခိုက်ပါသော်လည်း ခုခံနိုင် မျှမ်းမရှိတော့သဖြင့် ထွက်ပြေးရလေတော့သည်။

အင်းဝနန်းပလ္လင်တွင် ဆင်ဖြူရှင်မရှိတော့သဖြင့် တန်ဆောင်းရှင်စောမင်း လှသည် ထိုအခွင့်အရေးကို အမိအရယူလိုက်၏။ အင်းဝနန်းတွင်းသို့ ပြန်ဝင်၍ မိမိ၏ ကိုးနှစ်သားအရွယ် သားတော်လေး 'မင်းလှငယ်'ကို အင်းဝဘုရင်အဖြစ် တင်မြှောက်လိုက်သည်။

အင်းဝနန်းတွင်း အရှုပ်အထွေးများကို ဘာမျှမသိ။ ကလေးပီပီ နန်းတော် ထဲတွင် ပျော်ပျော်ပါးပါး ဆော့ကစားနေသော မင်းလှငယ်သည် ဘုမသိဘမသိ ဖြင့် အင်းဝဘုရင်ဖြစ်လာသည်။

မင်းလှငယ်သည် တော်သလင်းလတွင် နန်းတက်သည်။

မင်းဖြစ်သည့်အခါ ဗုဒ္ဓါဘိသိက်ခံမှသာ သာသနာတော်ကို ပြုစုနိုင် သည်။ သိမ်မြေအမိန့်ပေးနိုင်သည်။ လွှတ်တက်၍ တရားစီရင်ပိုင်သည်။ ပြည်သူ တို့လုပ်ခွန်ကို အမှန်အကန်တောင်းခံပိုင်သည်။ သို့မှ နိုင်ငံသာယာသည်ဟု ယူရှိကြသည်။ ဗုဒ္ဓါဘိသိက်မခံသော ဧကန်စင်စစ် မင်းမမည်ထိုက်။ တံဆိပ် မ်မခံထိုက်။ မဟာရာဇာဟူသော ဝေါဟာရကို မရထိုက်။ မင်းတရားတို့ ကုန်းတန်ခိုးများ မလာမရောက်ဟု ကျမ်းဂန်များက ဆိုထားသည် မဟုတ်ပါလား။

ထို့ကြောင့် တန်ဆောင်းရှင်စောမင်းလှသည် သူ့သားလေး မင်းလှငယ် ကို ဗုဒ္ဓါဘိသိက်ခံပေးသည်။ ဦးထိပ်တည့်တည့်၌ ခရုသင်းကို မတ်မတ်စိုက်၍ ရစ်သွန်းသော ဗုဒ္ဓါဘိသိက်ကို ရေသဖန်းမဏ္ဍပ်အတွင်း ခံယူတော်မူသည်။

အခမ်းအနားကျင်းပနေစဉ် ဘုရင်သစ်ကလေး၏ မျက်နှာပေါ်တွင် ပျော်ရွှင်ဝမ်း မြောက်ဟန်မတွေ့ရပါ။ ကျေနပ်ဟန် မတွေ့ရပါ။ ခမည်းတော်၏ မိဖုရားကြီးများ ဖြစ်သော မိဖုရားရှင်ဘို့မယ်၊ မိဖုရားရှင်စောပုတို့ကို ရာဇဝံသအရ ဆက်လက် သိမ်းပိုက်ရမည်ဟု မယ်တော်တန်ဆောင်းရှင်က ပြောပြသည်။ မင်းလှငယ်အနေ ဖြင့် ခမည်းတော်၏ မိဖုရားကြီးများကို မိမိ၏ မယ်တော်များအဖြစ် ရှိသေလေး စားခဲ့သည်။ မိဖုရားကြီးများအဖြစ် မည်သို့ သဘောထားနိုင်ပါမည်နည်း။ ထို့ ကြောင့် ဘိသိက်သဘင်တွင် ဘုရင်ကလေး၏ မျက်နှာမှာ သုန်မှုန်နေတော့သည်။

ဘိသိက်သဘင်အခမ်းအနားတွင် ပုဏ္ဏားတော်များ၏ ခရုသင်းမှုတ်သံ သည် ရှင်စောပု၏ နားထဲသို့ ဆူညံစွာ ဝင်ရောက်လာသည်။

'သီရိတြိဘုဝနာဒိတျာပဝရအတုလအဂ္ဂမဟာဓမ္မရာဇာဓိရာဇာမဟာဒေဝီ ဘွဲ့ခံ မိဖုရားကြီးရှင်စောပုသည် စံစားမြဲဖြစ်သော စည်းစိမ်တို့နှင့်တကွ ခံစားကာ အင်းဝရွှေနန်းရှင်ဘုရင်မင်းလှငယ်၏ နန်းရမိဖုရားကြီးအဖြစ် ဆက်လက်စိုးစံစေ'

ရှင်စောပုသည် ရှက်လွန်းလှသဖြင့် ခေါင်းပင်မဖော်နိုင်ပေ။ သည်နေရာ မှာတင် ကွယ်ပျောက်သွားချင်လောက်အောင် ရှက်ကြောက်နာကြည်းနေသည်။ ဘေးပတ်ဝန်းကျင်ကိုလည်း ကြည်လင်ပြတ်သားစွာ မမြင်ရတော့။ အရာအားလုံး ချာချာလည်ကုန်ပြီ။ ငြိမ်ငြိမ်သက်သက် ဣန္ဒြေရရစံနေရာမှ ခန္ဓာကိုယ်သည် ရှေ့သို့ ငိုက်ခနဲ ဖြစ်သွားသည်။ ရှင်စောပုအပါးတွင် ခစားနေသော မွန်အပျိုတော် ကလေး မိနော်သည် အချိန်မီ ထိန်းလိုက်ပြီး 'သတိထားတော်မူပါ သခင်မလေး ဖုရား'ဟု တိုးတိုးလေးလျှောက်တင်မှ ရှင်စောပုလည်း ပျံ့လွင့်သွားသော စိတ် အစဉ်ကို စုစည်းလိုက်ရသည်။

တန်ဆောင်းရှင်စောမင်းလှသည် သားတော်လေးမင်းလှငယ် အင်းဝ ဘုရင်ဖြစ်ပြီဆိုသောအသိဖြင့် ပီတိတွေ ဖြာနေ၏။ ကျေနပ်ဝမ်းမြောက်နေ၏။ ဆင်ဖြူရှင်သီဟသူရှိစဉ်က အရေးပေးခံကြရသော မိဖုရားခေါင်ကြီးရှင်ဘို့မယ်၊ မွန်မိဖုရားကြီး ရှင်စောပုတို့ ယခုတော့ဖြင့် မိမိကို ယောက္ခမတော်နေကြရပြီ။ ယခု ဘယ်သို့ခံစားနေကြရပြီလဲ။ ထိုအတွေးဖြင့် ရှင်စောပုကို စောင်းငဲ့ကြည့် လိုက်သည်။ ညှိုးချုံးသောမျက်နှာဖြင့် စံနေသည်ကို တွေ့လိုက်သည်။ နန်းတွင်း အရေးတွင်လည်း ဝင်ရောက်စွက်ဖက်ခြင်းမရှိ၊ အပြစ်ကင်းနိုင်သမျှ ကင်းအောင် နေတတ်သော ရှင်စောပုအတွက် စိတ်မကောင်းဖြစ်မိသည်။ သို့သော် မိမိ၏

င်ပွန်း ဆင်ဖြူရှင်သီဟသူသည် မွန်မိဖုရားကြီး ရှင်စောပုကို မိမိထက် အရေးပေး
သည်။ အလေးထားဆက်ဆံခဲ့သည် မဟုတ်ပါလား။ သည်လို နာစရာကို
ားပြီး စိတ်မကောင်းဖြစ်မိသည်ကို ဖယ်ရှားပစ်လိုက်သည်။

တန်ဆောင်းရှင်စောမင်းလှသည် သူ့အကြည့်အာရုံကို မိဖုရားခေါင်ကြီး
င်ဘို့မယ်ထံ ပြောင်းလိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားသော ရှင်ဘို့
ယ်၏ မျက်နှာမှာ ပြုံတော့မည့်မိုးကဲ့သို့ပင်။ သူ့အကွက်ချ စီစဉ်ထားသော
ဆာင်ပင်လယ်စီမံကိန်း မအောင်မြင်သည့်အပြင် မထင်မှတ်ဘဲ သားအရွယ်
င်းလှငယ်၏ မိဖုရားအဖြစ် ဘဝတစ်ဆစ်ချိုး ပြောင်းလဲရသောကြောင့် ဒေါသ
မျက်ချောင်းချောင်းထွက်နေသည်။ ရှင်ဘို့မယ်၏ သွင်ပြင်အနေအထားကို
န်ဆောင်းရှင်စောမင်းလှ တွေ့လိုက်ရသည့်အခါ များစွာကျေနပ်သွားသည်။
မ်းမြောက်ဝမ်းသာဖြစ်သွားသည်။ တန်ဆောင်းရှင်၏ မျက်နှာပြင်ပေါ်ဝယ်
ပြုံးတစ်ချက် လျှပ်ခနဲ ပြက်သွားသည်။ အင်းဝနန်းတွင်းမှာ ဓားထက်ခဲ့သည့်
ိဖုရားခေါင်ကြီး ရှင်ဘို့မယ်၊ အခုတော့ ဘာများတတ်နိုင်ပါသေးသလဲ။

* * *

# အခန်း (၁၂)
## ရှင်စောပု၏ ဒုတိယအသည်းကြွေခန်း

'မီးဖြူဝါထိန်လင်းလို့ သီတင်းကျွတ်ခါချိန်၊ ဓာတ်ဝါယောမ
ငြိမ်တယ်၊ ထူအိမ်ငယ်မယွင်း၊ စိတြသဝထီ၊ နေ့ညဥ့်မှီ ထွန်း
လျှံလို့လင်း၊ ကျီးတာရာအနင်းမို့၊ အိုင်အင်းမှာ ထွေထွေ၊
ငါးကြာမျိုးဝတ်ဆံကြွေသည်၊ ရေနဒီမောက်ဖြိုး၊ မြတ်ဗုဒ္ဓ
စွယ်တော်ကို ရှိကော်ရော်ဦးချလို့ မိုး'

(အမည်မသိရှေးစာဆို)

သီတင်းကျွတ်လသည် မိုးလေဝသကင်းစင်စပြုပြီဖြစ်၍ သာယာသော လဖြစ်သည်။ ပလ္လင်ဆေးမိုး ရွာသွန်းဖြိုးဆိုသည်နှင့်အညီ သီတင်းကျွတ်လတွင် ဘုရားဆွမ်းတော်တင်သော သင်ပုတ်ပလ္လင်ကို ဆေးကြောသည့်အနေဖြင့် နောက်ဆုံးမိုးတစ်ပြိုက် ရွာသွန်းတတ်သည်။

ညိုပြာရောင်မှောင်နေသော ကောက်ပင်၊ စပါးပင်များ၊ စပါးဖုံးချိန်ဖြစ်၏။ ထို့ကြောင့် လယ်တောမှ လယ်ယာမောင်မယ်များသည် လေယူရာယိမ်းနွဲ့နေသော လယ်ကွင်းပြင်ကြီးကို ကြည့်ကာ အားမာန်တက်နေကြသည်။

သီတင်းကျွတ်လတွင် မြန်မာနာရီနေ့ (၃၀)နာရီရှိကာ ညဥ့် (၃၀)နာရီရှိသည်။ နေ့တာညဥ့်တာ တူညီသော လဖြစ်၏။

ဂေါတမဘုရားရှင်သည် ဝါဆိုလပြည့်ညနေပိုင်းတွင် တာဝတိံသာနတ်ပြည်သို့ ကြွချီတက်ရောက်တော်မူသည်။ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန်ဖြစ်၏။ သတ္တမဝါကပ်တော်မူပြီး မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။ ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးတော်မူသည်။

မြတ်စွာဘုရားရှင်က သိကြားမင်းအား လူ့ပြည်သို့ ပြန်လည်ကြွချီတော်မူမည်ဟု မိန့်ကြားသည်။ သိကြားမင်းလည်း ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းတော်မူသည်။

လယ်ပတ္တမြားစောင်းတန်းမှ မြတ်စွာဘုရားဆင်းသက်တော်မူသည်။ နတ်များ ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာများက ငွေစောင်းတန်းဖြင့်လည်း ကောင်း၊ သိုက်မြိုက်စွာ လိုက်ပါဆင်းသက်ခဲ့ကြသည်။

မြတ်ဗုဒ္ဓဆင်းသက်စဉ် ပဥ္စသိခ်နတ်သားသည် ဗေဠုဝစောင်းကြီးကို ခတ်သည်။ မာတလိနတ်သားက ပန်းနံ့သာအမွှေးအကြိုင်တို့ဖြင့် ပူဇော်လျက် ယာမနတ်မင်းက စာမရီသားမြီးယပ်ကို ခတ်လျက်၊ သန္တုသိတနတ်မင်းက တ္တမြားယပ်ဝန်းကို ခတ်လျက်၊ သိကြားမင်းက ခရုသင်းကို မှုတ်လျက် ိုက်ပါပူဇော်ဆင်းသက်ခဲ့ကြသည်။ မြတ်ဗုဒ္ဓသည် နတ်ပြည်မှ လူ့ပြည်သင်္ကာသ ိုမြို့သို့ ပြန်လည်ကြွချီဆင်းသက်သည်ကို ရည်စူးပြီး ဆီမီးပူဇော်သော ပွဲတော် ကျင်းပခြင်းဖြစ်၏။

ယခုလည်း အင်းဝရွှေနန်းတော်တွင် မီးမြင်းမိုရ်ပွဲ (တာဝတိံသာပွဲဟု ည်း ခေါ်သည်)ကျင်းပလျက်ရှိသည်။ ဘုရင်သစ်ကလေး မင်းလှငယ်သည် ိန်ထိန်လင်းနေသော နန်းရင်ပြင်တွင် ရွယ်တူကလေးများလို ပြေးလွှားဆော့ စားခွင့်မရှိတော့။ ရာဇပလ္လင်ပေါ်မှ မပျက်ယွင်းအောင် နေရရှာသည်။

မိုးရာသီအဆုံး ဆောင်းရာသီအစ မိုးနှင့် ဆောင်းပြွမ်းသော တန်ဆောင် န်းလသို့ ရောက်လာသည်။ အင်းဝရှိ တောင်သူလယ်သမားကြီးများ လယ်ကန် ်ကြား၌ စိုက်ပျိုးထားကြသော ဟင်းစားသီးရွက်ပင်မျိုးဖြစ်သည့် ခဝဲပင်များ ွင် ခဝဲပွင့်တွေ ဝေနေအောင် ပွင့်လာကြပြီ။ သင်းရုံကြူရုံမျှသာ မွှေးသော ဝဲပန်းရနံ့များသည် လေထဲတွင် စီးမျောပါလာသည်။

အင်းဝဘုရင်ကလေး မင်းလှငယ်၏ နန်းစံသက်သည်လည်း တော် လင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း သုံးလပြည့်သွားပြီ။ သည်အတော တွင်း မည်သည့်အနှောင့်အယှက်၊ အဖျက်အဆီးမျှ မရှိဘဲ အေးချမ်းစွာ ကုန်ဆုံးသွားသည်။

သို့သော် ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်လနတ်တော်၏ နေ့တစ်နေ့တွင်မူ 'ဘုရင်ကလေး မင်းလှငယ် အဆိပ်သင့်၍ ကံတော်ကုန်ရှာပြီ' ဆိုသည့် သတင်း ိုးကြောင့် အင်းဝနန်းတော်တစ်ရပ်လုံး ထိတ်လန့်တုန်လှုပ်သွားသည်။

တန်ဆောင်းရှင် စောမင်းလှသည် တစ်ကိုယ်လုံး ညိုမည်းကာ အသက် ာင်းမဲ့နေပြီဖြစ်သော သားတော်လေးမင်းလှငယ်ကို ပွေ့ပိုက်လျက် ယူကျုံးမရ

သောကပရိဒေဝမီးတောက်လောင်လျက်ရှိ၏။ သားတော်ကို လုပ်ကြံသူ မည်သူ နည်း။ တိကျစွာ ပြောနိုင်သည်။ မိဖုရားရှင်ဘို့မယ်မှတစ်ပါး အခြားမည်သူမျှ မဖြစ်နိုင်ပါ။ တန်ဆောင်းရှင်စောမင်းလှ ကောင်းစွာသိပါသည်။ သားတော်ကို နန်းပလ္လင်ပေါ်သို့ တင်ပေးလိုက်ကတည်းက ရှင်ဘို့မယ်ကို အနိုင်ရလိုက်ပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်။ ယခုတော့ အပြစ်ကင်းစင်သော သားတော် ကလေး ရေတိမ်မှာ နစ်ရပြီ။ တန်ဆောင်းရှင်စောမင်းလှ အလျော်အစားပေးရသည် မှာ တန်ဖိုးကြီးလှပေစွ။ ဘုရင်ကလေးမင်းလှငယ် အဆိပ်မိပြီး လုပ်ကြံခံရသည် မှာ ဘာမျှမကြာသေး၊ ပူပူနွေးနွေးပင် ရှိသေးသည်။

'ကလေးကျေးတောင်ညို ဆင်မြင်းအလုံးအရင်းနှင့် အင်းဝသို့ ချီလာပြီ' တဲ့။

ထိုသတင်းသည် အင်းဝရွှေနန်းတော်တစ်ရပ်လုံးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။ လက်နက်ကိုင်တပ်သားများလည်း လက်နက်ကိုယ်စီကိုင်ပြီး အသင့်အနေအထားရှိနေကြသည်။ အခြွေအရံအပျိုတော်တချို့ အထုပ်ကလေးတွေ ကိုယ်စီပိုက်ပြီး ဟိုအဆောင်ဝင်၊ သည်အဆောင်ထွက်နှင့် မငြိမ်မသက်ဖြစ်နေကြ ၏။ အင်းဝနန်းပလ္လင်တွင် တစ်မင်းဆင်း၊ တစ်မင်းတက် အပြောင်းအလဲမြန်ဆန် လွန်းသဖြင့် အံ့အားသင့်နေကြသည်။

မိဖုရားရှင်ဘို့မယ်တစ်ယောက်သာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ အုန်းပေါင်လယ်သံဘွားကို နန်းတင်ရန် မအောင်မြင်သော ရှင်ဘို့မယ်သည် တန်ဆောင်းရှင်စောမင်းလှ၏ အာဏာလွှမ်းမိုးမှုကို တားဆီးရန် မိမိနှင့် ရည်ငံရင်းစွဲ ရှိသော ကလေးကျေးတောင်ညိုအား နန်းတင်ရန် မှာကြားခေါ်ယူလိုက်သည် မဟုတ်ပါလား။ ထို့ကြောင့် ကလေးကျေးတောင်ညိုသည် စစ်သည်အလုံးအရင်း နှင့် အင်းဝသို့ ရောက်လာသည်။ အင်းဝကို တိုက်ခိုက်ရခြင်းမရှိ။ သွေးထွက်သံယို မှု မရှိဘဲ အင်းဝထီးနန်းကို သိမ်းပိုက်ကာ ရှင်ဘို့မယ်ကို မိဖုရားကြီးမြှောက်သည်။ အင်းဝနန်းတွင်းရှိ မှူးကြီးမတ်ရာ သေနာပတိ ပညာရှိကြီးများ ဘာမျှ မတတ်နိုင် ပါ။ ရှင်ဘို့မယ်၏ ချုပ်ကိုင်မှုအောက်တွင် တုပ်တုပ်မျှ မလှုပ်ဝံ့ကြပေ။

ထုံးတမ်းစဉ်လာအရ ရှင်စောပုကိုလည်း ဘုရင်သစ် ကလေးကျေး တောင်ညိုက မိဖုရားအဖြစ် တင်မြှောက်သည်။ မေတ္တာရှိလှ၍မဟုတ်ပါ။ကရုဏာ ထား၍ မဟုတ်ပါ။ အဆောင်အယောင်သဘောမျှသာ ဖြစ်သည်။

ရှင်စောပု ရင်ထဲမှ ရှက်၊ ကြောက်၊ နာကြည်းစိတ်တို့သည် အထွင့် ထိပ်သို့ပင် ရောက်သွားသည်။ ရက်စက်လှချေလား ကံတရားရယ်ဟု အော် ဖ်လိုက်ချင်သည်။ ကြည့်စမ်းပါဦး၊ ရင်ထဲအသည်းနှလုံးထဲက ချစ်ခဲ့သည့် ယ်ချစ်ဦးကြင်ရာတော် သမိန်စည်သူအပြင် မည်သူ့ကိုမျှ မိမိဘဝကို မအပ်နှင်း ဟု ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပါလျက် ဆင်ဖြူရှင်သီဟသူရဲ့ ရားအဖြစ် (၃)နှစ်၊ သားအရွယ်မင်းလှငယ်၏ မိဖုရားအဖြစ် (၃)လ၊ ဟော… ကလေးကျေးတောင်ညို၏ မိဖုရားဖြစ်ရပြန်ပြီ။ ‘သုံးကျောင်းပြောင်းသော င်၊ သုံးလင်ပြောင်းသော မယား’ တဲ့။ ဘယ်မှာကောင်းပါ့မလဲ သမီးရယ်လို့ ယ်မယ်တလသုဒ္ဓမာယာပြောပြောနေသည်ကို ကြားယောင်လာသည်။ အို…ငါ့ က သုံးလင်တောင်မကပါပဲလား။

■ ■ ■ ■ ■

ရာသီစက်ဝန်းကား ရပ်နားမနေပါ။ ဂမုန်းအင်နှင့် သဇင်နံ့များ ကြိုင် ိုင်နေရာမှ တဖြည်းဖြည်း သဇင်နံ့တွေ ပြယ်ကာ ပျောက်သွားပြီ။ ခွာညိုရနံ့ ိုင်လှိုင်သင်းသည့် လပြာသိုသို့ ရောက်လာ၏။ ပြာသိုလသည် ဆောင်း၏ ယ်ပိုင်းဥတုဖြစ်ရာ ဆီးနှင်းထူထပ်၏။ အအေးဓာတ်လွှမ်းကဲသောအခါသမယ ဖြစ်၏။

သည်အချိန်တွင် အင်းဝရွှေနန်းတော်၌ သူရဲကောင်းများ မြင်းခင်းသဘင် င်ယင်ကျင်းပသောလ ဖြစ်သည်။ နန်းရင်ပြင်၌ ဆိုင်းသံ၊ ဗုံသံများဖြင့် စည် ား‌လျက်ရှိသည်။ မင်းညီမင်းသားများ၊ မှူးမတ်သေနာပတိကြီးများ စုံစုံညီညီ ာက်ရောက်လာကြသည်။ ချုပ်မိန်ညိုကို သပ်ရပ်တင့်တယ်စွာ ဝတ်စားဆင်ယင် ျက် ခေါင်းလုံ့လေးမြားတို့ကို စွဲကိုင်ကာ နန်းရင်ပြင်တွင် အစွမ်းပြကြသည်။ ားခုတ်လုံ့ထိုးအမျိုးမျိုးကို သည်းထိတ်ရင်ဖိုဖွယ် ရှုစားကြရသည်။

မြင်းစီးသူရဲကောင်းများသည် မြင်းပေါ်တွင် မတ်တတ်ရပ်လျက်၊ ပက် ာက်လဲလျောင်းလျက်၊ မြင်းဘေးတွင် တွယ်ကပ်လျက် မြင်းကို ဒုန်းစိုင်းကာ းပြကြသည်။ ပြီးတော့ ဆင်ခင်းပွဲများကို ပြသကြပြန်သည်။ ဆင်ခင်းပွဲဆိုသည် ာ ဆင်တိုက်ပွဲပင်ဖြစ်သည်။ တိုက်ဆင်များအချင်းချင်း အစွမ်းကုန်တိုက်ခိုက်

နိုင်းချေကြသော အင်အားပြိုင်ပွဲ၊ ဆင်ချင်းသတ်ပွဲပင် ဖြစ်သည်။ တိုက်ဆင်များသည် အတူနေဆင်များဖြစ်ကြ၏။ ထို့ကြောင့် ငယ်ကြောက်ဖြစ်သော ဆင်သည် ခွန်အားကြီးမားသော နိုင်ရင်းဆင်ကို ထိုးသတ်ရန် မဝံ့ကြချေ။

ဘုရင်သစ် ကလေးကျေးတောင်ညိုသည် မိဖုရားခေါင်ကြီး ရှင်ဘို့မယ်နှင့်အတူ နန်းရင်ပြင်သို့ ထွက်ပြီး မြင်းခင်းပွဲ၊ ဆင်ခင်းပွဲတို့ကို ပျော်ပျော်ကြီး ရှုစားတော်မူကြသည်။

ရာသီစက်ဝန်းကား သူ့တာဝန်ကို မှန်မှန်ကြီး ထမ်းဆောင်လျက်ရှိ၏။ ပေါက်လဲငုံစီသည့် တပို့တွဲရာသီသို့ ရောက်လာ၏။ တပို့တွဲလသည် နီရဲသော ပေါက်ပန်းတို့ဖြင့် လောကကို အလှဆင်လျက်ရှိသည်။ နီမြန်းသောပေါက်ပန်းတို့ ညိုးနွမ်းခြောက်သွေ့ခြင်းမပြုမီမှာပင် သရဖီပန်းတို့သည် နွေအိမ်ထဲသို့ ဝင်လာကြသည်။ နွေဦးလေသည် မတည်ကြည်။ မြောက်ပြန်ယောင်ယောင်၊ တောင်ပြန်လိုလို ဝေ့ဝိုက်တိုက်ခတ်ဆော်သွေးလာသည်။ သူခြေချသဖြင့် ရွက်အိုရွက်ဟောင်းတို့သည် တဖြုတ်ဖြုတ်နှင့် မြေခကြရသည်။

သည်လို ဝေ့ဝေ့ဝိုက်ဝိုက် တိုက်ခတ်ဆော်သွေးလာသော လေနှင့်အတူ 'မိုးညှင်းသတိုး' သည် ရေအား၊ ကြည်းအားဖြင့် မိုးညှင်းမှ အင်းဝသို့ ချီတက်လာသည်။

ကလေးကျေးတောင်ညိုနှင့် မိဖုရားကြီးရှင်ဘို့မယ်တို့ ထိတ်ထိတ်ပြာပြာဖြစ်သွားကြသည်။ မိုးညှင်းသတိုး သည်မျှ ဉာဏ်သွားမည်ကို ရှင်ဘို့မယ်အနည်းငယ်မျှ မထင်မှတ်ပါ။ မစဉ်းစားမိပါ။ နန်းစည်းစိမ်ကို စံစားရသည်မှာ ဘာမျှမကြာသေးပါ။ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ သည်သုံးလသာ အေးအေးချမ်းချမ်း စံမြန်းရသေးသည်။ ယခု တပေါင်းလသို့အဝင်မှာ မိုးညှင်းသတိုး၏ တိုက်ခိုက်ခြင်းကို ခံရသည်။ မိုးညှင်းသတိုးကို ခုခံရန် ကလေးကျေးတောင်ညိုသည် တောင်ငူစားစောလူးသခ်ယာ၊ တောင်တွင်းသီဟပတေ့၊ ဘယဂါမဏိ၊ ရာဇသကြံတို့ကို အင်းဝဘက်မှ ခံစေသည်။ မိမိဘက်မှ စွမ်းစွမ်းတမံခုခံတိုက်ခိုက်ပေးရန်လည်း ဆုလာဘ်များပေးပြီး စည်းရုံးလိုက်သေးသည်။

အုန်းပေါင်လယ်သံဘွားကိုလည်း လက်ဆောင်လက်နက်များစွာ ပေးပြီး အင်းဝမြို့အရှေ့ဘက်တပ်ကြီးက ခံစေသည်။ အုန်းပေါင်၏ စစ်အင်အားမှာ မသေးလှ။ တိုက်ဆင်ရှစ်ဆယ်၊ မြင်းနှစ်ထောင်၊ စစ်သည်သူရဲနှစ်သောင်းရှိသည်။

သရေစည်သူ၊ သရေပုညာ၊ ဘယကျော်ထင်တို့ကိုလည်း လက်ဆောင် ာက်နက်များပေးပြီး တိုက်လှေငါးရာ၊ ဗိုလ်နှစ်သောင်းနှင့် သစ်ဆိမ့်အရပ်မှ းကြို၍ ခံစေသည်။

ပခန်းတရဖျားကို လက်ဆောင်ပေးရန် အမိန့်ချမှတ်သည်။

'မှန်လှပါ။ ရွှေတိုက်တော်ထဲမှာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ည် ဘာမျှ မကျန်တော့ကြောင်းပါ ဘုရား'

ရွှေတိုက်ဝန်က ဤသို့ တင်လျှောက်သဖြင့် ကလေးကျေးတောင်ညို ည် သူ့ဦးနှောက်ကို အပြင်းအထန်အလုပ်ပေးရတော့သည်။ အပြေးအလွှားစဉ်း းရတော့သည်။ ဘာမျှမခက်။ ခေါင်းထဲမှာ လက်ခနဲပေါ်လာသည်။

'မွန်ဘုရင် ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပု'

သည့်ထက်ကောင်းသည့် လက်ဆောင် ဘယ်မှာ ရှိပါ့မလဲ။ ကလေး းတောင်ညိုသည် ပခန်းတရဖျားကို သူ့ဘက်မှ ခုခံစေလိုသဖြင့် 'ရှင်စောပု' ို လက်ဆောင်ပဏ္ဏာအဖြစ် ပေးလိုက်သည်။

ကလေးကျေးတောင်ညို၏ အမိန့်ကို ကြားရသည့်အခါ ရှင်စောပုသည် းတွင်းသို့ မိုးကြိုးပစ်လိုက်သည့်နှယ် ခံစားရသည်။ အင်းဝနန်းတွင်းအရေး ်တွေးသမျှ မိမိသည် ပါဝင်ပတ်သက်ခြင်းမရှိခဲ့။ စိတ်ဝင်စားခြင်းလည်း ခဲ့။ သည်လိုနေခဲ့ပါလျက် မိမိသည် ဘုရင်တစ်ပါး၏ လက်မှ ဘုရင်တစ်ပါး လက်သို့ သက်မဲ့အရုပ်သဖွယ် ပြောင်းခဲ့ရသည်။ ယခုကလေးကျေးတောင် နှင့် ရှင်ဘို့မယ်တို့၏ ရက်စက်မှုကြောင့် နန်းရမိဖုရားကြီးအဖြစ်မှ ပခန်းမြို့စား တော်အဖြစ်သို့ လျှောကျခဲ့ရတော့သည်။

* * *

# အခန်း (၁၃)

## မိုးညှင်းမင်းတရား၏ မိဖုရားကြီး ရှင်စောပု

မိုးညှင်းသတိုး၏ သားတော်မိုးရွှေစားနှင့် ဝန်းသိုစားတို့သည် အင်းဝက လှေတပ်ကို တွေ့လျှင် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ကြသည်။ အင်းဝလှေတပ်ကြံ့ကြံ့မခံနိုင်၊ လှေတပ်ပျက်လေ၏။ လှေရှစ်ဆယ်၊ လူနှစ်ထောင်ကျော်ခန့် သုံ့ပန်းအဖြစ်ရလိုက်သည်။

သစ်ဆိမ့်အရပ်တွင် ခံသော တပ်ပျက်၍ ပြန်လာသည်။ ရဲမက်ဗိုလ်ပါများ ထပ်မံဖြည့်စွက်ပြီး ဘယကျော်ထင်၊ နန္ဒသကြိန်၊ စုက္ကတေး၊ သရေစည်သူတို့လေးတပ်ကို တိုက်လှေသုံးရာ၊ စစ်သည်သူရဲသုံးသောင်းနှင့် ဝတ်ချက်က ဆီးကြို၍ ခုခံကြရပြန်သည်။

မိုးရွှေစားနှင့် ဝန်းသိုစားတို့လည်း သစ်ဆိမ့်တွင် ဆယ်ရက်ခန့် စောင့်နေကြသည်။ မိုးညှင်းသတိုးရောက်လာလျှင် ငါးပတ်ချောင်းအရပ်၌ မှူးမတ်ဗိုလ်ပါတို့ကို သစ္စာပေးတော်မူသည်။ ပြီးသည်နှင့် ရေအား၊ ကြည်းအားအလုံးအရင်းဖြင့် အင်းဝသို့ ချီတက်ကြသည်။ ဦးစွာ ဝတ်ချက်တွင် ခံနေသော လှေတပ်ကို တိုက်ခိုက်သည်။ လှေတပ်ပျက်၏။ တိုက်လှေတစ်ရာ၊ လူတစ်ထောင်ကျော် ဖမ်းဆီးရမိသည်။ ဝတ်ချက်မှတစ်ဆင့် ရေဝှမ်းတွင်နေတော်မူသည်။ တစ်ဖန် ရေဝှမ်းမှတစ်ဆင့် စစ်ကိုင်းတောင်ရန်အောင်မြင်အရပ်ကို ပတ်၍ တပ်ကြီးတည်ကာ နေပြန်သည်။

သည်လိုတပ်တည်၍နေရင်း မိုးညှင်းသတိုးသည် အုန်းပေါင်လယ်သံဘွားထံ စာစေလိုက်၏။ အထဲတွင် ကလေးကျေးတောင်ညိုက ပေးသော လက်ဆောင်ထက် ကြီးသောလက်ဆောင်ကို ပေးမည်။ သူ့ကိုလည်း မကူညီ၊ တို့ဘက်ကလည်း မကူညီဘဲ အခွင့်အရေးကိုစောင့်ပြီး နေမည်လားဟု မေးထားသည်။

မိုးညှင်းသတိုး သွေးဆောင်ဖြားယောင်းသည်ကို အုန်းပေါင်လယ်သံဘွားက လက်ခံသဘောတူလိုက်သည်။

'သွေးသောက်ထံက ငွေသာ များစေတော့၊ မည်သူ့ကိုမျှ မကူဘဲ နေမည်'

ယခုလိုအကြောင်းပြန်သဖြင့် မိုးညှင်းသတိုးသည် ရွှေသုံးပိသာနှင့် ငွေအခွက်ငါးဆယ်ပို့ပေးလိုက်သည်။ လက်ဆောင်ရသည်နှင့် အုန်းပေါင်လယ်သံ ဘွားသည် သူ့တပ်များကို နုတ်ပြီး အုန်းပေါင်သို့ ပြန်သွားတော့သည်။ အုန်းပေါင် သစ္စာဖောက်သွားပြီ။

မိုးညှင်းသတိုးက သားတော်များကို ရွေကြက်ယက်က ကူးစေသည်။ အင်းဝသို့ ရောက်လျှင် အင်းဝအရှေ့ဘက်၌ တပ်အခိုင်အလုံတည်ပြီးနေစေသည်။ မိုးညှင်းသတိုးကိုယ်တိုင်က မင်းသားကျွန်းမှ လုံးတော်ပေါက်တိုင်အောင် လှေတပ်နှင့် အခိုင်အလုံနေသည်။

အင်းဝ၌ အခိုင်အမာရှိနေသော တောင်ငူစား စောလူးသင်္ခယာ၊ တောင်တွင်းစား သီဟပတေ့တို့လည်း မိမိတို့တပ်များကို နုတ်ပြီး နေရပ်သို့ ပြန်သွားကြ၏။ အင်းဝရွှေမြို့တော်တွင် မိုးညှင်းသတိုးကို ခုခံတိုက်ခိုက်ရန် တပ်များ မရှိတော့ပေ။ မြို့စောင့်တပ်မျှလောက်သာ ရှိတော့သည်။

ဤတွင် ပခန်းတရဖျားလည်း မိဖုရားရှင်စောပုကို ခေါ်ကာ ပခန်းသို့ ပြန်လေတော့သည်။

အင်းဝတွင် အင်အားမရှိတော့ပြီ။ မိဖုရားခေါင်ကြီး ရှင်ဘို့မယ်ကိုသာ အားကိုးအားထားပြုနေသော ကလေးကျေးတောင်ညိုမင်းသည် မိဖုရားကြီးကို တိုင်ပင်ကြည့်တော်မူသည်။ သည်တစ်ကြိမ်တွင်မူ မိဖုရားကြီးရှင်ဘို့မယ်သည် မည်သည့်ညွှန်ကြားချက်မျှ မပေးနိုင်၊ မည်သို့မျှ မကြံစည်တတ်သဖြင့် ခပ်မဆိတ် နေတော်မူသည်။

ကလေးကျေးတောင်ညိုအနေဖြင့် ယခုအချိန်တွင် တိုင်ပင်စရာဆို၍ ဘယဂါမဏိနှင့် ရာဇသင်္ကြံတို့သာ ရှိတော့သည်။

ဘယဂါမဏိက ယခု တောင်ငူစား၊ တောင်တွင်းစား၊ ပခန်းစားတို့ လည်း မရှိတော့သဖြင့် လွန်စွာ အားနည်းသွားပါပြီ မင်းကြီး။ မိုးညှင်းသတိုးရဲ့ တပ်အင်အားကလည်း များလှပါတယ်။ အင်းဝမှာ ဝဲနေမည်ဆိုပါက မိုးညှင်းကို ခံနိုင်မည် မဟုတ်ပါ။ ရခိုင်သို့ ချီတော်မူပြီး ရခိုင်မင်းရဲ့ အင်အားနဲ့ တိုက်ခိုက်ပါ မှ မိုးညှင်းကစပြီး ပုန်ကန်ခြားနားသူအားလုံးကို သိမ်းပိုက်နိုင်ပါမယ်ဘုရား ဟု လျှောက်တင်သည်။

ကလေးကျေးတောင်ညိုက ဘယဂါမဏိလျှောက်တင်ချက်ကို လက်ခံ

သည်။ မိဖုရားကြီးရှင်ဘို့မယ်သည် မည်သို့မျှ အကြံမပေးပါ။ ကန့်ကွက်ခြင်းလည်း မပြုပါ။

အင်းဝမှ ထွက်ခွာရန် အားလုံးပြင်ဆင်ပြီးကြပြီ။ သို့သော် အလင်းရောင်ရှိနေသေးသဖြင့် စောင့်ဆိုင်းနေကြသည်။ ညဥ့်အမှောင်သန်းလာသည်နှင့် ကလေးကျေးတောင်ညို၊ မိဖုရားရှင်ဘို့မယ်တို့သည် ရှိသမျှသော ဆင်မြင်းများနှင့် မြို့မှထွက်တော်မူသည်။

ခရီးစဉ်တွင် ဘယဂါမဏိက ရှေ့ဆုံးမှ ချီသည်။ ဘယဂါမဏိ၏ညီများဖြစ်သော ရာဇသကြီးနှင့် ရန်လိုကျွဲတို့နှစ်ယောက်က တိမ်းရှောင်သည့်အဖွဲ့နှင့် လိုက်ပါခြင်းမပြုပေ။ အင်းဝရွှေမြို့တော်မှာပင် နေရစ်ခဲ့ကြသည်။

ရခိုင်ဘက်သို့ ရေးရှုထွက်ခွာလာကြသော ကလေးကျေးတောင်ညိုနှင့်ရှင်ဘို့မယ်တို့သည် တလုပ်မြို့သို့ရောက်လျှင် ရွှေလှော်ကားထက်သို့ ပြောင်းပြီးစုန်ဆင်းကြသည်။ စလင်းမြို့သို့ရောက်လျှင် ရိုးမတောင်ကြီးကို ကျော်၍ ရခိုင်ဘက်သို့ ချီတက်တော်မူသည်။

ကံကြမ္မာအလှည့်အပြောင်းကား ဆန်းကြယ်လှသည်။ အံ့သြဖွယ်ကောင်းလှသည်။ ရခိုင်သို့မရောက်မီ 'ပဲလွန်းတောင်'သို့ ရောက်လျှင် ကလေးကျေးတောင်ညိုသည် ရုတ်တရက် နာမကျန်းဖြစ်လာသည်။ အတူပါလာသည့် သမားတော်က ကြိုးစားပြီး ကုသပေးပါသည်။ ခရီးပန်းလွန်းသည်က တစ်ကြောင်း၊ ဆေးဝါးမစုံလင်သည်က တစ်ကြောင်းတို့ကြောင့် ဝေဒနာမှ သက်သာသည်မရှိဘဲ ကံတော်ကုန်ရရှာသည်။ ကလေးကျေးတောင်ညို၏ ဘဝနိဂုံးသည် တောထဲတောင်ထဲမှာပင် ဇာတ်သိမ်းသွားရသည်။

သို့ဖြင့် ရှင်ဘို့မယ်သည် ရခိုင်သို့ မသွားတော့ဘဲ ဟံသာဝတီဘက်သို့ သွားရန် စီစဉ်သည်။ ဤတွင် ဘယဂါမဏိက ယခုလို တင်လျှောက်၏။

'ရာဇဘိသေကခံသော မိဖုရားကို နောက်ဆက်၍ပြုသော မင်းတို့ မရှုတ်ချဖူးပါ။ ပစ်ပယ်ဖူးခြင်းလည်း မရှိပါ။ အခြေအနေကို စောင့်ကြည့်ကာ နေသင့်ကြောင်းပါ'

မိမိကြံစည်လုပ်ဆောင်ချက်များ မအောင်မြင်သော ရှင်ဘို့မယ်သည် ဘယဂါမဏိ၏ စကားကို နာယူကာ မန်းစက်တော်ရာတွင် စခန်းချနေလိုက်သည်။

အင်းဝရွှေနန်းကား ဟင်းလင်းပွင့်နေပြီ။ စစ်သည်အလုံးအရင်းနှင့် ချီလာ
ာ မိုးညှင်းသတိုးခေါ် မိုးညှင်းမင်းတရားသည် အင်းဝရောက်သည်နှင့် ချက်
ညီလာခံခေါ်ပြီး ရာဇာဘိသေကခံတော်မူသည်။ ဘိသေကသဘင်တွင် ဘုရား
ဖြူ၊ ဘုရားညိုတို့ ခရုသင်းမှုတ်၍ ကောင်းချီးပေးကြသည်။ မိုးညှင်းမင်းတရား
ဘွဲ့တော်ကို ကြေညာသည်။

'သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတဓမ္မရာဇာ'

ကိုယ်တော်တိုင် ဘွဲ့နာမတော်ခံယူပြီးနောက် သားတော်များကိုလည်း
အမည်၊ ရာထူးနှင့်တကွ ဆုလာဘ်များ ပေးတော်မူသည်။

သားတော်အကြီး မိုးရွှေစားကို 'မင်းရဲကျော်စွာ' အမည်နှင့် အိမ်ရှေ့အရာ
ကာ စကု၊ စလင်း၊ လယ်ကိုင်း သုံးခရိုင်ကို ကံကျေးပေးတော်မူ၏။

သားတော်အငယ်ဝန်းသိုစားကို 'နော်ရထာ' ဟူသော အမည်နှင့် ကန္နီမြို့
ကံကျေးစားစေ၏။

နှမတော် မင်းလှမြတ်ကို မယ်တော်မိဖုရားကြီး၏ တူတော် ပြင်စည်မင်း
ာပတေ့နှင့် စုံဖက်ပေးတော်မူသည်။

ဘယဂါမဏိ၏ ညီများဖြစ်သော ရာဇသင်္ကြံနှင့် ရန်လိုကျွဲတို့ကို သုံ့ပန်း
အဖြစ် ဖမ်းဆီးခေါ်ဆောင်လာသည်။ မိုးညှင်းမင်းတရားသည် အပြစ်ဒဏ်
းဘဲ သုံ့ပန်းအဖြစ်မှ လွှတ်ကာ ယခင်အတိုင်း စားမြဲကံကျေးစားစေသည်။

* * *

## အခန်း (၁၄)
## သူရဲကောင်းရာဇသင်္ကြံ၏ စွန့်စားခန်း

နယုန်လဆန်းဖြစ်သည်။ မုတ်သုံလေသည် တသွင်သွင်တိုက်ခတ်လာပြီ။ မုတ်သုံမိုးလည်း ရွာသွန်းပြီမို့ အပူရှိန်အတန်ငယ်သက်သာလာသည်။ မိုးရွာသည်ဆိုသော်လည်း မိုးကြီးရွာသွန်းသည် မဟုတ်၊ နယုန်မိုးသေးမြက်သားမွေးဆိုသည့်အတိုင်း မိုးသေးမျှသာ ဖြစ်၏။ သို့သော် သူ့ဓာတ်ကား မသေးလှပေ။ မိုးနံ့ရပြီဆိုသည်နှင့် မြက်ပင်ကလေးများ စိမ်းစိုလန်းဆန်းလာသည်။ ပန်းပင်များလည်း မိုးရေသောက်ရသဖြင့် ဝေဆာလာကြသည်။

နယုန်လကုန်ပိုင်းသို့ ရောက်သောအခါ မုတ်သုံမိုးဖြိုင်ဖြိုင်ရွာတော့သည်။ တောင်သူလယ်သမားများသည်လည်း ကောက်ပဲသီးနှံ၊ ဆန်ရေစပါး ရရှိရေးအတွက် လယ်ယာလုပ်ငန်းခွင်သို့ ဆင်းကြပြီ။

မုတ်သုံမိုးသည် အရာရာတိုက်စားသွားသဖြင့် နန်းရင်ပြင်နှင့်တကွအင်းဝရွှေမြို့တော်တစ်ရပ်လုံး သန့်ရှင်းစင်ကြယ်သွားသည်။

နယုန်လဆန်းတွင် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံသော မိုးညှင်းမင်းတရားသည် ဆုလာဘ်ပေးခြင်း၊ ရာထူးပေးခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်း စသည့်နန်းတွင်းရေးရာကိစ္စအဝဝကို ဆောင်ရွက်ရင်း ဝါဆို၊ ဝါခေါင်လများ ကုန်ဆုံးပြီးတော်သလင်းလသို့ ရောက်လာသည်။

ထိုအချိန်တွင် ပခန်းတရဖျားကို လုပ်ကြံရန် စတင်လှုပ်ရှားသည်။

သားတော်အကြီး အိမ်ရှေ့မင်းသား မင်းရဲကျော်စွာကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင့်ငါးရာ၊ စစ်သည်သူရဲတစ်သောင်းနှင့် တောင်ဘက်ကြောင်းချီ၍ တလုပ်မြို့ မင်းကွန်းဆိပ်က ကူးစေသည်။

သားတော်အငယ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင့်ငါးရာ၊ ဗိုလ်လေးသောင်းနှင့် မြောက်ဘက်ကြောင်းချီ၍ အနိမ့်ဆိပ်က ကူးစေသည်။

မိုးညှင်းမင်းတရားကိုယ်တိုင်မှု တိုက်လှေလေးရာ၊ ဗိုလ်လေးသောင်းနှင့်ရေကြောင်းချီတော်မူသည်။ ပုဂံစား၊ စလေစား၊ စကုစား၊ ပခန်းငယ်စား၊ စလင်းစား၊ ပြည်စားတို့လည်း အလုံးအရင်းနှင့် လိုက်ပါကြရသည်။

မြောင်းတူဝသို့ ရောက်လျှင် မိုးညှင်းမင်းတရားက ရာဇသကြံကို
ရဲသုံးရာနှင့် ပခန်းမြို့အခြေအနေကို စုံစမ်းရန် ညဥ့်အချိန် စေလွှတ်လိုက်သည်။
ဇသကြံနှင့်အတူ ပါလာသည့် စစ်အင်အားနည်းသည်ကို ပခန်းစားသိလျှင်
က်၍ တိုက်စေ၏။ လူစုကွဲသွားသဖြင့် ရာဇသကြံကို ဝိုင်းမိသွားသည်။
ဇသကြံလည်း ကြံရာမရ၊ အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း လယ်မောင်း
င်းသည့် တွင်းကြီးတစ်ခုထဲသို့ ဆင်း၍ ပုန်းနေသည်။ ပခန်းသားသူရဲသုံး
ာက်တွေ့သွားလျှင် ရာဇသကြံ၏ခေါင်းကို သူဖြတ်မည်၊ ငါဖြတ်မည်ဟု
င်းပွားနေကြသည်။

ဤတွင် ရာဇသကြံသည် သူလွတ်မြောက်ရေးအတွက် တွင်းထဲမှ
ာ်ပြောလိုက်သည်။

'ငါတွင်းထဲက တက်လာမှ မင်းတို့သုံးယောက် ငါ့ခေါင်းကိုယူကြ။
တွင်းထဲက တက်နိုင်ဖို့ လှံကမ်းပေးစမ်းပါ'

ပခန်းသူရဲများက စဉ်းစားဉာဏ်မသုံးဘဲ ရာဇသကြံကို လှံကမ်းပေး
က်သည်။ ရာဇသကြံလည်း ကမ်းပေးသော လှံကို ဆောင့်ပြီး ဆွဲလိုက်ရာ
ရဲလည်း တွင်းထဲသို့ ဦးစောက်ကျလာ၏။ ရာဇသကြံသည် ထိုသူ၏ ဦးခေါင်း
ဖြတ်ပြီး 'ရော့…ရာဇသကြံရဲ့ ခေါင်းပဲ' ဟုဆိုကာ တွင်းထက်သို့ ပစ်တင်
က်သည်။ တွင်းပေါ်က လူနှစ်ယောက်လည်း ထိုခေါင်းကို လုနေကြ၏။
ဉ် ရာဇသကြံသည် လှံကိုထောက်ပြီး တွင်းပေါ်သို့ ခုန်တက်လိုက်သည်။
ပေါ်ရောက်သည်နှင့် မိမိတပ်ရှိရာသို့ အပြေးနှင်ခဲ့သည်။ တပ်သို့ရောက်လျှင်
ညှင်းမင်းတရားအား ဖြစ်ကြောင်း ကုန်စင်လျှောက်တင်သည်။ မိုးညှင်းမင်း
ားလည်း အားရတော်မူသဖြင့် ဆုလာဘ်များပင် ပေးတော်မူသည်။

ပခန်းမြို့၏ အခြေအနေကို သိရပြီ။ မိုးညှင်းမင်းတရားသည် သား
က်နှစ်ပါးနှင့်အတူ ပခန်းမြို့ကို လုပ်ကြံတော်မူသည်။ ခုနစ်ရက်မျှသာ ကြာ
ည်။ ပခန်းမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ယောက်ဖတော်သီရိဇေယျသူကို
ားထားခဲ့သည်။

ပခန်းတရဖျားနှင့် မင်းငယ်ကျော်ထင်တို့ကို လက်ရဖမ်းဆီးခေါ်ဆောင်

ပြီး အင်းဝသို့ ပြန်တော်မူသည်။ ပခန်းတရဖျားကို ရွှေစည်းခုံစေတီတောင်ဘက် ဆင်ကျုံးအရပ်မှာ အိမ်ဆောက်ပေးပြီး နေစေသည်။ တရဖျားလည်း ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးဘဝသို့ ရောက်သွားချေပြီ။

မိုးညှင်းမင်းသည် မိဖုရားရှင်စောပုကိုလည်း အင်းဝသို့ ပြန်လည်ခေါ်ဆောင်လာပြီး နန်းရမိဖုရားကြီးအဖြစ် ဆက်လက်ချီးမြှောက်တော်မူသည်။ သို့သော် ရှင်စောပုသည် မိုးညှင်းမင်းတရားကို ရွှေနန်းရှင်ဘုရင်တစ်ပါးအဖြစ် မသတ်မှတ်ချင်ပါ။ သူ့ကို ဥဒိန်စား၊ အင်းဘဲစားအဖြစ် ကြားခဲ့ဖူးသည်။ ဘုရင်မင်းခေါင် အထွတ်အထိပ်ရောက်သည့်အခါ သူ့ကို မိုးညှင်းစားအဖြစ် ခန့်အပ်ခဲ့သည်။ ယင်းသို့ မြို့စားဘဝမှ အင်းဝဘုရင်ဖြစ်လာသူကို ရှင်စောပုအနေဖြင့် မိုးညှင်းသတိုးအဖြစ်သာ မြင်သည်။ မိမိကို မိဖုရားအဖြစ် နေရာပေးထားသည်က လွဲ၍ အဆက်အဆံမပြုသည်ကိုပင် ရှင်စောပုအနေဖြင့် စိတ်လွတ်လပ်နေသည်။

ပြီးတော့ မိုးညှင်းမင်းတရားသည် အင်းဝနန်းတော်ဟောင်းတွင် နန်းမစံလိုပါ။ သူ့လက်ထက်တွင် နန်းတော်သစ်ဖြစ်ရမည်ဟုဆိုပြီး နန်းတော်သစ် တည်ဆောက်ကြသည်။ တည်ဆောက်ရေးလုပ်ငန်း၊ သူရဲကောင်းတွေနှင့် စစ်အောင်ပွဲအတွက် ဂုဏ်ယူဝင့်ကြွားနေသော မိုးညှင်းမင်းသည် မိဖုရားရှင်စောပုကို သည့်ထက်ပို၍ ဂရုမစိုက်နိုင်ဖြစ်နေသည်။

'အင်းဝရွှေနန်းမှာ စားထက်ခဲ့တဲ့ မိဖုရားကြီးရှင်ဘို့မယ်၊ အင်းဝမင်းအဆက်ဆက် မိဖုရားခေါင်ကြီးနေရာကိုသာ ရယူခဲ့တဲ့ ရှင်ဘို့မယ်၊ သူ အခု ဘယ်မှာလဲ၊ ဘယ်ရောက်နေသလဲ'

မိုးညှင်းမင်းတရားက မေးမြန်းတော်မူသည်။

'မိဖုရားကြီးရှင်ဘို့မယ် ဘယဂါမဏိနှင့်အတူ မန်းစက်တော်ရာတွင် အလုံးအရင်းနှင့် တပ်တည်လျက်ရှိကြောင်း သိရပါသည်ဘုရား' ဟု အမတ်ကြီးတစ်ပါးက တင်လျှောက်သည်။

'သားတော်နော်ရထာနဲ့ တူတော်သီဟသူတို့ကို မိဖုရားကြီးရှင်ဘို့မယ်ကို သွားရောက်ခေါ်ယူကြစေ'

မိုးညှင်းမင်းတရားက မိန့်တော်မူသဖြင့် နော်ရထာနှင့် သီဟသူတို့လည်း ...း‌စက်တော်ရာသို့ သွားရောက်ကြသည်။ ရောက်လျှင် မိဖုရားရှင်ဘို့မယ်ကို ...ါဖြင့် ဆောင်ယူခဲ့သည်။ ဘယဂါမဏိကိုမူ သံခြေချင်းခတ်၍ ခေါ်ဆောင်လာ ...ည်။ စကုဆိပ်သို့ရောက်လျှင် ရှင်ဘို့မယ်ကို ရွှေလှေပေါ်သို့ ပြောင်း၍ ဆောင် ...ခဲ့ကြသည်။

မိုးညှင်းမင်းတရားက ရှင်ဘို့မယ်ကို ရွှာသစ်ကြီးမှ စောင့်၍ ကြိုဆို ...ည်။ ရှင်ဘို့မယ်က မကျန်းမမာဖြစ်နေသည်ဟုဆိုကာ လှေပေါ်မှမဆင်းဘဲ ...သည်။

ဤတွင် မိုးညှင်းမင်းတရားက ရှင်ဘို့မယ်အပါးသို့ ချဉ်းကပ်ပြီး နဖူးပြင် ...ို စမ်းကာ မေးမြန်းတော်မူသည်။

ရှင်ဘို့မယ်က 'ကျွန်စော်နံတယ်'ဟုဆိုကာ မိုးညှင်းမင်းတရား၏ လက် ...ို ပုတ်ချလိုက်သည်။ မည်သည့်စကားမျှ မပြောဘဲနေသည်။ ဤသို့မလေးမခန့် ...မူပြောဆိုလိုက်သော်လည်း မိုးညှင်းမင်းတရားသည် သည်းခံ၍ အင်းဝသို့ ...ခေါ်ဆောင်ခဲ့သည်။

'ကျွန်စော်နံတယ်'ဟု ရှင်ဘို့မယ်က အဘယ်ကြောင့် ပြောသနည်း။ ...ရှုသူများ သိချင်ပေလိမ့်မည်။

မိုးညှင်းသတိုးခေါ် မိုးညှင်းမင်းတရားသည် မဟာဆီမဟာသွေးအစစ် ...ဟုတ်ပါ။ သူ၏ ဘိုးဘေးအစဉ်မှာ ပုဂံနရပတိစည်သူ၏ မိဖုရားငယ်၏သမီး ...င် အနန္တသူရိယတို့မှ ဆင်းသက်ခဲ့သူဖြစ်၏။ သူ့ခမည်းမြေနဲစောဒိကာသည် ...င်ဖြူငါးစီးရှင်၏ သမီးတော်ရွှေအိမ်သည်မှ ဆင်းသက်ခဲ့သူဖြစ်၏။ သူ့မိခင်မှာ ...ညောင်ရမ်းစောမွန်နစ်ကြီးသမီးတော်ဖြစ်သည်။ မြေနဲစား စောဒိကာက မင်းနံ့စီ ...ကို ဖွားမြင်သည်။ အိမ်၏ ကြမ်းခင်းများ ကြဲသဖြင့် မင်းနံ့စီဖွားစက ကြမ်းကျဲပြီး ...မြေသို့ကျသည်ကို ဘိုးတော်က ယနေ့ငါ့မြေးမြေနန်းတက်သည်ဟုဆိုခဲ့သည်။ ...ရွယ်ရောက်လျှင် အင်းဝသို့သွားရောက်ပြီး တရင်းတိုင်စား ဦးရီးတော်စောကျိုင်း ...မယ်ံမှာ ဝင်ရောက်အမှုထမ်းသည်။ ထို့နောက် ပထမမင်းခေါင် မင်းဖြစ်လျှင် ...င်းခေါင်ထံ၌ အမှုထမ်းသည်။ ထိုစဉ် အင်းဘဲရွာကို စားရသည်။ နောက်

သတိုးဟူသောအမည်ကို ရသည်။ ပြီးတော့ မိုးညှင်းမြို့ကို စားရသည်။ မိုးညှင်းသတိုးဖြစ်လာသည်။ စင်စစ်အားဖြင့် ဆင်းရဲသားအဖြစ်မှ မင်းအဖြစ်ကို ရယူခဲ့သူဖြစ်၏။(စကားချပ်-မိုးညှင်းမင်းတရားနှင့်ပတ်သက်၍ ဝိဝါဒကွဲများ တွေ့ရသည်)

မိုးညှင်းမင်းတရားသည် မိဖုရားရှင်ဘို့မယ်ကို အင်းဝသို့ဆောင်ယူခဲ့ပြီးနောက် နန်းတွင်းမှာပင် အိမ်တစ်ဆောင်ဆောက်လုပ်ပေးပြီး စောင့်ရှောက်ထားသည်။ နိုင်ငံရေးတွင်ကား ဝင်ရောက်စွက်ဖက်ခွင့်မရတော့ပေ။ ထို့ကြောင့် ရှင်ဘို့မယ်၏ လှုပ်ရှားမှုများ မြန်မာ့သမိုင်းတွင် ထပ်မံမတွေ့ရခြင်းဖြစ်လေသည်။

* * *

# အခန်း (၁၅)
## လွတ်မြောက်ရန် ရှင်စောပုအကြံဉာဏ်

စံအိမ်တော်၏ လေသာပြတင်းဝတွင် မိဖုရားရှင်စောပုရပ်နေသည်။ ကင်စူးစူးသို့ မျှော်ကြည့်ကာ ညို့ညို့မှိုင်းမှိုင်း တိမ်ခိုးတွေဆိုင်းနေသည့် အရပ် သသည် မိမိစံပျော်ခဲ့ရာ ဟံသာဝတီပြည်ကြီးဖြစ်ပေမည်ဟု တွေးတောလွမ်း တ်တော်မူနေသည်။

ားကြီးရှင်စောပု၏ အရိပ်အခြည်ကို အမြဲမပြတ် အကဲခတ်နေသော ့တော်ပေးမိနော်သည် အနားသို့ ချဉ်းကပ်လာပြီး မဝံ့မရဲမေးလျှောက်လိုက် ။

'သခင်မဘုရား၊ ဘယ်အရေး၊ ဘယ်တွက်တာကြောင့် မျက်နှာတော် ာမယာညှိုးနွမ်းနေပါသလဲ ဘုရား'

'ဘယ်အတွက်ကြောင့်ဖြစ်ရမလဲ မိနော်ရယ်၊ အင်းဝဆင်ဖြူရှင်သီဟသူ လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သလိုက်လို့ အင်းဝရောက်ခဲ့ရတယ်။ ဆင်ဖြူ ်လုပ်ကြံခံရပြီးတဲ့နောက် ကိုးနှစ်အရွယ်မင်းလှငယ်ရဲ့ မိဖုရားကြီးဘဝ ရောက်ရ ရော၊ ဘာမှမကြာလိုက်ဘူး။ ကလေးကျေးတောင်ညို့ရဲ့ မိဖုရားဖြစ်ရတယ်။ တာများနိမ့်တော့ နန်းရမိဖုရားကြီးဘဝက ပခန်းမြို့စားတရဖျားရဲ့ မြို့စား တော်ဘဝကို ကျသွားတယ်။ ဟော…အခုမိုးညှင်းမင်းတရားလက်ထဲ က်ရပြန်ပြီ။ သူဟာ မဟာဆီမဟာသွေးစစ်စင်မှ မဟုတ်ဘဲ။ ဥဒိန်စား၊ ်ဘဲစားဘဝက တက်လာတာ။ အင်းဝဘုရင်မင်းခေါင် အထွတ်အထိပ်ရောက် ို့လှစား၊ မိုးညှင်းစားသတိုးဖြစ်လာတာ ညည်းလည်းသိပါတယ်။ ဒါကြောင့် ညှင်းမင်းတရားကို ဘုရင်အစစ် ထီးနန်းရှင်အဖြစ် မှတ်ယူလို့မရဖြစ်နေတယ်။ တော့ အတိတ်ဘဝတုန်းက လူတွေရဲ့ ချစ်ခြင်းကိုများ ခွဲခဲ့မိလေရော့သလား ိပါဘူးကွယ်။ အသက်တမျှ ချစ်ခဲ့ရတဲ့ ကြင်ရာတော် သမိန်စည်သူနဲ့ ကွဲကွဲခဲ့ရတယ်။ သခင်မရဲ့ ရင်နှစ်သည်းချာသားသမီးလေးတွေနဲ့ ရှင်ကွဲကွဲ ပြန်ပြီ။ သည်ဝဋ်ကြွေးတွေ ဘယ်တော့များမှ ကုန်ပါ့မလဲ မိနော်ရယ်'

မိနော်သည် ရှင်စောပုကို နှစ်သိမ့်အားပေးရန် စကားရှာမရဖြစ်နေသည်။

ဘိုစဉ် ရှံရွှေတော်မိစောနှင်း လက်အုပ်ချီလျက် ဝင်လာပြီး 'သတင်းထူးတစ်ရပ် ကြားခဲ့လို့ သခင်မဖုရားအား လျှောက်တင်လိုပါသည်ဘုရား'ဟု ခွင့်ပန်သည်။

'ဘယ်လိုသတင်းထူးလဲ စောနှင်း'

'မှန်လှပါသခင်မဖုရား၊ ရွှေနန်းတော်ကြီးမှာ ဟံသာဝတီက မွန်သာမဏေနှစ်ပါး ရောက်နေကြောင်း ကြားခဲ့ရပါတယ်ဘုရား'

'ဘာ…ဘယ်လို၊ ဟံသာဝတီက မွန်သာမဏေ၊ ဟုတ်လား။ ပြန်ပြောစမ်းပါဦး'

'မှန်ပါတယ်၊ မွန်သာမဏေနှစ်ပါး ရောက်နေပါတယ်။ ကြားခဲ့ရသမျှ စုံစုံလင်လင်လျှောက်တင်ပါ့မယ်။ နားဆင်တော်မူပါ သခင်မဖုရား'

ရှံရွှေတော်မိနော်က 'သလွန်ထက်မှာ စံပြီး နားဆင်တော်မူပါ'ဟု လျှောက်တင်ကာ ရှင်စောပုကို သလွန်တော်ရှိရာသို့ ခေါ်ဆောင်ပြီး နေရာချထားပေးသည်။

ရှံရွှေတော်မိစောနှင်းက 'ထူးဆန်းလိုက်တာ ဖုရား၊ ကေႏၵီသင်္ကန်းတစ်ထည် မင်္ဂလာစေတီတော်တစ်ဖက်မှာ လွှမ်းနေသတဲ့။ ကိုယ်ဝတ်သင်းပိုင်ကတော့ မိုးညှင်းမင်းတရားကြီးရဲ့ နန်းတော်အထွဋ်မှာ ရစ်ပတ်နေပါတယ်တဲ့။ အင်းဝသားတွေ မြင်တော့ အုတ်အုတ်ကျက်ကျက်ဖြစ်ကြပြီး မင်းတရားကြီးထံ တိုင်ကြားကြပါတယ်။ မင်းတရားကြီးက မှူးမတ်သေနာပတိတွေ ခေါ်ပြီး မေးတော်မူပါတယ်။ မှန်ကန်ပါကြောင်း လျှောက်ထားကြတော့ မိုးညှင်းမင်းတရားကြီးက 'သင်္ကန်းပိုင်ရှင်ကိုရှာစေ'လို့ အမိန့်တော်ချမှတ်လိုက်တယ်။ အမှုတော်ထမ်းတွေ စစ်ကိုင်း၊ ပင်းယ၊ အင်းဝတစ်ခွင် ပိုက်စိပ်တိုက်ပြီးရှာတော့ သင်္ကန်းတစ်ထည်ရုံပြီး အင်းဝဘက်လာတဲ့ သာမဏေတစ်ပါးကို တွေ့တယ်။ သာမဏေကို စစ်မေးတော့ ဧရာဝတီဆိပ်ကမ်းမှာ သင်္ကန်းချွတ်ပုံပြီး ရေချိုးနေတုန်း လေမုန်တိုင်းကျလာပြီး လေဟုန်နဲ့အတူ သူ့သင်္ကန်းတွေ လွင့်ပါသွားပါတယ်။ အခု အတူရေချိုးကြတဲ့ သာမဏေရဲ့ သင်္ကန်းကို ငှားရုံပြီး လွင့်သွားတဲ့ သင်္ကန်းရှာဖို့ ထွက်လာတာပါလို့ အစစ်ခံသတဲ့။ ဒါနဲ့ အမှုတော်ထမ်းတွေလည်း သာမဏေကို မင်းတရားကြီးဆီ ခေါ်သွားကြတယ်။

နန်းတော်ရောက်တော့ မင်းတရားကြီးက သာမဏေရဲ့ နေရပ်ဇာတိနဲ့ အဖြစ်မှန်ကို တင်လျှောက်စေလို့ မိန့်တော်မူတယ်။ သာမဏေက သူ့ဇာတိနဲ့

ပုံပျက်ပုံအလုံးစုံကို အခုလို လျှောက်တင်ပါတယ်။

ကိုရင့်ဇာတိက မွန်တို့ဌာနေ၊ ရာမညတိုင်း၊ ဟံသာဝတီပြည်ပါ။ ဘွဲ့က မွဓရပါ။ ကိုရင့်မှာ ညီအစ်ကိုလိုချစ်ခင်တဲ့ ရှင်ဓမ္မညာဏဆိုတဲ့ သူငယ်ချင်း ပါတယ်။ အင်းဝ၊ ပုဂံစတဲ့ အရပ်တွေမှာ သာသနာတော်စည်ပင်ထွန်းကားတဲ့ ကြောင့် စာတတ်ပေတတ်ပုဂ္ဂိုလ်ကျော်တွေ အလွန်များတယ်လို့ ဆွမ်းခံကြွရင်း ကြားခဲ့ရတယ်။ ကိုရင်တို့နှစ်ပါးလည်း ငါတို့ ဒေသန္တရဗဟုသုတလည်း ရ၊ ပိဋကတ်စာပေကိုလည်း တစ်ဖက်ကမ်းခပ် တတ်မြောက်အောင် အင်းဝ၊ ပုဂံစတဲ့ ဘက်အညာကို သွားကြရအောင်လို့ တိုင်ပင်ကြတယ်။ တိုင်ပင်ပြီးတော့ ချာယ်ဆရာတော်ထံ ပန်ကြားလျှောက်ထားတယ်။ ဆရာတော်ရဲ့ ခွင့်ပြုချက် နဲ့ ပထမ ပုဂံကို ကြွကြတယ်။ နောက်တော့ စစ်ကိုင်းတောင်ရိုးက အရိယဓဇဆရာတော်ထံမှာ ပညာသင်ကြားနေကြပါတယ်။

ဒီနေ့ ရောဝတီဆိပ်ကမ်းမှာ ရေလာချိုးကြတယ်။ ဆိပ်ကမ်းမှာ သင်္ကန်း ချွတ်ပုံပြီး ရေချိုးနေတုန်း လေမုန်တိုင်းကျလာပါလေရော။ အဲဒီမှာ ကိုရင့် သင်္ကန်းရော၊ သင်းပိုင်ပါ လေဟုန်နဲ့ ပါသွားတယ်။ ဒါနဲ့ ကိုရင်ဓမ္မညာဏရဲ့ သင်္ကန်းကို ခဏငှားရုံပြီး လေနဲ့ ပါသွားတဲ့ သင်္ကန်းကို ရှာဖို့ အင်းဝဘက်အလာ ကမ်းမှာ အမှုတော်ထမ်းတွေနဲ့ တွေ့ပြီး စစ်မေးတာခံရတယ်။ နောက်ဆုံးတော့ ဘုရင်မင်းကြီးထံ ရောက်လာရပါတယ်လို့ တင်လျှောက်တယ်။

မိုးညှင်းမင်းတရားလည်း ရှင်ဓမ္မဓရရဲ့ ရဲရင့်တည်ကြည်ပုံကို နှစ်သက် သဘောကျတော်မူတယ်။ ကိုရင်ရဲ့ သူငယ်ချင်း ရှင်ဓမ္မညာဏကိုလည်း သွားပင့် တယ်။ မင်းကြီးက သာမဏေနှစ်ပါးစလုံးကို သင်္ကန်းပရိက္ခရာ အစုံအလင် ဒါန်းတော်မူတယ်တဲ့ သခင်မဖုရား'

'ကြားရတဲ့သတင်းကဖြင့် မင်္ဂလာရှိပါပေရဲ့ကွယ်။ ဟံသာဝတီသား မဏေများကို ဖူးတွေ့ချင်ပါသေးတယ်'ဟု ရှင်စောပုက မိန့်တော်မူသည်။

ရုံရွှေတော်မိစောနှင်းက သာမဏေနှစ်ပါးကို ဟံသာဝတီ၏ သတင်း မေးလျှောက်နိုင်ကြောင်း သံတော်ဦးတင်သဖြင့် မင်းကြီးထံ လျှောက်ထား ၍။ မင်းကြီးက ခွင့်ပြုသဖြင့် ရှင်စောပု၏ မင်္ဂလာအိမ်တော်သို့ သာမဏေ ပါး ကြွရောက်လာသည်။

သာမဏေကလေးများကို ဖူးတွေ့ရလျှင် ရှင်စောပုသည် ဆွေမျိုးရင်းချာ

များကို တွေ့ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ဟံသာဝတီရွှေနန်းရဲ့ သတင်းကို မေးမြန်းသောအခါ…

'ဟံသာဝတီမှာ ဗညားကျန်းနတ်ရွာစံပြီး ဗညားရံမင်းပြုနေတယ် ဒကာမကြီး' ဟု ရှင်ဓမ္မဓရက ဖြေကြားသည်။

ရှင်စောပုသည် မောင်တော်အကြီးအတွက် နှလုံးကြေကွဲဝမ်းနည်းတော်မူသည်။ ငယ်စဉ်ဘဝမှစ၍ သူ့အပေါ်တွင် ညှာညှာတာတာဆက်ဆံသည်၊ ကြည်သာတော်မူခဲ့သည်။ သည်ကောင်းကွက်များကို သတိတရတမ်းတကာ ငိုယိုတော်မူသည်။

'ဒကာမကြီး၊ လောကဓမ္မ သင်္ခါရသဘောတရားပါပဲ။ ဘဝခန္ဓာကို ကိုယ့်စိတ်ကြိုက် ကန့်သတ်ပိုင်ခွင့်မရပါ။ ကံက ကန့်သတ်ပေးသလောက်သာ ဒီဘဝမှာ နေကြရမှာဖြစ်တယ်'

စသဖြင့် တရားရေအေးတိုက်ကျွေးသည့်အခါ ရှင်စောပုလည်း နှလုံးစိတ်ဝမ်းအေးချမ်းသွားတော့သည်။ သာမဏေနှစ်ပါးအား ကြည်ညိုသဒ္ဓါပွားသဖြင့် အိမ်တော်မင်္ဂလာသို့ ကြွရောက်ကာ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လေသည်။

သာမဏေနှစ်ပါးလည်း နေ့စဉ်ကြွ၍ ရှင်စောပု ဆက်ကပ်လှူဒါန်းသော ဆွမ်းကို ခံယူကြလေသည်။ ဤသို့ဖြင့် ရက်တွေ၊ လတွေ များစွာ ကုန်ဆုံးသွားသည်။ သာမဏေနှစ်ပါးလည်း ရဟန်းတက်ရန် အသက်စေ့ပြီ။ သို့ဖြင့် ရှင်စောပုသည် ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မညာဏတို့အား ရဟန်းဘောင်သို့ သွတ်သွင်းကာ ကုသိုလ်ပြုတော်မူသည်။

ရဟန်းတော်နှစ်ပါးသည် စာပေကျမ်းဂန်သင်ကြားခြင်းကို ရပ်စဲကာ လောကီဝိဇ္ဇာအတတ်ပညာများကို တစ်လှည့်သင်ယူကြသည်။ ရှင်စောပု၏ အိမ်တော်သို့လည်း မကြာမကြာ ကြွရောက်လေ့ရှိကြသည်။ ရောက်လျှင်လည်း တရားစကားပြောကြသည်။ တစ်ခါတစ်ရံလည်း ဟံသာဝတီအကြောင်း ပြောကြသည်။

ဤသို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံကြသည်ကို သတိပြုမိသော ရှမ်းမိဖုရားမိုးနှင်းက မိုးညှင်းမင်းတရားကြီးအား ယခုလိုတင်လျှောက်သည်။

'အရှင်မင်းကြီး၊ မင်းကြီးသည် မွန်မိဖုရားရှင်စောပုကို လွန်စွာ အရေးပေးတော်မူလှသည်။ မွန်တို့သည် မင်းကြီးအပေါ်တွင် အကောင်းကြံတော်မူသည်

ရှိပါ။ ယခု မွန်မိဖုရားသည် မွန်ရဟန်းတော်များနှင့် ပူးပေါင်းပြီး လောကီ ာတ်ပညာဖြင့် ဆေးဝါးမန္တရားများ စီရင်နေပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ွင် အရှင်မင်းကြီးသည် ရူးသွပ်၍သော်လည်းကောင်း၊ ပျက်စီးခြင်းသို့လည်း ကာင်း ရောက်ရပါလိမ့်မည်။ မင်းကြီး၏ အသက်အန္တရာယ်ကို စိုးရိမ်ပူပန်လှပါ ဖြင့် ဖုရားနှမလျှောက်ထားပါသည်။ သတိထားတော်မူပါဘုရား'

မိုးညှင်းမင်းတရားကြီးလည်း မိဖုရားရှင်စောပုသည် မွန်သာမဏေတို့ကို ဟန်းဘောင်သို့ သွတ်သွင်းကာ ရဟန်းအမပြုပြီးနောက် ရဟန်းတော်နှစ်ပါးကို လွန်ကြည်ညိုဆည်းကပ်ကိုးကွယ်ကြောင်း သတိပြုမိသည်။ သို့သော် ရှမ်း ဖုရားလျှောက်ထားသကဲ့သို့ ယုံမှားခြင်းအလျဉ်းမရှိခဲ့ပေ။ ယခု ရှမ်းမိဖုရား လျှောက်တင်သည်ကိုလည်း အလွယ်တကူလက်မခံပေ။ သို့သော် တစ်ကြိမ် ဟုတ်၊ နှစ်ကြိမ်လည်း မက၊ အခါအခွင့်သင့်တိုင်း လျှောက်တင်လေသောအခါ င်းကြီး၏ စိတ်ထဲတွင် ဟုတ်များဟုတ်လေမလားဟူသော သံသယဝင်လာတော့ ည်။

ထို့ကြောင့် ရှင်စောပုကို ရှေးကကဲ့သို့ အရေးပေးတော်မမူဘဲ ခပ်တည် ည်ဆက်ဆံတော်မူသည်။ ပြီးတော့ မွန်ရဟန်းနှစ်ပါးကိုလည်း ရှင်စောပု၏ အိမ်တော်သို့ အခါမရွေးဝင်ထွက်ခွင့်များကိုလည်း ရုတ်သိမ်းတော်မူလိုက်သည်။ င်စောပု ပိုမိုစိတ်ညစ်တော်မူသည်။ အင်းဝတွင် စံမြန်းရန် လုံးလုံးစိတ်ကုန်ခန်း တ်မူသည်။ ဟံသာဝတီသို့ပြန်ရန်သာ စိတ်အာရုံတွင် အမြဲတွေးတောကြံစည် နေတော့သည်။

'လိုလျှင်ကြံဆ နည်းလမ်းရ'။ သည်စကားအရ တစ်နေ့တွင် အကြံ ကောင်းတစ်ခုကို ရရှိလေသည်။ ရှင်စောပုသည် ယုံကြည်စိတ်ချရသော မွန်ရုံရွှေ တော်ကလေး မိနော်ကို ချိတ်နှင့် ကနစိစေ့ ရှာခိုင်းသည်။ ချိတ်ရည်နှင့် ကနစိ ေ့ ရောသောဆေးကို သောက်လိုက်၏။ မကြာခင်မှာပင် သွေးဝမ်းကဲ့သို့သော ဝမ်းတွေ သွားသည်။ ရှင်စောပုသည် မကျန်းမမာဟန်ပြု၍ နေသည်။ ပြီးတော့ ိုးညှင်းမင်းတရားထံ အကြောင်းကြားစေသည်။ မင်းကြီးလည်း ရှင်စောပုသတင်း ကို ကြားလျှင် ကြွရောက်ရှုစားတော်မူသည်။ သွေးဝမ်းများသွားသည်ဟု လျှောက် တင်သဖြင့် စိုးရိမ်ပြီးလျှင် သမားတော်များကို ပင့်ခေါ်၍ ကုသစေသည်။

သမားတော်များမှာလည်း ရှင်စောပု၏ လက်ဆောင်ပဏ္ဏာများနှင့်

မကောင်းကြသဖြင့် ရှင်စောပု၏ အလိုသို့လိုက်ကာ ရောဂါပြင်းထန်လှသဖြင့် ကုသရန် မစွမ်းနိုင်ဟန်ပြနေကြသည်။ ဤတွင် ရှင်စောပုက မိုးညှင်းမင်းတရားကြီးအား ဤသို့လျှောက်တင်သည်။

'အရှင်မင်းကြီး၊ ဘုရားကျွန်မတွင် စွဲကပ်နေသော ရောဂါဝေဒနာသည် သက်သာသည်မရှိပါ။ တရိရိန္တမ်းပြီး အသက်ပင် ဆုံးရှုံးရတော့မည်ထင်ပါသည်။ မရဏမင်းထံ ခန္ဓာကိုယ်ကို အပ်နှံရပါတော့မည်။ ဒါပေမဲ့ ဖုရားကျွန်မမှာ အားကိုးစရာ တရားအလုပ် ဘာမျှမလုပ်ရသေးပါဘူး။ ဒီအတိုင်းသာ သေသွားမယ်ဆိုရင် အရှုံးကြီးရှုံးရပါလိမ့်မယ်။ သို့ပါ၍ အသက်နှင့် ခန္ဓာကိုယ် တည်မြဲနေစဉ် ဘုရားရှင်၏ တရားတော်များကို နာယူမွေ့လျော်လိုပါသည်။ မြို့ပြင်တွင် ယာယီအိမ်တော် ဆောက်လုပ်စံနေခွင့် ပြုတော်မူပါ။ သားပဥ္စင်းနှစ်ပါးကိုလည်း ယာယီအိမ်တော်သို့ မပြတ်ကြွရောက် တရားဟောခွင့် ပြုတော်မူပါဘုရား'

မိုးညှင်းမင်းတရားလည်း ရှင်စောပုသည် အနာသည်းနေပြီ။ မကြာခင် ခန္ဓာပျက်ကြွေ သေပွဲဝင်ရတော့မည်။ မသေမီ သူ့စိတ်တိုင်းကျကလေးတော့ ခွင့်ပြုလိုက်မှ သင့်တော်ပေမည်ဟု စဉ်းစားတော်မူသည်။ သို့ဖြင့် မြို့ပြင်၌ ယာယီစံအိမ်တော်ကို အဆောတလျင်ဆောက်လုပ်ကာ ရွှေပြောင်းစံနေစေသည်။ ပဥ္စင်းနှစ်ပါးကိုလည်း ယာယီစံအိမ်တော်သို့ ကြွကာ တရားဟောကြားခွင့် ပေးတော်မူလိုက်သည်။

* * *

# အခန်း (၁၆)
# ရှင်စောပု၏ သည်းထိတ်ဖို့စွန့်စားခန်း

နေဝင်ရီတရောအချိန်ဖြစ်၏။ စက်နာရီအားဖြင့် ည ၇ နာရီခန့် ရှိပြီ။

မိဖုရားကြီးရှင်စောပု၏ ယာယီစံအိမ်တော်တွင် အပျိုတော်ကလေးများ သည် ရွှေတိုင်တော်များကို ထွန်းညှိလိုက်ကြသည်။ စံအိမ်တော်တစ်ခုလုံး လင်း သွားသည်။

ဘုရားစင်ရှေ့တွင် ဆက်ကပ်ထားသော ခတ္တာ၊ ဇီဇဝါ၊ ချယားစသည့် ရနံ့များသည် စံအိမ်တော်တစ်ခုလုံး မွှေးပျံ့လျက်ရှိသည်။ ဘုရားစင်ရှေ့တွင် ထားသော ကော်ဇောပေါ်တွင် အပျိုတော်ကလေးများ စီစီရီရီ ညီညီညာညာ ကာ စတင်၍ ဝတ်တက်ကြသည်။ ဝတ်ရွတ်သံမှာ သာယာကြည်အေးလှ၏။ ကြားရသူတို့၏ နားတွင် ပီတိစိမ့်၍ ဘဝင်ငြိမ့်စေသည်။ ရတနာသုံးပါးကို ကြည်ညိုသဒ္ဒါပွားစေသည်။

မိဖုရားကြီး၏ စံအိမ်တော်သည် ရွှေနန်းတော်အပြင်ဘက်ရပ်ကွက် တွင်း၌ ရှိရာ အနီးအနားမှ ဖြတ်သွားသူတိုင်း ဝတ်ရွတ်သံကို ခေတ္တမျှရပ်ပြီး ယူသွားတတ်ကြသည်။

အပျိုတော်ကလေးများ ဝတ်တက်ပြီးကြပြီ။ စံအိမ်တော်အမှုကိစ္စများကို လုပ်သူက လုပ်သည်။ ဖျော်ရည်ဖျော်သူက ဖျော်သည်။ အားလုံးအဆင်သင့် သည်နှင့် မွန်ရဟန်းတော်နှစ်ပါးကို ဖျော်ရည်ကပ်သည်။ ပြီးလျှင် မိဖုရားကြီး စောပုနှင့် အပျိုတော်ကလေးများသည် မွန်ရဟန်းတော်များ ရွတ်ဖတ်သော တ်တော်များကို ရိုသေစွာ နာယူကြသည်။ ရဟန်းတော်နှစ်ပါး ညနေတိုင်း ရောက်တရားဟောရာ ရက်အနည်းငယ်ကြာသွားပြီ။ တစ်နေ့တွင် ရှင်စောပု ည် အပျိုတော်၊ ရံရွေတော်များ နားမလည်သည့် မွန်ဘာသာစကားဖြင့် ခုလိုလျှောက်တင်သည်။

'အရှင်တို့၊ မယ်တော်လည်း အင်းဝမှာနေရတာ မပျော်ပိုက်ဘူး။ စိတ် င်းရဲလှတယ်။ အရှင်တို့နှင့် တွေ့ဆုံပြီး နေ့စဉ်တရားတော်နာယူဖို့ပင် အခက် ရှိလို့ ချိတ်ရည်နှင့် ကနစိုရောသောက်ပြီး သွေးဝမ်းဆင်းဟန်ပြုရတယ်။

ဝေဒနာအခြေအနေဆိုးလွန်းလို့ ထီးနန်းပြင်ပမှာ ယာယီစံအိမ်တော် ဆောက်နေခွင့်နဲ့ မသေမီ မြတ်ဗုဒ္ဓ၏ တရားတော်များ နာကြားခွင့်ပြုပါရန် လျှောက်ထားတောင်းပန်တာကြောင့် အရှင်နှစ်ပါးစလုံး စံအိမ်တော်သို့ အချိန်မရွေးကြွရောက်တရားဟောခွင့် ရပါပြီ။ ယခုလို အခွင့်အရေးရခိုက် မယ်တော်အား ဟံသာဝတီသို့ ပြန်ရောက်ရန် ကြံတော်မူကြပါဦး။ အရှင်နှစ်ပါးတို့ ကြံစည်ကြိုးကုတ်အားထုတ်ခြင်းမပြုပါက အင်းဝမှာပင် မယ်တော် ကံကုန်ရပါလိမ့်မယ်'

'မယ်တော်၊ အင်းဝမှာ မယ်တော်မပျော်ပိုက်တာကို မဆွကပင် ရိပ်မိပါတယ်။ မယ်တော် ဟံသာဝတီသို့ ပြန်ရမှ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိမည်ဆိုပါက ကြံဆောင်ပေးပါမယ်'ဟု ရဟန်းများက ဝန်ခံပြီး ကျောင်းသို့ပြန်ကြွကြလေသည်။

ရဟန်းတော်နှစ်ပါးသည် ကျောင်းသို့ရောက်လျှင် တိုင်ပင်ကြသည်။ မည်သို့ကူညီရမည်ကို အမျိုးမျိုးတွေးတောကြ၏။ ကြံစည်ကြ၏။ နောက်ဆုံးရှင်စောပုကို ယာယီစံအိမ်တော်မှ ဧရာဝတီမြစ်ဆိပ်သို့ ဘေးကင်းစွာ ခေါ်ထုတ်ပြီး မြစ်ကြောင်းမှ ဟံသာဝတီသို့ စုန်ဆင်းကြရန် ဆုံးဖြတ်ကြသည်။ သည်ကိစ္စကို အကောင်အထည်ဖော်ရန် မိမိတို့ကိုယ်ကိုယ် ဝိနည်းတော်နှင့်အညီ ရဟန်းအဖြစ်မှ လျှော၍ သာမဏေပြုကြသည်။

ဧရာဝတီမြစ်ကမ်းပါးတစ်နေရာ၊ လူသူအရောက်အပေါက်နည်းပြီး ချုံနွယ်ပိတ်ပေါင်းထူထပ်သော တစ်နေရာကို ရွေးချယ်ကြသည်။ ထိုနေရာသည် ယာယီစံအိမ်တော်မှ လာလျှင် အနီးဆုံးကမ်းပါးဖြစ်၏။

သာမဏေနှစ်ပါးသည် နေ့အချိန်တွင် ဝါးများကို နှီးဖြာကြသည်။ ညဥ့်အချိန်တွင် ရှင်စောပု၏ ယာယီအိမ်တော်သို့ ကြွ၍ တရားဟောသည်၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်သည်။ တစ်ခါတစ်ရံ တိုင်ပင်စရာရှိသည်များကို တိုင်ပင်ဆွေးနွေးကြသည်။

နေ့အချိန်တွင် ဖြာထားသော နှီးများဖြင့် ဝါးလှေရက်ကြသည်။ လူသူမမြင်စေရန် ရွေးချယ်ထားသည့် ချုံနွယ်အောက်တွင်ပင် ရက်ကြ၏။ ဆယ်ရက်လောက်ကြာသောအခါ ဝါးလှေရက်လုပ်ပြီးစီးသွားသည်။ ဝါးလှေကို သည်အတိုင်း သုံး၍မဖြစ်ပါ။ ယွန်းလှေဖြစ်မှ လှော်ခတ်သွားလာ၍ရမည်။ ထို့ကြောင့် ဝါးလှေကို သစ်စေးဖြင့် သရိုးကိုင်ကြရ၏။ ဆယ်ရက်ကျော်ကျော်လောက်တွင်

ပွန်းလှေအဆင်သင့်ဖြစ်ပြီ။ လှေကို ချုံထဲတွင်ပင် ဝှက်ထားခဲ့သည်။

ညစဉ်ညတိုင်း ရှင်စောပု၏ ယာယီအိမ်တော်သို့ အခြေအပျက်ကြွရောက်ကာ တရားဟောခြင်း၊ ပရိတ်တော်များ ရွတ်ခြင်း ပြုလုပ်သည်။ ဤသို့ဖြင့် ဖုရားရှင်စောပုနှင့် တိုင်ပင်သတ်မှတ်ထားသည့် ရက်သို့ ရောက်လာသည်။ ထိုည၌တွင် ရှင်စောပုအကြံပေးထားသည့်အတိုင်း သာမဏေနှစ်ပါးတို့သည် တစ်ပါးပြီးတစ်ပါး အချိန်ကြာမြင့်စွာ တရားရေအေးတိုက်ကျွေးကြသည်။ ပြီးလျှင် ပရိတ်တော်များကို ဆက်လက်ရွတ်ပွားပူဇော်ကြပြန်သည်။

တဖြည်းဖြည်း ညဉ့်နက်လာပြီ။ အိမ်တော်သူအခြွေအရံများ၊ အစောင့်အရှောက်များလည်း သန်းဝေငိုက်မျဉ်းလာကြကုန်၏။ သာမဏေတို့လည်း လောကီဝိဇ္ဇာဓယ အတတ်များကို တတ်မြောက်ထားကြသဖြင့် အားလုံးကို အိပ်မောကျစေရန် စီမံကြသည်။ အားလုံးအိပ်ပျော်သွားကြပြီ။ ရှင်စောပုအား အဆောင်တော်မှ ခေါ်ထုတ်သွားရန် စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်ကြသည်။ ကြာမီပင် အဆောင်တော်ရှိ အလင်းတိုင်များအားလုံး ငြိမ်းသွားပြီး ယာယီစံအိမ်တော်တစ်ခုလုံး မှောင်အတိကျသွားလေတော့သည်။ မှောင်ကျသွားသည်နှင့် တစ်ပြိုင်နက် ယာယီစံအိမ်တော်ဝင်းအတွင်းမှ မည်းမည်းသဏ္ဍာန်အရိပ်များ ထွက်လာပြီး မြစ်ဆိပ်ဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားကြတော့သည်။

'ရပ်…ဘယ်သူတွေလဲ'

'ဦးပဥ္စင်းတို့ပါ'

'အင်းဝနေပြည်တော်မှာ သံဃာတော်တွေများလို့ ဘွဲ့အမည်ကို အမိန့်ရှိပါဘုရား'

'အရှင်ဓမ္မဓရနဲ့ အရှင်ဓမ္မညာဏတို့ပါ'

'အရှင်ဘုရားတို့ ညဉ့်နက်လှပါလားဘုရား'

'မယ်တော်မိဖုရားကြီးကို တရားရေအေးတိုက်ကျွေးပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်နေလို့ ညဉ့်နက်သွားတယ် ဒကာကြီး'

'ကန်တော့ပါဘုရား၊ တာဝန်အရ ယခုလိုစစ်ဆေးရတာ ခွင့်လွှတ်တော်မူပါဘုရား။ နန်းတော်အတွင်းအပြင်မှာ ညအခါ လသာသည်ဖြစ်စေ၊ လမသာသည်ဖြစ်စေ၊ မည်သူမဆို လမ်းထွက်လျှင် မီးအိမ်၊ မီးခွက်ပါမှ ထွက်ကြရတာယ် မဟုတ်ပါလားဘုရား၊ မီးအိမ် မီးခွက်ပါမလာရင် လူဆိုးသူခိုးတွေနဲ့ ယိုးမှားနိုင်

လို့ ယခုလို စစ်ဆေးရတာပါ။ ဒါထက် ဟိုလူတွေထမ်းလာတာက ဘာပါလိမ့် ဘုရား'

'မယ်တော်မိဖုရားကြီးက သားရဟန်းတော်များအတွက် စောင်၊ ခေါင်းအုံးနဲ့ အိပ်ရာလိပ်များ လှူဒါန်းလိုက်လို့ပါ ဒကာကြီး'

'တပည့်တော်တို့ မေးမြန်းနေတဲ့အတွက် နှောင့်နှေးသွားပြီ။ ကောင်းစွာ ကြွတော်မူပါဘုရား'

ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏတို့လည်း ညကင်းသမားများမေးမြန်းသည်ကို ဖြေပြီးနောက် ဂူမြေမပျက်ထွက်လာခဲ့ကြသည်။ ဧရာဝတီမြစ်ကမ်းပါးသို့ ရောက် သောအခါ မိမိတို့ဝှက်ထားသော ယွန်းလှေရှိရာသို့ သတိထား၍ ဆင်းခဲ့ကြ သည်။ ချုံထဲတွင် ဝှက်ထားသော ယွန်းလှေကို ဆွဲထုတ်လိုက်သည်။ မွန်အမျိုး သားကြီးနှစ်ယောက်သည် ထမ်းလာသော အထုပ်ကြီးကို လှေဝမ်းထဲတွင် ညင် သာစွာချပြီး ပတ်ထားသော သက်န်းကို ခွာလိုက်၏။ အတွင်းမှ ဖျာလိပ်ပေါ် လာသည်။ ဖျာလိပ်ကို ညင်သာစွာ ဖြေလိုက်သည်။ ဖျာလိပ်အတွင်းမှ ထွက် လာသည်ကား စောစောက အစစ်ခံခဲ့သော စောင်၊ ခေါင်းအုံးနှင့် မွေ့ရာများ မဟုတ်ပေ။

'မိဖုရားကြီးရှင်စောပု' ပင်တည်း။

မိဖုရားကြီးရှင်စောပု လှေဝမ်းထဲရောက်သည်နှင့် လှေကို ရေချ၍ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့ကြသည်။ ရှင်ဓမ္မဓရက ပဲ့ကိုင်သည်။ ရှင်ဓမ္မဉာဏက လှေကို လှော်ခတ်သည်။ အင်းဝမှ စတင်စုန်ဆင်းချိန်မှာ ညဉ့် သန်းခေါင်ကျော်ပြီ။

သိပ်သိပ်သည်းသည်းနက်မှောင်နေသော မိုးကောင်းကင်ထဲတွင် ဟိုတစ် ပွင့်၊ သည်တစ်ပွင့် လင်းလက်နေသော ကြယ်ပွင့်ကလေးများသည် ကတ္တီပါ အနက်ပေါ်တွင် စိန်ပွင့်ကလေးများ ကြဲဖြန့်ထားသကဲ့သို့ပင်။

ရှင်စောပုသည် လှေဝမ်းထဲတွင် လဲလျောင်းနေရာမှ ထထိုင်ကြည့်သည်။ အမြန်လှော်ခတ်နေသော လှေငယ်အတွင်း ထထိုင်ရန် မလွယ်ကူပါ။ ကျယ်ပြန့် လှသော မြစ်ရေထဲတွင် လွန်စွာသေးငယ်လှသော လှေကလေးဖြင့် စုန်ဆင်းနေ ရသည်မှာ ကြီးမားသော စွန့်စားခန်းပင်ဖြစ်သည်။ ထို့ကြောင့် လှေဝမ်းထဲတွင် လဲလျောင်းလျက်မှပင် လက်အုပ်ချီကာ ထူပါရုံစေတီ၊ ကောင်းမှုတော် မင်းကွန်း

ရား၊ ငါးထပ်ကြီးဘုရား၊ စစ်ကိုင်းတောင်ရိုးပုညရှင်၊ ပတ္တမြားစေတီ၊ ရွှေကြက်က်၊ ရွှေကြက်ကျစသည့် အထက်တစ်ခွင်ရှိ တန်ခိုးကြီးဘုရားများကို စိတ်မှန်းင့် ပူဇော်ကန်တော့လိုက်သည်။

ဤသို့ ရှင်စောပုနှင့် သာမဏေနှစ်ပါးတို့ အပြင်းစုန်လာရာ အလင်းရာင်လာသည်နှင့် အနီးဆုံးကမ်းသို့ ကပ်ပြီး လှေကို ကမ်းပေါ်ဆွဲတင်ကာက်ထားကြသည်။ ရှင်စောပုနှင့် သာမဏေနှစ်ပါးလည်း လုံခြုံသင့်တော်ရာနေရာပြီး ပုန်းအောင်းနားနေအိပ်စက်ကြသည်။ အရှေ့ဆီမှ နီစွေးသော ရောင်ခြည်တန်း ဖြာထွက်လာပြီ။ သည်အချိန်ဆိုလျှင် ရှင်စောပု၏ ယာယီစံအိမ်တော်ဘုရားဆောင်တွင် ဆီမီးများပူဇော်ထားသဖြင့် တစ်ခန်းလုံးလင်းထိန်နေသည်။ ရတနာ့ပါးဦးထိပ်ထားသော ရှင်စောပုသည်လည်း မြတ်ဗုဒ္ဓအား ဆွမ်း၊ ပန်း၊ ချမ်းများ ကပ်လှူကာ ဘုရားဝတ်ပြုနေမြဲဖြစ်၏။

ယနေ့တွင်မူ ထူးထူးခြားခြား ယာယီအိမ်တော်တစ်ခုလုံး တိတ်ဆိတ်မ်သက်နေသည်။ နေရောင်ခြည်သည် လေသာပြတင်းမှတစ်ဆင့် အဆောင်ဆောင်အခန်းခန်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်ကာ အိပ်ပျော်နေသူများကို နှိုးပြီ။ နေရောင်ခြည်၏ စူးရှသောအလင်းရောင်ကြောင့် အခြွေအရံများသည်မန်းကတန်းအိပ်ရာမှ ထကြသည်။ မျက်လုံးများ ကျိန်းစပ်ပြီး ခေါင်းထဲမှာည်း မကြည်မလင်၊ မူးရီရီဖြစ်နေကြသည်။ သို့သော်ခါတိုင်းထက် နောက်ကျပြီမို့ သခင်မကြီးရှင်စောပု ဆွမ်းကပ်ရန် အမြန်ပြင်ဆင်ကြသည်။ ဆွမ်း၊း၊ ရေချမ်းအားလုံး အဆင်သင့်ဖြစ်သည့်အခါ ရှင်စောပုအား လျှောက်တင်ရန်က်ခန်းဆောင်တံခါးကို အသာအယာတွန်းဖွင့်လိုက်သည်။ မိမိတို့သခင်မ စက်းဆောင်ထဲတွင် မရှိပါ။ သည်အချိန်ဆို ဘုရားဆောင်မှာ ရှိနေလောက်ပြီဟုရားဆောင်တွင် ရှာကြသည်။ မတွေ့ပါ။ စံအိမ်တော်တစ်ခုလုံး ဘယ်နေရာမှာ သခင်မကြီးကို မတွေ့ရ။ အိမ်တော်စောင့်များကို မေးသည့်အခါလည်းသိကြ။ သူတို့လည်း ယခုမှပင် အိပ်ရာမှ နိုးကြသည်ဟု ဆိုသည်။

နောက်ဆုံးတွင်မူ မိုးညှင်းမင်းတရားကြီးထံ သွားရောက်တင်လျှောက်ကြသည်။ မိုးညှင်းမင်းတရားက ရှင်စောပုအား ဖမ်းဆီးရန် အမတ်ငါးယောက်တ်ကားငါးစီးနှင့် လူအပြည့်၊ တက်အပြည့်လှော်ခတ်၍ လိုက်စေသည်။က်မမီသဖြင့် ပုဂံ၊ ညောင်ဦးမှ လှည့်ပြန်ခဲ့ကြသည်။

(ဓမ္မစေတီပေစာ၌ "မျုးမတ်တို့က ရှင်စောပုထွက်ပြေးကြောင်း မိုးညှင်းမင်းတရားအား တင်လျှောက်ရာ မိုးညှင်းမင်းတရားက သူလည်း အိုပြီ၊ ငါလည်း အိုပြီ၊ သွားချင်သွားပါစေတော့ဆိုသည်" ဟု ပါ၏။)

နေ့အခါ ကမ်းပါးတွင် ပုန်းအောင်း၊ ညအခါ စုန်ဆင်းရင်းဖြင့် စလင်း၊ မြေထဲတို့ကို ကျော်လွန်ခဲ့ပြီး ဓနုဖြူသို့ ရောက်လာကြသည်။ မြို့သူမြို့သားများလည်း ဘုရင်မရှင်စောပုမှန်းသိကြသဖြင့် ဆိပ်ကမ်းညွတ်မျှ လာရောက်ဖူးမြင်ကြသည်။

ရှင်စောပုနှင့် သာမဏေနှစ်ပါးတို့သည် ပင်ပန်းခံလှော်ခတ်ခဲ့ရာ ဆယ်ညတိတိကြာပြီး နောက်နေ့ ဝေလီဝေလင်းအချိန်တွင် ဟံသာဝတီသို့ ရောက်ကြလေသည်။ ဆိုက်ရောက်လျှင် ဆိုက်ရောက်ချင်း သာမဏေတို့က မောင်တော်မင်းထံ အကြောင်းကြား တင်လျှောက်သင့်ကြောင်း အကြံပေးကြသည်။

ရှင်စောပုလည်း မောင်တော်ဟံသာဝတီဘုရင် ဗညားရံထံသို့ အစ်မတော်သည် အင်းဝ၌ မပျော်ပိုက်သဖြင့် ထွက်ပြေးလာခဲ့ကြောင်း သဝဏ်လွှာ ဆက်သလိုက်သည်။

မောင်တော်ဘုရင်လည်း အစ်မတော်ရှင်စောပု၏ သဝဏ်လွှာကို ဖတ်ရသည့်အခါ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသည်။ ချက်ချင်းပင် အစ်မတော်၏ သမီးကလေးများဖြစ်ကြသော နဲ့တကာထော်နှင့် နဲ့တကာသင်၊ သားတော်လေး ဗညားပရူတို့ကို ခေါ်ပြီး ဟံသာဝတီဆိပ်ကမ်းသို့ ကြွချီကြိုဆိုတော်မူသည်။

ရှင်စောပု၏ သမီးတော်လေးနှစ်ပါးသည် မယ်တော်ကိုတွေ့လျှင် ဝမ်းသာအားရပွေ့ဖက်ထားကြသည်။ ဝမ်းသာလွန်း၍ မျက်ရည်များ လည်ရှာတော်မူကြသည်။

သားတော်ကလေး ဗညားပရူမှာမူ မယ်တော်ကို မြင်ရသော်လည်း မမှတ်မိဘဲ ငေးကြောင်နေသည်။ မှတ်မိနိုင်စရာလည်း အကြောင်းမရှိပေ။ သူ ရင်ခွင်ပိုက်အရွယ်က မယ်တော်ရှင်စောပုသည် အင်းဝသို့ လိုက်ပါသွားရသည်။ အင်းဝဘုရင်သီဟသူနှင့် (၃)နှစ်၊ မင်းလှငယ်နှင့် (၃)လ၊ ကလေးကျေးတောင်ညို မင်းနှင့် (၇)လ၊ ပခန်းတရဖျားနှင့် ခေတ္တ၊ မိုးညှင်းမင်းတရားနှင့် (၃)နှစ် မိဖုရားကြီးအဖြစ် ကြာခဲ့သည်။ သည်တော့ သားငယ်လေး ဗညားပရူသည်

ယ်တော်ရှင်စောပုကို မမှတ်မိတော့ပေ။

မောင်တော်ဘုရင်ဗညားရံသည် ရှင်စောပုကို ခေါ်ဆောင်ကာ နန်းတော်တွင်းရှိ အိမ်တော်မင်္ဂလာတွင် စံနေစေသည်။ ယခုမှပင် ရှင်စောပု၏ဘဝသည် ည်ငြိမ်အေးချမ်းသွား၏။ နဂိုကပင် ကုသိုလ်ဒါနပြုရန် ဝါသနာထုံသော င်စောပုသည် သံဃာတော်အပါးပါးဆယ်တို့ကို နေ့စဉ်ဆွမ်းဝတ်ပြုတော်မူသည်။

မိမိအား ဟံသာဝတီသို့ ပြန်ရောက်ရန် ကူညီဆောင်ရွက်ပေးသော င်ဓမ္မဓရနှင့် ရှင်ဓမ္မညာဏတို့သည် အင်းဝတွင် ရဟန်းသိက္ခာလျှော၍ သာမဏေ အဖြစ် နေခဲ့ရာ ယခုပြန်လည်၍ ရဟန်းခံပေးတော်မူသည်။ ပြီးလျှင် အတုလ သကျောင်းနှင့် လိပ်ပျင်ကျောင်းဟူသော ကျောင်းကြီးနှစ်ကျောင်း ဆောက်လုပ် အတုလဝါသကျောင်းကို ရှင်ဓမ္မညာဏအားလည်းကောင်း၊ လိပ်ပျင်ကျောင်း ရှင်ဓမ္မဓရအားလည်းကောင်း ပစ္စည်းလေးပါးနှင့်တကွ လှူဒါန်းတော်မူသည်။

ရှင်ဓမ္မဓရက ရှင်စောပု၏ အလှူဒါနနှင့်ပတ်သက်၍ ယခုလို ဟော ကြားတော်မူသည်။

'ကျောင်းလှူတယ်ဆိုတာ အလှူခံပုဂ္ဂိုလ်အတွက် စေတနာသန့်သန့် ားတတ်ရမယ်။ ပုထုဇဉ်တွေရဲ့သဘောမှာ ကျောင်းဒကာအဖြစ် ခံယူချင်တယ်။ များထဲမှာ ဂုဏ်ရှိတယ်ဆိုတဲ့ အတွေးလေးတွေ ရှိတတ်ကြတယ်။ အလှူရှင် းလုံးလို့ မဆိုလိုဘူး။ အချို့သောအလှူရှင်ကို ဆိုလိုတာပါ။

ကျောင်းဆောက်လုပ်လှူဒါန်းတယ်ဆိုရင် ဒီကျောင်းပေါ်မှာ သီတင်းသုံး ့ သံဃာတော်တွေ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေဆိုတဲ့ တ် ထားရမယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကို ကြည့်ပြီးတော့ လှူတာဟာ လွန်မွန်မြတ်တယ်။ ဒါကြောင့် ကျောင်းဆောက်လုပ်လှူဒါန်းတာဟာ ဒီကျောင်း ါမှာ သီတင်းသုံးတဲ့ သံဃာတွေရဲ့အကျိုးကို ဦးတည်ပါ ဒကာမကြီး'

'တင်ပါ့ဘုရား'

'ပြီးတော့ ယခုလို ပစ္စည်းလေးပါးလှူဒါန်းတာလည်း အလွန်ကြီးမြတ် ့ ဒါနပဲ။ အတိုင်းအတာကင်းမဲ့တဲ့ ချမ်းသာသုခတွေကို ရရှိမယ်။ ဒီလိုရရှိစေ ကက သံဃာတော်တွေကျင့်သုံးတဲ့ ကိုယ်ကျင့်သီလကြောင့်ပဲ။ ဆိုကြပါစို့၊ မြဩဇာကောင်းတဲ့ မြေထဲမှာ သရက်ပင်လေးတစ်ပင် စိုက်တယ်။ စိုက်တာက တော့ တစ်ပင်တည်းပဲ။ ဒါပေမဲ့ အသီးသီးတော့ နှစ်စဉ် နှစ်စဉ် သီးတယ်။

အဲဒါ မြေကောင်း၊ ရေကောင်းက ပေးတာ။ ဒီလိုပါပဲ၊ **သံဃာတော်ကို လှူလိုက်**တယ်။ သံဃာတော်အပေါ်မှာ ပျိုးလိုက်တဲ့ မိမိရဲ့ ကုသိုလ်**စေတနာက ထပ်**တလဲလဲ သီးပွင့်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာ။ အဲဒီလို **သီးပွင့်မှုကို ရစေတာ**သံဃာရဲ့ဂုဏ်ပဲ။ သီးပွင့်မှုကို ရရှိစေခြင်းဖြင့် အပါယ်ငရဲတို့၊ ဆင်းရဲဒုက္ခရောက်ရမယ့် အနေအထားတို့ကို ဖယ်ရှားပစ်လို့ သံဃာကို သရဏလို့ခေါ်တယ်။ အဲဒီလို သရဏလို့ခေါ်တဲ့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ စိတ်ဓာတ်က ကုသိုလ်စိတ်ဓာတ်ပဲ။ ဒီကုသိုလ်စိတ်ဓာတ်ဟာ သာမန်ကုသိုလ်မဟုတ်ဘူး။ ဒါကိုအကြောင်းပြုပြီး ကုသိုလ်တွေ ကိုယ့်သန္တာန်မှာ မပြတ်စီးဝင်လာနိုင်တယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

ဒီတော့ ဦးဇင်းတို့အားလုံး သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ခံယူဆောက်တည်ခြင်းဖြင့် ကြီးမြတ်တဲ့ အလှူဒါနကို ပေးလှူတယ်လို့ စိတ်ထဲမှာ အာရုံပြုရမယ်။ ဘုရားအဆူဆူချီးမွမ်းတော်မူတဲ့ အလုပ်ကို လုပ်ရုံမျှမက မဂ္ဂင်ရှစ်ပါးအကျင့်တရားဆိုတဲ့ လမ်းကြောင်းပေါ်ကို တက်ရောက်နေကြပါလားလို့ စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ လိုအပ်တယ်။

**ကဲ…တရားနိဂုံးချုပ်ကြရအောင်။** တရားချစ်ခင်မယ်တော်ဘုရင်မကြီးနှင့်တကွ **နန်းတွင်းသူနန်းတွင်းသား** ပရိသတ်အပေါင်းတို့သည် သရဏဂုံသီလကို ဆောက်**တည်ကြတဲ့အခါမှာ သာမန်**အနေအထားနှင့်မဟုတ်ဘဲ မိမိတို့စောင့်ထိန်းထားသော **သီလတော်မြတ်ကို အလေးအနက်ဆင်ခြင်**စဉ်းစားပြီး တို့တစ်တွေဟာ မဂ္ဂင်ရှစ်ပါးအကျင့်တရားထဲမှာ **ခြေတစ်**လှမ်းဝင်နေတာပဲလို့ စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မိမိတို့**သီလကို** စင်ကြယ်သထက် စင်ကြယ်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း’

‘သာဓု သာဓု သာဓုပါဘုရား’

ဘုရင်မရှင်စောပုနှင့် သမီးတော်များ၊ အခြွေအရံများသည် ထိခြင်းကြီးငါးပါးဖြင့် ရှိသေစွာကန်တော့ပြီး ကျောင်းတော်မှ ဆင်းလာခဲ့ကြသည်။

* * *

## အခန်း (၁၇)

## ရှင်စောပုရင်ကို နာကျင်စေသောသားတော်

ရှင်စောပုသည် တိရစ္ဆာန်များ၊ နွမ်းပါးသူများ၊ ဖုန်းတောင်းယာစကာများ
သဖြင့် သီလဖြူစင်သူ၊ သီလမဲ့သူအားလုံးကို ပေးကမ်းစွန့်ကြဲတော်မူသည်။
ည်လို လှူနေရလျှင် ရှင်စောပုစိတ်ထဲမှာ ကြည်နူးနေသည်။ ပီတိဖြစ်နေသည်။
ကျနပ်နေသည်။ မိမိဘဝလည်း ယခုမှ မိသားစုနှင့်အတူ ပျော်ရွှင်အေးချမ်းနေပြီ
ု ခံစားမိရုံရှိသေးသည်၊ စစ်ဆိုသောအသံကို ကြားရပြန်သည်။

ရှင်စောပု ဟံသာဝတီသို့ ပြန်ရောက်ပြီး နောက်တစ်နှစ်တွင် တောင်ငူစား
ာလူးသခ်ယာနှင့် ညီပေါင်းတည်စားတို့က ဗညားရံထံ သမီးကို အပ်နှင်း၍
ည်မြို့ကို လုပ်ကြံတော်မူပါဟု လျှောက်တင်ကြသည်။ ဗညားရံက လက်ခံ
ဘောတူသည်။ ချက်ချင်းပင် စစ်ပြင်သည်။ တိုက်ဆင်သုံးရာ၊ မြင်းတစ်
ထောင်၊ စစ်သည်သူရဲငါးသောင်းနှင့် သမိန်ဗရမ်းကို ဗိုလ်မှူးခန့်၍ သာယာဝတီ
ကြောင်းချီသည်။

ဗညားရံကိုယ်တိုင်မှာမူ ကရဝိတ်ရွှေဖောင်စီး၍ တိုက်လှေငါးရာ၊ လှော်
ားသံလှေနှစ်ရာ၊ ဝန်တင်နှစ်ရာ၊ စစ်သည်သူရဲငါးသောင်းဖြင့် ပြည်သို့ ချီတော်မူ
ည်။ ထိုရေတပ်တွင် ဗညားအိမ်ကို ဗိုလ်မှူးခန့်တော်မူသည်။ မွန်ဘုရင်ဗညားရံ
အား၊ ကြည်းအားဖြင့် ချီလာကြောင်း၊ ပြည်မင်းသီဟသူကြားလျှင် ရိက္ခာ
ပြည့်အစုံသွင်း၍ ခံသည်။

မွန်ဘုရင် ဗညားရံ ပြည်သို့ရောက်လျှင် ကြည်း၊ ရေ နှစ်ဘက်
ုပ်၍ လုပ်ကြံသည်။ မြို့စီးပြစီးကောင်းပြီး လက်နက်ကိရိယာထူထပ်လှသော
ကြောင့်မို့ အနီးမကပ်ဝံ့၊ အဝေးက ခွာ၍ ကြည်း၊ ရေ ဝန်းရံထားရသည်။

ထိုသတင်းကို မိုးညှင်းမင်းတရားကြားလျှင် မှူးမတ်ပညာရှိများကို
ါ၍ တိုင်ပင်တော်မူသည်။

'မွန်လုပါ။ ယခုအချိန်မှာ တောင်ငူ၊ တောင်တွင်း၊ ရမည်းသင်း၊
င်လယ်စားတို့နှင့်လည်း အရေးတော်မပြီးသေးပါ။ အရှေ့ရှမ်းပြည်နယ်တို့နှင့်
ည်း အရေးတော်မပြီးသေးပါ။ မွန်မင်းဗညားရံသည် စစ်သည်ရဲမက်အလုံး
ရင်းနှင့် ချီလာသည်ဟု ဆိုသည်။ သို့ပါ၍ မွန်မင်းကို အချစ်ကိုယ်ထူပြုတော်

မူ၍ မွန်မင်းနှင့် ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်မှ အရေးတော်ပြီးပြေပါမည်’ဟု ရာဇသင်္ကြံက လျှောက်ထားသည်။

မိုးညှင်းမင်းကြီးလည်း ရာဇသင်္ကြံလျှောက်တင်ချက်ကို ကြိုက်တော်မူသည်။ ထို့ကြောင့် တုရင်္ဂပိုလ်အမတ်ကို စေကာ အမှာစကားပါးလိုက်သည်။

‘တူတော်ဗညားရံ၊ ယခင်က ဒဂုန်တွင် တူတော်နေစဉ်ကာလ အရေးကို ငါပြီးအောင် ပြုပေးသောကြောင့် ချမ်းသာစွာ မင်းအဖြစ်သို့ ရောက်ရသည်။ သည်ကျေးဇူးကိုပင် မထောက်။ ငါ့ကျွန်ပေါင်းတည်စားစကားကို နာခံ၍ ပြည်မြို့ကို ဝန်းရံလာသည်။ သည်ကိစ္စချည်းသာ မဟုတ်သေး။ တူတော်သည် ပေါင်းတည်စားသမီးကို မိဖုရားမြှောက်သည်။ ကေရာဇ်တို့မည်သည် ကေရာဇ်ချင်းသာ အမျိုးအနွယ်ဆက်ရမည်။ ယခု ငါ့တူသည် ပြည်မြို့စားသမီးကို မိဖုရားမြှောက်သဖြင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့ခြင်းမရှိပါ’

ဤသို့ ပြည့်ပြည့်စုံစုံ မှာကြားတော်မူသည်။ ထို့ပြင် လက်ဆောင်ပဏ္ဏာများလည်း များစွာပေးတော်မူလိုက်သည်။

တုရင်္ဂပိုလ်အမတ်ကြီး ဟံသာဝတီသို့ ရောက်လာလျှင် မိုးညှင်းမင်းမှာလိုက်သည့်အတိုင်း လျှောက်တင်သည်။ ဗညားရံက မင်းနှစ်ပါးညီညွတ်စွာ ဖြစ်လိုသည့်အကြောင်း မှာလိုက်သည်ကို မေးတော်မူသည်။

ဤတွင် တုရင်္ဂပိုလ်က ‘အရှင်ဘုရား၊ အရှင်ရဲ့ ခမည်းတော်ရာဇာဓိရာဇ်သည်လည်း ဘုရင်မင်းခေါင်၏ နှမတော် သုပဘာဒေဝီနှင့် စုံဖက်တော်မူ၍ နှစ်ပြည်ထောင်ရွှေတစ်ပြားတည်းကဲ့သို့ဖြစ်ကြသည်။

ဆင်ဖြူရှင်သီဟသူသည်လည်း အရှင်ဘုရား၏ နှမတော်ရှင်စောပုနှင့် စုံဖက်တော်မူ၍ ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်တော်မူကြသည်။

ယခုလည်း ထိုသို့ဖြစ်တော်မူချင်သည့်ဟန် ရှိပါသည်။ တူမတော်ရင်းသင်းကြီးမင်းသမီးကိုလည်း ရွှေနန်းထက်တွင် ထား၍ မွေးတော်မူပါသည်’ဟု လျှောက်တင်သည်။

မွန်မင်းဗညားရံက ‘ဦးရီးတော်မှာတော်မူသည်ကို သိပါသည်။ တုရင်္ဂပိုလ်မင်းသက်သေရှိသည်။ တစ်ကြောင်းလည်း ဦးရီးတော်ကျေးဇူးဟောင်းက ရှိသောကြောင့်သာ ပြည်မြို့ကို ရအောင် မလုပ်မကြံဘဲနေသည်’ဟု မှာပြီး လက်ဆောင်ပဏ္ဏာများလည်း ပေးလိုက်သည်။ မဟာသမွန်အမတ်ကြီးကိုလည်း

သံတမန်အဖြစ် ထည့်လိုက်သည်။

သင်းကြီးမင်းသမီးကို မြင်မှ လက်ဆောင်ပဏ္ဏာများကို ဆက်သရမည် ဟုလည်း အမှာစကားပါးလိုက်သည်။ မွန်သံတမန်တို့ ရောက်လာသော်လည်း ညွှင်းမင်းသည် မေးမြန်းစုံစမ်းခြင်းမပြုဘဲ နေသည်။ မွန်သံတမန်များ အင်းဝ ၌ သုံးလခန့်ကြာသွားသည်။ မိုးညှင်းမင်းသည် သံအဖွဲ့ကို မေးမြန်းခြင်းလည်း မပြု၊ လက်ဆောင်ပဏ္ဏာများကိုလည်း ဆက်သခွင့်မရ ဖြစ်နေသည်။ ထို့ကြောင့် မွန်သံအဖွဲ့လည်း ဟံသာဝတီသို့ ပြန်ရန် လှေဦးကို လှည့်ကြသည်။

ထိုအကြောင်းကို မိုးညှင်းမင်းကြားလျှင် မွန်တို့ကို သတ်ပေတော့ဟု မိန့်တော်မူသည်။

ရာဇသင်္ကြံအမတ်ကြီးက သံတမန်တို့ကို သတ်ဖြတ်ရန် မသင့်ကြောင်း၊ မင်းကို ဖမ်းသာလျှင် ဖမ်းမည့်အကြံတော်လည်း မျက်လိမ့်မည်ဟု လျှောက် တင်မှသာ သံတမန်တို့ကို အတွေ့ခံသည်။

မွန်သံတမန်များလည်း သင်းကြီးမင်းသမီးကို မြင်လျှင် လက်ဆောင် များကို ဆက်၍ စန်လေသည်။

မိုးညှင်းမင်းတရားလည်း ဆင်မြင်းအလုံးအရင်း၊ စစ်သည်သူရဲမြောက် များစွာနှင့် သမက်တော်သီဟပတေ့ကို ဗိုလ်မှူးခန့်၍ ကြည်းကြောင်း၊ မင်းကြီး ကိုယ်တိုင်မူ ကရဝိတ်ရွှေဖောင်တော်စီး၍ မင်းမိဖုရား မောင်းမမိသံများနှင့် ရေကြောင်းချီတော်မူသည်။ မွန်မင်းဗညားရံလည်း မိုးညှင်းမင်းတရား ချီတော်မူ ကြောင်း ကြားလျှင် စစ်နှစ်ဘက်ညှပ်ခံရမည်စိုး၍ ပြည်မြို့ကို ဝန်းရံထား သော မိမိတပ်ကို ဖြုတ်၍ ပြည်မြို့တောင်ဘက်တွင် အခိုင်အလုံနေတော်မူ သည်။

မိုးညှင်းမင်းတရားက ပေါင်းတည်စားကို ပြန်တောင်းသည်။ မွန်မင်းက ရေးတော်ပြီးလျှင် ပေါင်းတည်စားကို ဦးရီးတော်ထံ ပို့ပေးပါမည်ဟု မှာတော် မူသည်။

ဤသို့ အင်းဝနှင့် ဟံသာဝတီ တစ်ဦးကို တစ်ဦး အရေးဆိုနေချိန်တွင် သမိန်ဗရမ်းသည် ရာဇသင်္ကြံ၏ တပ်သို့ မပြက်သွားရောက်ပြီး သောက်စားသည်။ ထို့ကြောင့် မိုးညှင်းမင်းတရားက ရာဇသင်္ကြံကို ခေါ်ပြီး ယခုလို မိန့်တော်မူသည်။

'သမိန်ဗရမ်းလာလျှင် ဖမ်းထား၊ ငါ့ကျွန်ပေါင်းတည်စားကို ပေးမှ

သမိန်ဗရမ်းကို လွှတ်မည်'

မွန်မင်းဗညားရံကလည်း အရေးတော်ပြီးလျှင် ပေါင်းတည်စားကို ဦးရီးတော်ထံ ပို့ပေးပါမည်ဟု မှာတော်မူသည်။

သမိန်ဗရမ်းသည် ရှေးယခင် အင်းဝတွင်နေစဉ်က ရာဇသင်္ကြံနှင့် အလေးအမြတ်ပြု ခင်မင်နေကြသူများဖြစ်ရာ ရာဇသင်္ကြံတပ်သို့ မပြတ်သွား၍ သောက်စားကြသည်။

ဤတွင် မိုးညှင်းမင်းတရားက ရာဇသင်္ကြံကို ခေါ်၍ 'မွန်မင်းသည် ငါ့ကျွန်ပေါင်းတည်စားကိုလည်း မပေး၊ အရေးကိုလည်း ပြီးအောင် မပြုသောကြောင့် သမိန်ဗရမ်းလာလျှင် ဖမ်းထားလေ။ ငါ့ကျွန်ပေါင်းတည်စားကို ပေးမှ သမိန်ဗရမ်းကို လွှတ်မည်'ဟု မိန့်တော်မူသည်။

ရာဇသင်္ကြံလည်း သမိန်ဗရမ်းလာသောအခါ ဖမ်းထားလိုက်လေ၏။

သမိန်ဗရမ်းက 'ကျွန်တော့်လို အရှည်အသွေးရှိသူမျိုး တစ်ကျိပ်ဖမ်းထားစေဦးတော့ ဗညားရံတွင် အားနည်းသွားမည်မဟုတ်ပါ။ အရေးတော်ပြီးလွယ်မှသာ ဖြစ်မည်။ ရှည်ကြာလျှင် အရေးတော်ပျက်ချိမ့်မည်'ဟု လျှောက်သည်။

မိုးညှင်းမင်းတရားလည်း တုရင်ဗိုလ်ကို ခေါ်တော်မူ၍ 'ငါ့ကျွန်ပေါင်းတည်စားကို ပေးမှ သမိန်ဗရမ်းကို လွှတ်မည်'ဟု မွန်မင်းတို့ထံ စေလိုက်သည်။

မွန်မင်းဗညားရံက ဦးရီးတော် အထက်က ကတိရှိသည့်အတိုင်း တူမတော်နှင့် စုံဖက်လျှင် ပေါင်းတည်စားကို ဆက်ပါမည်'ဟု မှာလိုက်သည်။

တုရင်ဗိုလ်ပြန်၍ ဗညားရံမှာလိုက်သည့်အတိုင်း လျှောက်ထားသောအခါ ဖမ်းထားသော သမိန်ဗရမ်းကို လွှတ်လိုက်သည်။

မွန်မင်းဗညားရံလည်း ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ အထည်အုပ်အမျိုးမျိုးနှင့် မိုးညှင်းမင်းကို ကန်တော့လာသည်။

မိုးညှင်းမင်းတရားလည်း ပြာသာဒ်ကြီးသုံးဆောင် ဆောက်စေသည်။ တူမတော်ကိုလည်း ဦးဆေးမင်္ဂလာပြုစေပြီး 'သီရိပဝရမဟာဓမ္မရာဇာဒေဝီ'ဟူသော ဘွဲ့အမည်ခံတော်မူစေ၍ မိဖုရားကြီးတို့၏ အဆောင်အယောင်၊ ကြိုင်းရွှေချက်ရှစ်စင်း၊ ရွှေဝေါတို့ကို ပေးတော်မူသည်။ မွန်အမတ်၊ မြန်မာအမတ်ဝန်းရံလျက် မွန်မင်းဗညားရံဖောင်တော်မှာပင် ထိမ်းမြားတော်မူသည်။

ဗညားရံသည် သင်းကြီးသမီးကို ဖောင်တော်ထက်ကပင် လက်ကမ်းကြို

သည်။ မွန်အမတ်၊ မြန်မာအမတ်များကို ကျွေးမွေးဧည့်ခံသည်မှာ ရက်သတ္တ တ်တစ်ပတ်ကြာသည်။

မိုးညှင်းမင်းတရားထံ ပေါင်းတည်စား၏ အသက်ကို ချမ်းသာပေးပါ မွန်မင်းက တောင်းပန်သည်။ မိုးညှင်းမင်းသည် ပေါင်းတည်စားငယ်သည် ခြားသူမဟုတ်၊ ငါ၏ ဆွေတော်မျိုးတော်ပင် ဖြစ်သည်။ ရိုင်းပျသောကြောင့် ငါတောင်းသည်ဟု မိန့်တော်မူပြီး ပေါင်းတည်စားကို သားမယားနှင့်တကွ စေသည်။ အပြစ်မယူ၊ မရှုတ်မချဘဲ မူလအဆောင်အယောင်အတိုင်း စားမြဲ စေသည်။

မင်းနှစ်ပါးတို့အကြား တင်းမာမှုသည် ပြေလျော့သွားပြီ။ အရေးတော် ည်း ပြီးချေပြီ။ မွန်မင်းဗညားရံလည်း နေပြည်တော်သို့ပြန်တော်မူသည်။ သို့ရောက်လျှင် မင်းမိဖုရားနှစ်ပါး ဒဂုန်ဆံတော်ရှင်ကို တက်ရောက်ဖူးမြော် ည်ညိုကြသည်။

ဟံသာဝတီသို့ ရောက်သောအခါ သင်းကြီးသမီးကို မိဖုရားကြီးအရာ းတော်မူသည်။ နောင်အခါ ထိုမိဖုရားမှ 'လိတ်မွတ်ထော' ဟူသော သားတော် စ်ပါး ဖွားမြင်သည်။

အင်းဝနှင့် ဟံသာဝတီမင်းနှစ်ပါးအကြား တင်းမာမှု ပြေလည်သွားမှ စောပုသက်ပြင်းချနိုင်တော့သည်။

'ငါတို့မိန်းမသားတွေဟာ နှစ်ပြည်ထောင်စစ်ငြိမ်းရေးအတွက် လက် ာင်ပဏ္ဏာတွေပါပဲလား'

■ ■ ■ ■ ■

ရှင်စောပုသည် အင်းဝမှ ပြန်ရောက်လာပြီးနောက် စိတ်တင်းကျပ်မှု း သိသိသာသာလျော့ပါးသွားသည်။ ဟံသာဝတီမှ လေကို ရှူရှိုက်ရသည်ပင် အင်တွေ ပြည့်လာသည်ဟု ထင်မှတ်မိသည်။ ပြီးတော့ မိမိဝန်းကျင်မှ ျားသည် သူစိမ်းတစ်ရံစာများ မဟုတ်ကြပါ။ သည်မျက်နှာ၊ သည်လေသံ ကို မြင်ရ၊ ကြားရသည်ကပင် ဆွေတော်မျိုးတော်များရဲ့ မျက်နှာ၊ ဆွေတော် တော်များရဲ့အသံဟု ထင်မှတ်ရသည်။

ဟံသာဝတီဘုရင်ဗညားရံကလည်း သူ့အမှား သူသိဟန်တူပါသည်။ နှမတော်ရှင်စောပုကို ဆက်ဆံပုံ၊ ပြောဆိုပုံများသည် ယခင်ကထက် ပျော့ပျောင်းလာသည်။ အင်းဝနှင့် ဟံသာဝတီစစ်ငြိမ်းရေးအတွက် နှမတော်ရှင်စောပုကို လက်ဆောင်ပဏ္ဏာအဖြစ် အင်းဝဘုရင်ထံ ပေးဆက်ခဲ့သည့်အတွက် တူမလေးများနှင့် တူလေးကို သူတို့မယ်တော်နှင့် ရှင်ကွဲကွဲအောင် လုပ်ခဲ့သည်။ တူမတော်လေးနှစ်ယောက်ကမူ သိတတ်နားလည်တတ်သည့်အရွယ်ကလေးတွေမို့ သူတို့ရင်ထဲမှ ကြေကွဲဝမ်းနည်းမှုကို မျိုသိပ်ထားနိုင်ခဲ့ကြသည်။ အလိုက်သင့် နေထိုင်နိုင်ခဲ့ကြသည်။

တူတော်လေးဗညားပရူမှာမူ မွေးကင်းစအရွယ်မှာပင် ခမည်းတော်ကွယ်လွန်သွားသဖြင့် ဖခင်၏မေတ္တာကို မရခဲ့ပါ။ ဖခင်၏ မျက်နှာကိုပင် မမြင်လိုက်ရှာပါ။ ဗညားပရူသုံးနှစ်သားအရွယ်မှာပင် မိခင်ဖြစ်သူ ရှင်စောပုသည် အင်းဝဘုရင်သီဟသူထံ ဆက်သခြင်းခံရသဖြင့် မိခင်နှင့် ရှင်ကွဲကွဲရသည်။ မိခင်မေတ္တာကို မရခဲ့ပါ။ မိခင်၏ ကြင်နာယုယမှု၊ ပိုက်ထွေးမှုတို့နှင့် ကင်းကွာခဲ့ရသည်။ အင်းဝတွင် ခုနစ်နှစ်ကြာခဲ့သဖြင့် မိခင်နှင့် စိမ်းနေသည်။

ဆယ်နှစ်အရွယ်ရောက်နေပြီဖြစ်သော သားတော်လေး ဗညားပရူသည် မယ်တော်ရှင်စောပုကို နှစ်လိုသောအကြည့်ဖြင့် မကြည့်။ စိမ်းစိမ်းကြီး ကြည့်သည်။ မျက်နှာထားတင်းသည်။ ပြုံးပြရန် ဝေးစွ။ မယ်တော်ရှင်စောပုကို မြင်လျှင် မျက်မှောင်ကုပ်ပြီး ကြည့်တတ်သည်။

သားတော်လေးရဲ့ ဆက်ဆံပုံကို တွေ့ရ၊ မြင်ရ၊ ကြုံရတိုင်း ရှင်စောပု၏ ရင်ထဲမှာ နာနာကျင်ကျင်ခံစားရသည်။ ဝမ်းနည်းပန်းနည်း ဖြစ်ရသည်။ တစ်ခါတစ်ရံ ရင်ထဲတွင် အောင့်လာသောဝေဒနာကို လက်ဖဝါးဖြင့် ဖိထားမိသည်အထိ ဖြစ်လာသည်။

မယ်တော်ရှင်စောပုကို အမြဲတမ်းအရိပ်တကြည့်ကြည့်နှင့်နေသော သမီးတော်ကြီး နဲတကာထော်သည် မိခင်ကို နှစ်သိမ့်သည်။ အာရုံကို ပြောင်းပေးသည်။ သမီးတော်အငယ် နဲတကာသင်က သူ့မောင်တော်လေး ဗညားပရူကို ချော့မော့ဖျောင်းဖျပေးသည်။ သို့သော် ဗညားပရူသည် ပျော့ပျောင်းလာခြင်းမရှိသေးပေ၊

* * *

## အခန်း (၁၈)
## ရှင်စောပုရင်အေးစေသော ဓမ္မဆေး

ရှင်စောပုသည် အင်္ကျီအဖြူ၊ ယောဂီရောင်ထဘီ ဝတ်ဆင်ထား၏။ ယောဂီရောင်တဘက်ကို လွှမ်းခြုံလိုက်သည်။

သမီးတော်ကြီးနဲ့တကာထော်လည်း အညိုရောင်ဖျော့ဖျော့ဝတ်စုံနှင့်။ ယောဂီတဘက်ကလေးကို ပခုံးထက် တင်ထားသည်။

သမီးတော်အငယ်နဲ့တကာသင်မူ လှလှပပဝတ်ဆင်တတ်သူပီပီ ရွှေဝါရောင်ဝတ်စုံကလေး ဝတ်ထားသည်။ ရွှေကျင်ခပ်တဘက်ကလေးကို ခြုံလို့။ သမီးတော်လေးနှစ်ယောက်စလုံး အလှကိုယ်စီရှိကြသည်။ (ရွှေကျင်ခပ်တဘက်ဆိုသည်မှာ အနောက်တိုင်းဖြစ် ပါးလွှာသော ရွှေဝါရောင်ပိုးတဘက်ဖြစ်သည်။ များအားဖြင့် ရွှေဝါရောင်အသွေးရှိ၍ ကျေးတစ်ရာရုပ်နှင့် ပန်းနွယ်၊ ပန်းခက်ပုံဆင်ဖော်ထားသည်။)

သမီးတော်ကလေးများ၏ အထိန်းတော်မိဇာသည် ငွေလင်ပန်းနှစ်ချပ်တွင် လှူဖွယ်ပစ္စည်းများထည့်ပြီး ယူလာသည်။ အားလုံး အဆင်သင့်ဖြစ်ပြီ။

သမီးငယ်နဲ့တကာသင်က သူ့မောင်လေး ဗညားပရူကို အတူလိုက်ခဲ့ရန်ခေါ်သည်။ ဗညားပရူက ခါးခါးသီးသီးငြင်းသည်။ အကြောင်းပြချက်က 'ငှက်ထွက်ရဦးမယ်။ လူပျိုတော်သားတွေနဲ့ ချိန်းပြီးသား' လို့ ပြောပါတယ် မယ်တော်ဘုရား။

'ကဲ...ကဲ...ဒါဖြင့်လည်း မယ်တော်တို့ချည်း သွားကြတာပေါ့'

ရှင်စောပုသည် ဝေါယာဉ်ပေါ်တွင် လိုက်ပါလာရင်း အတုလဝါသကျောင်းထိုင်ကိုယ်တော် ဦးဓမ္မဉာဏအား လျှောက်ထားအကူအညီတောင်းရန် စဉ်းစားလာသည်။ ဦးဓမ္မဉာဏသည် အာဝဇ္ဇန်းရွှင်သည်။ အဟောအပြောကောင်းသည်။ သက်သေသာဓကဆောင်ပြီး ဆိုဆုံးမတတ်သည်။ ထို့ကြောင့် သားတော်ဗညားပရူ၏ စိတ်ရိုင်းကလေး ယဉ်ကျေးလိမ္မာသွားအောင် ရှင်ဓမ္မဉာဏအား လျှောက်ထားတောင်းပန်ဦးမည်။ ဤသို့ ကြံစည်တွေးတောလာသည်။

ကျောင်းရှေ့မုခ်ဦးတွင် ဝေါယာဉ်ရပ်လိုက်သည်။ ရှင်စောပုသည် ဝေါ

ယာဉ်ပေါ်မှ အသာအယာဆင်းလိုက်၏။ သမီးတော်လေးနှစ်ယောက်က ဘယ်ညာ ရံပြီး မယ်မယ်နှင့်အတူ မုခ်ဦးဝမှ ကျောင်းတွင်းသို့ လျှောက်လှမ်းလာကြသည်။ မယ်ဇာနှင့် အခြားအပျိုတော်ကလေးကလည်း လျှဖွယ်ပစ္စည်းများထည့်ထားသော ငွေလင်ပန်းကို ဦးခေါင်းထက်ကိုယ်စီရွက်ပြီး လိုက်ပါလာကြသည်။ ကျောင်းလှေကားမှ တက်လာကြပြီး ဘုရားခန်းသို့ ဦးစွာဝင်၍ ဘုရားကန်တော့ကြသည်။ ပြီးတော့ ဦးဇင်းဦးဓမ္မညာဏ၏ အခန်းဆီသို့ သွားကြသည်။ အခန်းတံခါး ပိတ်ထားခြင်းမရှိ၍ အသာတွန်းပြီး ကြည့်သည်။ အခန်းတွင်း၌လည်း ဦးဇင်းကို မတွေ့ရ။ ကျောင်းအောက်သို့ ဆင်းလာကြသည်။ စာကျက်နေသော ဦးဇင်းတစ်ပါးကို မေးကြည့်သည်။

**ဦးဇင်းလေးက** ကျောင်းထိုင်ကိုယ်တော် ဦးဓမ္မညာဏ ဖိုရုံထဲတွင် **ရှိနေကြောင်း** ပြောပြပြီး ဖိုရုံဆီသို့ ဦးဆောင်ခေါ်ငင်သွားသည်။

ဖားဖိုကို ဂရုစိုက်ဆွဲနေသော ဦးဓမ္မညာဏသည် ဖိုရုံဝတွင် ရပ်နေသော ရှင်စောပုတို့ကို မမြင်ပါ။

မီးသွေးကို လေမှုတ်ပေးနေသော သားရေလေအိတ်ကြီးသည် ပိန်ချည် ဖောင်းချည်နှင့် ရှူးရှူးရှဲရှဲမြည်နေသည်။

'ရှူးရှဲရှူးရှဲနဲ့ မူးပဲမှ မကျန်၊ ထူးကဲတဲ့ သည်အကြံတန်ပါတော့...'ဆိုသည့်စကားအတိုင်း မိမိ ရှင်စောပုလှူဒါန်းခဲ့သမျှ နဝကမ္မအလှူငွေများ၊ ရွှေထည်များသည် ရှူးရှဲရှူးရှဲနှင့် လောင်ကျွမ်းသွားသည်မှာ မူးပဲမျှပင် မကျန်တော့ပါ။ တစ်နေ့လာလည်း အောင်မြင်နိုးနှင့် ဦးဓမ္မညာဏသည် တပ်မက်မှုတဏှာဦးစီးပြီး ဖိုထိုးနေသည်။ တပ်မက်မှုက ရှိနေတော့ စွဲစွဲလမ်းလမ်းနဲ့ ဖိုထိုးနေသည်ကို ရှင်စောပု ငေးကြည့်နေမိသည်။

ဦးဆောင်ခေါ်လာသော ဦးဇင်းလေးက 'အရှင်ဘုရား၊ သခင်မကြီး ရှင်စောပုရောက်နေပါတယ်ဘုရား'ဟု အသိပေးလျှောက်တင်လိုက်၏။

သည်တော့မှ ဦးဓမ္မညာဏသည် ဖိုရုံထဲမှ ထွက်လာသည်။ သင်္ကန်းပေါ်မှာလည်း ပြာတွေ အလူးလူးနှင့်။

'ဒကာမကြီး၊ ကျောင်းပေါ်တက်နှင့်ဦး။ ဦးဇင်း အခုပဲ တက်လာခဲ့မယ်'

ရှင်စောပုက 'နေပါစေတော့ဘုရား၊ ဦးဇင်းလည်း အလုပ်များနေလို့

က်မှပဲ ထပ်လာပါဦးမယ်။ အခုတော့ လိပ်ပြင်ကျောင်းတိုက်ကိုပဲ သွားလိုက်ဦးမယ်ဘုရား' ဟု လျှောက်တင်ကာ ဦးသုံးကြိမ်ချပြီး ကျောင်းတိုက်အတွင်းမှ က်လာခဲ့သည်။

လိပ်ပြင်ကျောင်းတိုက်သို့ ရောက်ပြီ။ မုခ်ဦးဝတွင် ဝေယာဥ်ပေါ်မှ င်းကြပြီး အုတ်လမ်းကလေးအတိုင်း လျှောက်လာခဲ့ကြသည်။ ကျောင်းတိုက် ရောက်ခင်မှာပင် ကိုရင်ကလေးများ စာအံသံတွေကို ကြားရသည်။ ကျောင်း က်ပေါ်သို့ တက်ခဲ့ကြသည်။ ဦးစွာ ဘုရားခန်းသို့ဝင်ပြီး ဘုရားကန်တော့ သည်။ ဘုရားခန်း၏ ဝဲဘက်စကြံတွင် ကိုရင်ကလေးများ တန်းစီထိုင်ပြီး အံနေကြသည်ကို တွေ့ရသဖြင့် ရှင်စောပုသည် သာဓု သာဓု သာဓုဟု ကြိမ်ရွတ်ဆိုလိုက်၏။

ကပ္ပိယကြီးက ရှင်စောပုတို့မိသားစု ရောက်နေကြောင်း သတင်းပို့သဖြင့် င်းဦးဓမ္မဓရသည် ကျမ်းစာဖတ်နေရာအခန်းထဲမှ ထွက်ကြွလာသည်။ လှူဖွယ် ည်းများကို ဆက်ကပ်ပြီးသည့်အခါ ဦးပဥ္စင်းက မျက်လွှာချပြီး ဆုပေးသည်။

ကပ္ပိယကြီးက ရှင်စောပုလှူဒါန်းထားသော ပစ္စည်းများကို ယူပြီး က်သရေတိုက်ထဲတွင် သိမ်းဆည်းလိုက်သည်။

ရှင်စောပုက 'တပည့်တော် ဦးဓမ္မဉာဏဆီ ဝင်ခဲ့ပြီးပါပြီဘုရား။ တုလဝါသကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းထားပေမယ့် ဦးဇင်းက ကျောင်းတိုက်ပေါ်မှာ သီတင်းမသုံးဘဲ ဖိုရုံထဲမှာ ဖိုထိုးနေတာ တွေ့ခဲ့ရပါတယ် ရား။ ဖိုရုံထဲမှာလည်း လုံကွဲတွေက ပြန့်ကြဲလို့။

တပည့်တော်ကို ဦးဆောင်ခေါ်သွားတဲ့ ဦးဇင်းလေးက 'အရှင်ဘုရား၊ ခင်မကြီးရှင်စောပု ရောက်နေပါတယ်ဘုရား' လို့ လျှောက်လိုက်တော့မှ ဖိုထိုး က ထလာပြီး ကျန်းမာရဲ့လားလို့ နှုတ်ဆက်တယ်။ ပြီးတော့ ဒကာမကြီး ပ္လိုက်တဲ့ ရွှေ ကျွေးထားတယ်။ 'ပြဒါးသေ တစ်ပြည်ဝ' တဲ့။ ဒီတစ်ခါ အင်မြင်ရင်တော့ ဟံသာဝတီတစ်ပြည်လုံး ဘယ်သူမှ စီးပွားရှာဖို့ မလိုတော့ လို့ မစားရဝခမန်း မိန့်တော်မူလိုက်သေးတယ်။ တပည့်တော်စိတ်ထဲမှာတော့ င်းဦးဓမ္မဉာဏကို တရားဟောဓမ္မကထိက အကျော်အမော်ဖြစ်လာလိမ့်မယ် ထင်မှတ်ထားတာ အခုလက်တွေ့မြင်ရတာကတော့...'

ရှင်စောပုသည် စကားကို ရှေ့မဆက်ဘဲ ရပ်ထားသည်။ အထင်နဲ့

အမြင်၊ မျှော်မှန်းထားသည့်ဘဝနှင့် ဦးဇင်း၏ လက်တွေ့ဘဝ ကွာခြားလွန်းသဖြင့် စိတ်မကောင်းဖြစ်ပြီး ရှေ့ဆက်မပြောနိုင်ခြင်းဖြစ်သည်။

ဦးဓမ္မဓရသည် ချက်ချင်းစကားမပြောသေးဘဲ စဉ်းစားနေသည်။ ခေတ္တအကြာတွင် ယခုလို မိန့်တော်မူသည်။ ဦးဇင်းမှတ်သားထားတဲ့ အပိုဒ်ကလေးရွတ်ပြတယ်။ ဒကာမကြီး အာရုံစိုက်ပြီး နားထောင်ကြည့်ပါ။

**'အရိယာဇာတ်၊ သံဃာမြတ်၌၊**
**ဆည်းကပ်ကြည်ညို၊ သဒ္ဓါပိုလော့၊**
**ထို့ကိုကြီးပွား၊ အကျိုးများအောင်၊**
**ရိုးသားဆောင်ရွက်၊ သံဃာဖက်၍၊**
**နှစ်သက်ကြည်သာ၊ မြတ်ဗုဒ္ဓါနှင့်၊**
**ဓမ္မာဓမ္မတို့ သိရသည်၊ သံဃာ့ကျေးဇူးတော်ပေကို' တဲ့။**

ဦးဓမ္မဉာဏဟာ အလွန်ထက်မြက်တယ်၊ တွေးတောကြံဆတတ်တယ်၊ ဒကာမကြီး အင်းဝက လွတ်မြောက်ဖို့အတွက် သူတွေးတောကြံဆခဲ့တာတွေ၊ ဆောင်ရွက်ခဲ့တာတွေကို နှလုံးသွင်းကြည့်ပါ။ ဘယ်ပြဿနာမျိုးကိုပဲဖြစ်ဖြစ် နှလုံးသွင်းမှန်ဖို့ လိုပါတယ်။ နှလုံးသွင်းမှန်ရင် ဖြေရှင်းရလွယ်တယ်။ တစ်ဦးအပေါ် တစ်ဦး မကျေမနပ်ဖြစ်ကြတာဟာ နှလုံးသွင်းမှားကြလို့ပဲ ဒကာမကြီး။ အခုလည်း ဦးဓမ္မဉာဏအပေါ် နှလုံးသွင်းမှန်မှန်လေးနဲ့ တွေးကြည့်လိုက်ပါ။ သူ့သဘောသူဆောင်သွားပါလိမ့်မယ်'

ဦးဇင်းဦးဓမ္မဓရမိန့်ကြားသည့် စကားကို နှလုံးသွင်းလိုက်သည့်အခါ ဦးဓမ္မဉာဏအပေါ် အလိုမကျသည့်စိတ်များ ပြေလျော့သွား၏။ အမြင်လည်း ကြည်လင်လာ၏။ ဤတွင် အကြောင်းနှင့် အကျိုး၊ အကောင်းနှင့် အဆိုးကို ဝေဖန်ထောက်ပြတတ်သော ဦးဓမ္မဓရအား မိသားစုပြဿနာကို တင်ပြအကူအညီတောင်းရန် စိတ်ကူးပေါ်လာသည်။

'ဦးဇင်းဘုရား၊ တပည့်တော် အင်းဝမှ ပြန်ရောက်လာပြီးတဲ့နောက် အစစအရာရာ အဆင်ပြေပါတယ်ဘုရား။ စိတ်ထင်တိုင်းလုပ်တတ်တဲ့ ဘုရင် ဗညားရံပင်လျှင် တပည့်တော်အပေါ် ချိုသာပျော့ပျောင်းလာပါတယ်။ သို့ပေမဲ့ တပည့်တော်ရဲ့ သားငယ်လေး ဗညားပရူကတော့ အင်မတန်စိမ်းကားနေပါတယ်။ တပည့်တော်နဲ့ ရင်ဆိုင်တွေ့လိုက်တဲ့အခါ တပည့်တော်ကို စိမ်းစိမ်းကြီး ကြည့်ပါ

တယ်။ တခြားသူတွေနဲ့ ရယ်ရယ်မောမောစကားပြောနေရာက တပည့်တော်ကို တွေ့လိုက်တာနဲ့ မျက်နှာကို တင်းတင်းကြီးလုပ်လိုက်ပါတယ်။ ပြုံးပြဖို့ဆိုတာ လာဝေး၊ မျက်မှောင်ကုပ်ပြီး ပြန်ကြည့်ပုံက ရန်သူတစ်ယောက်လိုပါပဲ။ အားတော်လေးရဲ့ ဆက်ဆံပုံ စိမ်းကားလွန်းလို့ တပည့်တော်ရဲ့ ရင်ထဲမှာ နာနာ ကျင်ကျင် ခံစားရပါတယ်ဘုရား။ တစ်ခါတလေများ ရင်ထဲမှာ အောင့်လာတဲ့ ဒနာကို လက်ဖဝါးနဲ့ ဖိထားရတဲ့အထိပါပဲ။ ဒီလိုမခံစားရအောင် ဒေါသဖြစ် ကြည့်ပါတယ်။ မရပါဘူး။ ဝမ်းနည်းကြေကွဲစိတ်သာ ဖြစ်လာရပါတယ်ဘုရား'

ဦးဓမ္မရေသည် ချက်ချင်း ဘာမှမပြောသေးဘဲ ငြိမ်သက်နေသည်။ စတ္တကြာမှ ယခုလို မိန့်ကြားသည်။

'ဝမ်းနည်းတယ်ဆိုတာလည်း အမျက်ဒေါသပါပဲ ဒကာမကြီး။ တက် ကြွတဲ့အမျက်ဒေါသနဲ့ ဆုတ်နစ်တဲ့ အမျက်ဒေါသရယ်လို့ ရှိတယ်။ ဝမ်းနည်းတာ ဆုတ်နစ်တဲ့ ဒေါသပေါ့။ ဒီတော့ ဝမ်းမနည်းပါနဲ့။ အခု ဒကာမကြီးခံစားနေရ ဲ့ ဝေဒနာကို ကုသဖို့ ဆေးရှိတယ်။ ဦးဇင်းရဲ့ ဆေးတော့ မဟုတ်ဘူး။ ါတမဘုရားရှင်လက်ထက်တော်က ပညာတေဒဂ်ရတော်မူသော ရှင်သာရိပုတ္တ ကိုယ်တော်မြတ်ကြီးရဲ့ ဆေးပဲ။ ကိုယ်တော်မြတ်ကြီးဟာ ဒီဆေးကို သူတစ်ပါး းလည်း တိုက်ကျွေးတော်မူတယ်။ သူကိုယ်တိုင်လည်း သောက်သုံးတော်မူ တဲ့။

အရှင်မြတ်ရဲ့ဆေးက ဒီလိုပါ။ ပထမအချက်က ဩော်···သူ့အမူအရာ သာ စိမ်းစိမ်းကားကားဖြစ်နေတာပါ။ အတွင်းစိတ်ကလေးကတော့ ညင်သာ ပါတယ်။ ဒီလိုကောင်းကွက်ကလေးကို စဉ်းစားကြည့်လိုက်ရင် ငါ့အပေါ် စိမ်းကားလိုက်တာဆိုတဲ့အတွေး ပျောက်သွားပါလိမ့်မယ်။ လူလူချင်းပဲ အဘယ် ကြောင့် မကောင်းရာထဲက ကောင်းရာကို အဘယ်မှာလျှင် ရှာမတွေ့နိုင်ဘဲ ပါ့မလဲတဲ့။

ဒုတိယမြောက်ဆေးကတော့ ရေညှိရေမှော်တွေရှိတဲ့ ရေ၊ ဥပမာနဲ့ ဟာထားတယ်။ အပေါ်ယံက ရေမှော်၊ ရေညှိတွေကို ဖယ်လိုက်ရင် ရေကောင်း တွေ့ရသလိုပဲ။ စကားကောင်းမပြောတတ်သူနှင့် ကြုံတွေ့ရပြန်တော့လည်း ပြောမတတ်ရှာလို့ပါ။ ကူညီရာ၊ ဆောင်ရွက်ရာကျတော့ မနေတတ်ရှာပါဘူး' ့ အကောင်းဘက်မှ တွက်ကြည့်လိုက်လျှင် ဝမ်းနည်းစိတ်ပျက်ဖွယ်ရာ မရှိ

တော့ပါဘူး။

တတိယမြောက်ဆေး (သို့)အမျက်ပြေရာ တရားကတော့ နွားခြေရာခွက်ထဲက ရေနဲ့ ဥပမာပေးထားတယ်။ ရေခွက်ဖြင့် ခပ်သောက်ရန် ပင်မဖြစ်နိုင်လောက်တဲ့ နွားခြေရာခွက်ထဲက ရေ၊ သောက်ချင်စဖွယ်မရှိတဲ့ ရေကလေးနည်းနည်းကို ပင်ပန်းလွန်းလှ၍ ရေအလွန်ငတ်နေသူဟာ မြေတွင် ဝပ်ပြီး နွားခြေရာခွက်ထဲက ရေကို သောက်ရပေမယ်။ မနှစ်မြို့စရာ၊ သောက်ချင်စရာ မရှိပေမယ့် အမှုမထားနိုင်ဘူး။ ရေငတ်ပြေဖို့သာ အဓိကလို့ သဘောထားပြီး သောက်လိုက်မယ်ဆိုရင် ရေငတ်ခြင်းဒုက္ခမှ ကင်းပြီး ချမ်းသာရာရမှာ အမှန်ပဲ။ ဒီဥပမာအတိုင်းပါပဲ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ မည်သည့်ဘက်ကမျှ လက်ခံနိုင်ဖွယ် မရှိသော်ငြား တစ်ခါတစ်ရံ အခိုက်အတန့်အားဖြင့် ကောင်းကွက်ကလေးတွေ ရှိဖူးမှာပါပဲ။ အဲဒီအချက်ကို ပြန်လည်သတိရပြီး စဉ်းစားပြီး မကောင်းတာလေးတွေ၊ စိတ်နဲ့ မတွေ့တာလေးတွေကို သင်ပုန်းချေလိုက်ပါ။ ဒါဆိုရင် အမျက်ထွက်တာ၊ ဝမ်းနည်းတာတွေ ပြေပျောက်သွားပါလိမ့်မယ်။

စတုတ္ထမြောက်ဆေး (သို့) တရားကတော့ အလွန်သိမ်မွေ့နက်နဲလွန်းလို့ သာမန်ပုထုဇဉ်တို့ ကျင့်ကြံကြိုးစားဆောင်ရွက်နိုင်ဖို့ ခက်ခဲလှတယ်။ ဥပမာပေးထားပုံက နာမကျန်းဖြစ်နေတဲ့ ခရီးသွားယောက်ျားတစ်ယောက်ဟာ ဆေးဝါးလည်း မပါ၊ ခရီးသွားဖော်လည်း မပါဘူး။ ထိုခရီးသွားဒုက္ခသည်ကို မြင်ရလျှင် မြင်သမျှလူအပေါင်းက သနားကြပေမယ်။ သို့သော် ထိုဒုက္ခသည်ကို သနားရကောင်းမှန်း မသိတဲ့သူ၊ သနားစိတ်မရှိတဲ့သူလည်း ရှိမှာပါပဲ။ အဲဒီလို လူမျိုးနဲ့ မလွဲမရှောင်သာ ဆက်ဆံရမယ်ဆိုရင် ပုထုဇဉ်တွေအဖို့ ဒေါသကို ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ ရှင်သာရိပုတ္တရာကတော့ ထိန်းချုပ်နိုင်ရမယ်လို့ ဆိုထားပါတယ်။ အဲဒီလိုလူမျိုးနဲ့ တွေ့ရင် သနားစိတ်ဝင်လိုက်ပါတဲ့။ အရှင်မြတ်ကြီးက နည်းပေးတော်မူပါတယ်။

ပဉ္စမမြောက်ဆေး (သို့) တရားကတော့ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး ကောင်းမွန်သူနဲ့ ဆက်ဆံရမယ်ဆိုရင် အမျက်ဒေါသဖြစ်စရာ၊ ဝမ်းနည်းစရာတွေ ရှိမှာ မဟုတ်ပေဘူးလို့ အရှင်မြတ်က ဟောကြားတော်မူတယ်။

ပုထုဇဉ်သတ္တဝါတို့မှာ သံသရာအဆက်ဆက်က ခိုင်ခိုင်မြဲမြဲတွယ်ကပ်လာတဲ့ အမျက်ဒေါသဖြစ်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ဝမ်းနည်းပူဆွေးခြင်းတို့ရဲ့ အပြစ်

တွကို ရှေးဘုရား**ရှင်တို့မှ** အစပြုပြီး ယခုလက်ရှိ သမုတိသံဃာတော်များတိုင် အောင် သက်**သေသာဓက**များ ပြပြီး ဆုံးမတော်မူခဲ့တယ်။

ဒီတော့ **ဒကာမကြီး**အနေနဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ ဆဲးတော် (တ**ရားတော်**)များထဲက ဒကာမကြီးနဲ့ သင့်တော်မယ့်ဆေးကိုသာ ရွေးပြီး သုံးပေတော့။ **ဒကာမကြီး**ရဲ့ ရင်ထဲက ဝေဒနာ မုချပျောက်ကင်းချမ်းသာ ာ ရမှာအမှန်ပဲ'

'တင်ပါ့၊ **တပည့်တော်** **နား**လည်သဘောပေါက်ပါတယ်ဘုရား'

ဦးဓမ္မရေသည် **ရှည်ရှည်ဝေးဝေး** ဩဝါဒပေးပြီးနောက် စက္ကူခြွေချကာ ာ်တ်ဆိတ်စွာ စံနေတော်မူသည်။

ရှင်စောပုနှင့် သမီးတော်**နှစ်ပါးလည်း** **ဦးသုံးကြိမ်ချကာ** ကျောင်း ာ်ကပေါ်မှ ဆင်းလာကြသည်။

အပြန်လမ်းတွင် သမီးတော်ကြီး နဲ့တကာထော်က 'ဦးဇင်းဟာ ပိဋ္ဌ ာတ်ကျမ်းဂန်တတ်ကျွမ်းပြီး လောကအကြောင်းကိုလည်း နားလည်တော်မူ ာယ်။ ဦးဇင်းတရားချပြောကြားလိုက်တဲ့အတွက် မောင်လေးဗညားပရူအပေါ်မှာ မြင်ကြည်လင်သွားမယ်လို့ သမီးတော်ယုံကြည်ပါတယ် မယ်မယ်' ဟု သိမ်မွေ့ ာ ပြောသည်။ အစ်မတော်၏ စကားကို သမီးငယ် နဲ့တကာသင်ကလည်း **ထောက်ခံ**ပြောဆိုသည်။

'**မှန်**တယ်သမီးတို့၊ မယ်မယ့်ရင်ထဲမှာ ပေါ့ပါးသွားတာအမှန်ပါပဲ'

* * *

# အခန်း (၁၉)
## ဗညားရံ၏နောက်ဆုံးနေ့

ရှင်စောပု ဟံသာဝတီသို့ ပြန်ရောက်သည်မှာ တစ်ဆယ့်လေးနှစ်ရှိပြီ။ သည်အတောအတွင်း ဘုရင်ဗညားရံ၏ ကြည့်ရှုစောင့်ရှောက်မှုကြောင့် လိုလေသေးမရှိ အေးချမ်းစွာ နေထိုင်ရ၏။ ဦးဇင်းဓမ္မဉာဏနှင့် ဦးဇင်းဓမ္မဓရတို့အားလည်း ပစ္စည်းလေးပါးဒါယကာအဖြစ် ကောင်းစွာ လှူဒါန်းနိုင်၏။ ဆင်းရဲနွမ်းပါး၊ မရှိသူများကိုလည်း လိုအပ်သလို ပေးကမ်းစွန့်ကြဲနိုင်၏။

ဆယ့်လေးနှစ်ဆိုသော ကာလအတွင်း အရာရာသည် ပြောင်းလဲလာ၏။ အထူးသဖြင့် ရာမညတိုင်းအားလုံးကို အုပ်စိုးတော်မူသော ဘုရင်ဗညားရံသည် သိသိသာသာပြောင်းလဲသွား၏။ နိုင်ငံတော် ချဲ့ထွင်ရေးကိုလည်း မဆောင်ရွက်နိုင်။ မိမိတန်ခိုးအာဏာထက်ရေးအတွက်လည်း စွမ်းဆောင်နိုင်ခြင်း မရှိတော့ပေ။ အဘယ်ကြောင့်နည်း။

အချိန်ကာလတိုက်စားသွားသဖြင့် ဇရာဖိစီးလာသည်။ ဇရာဖိစီးတော့ ဗျာဒိဆိုသည့် တံခါးခေါက်လာသောကြောင့်ပင်။ ဗျာဒိတံခါးခေါက်လာသော အခါ ဗညားရံ၏ ခန္ဓာကိုယ်မှာ ရောဂါဝေဒနာ အပြင်းအထန်နှိပ်စက်ခြင်းကို ခံနေရသည်။ ဗျာဒိသည် သတိ၊ အသိကင်းလွတ်သွားအောင်ပင် နှိပ်စက်နေတော့သည်။ မရဏဘက်သို့ အတင်းတွန်းပို့နေတော့သည်။ သတိလက်လွတ်ဖြစ်သွားသည့်အခါ ဘုရင်ဗညားရံသည် ကယောင်ကတမ်းတွေ အော်နေတော့၏။ ကယ်ကြပါဦး၊ လုပ်ကြပါဦးနှင့် လူးလိမ့်အော်ဟစ်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။

နမတော်ရှင်စောပုသည် ဗညားရံ၏အဖြစ်ကို မရှုရက်၊ မကြည့်ရက်တော့ပေ။ သို့ဖြင့် ဦးဇင်း ဦးဓမ္မဓရကို ပင့်ဖိတ်၍ ပရိတ်တရားတော်များ

တ်ဖတ်ပေးပါရန် လျှောက်ထားသည်။

ဦးဓမ္မဓရသည် မြတ်ဗုဒ္ဓ၏ ပရိတ်တရားတော်များကို ချီးမြှင့်တော်မူ ည်။ သို့သော် တရားနာပုဂ္ဂိုလ် ဘုရင်ဗညားရံအနေဖြင့် တရားစွမ်းအားတွေ ို ရအောင် နာယူနိုင်ပါရဲ့လား။ ရှင်စောပုမသိနိုင်ပါ။ သို့သော် အစ်ကိုတော်၏ ောက်ဆုံးခရီးတွင် တည်ငြိမ်အေးချမ်းစွာ ထွက်ခွာသွားနိုင်စေရန် တတ်စွမ်းသမျှ ြိုးပမ်းပေးခဲ့သည်။

ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးပြီးနောက် ဦးဓမ္မဓရလည်း ပ်ပြင်ကျောင်းတိုက်သို့ ပြန်လည်ကြွသွားတော်မူသည်။

* * *

## အခန်း (၂၀)
## အမျိုးသမီးဖြစ်တော့ကော တိုင်းပြည်အုပ်ချုပ်ခွင့် မရှိဘူးတဲ့လား

ရာမညတိုင်းအားလုံးကို ပိုင်စိုးတော်မူသော ဘုရင်ဗညားရံသည် သူချစ်သော ဟံသာဝတီပြည်၊ သူမြတ်နိုးသော မွန်ပြည်သူပြည်သားများ၊ သူတွယ်တာသော သွေးရင်းသားရင်းများ၊ သူအလိုလိုက်ခဲ့သော တူတော်ဗညားပရူစသည် စသည်တို့ကို ထားရစ်ကာ သေမင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီ။

ဗညားရံနတ်ရွာစံပြီးနောက် ဟံသာဝတီထီးနန်းကို ရှင်စောပု၏ သားတော် ဗညားပရူဆက်ခံသည်။ ထိုအချိန်တွင် ဘုရင်သစ်ကလေးဗညားပရူ၏ သက်တော်မှာ သုံးဆယ်ပင် မပြည့်တတ်သေးပေ။ တက်ကြွသောအရွယ်၊ ပျိုမျစ်သောမင်းသားငယ်၊ ဘာမဆို စိတ်ထင်တိုင်းလုပ်တတ်သော ဓလေ့စရိုက်ရှိသူဖြစ်သည်။ မင်းသားလေးသုံးနှစ်သားအရွယ်တွင် သူ့မယ်တော်ရှင်စောပုကို အင်းဝဘုရင်ထံ ဆက်သလိုက်သော ဗညားရံသည် တူမတော်လေးနှစ်ယောက်နှင့်တူတော်ဗညားပရူတို့ကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ သူပြုသမျှနုရမည့် ကလေးများဟု သဘောပေါက်ခဲ့သည်။ ထို့ကြောင့် လိုလေသေးမရှိအောင် ထားခဲ့သည်။ အထူးသဖြင့် မိဘနှစ်ပါး၏ မေတ္တာ၊ ချစ်ကြင်နာမှုကို မရရှာသော ဗညားပရူလေးကို အထူးအလိုလိုက် အကြိုက်ဆောင်ခဲ့သည်။ တူတော်လေးတွင် လိုအပ်နေသော ချစ်မေတ္တာကို ပေးခဲ့သည်။ သို့သော် မတူပါ။ သည်ကွက်လပ်ကို ဗညားရံ မဖြည့်နိုင်ခဲ့ပါ။

ဘုရင်သစ်ကလေး ဗညားပရူ၏ နန်းတက်ပွဲမှာ စည်ကားသိုက်မြိုက်လှ၏။ မှူးမတ်ပညာရှိများ၊ စစ်သူကြီးများ၊ နန်းတော်သူနန်းတော်သားများ၊ သူ့အစ်မတော် နဲ့တကာထော်၊ အစ်မလတ်နဲ့တကာသင်စသူတို့ အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ ပျော်တပြုံးပြုံး မော်မဆုံးဖြစ်ကြသည်။ မယ်တော်ရှင်စောပု မည်သို့ခံစားရသနည်း။ ဘယ်လိုမေးကြပါလိမ့်။ ကိုးလလွယ်ဆယ်လဖွားခဲ့တဲ့ သားရတနာပေပဲ။ သည်အမေရဲ့ ရင်ထဲမှာ ပြောမပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရသည်ပေါ့။ သို့သော် ရှင်စောပုသည် တည်တည်ငြိမ်ငြိမ်ပင် သားဖြစ်ပွဲကို ကျော်ဖြတ်ခဲ့သည်။ အဝတ်အစားလည်း တောက်တောက်ပြောင်ပြောင်

ဝတ်ပါ။ အညိုရောင်ဘက်သမ်းသည့် မွန်ရိုးရာဝတ်စုံနှင့် အညိုရောင်တဘက်ကို ခုံးထက်တင်ထားသည်။

ပုဏ္ဏားတော်ကြီးများက အပရိဟာနိယတရား (၇)ပါး၊ မင်းကျင့်တရား ၁၀)ပါးတို့ကို မင်းသားငယ်နားလည်အောင် ရှင်းပြသည်။ ထိုအချိန်တွင် ယ်တော်ရှင်စောပုသည် သားတော်ကို လှမ်းကြည့်လိုက်သည်။ သားတော်၏ က်နှာမှာ စောစောကလို ပြုံးပျော်တက်ကြွနေဟန် မတွေ့ရတော့ပေ။ သူမကြား းသော စည်းမျဉ်းဥပဒေတွေ၊ တရားသဘောတွေကို နားမလည်သဖြင့် စိတ်ရှုပ် ထွးနေဟန်တူသည်။ ဘိသိက်သဘင်ပွဲပြီးဆုံးသည့်အခါမှ ဗညားပရူ၏ မျက်နှာ ပြန်လည်ရွှင်ပြုံးလာသည်။

ဘုရင်သစ်ကလေး ဗညားပရူသည် ဟံသာဝတီထီးနန်းတွင် လေးနှစ် ာ စံမြန်းလိုက်ရသည်။ ဗညားကျန်း၏ ကျွန်ငချွေလှုပ်ကြံသဖြင့် အနိစ္စရောက်ရ ည်။ ဤသို့ အသေဆိုးနှင့် သေရရှာသောကြောင့် မယ်တော်ရှင်စောပု များစွာ တ်ထိခိုက်ရသည်။ လောကဓံလှိုင်းပုတ်တာတွေ အများကြီး ခံခဲ့ရဖူးပြီ။ အတွေ့ ကြုံတွေလည်း အများကြီးရှိခဲ့ပြီ။ ထို့ကြောင့် အရာရာကို ချင့်ချိန်တွက်ဆပြီး ရားသဘောနှင့် ရင်ဆိုင်နိုင်ပြီဟု ထင်မှတ်ထားသည်။ ကြင်ရာတော် သမိန် သ်သူကွယ်လွန်စဉ်က 'ရှင်သေမင်းရယ်၊ မောင်တော်ကိုမှ ခေါ်ရက်လေခြင်း'ဟု မိသေးသည်။ယခုလည်း သားတော်လေး ဗညားပရူအနိစ္စရောက်သည့်အတွက် ှင်သေမင်းရယ်၊ သားတော်လေးဟာ နုနုငယ်ငယ်နဲ့ လောကလူ့ပြည်အကြောင်း ကောင်းကောင်းမသိရသေးခင်မှာ မရဏပြည်ကို ခေါ်ရက်လေခြင်း'လို့ နာနာ ျင်ကျင်ဆိုလိုက်မိသေးသည်။

'ဉာတိဗျသနနဲ့ ကြုံလာရင် ယောနိသောမနသီကာရနဲ့ တရားလမ်း ကြောင်းပေါ် တင်ပေးလိုက်၊ စိတ်ကလေးဟာ အားကိုးစရာတရားစွမ်းအားနဲ့ ွပြီး ချမ်းသာရာရမှာ အမှန်ပဲ'လို့ ဆရာတော်ကြီးများ ဟောကြားခဲ့တာကို န်လည်ကြားယောင်လာသဖြင့် သင့်တင့်စွာ နှလုံးသွင်းလိုက်သည်။

သို့သော် သမီးတော်လေးနဲ့တကာသင်သည် အစ်မတော်နဲ့တကာထော် ာက် ရင့်ကျက်မှုမရှိသေး၊ စိတ်မထိန်းနိုင်သေးပါ။ သူ့မောင်တော်လေး

ဗညားပရူ၏ အလောင်းတော်ကို ဖက်ပြီး သည်းထန်စွာ ငိုကြွေးသဖြင့် ချော့မော့ဆွဲခေါ်ထားရသည်။

ဤနေရာတွင် ဗညားကျန်းဆိုသူအကြောင်း တင်ပြလိုပါသည်။ ဗညားကျန်းကား အခြားသူမဟုတ်။ မွန်မင်းဗညားဓမ္မရာဇာ၏ သားတော်ပင် ဖြစ်သည်။ ဗညားရံ၏ တူတော်ပင်ဖြစ်၏။ တစ်ချိန်က ဗညားကျန်းသည် ဘထွေးတော်ဗညားရံ၏ ကိုယ်လုပ်တော်နှင့် အရှည်အပါးရှိသောကြောင့် ဖမ်း၍ သတ်မည်ပြုရာတွင် မြင်းအစီးနှစ်ဆယ်၊ ကျွန်ခုနစ်ရာကျော်နှင့် ထွက်ပြေးပြီး အင်းဝမင်းထံ ခိုလှုံခဲ့သည်။ အင်းဝမင်းကလည်း သားတော်အရင်းနှင့်အတူ သနားတော်မူ၍ အပါးတော်တွင် မပြတ်မြဲခဲ့ရသည်။

ဗညားပရူနတ်ရွာစံသောအခါ မှူးမတ်များ၊ ပညာရှိများ၊ စစ်သူကြီးများသည် ထီးနန်းဆက်ခံမည့်သူကို စဉ်းစားကြသည်။ တိုင်ပင်ကြသည်။ ဆွေးနွေးကြသည်။ နောက်ဆုံးတွင် ဗညားကျန်းကို နန်းတင်ရန် အားလုံးသဘောကြိုက်ညီကြသဖြင့် မင်းပြုရန် အင်းဝသို့ အကြောင်းကြားသည်။

အင်းဝဘုရင် နရပတိက မွန်တို့သည် ပရိယာယ်ဝေဝုစ်များလှသည်။ ဗညားကျန်းတစ်ယောက်တည်း သွား၍မဖြစ်ဟုဆိုကာ ဘယကျော်ထင် ကွပ်ကဲသော တပ်လေးတပ်၊ တိုက်ဆင်နှစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲလေးသေပီးနှင့် ဟံသာဝတီသို့ စေလွှတ်လိုက်၏။ ဟံသာဝတီသို့ရောက်သော် အင်းဝမှ အစောင့်အရှောက်များကြပ်မ၍ ဗညားကျန်းကို နန်းတင်ကြသည်။

ဗညားကျန်းသည် ဟံသာဝတီထီးနန်းတွင် ပျော်ပျော်ရွှင်ရွှင်မစံစားရပေ။ သုံးနှစ်မျှသာ နန်းစံရသည်။ အကြောင်းမကောင်းခဲ့သဖြင့် အကျိုးပေးလည်းမကောင်းပေ။ သူများကို ညှင်းဆဲခဲ့သဖြင့် ကွယ်လွန်ခါနီးတွင် သူပြုခဲ့သောမကောင်းမှုများအတွက် ကြောက်ရွံ့ထိတ်လန့်ကာ အော်ဟစ်ရင်း ကွယ်လွန်ရှာသည်။

ဟံသာဝတီထီးပလ္လင်တွင် နန်းစံသူ မရှိ၊ လစ်လပ်သွားပြန်ပြီ။ ဗညားပရူက လေးနှစ်၊ ဗညားကျန်းက သုံးနှစ်သာ နန်းစံရသည်။ ဟောတစ်ယောက်၊ ဟောတစ်ယောက်။ မှူးမတ်များ၊ သေနာပတိများ၊ ပညာရှိဝန်ကြီးများ ခေါင်းရှု

ကြရပြီး မည်သူ့ကို နန်းတင်ရမည်နည်း စဉ်းစားကြသည်၊ တွေးတောကြသည်၊ ရှာဖွေကြသည်။ ဤတွင် အင်းဝသွေးနှင့် ဟံသာဝတီသွေးစပ်သူ မင်းသားတစ်ပါးကို တွေ့ကြသည်။ ထိုသူကား မွန်ဘုရင်ဗညားရံနှင့် အင်းဝဘုရင်၏ တူမတော် သင်းကြီးသမီးတို့မှ ဖွားမြင်သူ 'လိတ်မွတ်ထော(မင်းမော်ဓော)' ဆိုသူပင်ဖြစ်သည်။

လိတ်မွတ်ထော နန်းတက်လျှင် အင်းဝဘုရင် နရပတိထံ လက်ဆောင်ပဏ္ဏာများ ပို့ဆက်ကာ အမှာစကားပါးလိုက်သည်။

'ဦးရီးတော် ရွှေနန်းသခင်၊ ကျွန့်ပ်ကို မ,စပါ။ စောင့်ရှောက်ပါ'

အင်းဝဘုရင်ကလည်း လက်ဆောင်ပဏ္ဏာများ ပြန်လည်ပေးလိုက်ပြီး…

'မစိုးရိမ်နှင့်၊ အရေးရှိလျှင် ငါမ,စတော်မူမည်' ဟု မှာသည်။

ဘုရင်လိတ်မွတ်ထောသည် ဟံသာဝတီပြည်သူပြည်သားတို့ လိုလားမှုဖြင့် ထီးနန်းဆက်ခံရသူမဟုတ်ပေ။ ဘုန်းလက်ရုံးနှင့် ပြည့်စုံ၍ နန်းပလ္လင်ပေါ်ရောက်လာသူလည်း မဟုတ်ပေ။ ဉာဏ်ပညာအတွေးအခေါ် မြင့်မား၍ ဟံသာဝတီထီးနန်းအတွက် ရွေးချယ်ခံရသူလည်း မဟုတ်ပေ။

ဤသို့ အဖက်ဖက်က အားနည်းသောသူ ရှင်ဘုရင်ဖြစ်လာသောအခါ ပြည်သူတို့၏ မျက်နှာကိုလည်း မထောက်၊ နိုင်ငံတော်သာယာရေးအတွက်လည်း မစဉ်းစားပေ။ သည်အထဲ အင်းဝဘုရင်က 'အရေးရှိလျှင် ငါမ,စတော်မူမည်' ဟု အားပေးထောက်ခံချက်ကြောင့် ထင်ရာစိုင်းနေတော့သည်။

'ခေါင်က မိုးမလုံလျှင် တံစက်မြိတ်လည်း မလုံနိုင်' ဆိုသော စကားပုံအရ အိမ်ခေါင်ကြောင်းက မိုးမလုံလျှင် တံစက်မြိတ်က လုံမည်မဟုတ်ပေ။ အုပ်ချုပ်သူဘုရင်က ပျက်စီးနေသဖြင့် လက်အောက်ငယ်သားတိုင်းသူပြည်သားများ စည်းကမ်းပျက်လာတော့သည်။ အကျင့်တွေ ပျက်လာကြတော့သည်။ လိတ်မွတ်ထော၏ ဆန္ဒမှာ အခွန်တော်ငွေ များများရချင်သည်။ ရွှေတိုက်ထဲသို့ ရွှေငွေပစ္စည်းတွေ များများသွင်းချင်သည်။ မိမိအာဏာကို ပြချင်သည်။ မင်းစည်းစိမ်ကို အစွမ်းကုန်ခံစားချင်သည်။ သည်ဆန္ဒသည် တပ်မက်ခြင်းပင်ဖြစ်၏။ သည်ဆန္ဒများကို လိတ်မွတ်ထောသည် အပြည့်အဝအကောင်အထည်ဖော်သည်။ သူ့လုပ်ရပ်များသည် တပ်မက်မှုဦးစီးပြီး လုပ်နေခြင်းဖြစ်၍ အကျိုးအနေနှင့်

ဒုက္ခဆိုးကျိုးသာ ရသည်။ သူသည် ထီးနန်းစည်းစိမ်ကို အပြည့်အဝမခံစားရပါ။ အစွမ်းကုန်မခံစားရပါ။ ကြာရှည်မခံစားရပါ။ ခုနစ်လခန့်အကြာမှာပင် သူပြုခဲ့သော မကောင်းမှုကံများက နှိပ်စက်လေတော့သည်။ ကြောက်ရွံ့တုန်လှုပ်စွာ အော်ဟစ်ရင်း သလွန်ထက်တွင် ကံတော်ကုန်ရရှာသည်။

ဟံသာဝတီနန်းပလ္လင်တွင် လစ်လပ်သွားပြန်ပြီ။ မည်သူ့ကို နန်းတင်ရမည်နည်း။ မင်းမျိုး မင်းနွယ် မင်းသွေးဖြစ်လျှင် ပြီးရောဆိုသည့်သဘော မထားနိုင်တော့ပါ။ အရည်အသွေးရှိရဲ့လား၊ ထက်ထက်မြက်မြက်ရှိရဲ့လား၊ တိုင်းသူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့ ချစ်ခင်ရဲ့လား စသည် စသည်ဖြင့် နန်းပလ္လင်နှင့် ထိုက်တန်သူကို စဉ်းစားကြရပြီ။

ဤတွင် ပညာရှိအမတ်ကြီးက တိုင်းပြည်အုပ်ချုပ်မင်းလုပ်မည့်သူများ လိုက်နာအပ်သော ကျင့်ဝတ်များကို တင်ပြသည်။

တိုင်းပြည်အုပ်ချုပ်တဲ့သူဟာ ပညာရှိသူတော်ကောင်းတို့ကို ပေါင်းဖော်ပူဇော်အပ်တယ်ဗျ။ ပညာရှိသူမြတ်တို့ရဲ့ စကားကို နာကြားရမှ အကြားအမြင် ဗဟုသုတပွားတယ်။ ဗဟုသုတပွားမှ ကြောင်းကျိုးကို သိတယ်။ ကြောင်းကျိုးကို သိမှ ပြည်သူပြည်သားတို့ရဲ့ ချမ်းသာကို ဆောင်နိုင်မှာ။

နောက်တစ်ချက်က မင်းဆိုတာ မေတ္တာတရားပွားများရမယ်။ မေတ္တာစိတ် ပွားမှ မိုက်မှားစေတတ်တဲ့ ဒေါသစိတ်ကို ပျောက်စေနိုင်လို့ တိုင်းနိုင်ငံကို ကောင်းမွန်မှန်ကန်စွာ အုပ်စိုးနိုင်တယ်။ ကောင်းမွန်မှန်ကန်စွာအုပ်စိုးနိုင်မှလည်း တိုင်းနိုင်ငံသူလူခပ်သိမ်း ငြိမ်းချမ်းသာယာမှာပေါ့။ ဒါကြောင့် မင်းများဟာ လူတကာထက် မေတ္တာကို အထူးပွားရမယ်။ မှန်ရဲ့လား အမတ်မင်းများ။

မှန်တာပေါ့ဗျာ။ အမတ်ကြီးက မင်းပဏ္ဍိတ်ဆိုတဲ့ ဘွဲ့အမည်နဲ့ လိုက်အောင် ပညာရှိပါပေတယ်။ ကဲ...ဆက်ပါဦး။

မင်းတို့ဓမ္မတာ ကရုဏာတရားလည်း ထားရဦးမှာဗျ။ မေတ္တာပွားရုံနဲ့ မလုံလောက်သေးဘူး။ မင်းတို့မည်သည် ချစ်သူ၊ မုန်းသူ၊ ရန်သူရယ်လို့မရှိဘဲ လူခပ်သိမ်းတို့ကို သနားကြင်နာရမတဲ့။

ပြီးတော့ ရှိသေးတယ်။ ကြံညှစ်ယန္တရားနဲ့ ကြံကို ညှစ်ပြီး အရည်ကို

သူသကဲ့သို့ အခွန်အတုတ်ကို ညှစ်ပြီး မယူရဘူး။ တရားသဖြင့်သာ ယူရမယ်တဲ့။

နောက်တစ်ချက်က မင်းကျင့်တရားဆယ်ပါးကိုလည်း မမေ့ရဘူး။ အပ္ပမာဒတရားပေါ့ဗျာ။

တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်ဟာ ရယ်မြူးချင်တဲ့အတွက် ကျီစယ်ခြင်း ပြုအပ်ဘူးတဲ့ဗျ။ ဒီအချက်ဟာ အလွန်အရေးကြီးတယ်။ ရယ်ရွှင်လိုလို့ ကျီစယ် ိုက်ရင် တစ်ဖက်သားမှာ များစွာ စိတ်မချမ်းမသာဖြစ်ရတယ်။ ရှက်ကြောက် ရတယ်။ ကျီစယ်တတ်တဲ့ပုဂ္ဂိုလ်ဟာ တည်ကြည်ခြင်းဆိုတဲ့ သမာဓိကင်းပြီး ပေါ့သွပ်တဲ့သဘော ရှိတာပေါ့။ ဂုဏ်သိက္ခာလည်း ယုတ်လျော့တတ်တယ်။

ဥပမာပြရရင် တရုတ်ပြေးမင်းဟာ ရယ်ရွှင်မြူးထူးလိုတဲ့အတွက် မိဖုရား စာလုံကို ရေနဲ့ပက်စေပြီး ကျီစယ်တယ်။ တစ်ကိုယ်လုံး ရေတွေ ရွှဲ၊ လူတွေ န်းပြီး အရှက်ရလို့ မိဖုရားစောလုံက မင်းကြီးရဲ့ စားတော်ပွဲမှာ အဆိပ်ခပ်ဖူးတဲ့ ဖြစ်ဝင်ကို မင်းကြီးတို့ သိပါသဗျ။

မြတ်စွာဘုရားလက်ထက်တော်က အဖြစ်အပျက်တစ်ခုရှိတယ်။ မြတ်စွာ ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်အချိန်က ပေါ့။ ဘုရားရှင်ကို ဖူးမြော်ချင်လို့ ရဟန်းတော်သုံးကျိပ် အဝေးက ရောက်လာ ကြတယ်။ ရဟန်းတော်သုံးကျိပ်ဟာ ဇေတဝန်ကျောင်းတော်အဝင်တံခါးမုခ်ဝမှာ သံဃာတစ်ပါးကို တွေ့တယ်။ ရဟန်းတော်တွေရဲ့ စိတ်ထဲမှာ သာမဏေငယ်တစ် ပါးလို့ မှတ်ယူပြီး သင်္ကန်းစကို ဆွဲသူက ဆွဲ၊ ဦးခေါင်းကို ကိုင်သူကိုင်၊ နား ရွက်ကို ဆွဲသူ ဆွဲပြီး ကျီစယ်သွားကြတယ်။ သံဃာတော်များ ဘုရားရှင်ရှေ့ ရောက်တဲ့အခါ ဘုရားရှင်ကို ကန်တော့ပြီး အာလာပသလ္လာပပြောဆိုလျှောက်ထား ကြတယ်။ ပြီးတော့ 'အရှင်ဘုရား၊ တရားတော်အရာ၌ အလွန်လိမ္မာဆန်းကြယ် တယ်ဆိုပြီး ကျော်စောထင်ရှားတဲ့ 'အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်' ဘယ်မှာ ရှိပါသလဲဘုရား' လို့ လျှောက်ထားမေးမြန်းကြတယ်။

'သင်တို့ လကုဏ္ဍကဘဒ္ဒိယမထေရ်ကို မြင်လိုကြသလား'

'ဘုန်းတော်ကြီးဖြစ်တော်မူသော အရှင်ဘုရား၊ မြင်လိုပါတယ်ဘုရား'

'တံခါးမုခ်ဦးအဝင်မှာ သင်တို့သင်္ကန်းစွန်းကို ကိုင်ငင်ဆွဲလှုပ်လျက်

ဦးခေါင်း၊ နားရွက် စသည်တို့ကို သုံးသပ်ကျီစယ်ခဲ့ကြတာ လကုဏ္ဍာဘဒ္ဒိယ မထေရ်ပါပဲ'ဟု ဘုရားရှင်က မိန့်တော်မူတယ်။

'ဤကဲ့သို့သော မဟာသာဝကပဉ္စမဘဝိကပုဂ္ဂိုလ်(နောက်ဆုံးဘဝ၌ ဘုရားရဟန္တာဖြစ်မည့်သူ)အစစ်ဖြစ်ပါလျက် ယွင်းပျက်ဖောက်ပြန်သဏ္ဍာန် မလှ၊ ရူပမဖွယ်၊ သေးငယ်ပုကွရသော အကြောင်း မကောင်းမှုကား အဘယ်ကြောင့် ပါလဲဘုရား'လို့ ရဟန်းများက မေးလျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက အတိတ်ကို ဆောင်ပြီး ဟောကြားတော်မူ တယ်။

ချစ်သားရဟန်းတို့၊ ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က ငါဘုရားအလောင်းဟာ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းဖြစ်တယ်။ အဲဒီဗြဟ္မဒတ်မင်းကြီးဟာ မြူးထူးပျော်ရွှင်လို၍ သူတစ်ပါး ကို ကျီစယ်လေ့ရှိတယ်။

အိုမင်းရင့်ရော်နေတဲ့ ဆင်၊ မြင်း၊ ကျွဲ၊ နွားတွေကို မြင်ရင် ရယ်ရွှင်မြူးထူး ပြက်ရယ်ပြုလိုတဲ့အတွက် ခြောက်လှန့်မောင်းနှင်စေတယ်။ အိုမင်းတဲ့ တိရစ္ဆာန်တွေ လည်း ကြောက်လန့်ပြီး ဦးတည်ရာကို ပြေးကြတယ်။ အဲဒါကိုကြည့်ပြီး ဗြဟ္မဒတ် မင်းကြီးက အလွန်ပျော်သတဲ့။

ဟောင်းနွမ်းနေတဲ့ မြင်းလှည်း၊ နွားလှည်းတွေကို မြင်ရင်လည်း ချိုးဖျက် စေတယ်။ ဒီတော့ လှည်းပိုင်ရှင်များဟာ များစွာ စိတ်ဆင်းရဲကြရှာတာပေါ့။

ဒါတင်မကသေးဘူး၊ အိုမင်းတဲ့ မိန်းမအိုကြီးများကို ခေါ်စေပြီး ရင်ကို ပုတ်ခတ်လဲကျအောင် လုပ်စေတယ်။ မိန်းမအိုကြီးများဟာ နာကျင်လွန်းလို့ ကြောက်ရွံ့ပြီး ထပြေးကြတာပေါ့။ အဲဒါကို ကြည့်ပြီး မင်းကြီးက အလွန်ပျော်တယ် ဆိုပဲ။

အဲဒီလိုပဲ ယောကျ်ားအိုကြီးများကို မြင်ရင်လည်း ခေါ်ပြီး လိမ့်ကာ လိမ့်ကာ ကစားစေတယ်တဲ့။ လူအိုကြီးများဟာ ပင်ပန်းဆင်းရဲပြီး ရှက်လှတဲ့ အတွက် သားသမီးများက ဖအိုကြီးများကို တခြားအရပ်သို့ ပို့ထားကြတယ်။ ဒီတော့ 'မာတာပိတု၊ ဥပဋ္ဌာနမင်္ဂလာတရား'ကွယ်ပျောက်သလို ဖြစ်ရတာပေါ့။

ဟ္မဒတ်မင်းကြီးကို အတုယူပြီး လက်အောက်ငယ်သားတွေကလည်း လူအိုများ ို တွေ့ရင် ပြက်ရယ်ပြုပြီး ကျီစယ်ကြတယ်။ အဲဒီလူတွေဟာ သေရင် ပါယ်လားမယ့်သူတွေပဲ။

အို…ချစ်သားရဟန်းတို့၊ ထိုစဉ်က လူတကာကို ကျီစယ်ခဲ့တဲ့ ပြဟ္မ တ်မင်းကြီးဟာ ယခုဘဝမှာ 'လကုဏ္ဍကဘဒ္ဒိယမထေရ်'ဖြစ်လာတယ်။ သူတစ် းကို ကျီစယ်နောက်ပြောင်ပြုခဲ့တဲ့အတွက် ယခုဘဝမှာ ခန္ဓာကိုယ် အချိုးမကျ၊ ဏ္ဍာန်မလှ၊ ပုကွကွကလေး ဖြစ်ရရှာတယ်။ သူတစ်ပါးက သူ့ကို ကျီစယ် ာက်ပြောင်တာ ခံနေရတယ်။ ချစ်သားရဟန်းတို့…လို့ မြတ်စွာဘုရားရှင်က ာက်ကြောင်းပြန်ပြီး ဟောကြားတော်မူပါတယ်။ ဝဋ်မှာအမြဲဆိုတာကို ပြတာပါ ဒါကြောင့် တိုင်းပြည်ကို အုပ်ချုပ်မယ့်သူဟာ သူတစ်ပါးစိတ်ဆင်းရဲအောင် ာက်ပြောင်ကျီစယ်မလုပ်သင့်ဘူးဗျ'

'အမတ်မင်းပြောပြမှပဲ အုပ်ချုပ်သူမင်းတို့မှာ ရှိသင့်ရှိထိုက်တဲ့ အရည် သွေးတွေ ဒီလောက်များမှန်း သိရတော့တယ်'

'ဒီအချက်တွေတင် ဘယ်ကဦးမလဲဗျ။ လောကပါလတရားလို့ခေါ်တဲ့ ိရီနဲ့ ဩတ္တပ္ပတရားနှစ်ပါးနဲ့လည်း ပြည့်စုံရမယ်။ မုသားစကားကိုလည်း ပြောရဘူး။ မုသားစကားပြောကြားရင် တရားမဲ့ရာရောက်တယ်။ အုပ်ချုပ်သူ ရားမဲ့ရင်၊ သူ့ကို အမှီပြုနေတဲ့ တိုင်းသူပြည်သားတွေလည်း တစ်နေ့တခြား တ်ယုတ်လာမယ်။ မုသားစကားဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲ ိုရင် မုသားပြောသူကို မြေမျိုစေတတ်သတဲ့ဗျ။ ကြည့်လေ၊ မြတ်စွာဘုရားလက် က်တော်က သဗ္ဗညုဘုရားရှင်ကို သူ့လင်ဖြစ်ကြောင်း မမှန်သောစကား မုသား ပ်စွဲခဲ့တဲ့ စိဉ္စမာဏဝိကာကို မြေမျိုခဲ့ပါရောလားဗျ။

အတိုချုံးပြီး ပြောရရင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်မယ့်သူဟာ အမျက် ဒါသမထွက်ရဘူး။ စည်းစိမ်မယစ်၊ မာနမတက်ရဘူး။ စည်းစိမ်ယစ်တယ်၊ နတက်တယ်ဆိုတာက ငါသာ တတ်တယ်၊ ငါသာ မြတ်တယ်၊ ငါသာ ည့်စုံတယ်၊ ငါသာ ဘုန်းတန်ခိုးကြီးတယ်ဆိုတာတွေပေါ့။ ပြီးတော့ ဖြောင့်မတ် ကျင့်ရတယ်။ ဒါမှလည်း နောက်လိုက်တွေဖြစ်တဲ့ ပြည်သူပြည်သားတွေလည်း

ဖြောင့်မတ်ကြမယ်ပေါ့။ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားသော် နောက်နွား စိုက်စိုက်ဖြောင့်ဖြောင့်လိုက်၏လို့ ဆိုတယ်မဟုတ်လားဗျ'

အမတ်ကြီးမင်းပဏ္ဍိတ်က သူ့စကားကို အဆုံးသတ်လိုက်သည်။

မြို့တော်ဝန်၊ ရွှေတိုက်ဝန်၊ စစ်သေနာပတိကြီးများက သည်တစ်ကြိမ် တော့ဖြင့် ဟံသာဝတီပြည်ကြီးကို အုပ်ချုပ်မင်းလုပ်မည့်သူသည် ပညာရှိအမတ် ကြီးပြောပြသည့် အရည်အသွေးများနှင့် ပြည့်စုံသူကိုမှ ထီးပလ္လင်ပေါ်တင်ရန် ဆုံးဖြတ်လိုက်ကြသည်။

'စံ'နှင့် ပြည့်စုံသူကို ဆွေးနွေးတိုင်ပင်ရှာဖွေကြသောအခါ တွေ့ပါပြီ။ မဟာဆိမဟာသွေးစစ်စစ် ဖြစ်၍လည်း ပိုပြီး သဘောကျကြသည်။ သို့သော် မှူးမတ်အချို့က 'တိုင်းပြည်အုပ်ချုပ် မင်းလုပ်မည့်သူက အမျိုးသမီးဖြစ်နေတော့ ...'

'အမျိုးသမီးတွေ ဘုရင်အဖြစ် အုပ်ချုပ်ခဲ့တဲ့ အစဉ်အလာတွေ အများကြီး ပါဗျာ။ သရေခေတ္တရာပြည်တည်မယ့် နေရာမှာ ရှေးအခါက သကျအင်းဆိုတာ ရှိတယ်။ အဲဒီသကျအင်းမှာ 'နန်းခမ်း (သို့မဟုတ်)မာလာစန္ဒီ'အမည်ရှိတဲ့ မင်း သမီး ရှင်ဘုရင်ပြုလုပ်အုပ်ချုပ်ခဲ့တာကို ကျမ်းဂန်တွေမှာ အတိအလင်းဖော်ပြထား တာပဲ။

ပြီးတော့ တောင်တွင်းကြီးနယ် ဗိဿနိုးမြို့မှာလည်း ပန်ထွာဘုရင်မ အုပ်ချုပ်ခဲ့တယ်။ အဲဒီတုန်းက ပန်ထွာဘုရင်မရဲ့ သက်တော်ဟာ တစ်ဆယ့် ခြောက်နှစ်ပဲ ရှိသေးတာကလား။

ဒီနေရာမှာ စကားစပ်လို့ ပြောရဦးမယ်ဗျ။ ပန်ထွာပြည်ကြီးကို သရေ ခေတ္တရာက ဒွတ္တပေါင်မင်းတိုက်ခိုက်လို့ စစ်ရှုံးတော့ ပန်ထွာဘုရင်မနဲ့ သူ့နောက် လိုက်နောက်ပါတွေက ဧရာဝတီမြစ်တစ်ဖက်ကမ်းကို ထွက်ပြေးတိမ်းရှောင်ကြ တာဗျ။ ဒါကို တချို့က ဆွာဘက်ကို ထွက်ပြေးပြီး ကြခပ်ဝရာမင်းသမီးအဖြစ် နဲ့ မြို့တည်ထောင်တယ်လို့ အမှတ်မှားကြတယ်။ အမှန်ကတော့ ကြခပ်ဝရာမင်း သမီးက သက်သက်ရှိတာဗျ။

သရေခေတ္တရာပျက်ပြီးတဲ့နောက် တောင်ငူတည်မယ့် နယ်အတွင်း

ကြခပ်ဝရာ အမည်ပေးပြီး သရေခေတ္တရာက လာသူ လူစုမြို့တည်ပြီးနေကြ တယ်။ ကြခပ်ဝရာအမည်ပေးထားတဲ့ ရွာဟာ ရှေးအခါက ကမ်းပါးမြင့်လို့ခေါ် တဲ့ ရွာဟောင်းကြီးရှိဖူးတယ်။ အမျိုးသမီးကို အကြီးအကဲရှင်ဘုရင် တင်မြှောက် ကြတယ်။ အဲဒီအမျိုးသမီးဟာ ကြခပ်ဝရာမြို့မှာ အတန်ကြာအောင် နန်းစံသွား တယ်။ ကြခပ်ဝရာမြို့ဆိုတာ ဆွာချောင်းရဲ့ မြောက်ဘက်ကမ်းထိပ်အနီးမှာ တယ်။ မြို့ရာထောင်ခုအထိ ရှိသေးတယ်။ မြို့အရှေ့ဘက်က ဘုရားငုတ်တို ပုံးဆူလည်း တန်းပြီး ရှိနေသေးတယ်။ အဲဒီဘုရင်မဆီမှာလည်း ရန်ကို အောင် တတ်တဲ့ စည်ကြီးတစ်ခု ပါလာတယ်။ အဲဒီစည်ကို တီးလိုက်ရင် 'ခပေါင်း ချောင်း'က ရေတွေ တက်လာပြီး မြို့ကို ရေဝိုင်းသွားသတဲ့။ ရေတွေဝိုင်းနေတဲ့ တွက် ရန်သူတွေ မြို့ကို မဖျက်ဆီးနိုင်ဘူးတဲ့။ အဲဒီသတင်းကို ပဲးကိုးမင်းက ကြားတော့ ပရိယာယ်မှာ လိမ်မာသူအမတ်ကို လွှတ်ပြီး စည်ကြီးကို ဖျက်ဆီးစေ တယ်လို့ ဆိုတယ်။ ဗိဿနိုးမြို့က စည်ကြီးကို ဖျက်ဆီးပုံနဲ့ အလားတူပဲဗျ။ ဒီကြခပ်ဝရာဘုရင်မဟာ ဆံပင်အလွန်ကောင်းသတဲ့။ စစ်တောင်းမြစ်က မျောပါ တတဲ့ သူ့ဆံပင်မွှေးဟာ ပဲးကိုးမင်းရဲ့ ခြေမှာ လာရစ်တယ်ဆိုပဲဗျ။ အဲဒီဘုရင်မ အတူ သဝန်ကြီး၊ သဝန်ငယ်တို့လည်း သရေခေတ္တရာက ပါလာတယ်။ ဒီ ကြခပ်ဝရာဘုရင်မဟာ သရေခေတ္တရာမင်းမျိုးပါပဲ။ ဒီတော့ တိုင်းပြည်အုပ် ပ်မင်းလုပ်မယ့်သူဟာ အမျိုးသမီးဖြစ်တော့ရော အုပ်ချုပ်ခွင့်မရှိဘူးတဲ့လား။ ူးကတည်းက အမျိုးသမီးတွေ အုပ်ချုပ်ခဲ့တဲ့ အစဉ်အလာရှိပြီးသားပါဗျာ'

အမတ်ကြီးက အထောက်အထားတွေနှင့် သက်သေပြလိုက်သဖြင့် ဒကတက်သူမရှိ။ အားလုံးသဘောတူလိုက်ကြသည်။ ထိုအမျိုးသမီးကား ည်သူဖြစ်ပါသနည်း။

ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ သမီးတော် 'ရှင်စောပု'ပင်တည်း။

* * *

# အခန်း (၂၁)
## ကေရီဘုရင်မကြီးရှင်စောပု

ရှင်စောပုသည် နန်းတက်စတွင် 'သီရိတြိဘာဝနပြဗ္ဗအဂ္ဂမဟေ္ဘရာဇာဓိရာဇာ'ဟူသော ဘွဲ့တော်ကို ခံယူကာ ဟံသာဝတီသုံးဆယ့်နှစ်မြို့၊ ပုသိမ်သုံးဆယ့်နှစ်မြို့၊ မုတ္တမသုံးဆယ့်နှစ်မြို့ပါဝင်သော ရာမညတိုင်းကြီးကို ကေရီဘုရင်မပြုလုပ်စိုးစံတော်မူသည်။

ခမည်းတော်ဘုရင် ရာဇာဓိရာဇ်လက်ထက်တော်ကကဲ့သို့ ညီညွတ်စေပြီး ခမည်းတော်၊ မောင်တော်များလက်ထက်က အမှုတော်ထမ်းရွက်ခဲ့ကြသော ကျေးတော်ရင်း၊ ကျွန်တော်ရင်းများကို အရည်အချင်းအလိုက် ချီးမြှောက်၍ ရာထူးဌာနန္တရ၊ မြို့စား၊ ရွာစား သနားချီးမြှောက်တော်မူသည်။

ကျောင်းကန်စေတီပုထိုးအဟောင်းအပျက်များကို ရှာဖွေ၍ ပြင်ဆင်မွမ်းမံတော်မူသည်။ ထို့ပြင် စေတီကြီးငယ်ပေါင်းတစ်သောင်းရှစ်ထောင်နှင့် ကျောင်းကန်လေးရာကျော်ကိုလည်း လှူဒါန်းတော်မူသည်။

တိုင်းနေပြည်သူ ရှင်လူအပေါင်းနှင့်တကွ သူဌေးသူကြွယ်၊ ကုန်သည် လယ်လုပ်တို့ကို ဖိတ်ခေါ်ကာ ဒါနသီလစသော ကောင်းမှုများကို မမေ့မလျော့ ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းတော်မူပါသည်။

နန်းတက်ပြီး ရက်များမကြာမီ တိုင်းခန်းလှည့်လည်တော်မူသည်။ ထိုနေ့က ဘုရင်မရှင်စောပုသည် မင်းမြောက်တန်ဆာငါးပါးအစုံအလင် ဆင်မြန်းကာ ကြီးကျယ်ခမ်းနားသော မင်းခမ်းတော် ခင်းကျင်းပြီး ဝေါတော်စီးလျက် မြို့လှည့်တော်မူသည်။ လှည့်လည်တော်မူရာ လမ်းတစ်လျှောက်တွင် စမြောင်၊ လက်ရတောင်အမှုထမ်းတို့ ကြပ်မတ်၍ ထွက်တော်မူသည်။

စမြောင်ဆိုသည်မှာ ဘုရင်မ၏ တပ်ဦးတော်မှ သိုင်းနှင့် လောက်လေးတို့ကို ကိုင်၍ လိုက်ပါပြီး လမ်းရှင်းပေးရသော အမှုထမ်းဖြစ်သည်။

လက်ရတောင်မှာ ဘုရင်မတပ်၏ ရှေ့ အတောင်သုံးဆယ်ကွာလောက်က မောက်တိုဆောင်း၍ အင်္ကျီဖြူ ထိုင်မသိမ်းဝတ်ပြီး ပုဆိုးခါးတောင်းကျိုက်ကာ ကြိမ်လုံးထောင်လျက် ကိုင်ဆောင်လိုက်ပါရသော အမှုထမ်းဖြစ်၏။

ဤသို့ စမြောင်၊ လက်ရထောင်အမှုထမ်းများ ကြပ်မတ်၍ လမ်းကူး၊

ယမ်းဖြတ်သူတို့ကို တားမြစ်စဉ် လူအိုကြီးတစ်ယောက်သည် ဘုရင်မရှင်စောပု ကြွတော်မူရာ လမ်းတည့်တည့်မှ အရှေ့သို့ တူရူလျှောက်နေသဖြင့် လက်ရဲထောင် တစ်ယောက်က 'လူအိုကြီး ရှားလော့၊ ဆုတ်လော့'ဟု ဆိုသည်။

လူအိုကြီးက မလေးမစားလုပ်နေသဖြင့် အခြားလက်ရဲထောင်တို့က ာပြီး 'ရှားဟဲ့၊ ဆုတ်ဟဲ့၊ လူအိုလူမင်း'ဟု ငေါက်ငမ်းကြသည်။

ဤတွင် လူအိုကြီးက 'ငါအိုသော်လည်း မိန်းမပျိုနှင့် ပေးစားသော် ားရသေး၏။ သင်တို့ဘုရင်မသာ အိုသည်'ဟုဆိုပြီး ပျောက်ကွယ်သွားလေ သည်။ ထိုသတင်းစကားသည် အကြော်တကြား ပျံ့နှံ့သွားလေသည်။

ဘုရင်မရှင်စောပုကြားသိတော်မူလျှင် ဤသို့ မိန့်တော်မူသည်။

'ဤလူအိုကား လူသားမဟုတ်ရာ။ မြို့စောင့်နတ်သော်ဖြစ်ပေမည်။ ါအား အိုသောနိမိတ်နှင့် မဂ်လာယူရန် ပြလာသည်နှင့် တူသည်'

ဤသို့ မိန့်တော်မူပြီးလျှင် 'ဝိသုဒ္ဓိရာဇဗညားထော'ဟူသော ဘွဲ့ကို ယူတော်မူသည်။

ပါဠိဘာသာ၊ မွန်ဘာသာရော၍ ခံယူတော်မူသော 'ဝိသုဒ္ဓိရာဇဗညား ထော'ဘွဲ့သည် မြန်မာဘာသာအားဖြင့် 'အထူးစင်ကြယ်သော အမယ်အိုဘုရင်မ' ု အဓိပ္ပာယ်ရသည်။

ရှင်စောပုသည် ဝိသုဒ္ဓိရာဇဗညားထောဘွဲ့ကို ခံယူပြီး ခုနစ်ရက်မြောက် သာနေ့တွင် ဟံသာဝတီနန်းတော်တစ်ရပ်လုံး ပျော်ရွှင်နေကြသည်။ ဝမ်းမြောက် မ်းသာဖြစ်နေကြသည်။

မင်းမှုထမ်းများသည် မိမိတို့ရာထူးအလိုက် ဝတ်စုံများကို ဝတ်ဆင် ျက်။ အမျိုးသမီးများကလည်း လှပေ့၊ ကောင်းပေ့ဆိုသည် မွန်ရိုးရာဝတ်စုံများ တ်ဆင်လျက် ပုတီး၊ နားတောင်း၊ လက်ကောက်တို့ဖြင့် တန်ဆာဆင်လျက်။

ဝိသုဒ္ဓိဗညားထောဘွဲ့ခံ ဘုရင်မ ရှင်စောပုသည် သတ်မှတ်ထားသည့် ချိန်တွင် ခန်းမဆောင်ကြီးထဲသို့ သမီးတော်နှစ်ပါးနှင့်အတူ ကြွရောက်လာ ည်။

စောစောက ပြောသံဆိုသံ၊ ရယ်မောသံများ ရုတ်ခြည်းတိတ်ဆိတ်သွား ။ ဘုရင်မနှင့် သမီးတော်များ နေရာယူပြီးသည်နှင့် အခမ်းအနားစတင်သည်။

ခမည်းတော်ရာဇာဓိရာဇ်ဘုရင်လက်ထက်၊ မောင်တော်များလက်ထက်၊ ိုယ်တော်တိုင်လက်ထက်အထိ အမှုတော်ကို ကျေပွန်စွာထမ်းရွက်ခဲ့ကြသော

မှူးမတ်သေနာပတိများ၊ စစ်သည်တော်များ စသည်တို့ကို အထိုက်အလျောက် မြို့စား၊ ရွာစားပေးခြင်း၊ ရာထူးရာခံများကို တိုးတက်ချီးမြှင့်ပေးတော်မူသည်။

နောက်ဆုံး ချီးမြှင့်မည့်သူကို မင်းပရိသတ်အားလုံး စိတ်ဝင်စားကြသည်။ ထိုသူကား နရက်(နရွဲ)အရပ်အနီး မာလာရွာနှင့် မောညပ်နှစ်ရွာကို အုပ်ချုပ်သော သူကြီးလောက်ကပိုက်၏ သား 'မင်းညီတုံး'ဖြစ်သည်။ မင်းညီတုံးသည် လက်ဖျံ တစ်လုံးတည်းရှိ၍ အလွန်သန်မာသည်။ ဓားခုတ်၊ လှံထိုး၊ လေးပစ်၊ မြင်းစီး၊ နပန်းလုံး၊ သိုင်းစသော အတတ်တို့၌ အလွန်ကျွမ်းကျင်သည်။ အုန်းသီးကို လူ၏ ဦးခေါင်းထက်တင်၍ ခွဲခုတ်ချလိုက်လျှင် အုန်းသီးသည် ထက်ခြမ်းကွဲသွားသည်။ အသားကို ဓားမထိပေ။ လူ၏ ဦးခေါင်းကို ဓားနှင့် ရှပ်၍ ခုတ်လိုက်လျှင် ကတ်ကြေးနှင့် ညီညီညာညာ ကိုက်သကဲ့သို့ ဆံပင်များ ပြတ်ကျ၏။ အသားကို ဓားမထိပေ။

ဤသို့သော အရည်အသွေးများကြောင့် ဘုရင်မရှင်စောပု သဘော ကျကာ မင်းညီတုံးအား 'သမိန်စက္ကဝေါ'ဘွဲ့ (စက္ကဝါဒေဘွဲ့ဟုလည်း မူကွဲ တွေ့ရသည်။)နှင့် လဂွန်းပိုင်မြို့ကိုလည်း သနားတော်မူသည်။ လေးတပ်တွင် ဗိုလ်မှူးခန့်အပ်တော်မူ၏။ နောက်နှစ်လခန့်အကြာတွင် 'ဗရမ်း'ဟူသော ဘွဲ့နှင့် ကျပ်ပေါမြို့ကို ထပ်မံချီးမြှောက်တော်မူသည်။

မင်းညီတုံးသည် အားနည်းသူတို့ကို အမြဲညှာတာ၍ ကူညီတတ်၏။ သို့သော် အလွန်အားကောင်းသူ ဖြစ်ရကား ရန်ဖြစ်နေသူများကို တွေ့ရပါက နှစ်ဦးစလုံးကို ကျုံး၍ ရိုက်ပစ်တတ်သည်။ အယုတ်အားဖြင့် ခွေးချင်းကိုက်နေ သည်ကိုပင် နှစ်ကောင်စလုံးကို ရိုက်၍ ဖြေရှင်းသည်။ ထို့ကြောင့် မင်းညီတုံး ရွာထဲသို့ လျှောက်လာလျှင် မီးကို ရေနှင့် သတ်သကဲ့သို့ ငြိမ်သွားသည်။ တုတ်တုတ်မျှ မလှုပ်ဝံ့ကြပေ။

သည်မျှနာမည်ကြီးသော သူရဲကောင်းမင်းညီတုံးအား ဘွဲ့မည်နှင့် ဆုလာဘ်များ ချီးမြှင့်ပြီးနောက် အခမ်းအနားလည်း ပြီးဆုံးသွားသည်။

ဘုရင်မရှင်စောပုနှင့် သမီးတော်နှစ်ပါး ပြန်ကြွသွားပြီးနောက် ပရိသတ် များအားလုံး သက်ဆိုင်ရာအဆောင်သို့ ပြန်သွားကြလေတော့သည်။

* * *

# အခန်း (၂၂)
# အဆိပ်ဆေးတိုက်ကျွေးခံရတဲ့ ဓမ္မညာဏလူထွက်

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ဘုရင်မကြီး ရှင်စောပု ဝိသုဒ္ဓိ ညားထောဘွဲ့ကို ခံယူပြီးနောက် ဟံသာဝတီမင်းမှုထမ်းများအား ချီးမြှင့်မြှောက် ားသည့် အခမ်းအနားများလည်း ပြီးစီးသွားပြီ။

ဦးစွာ အတုလဝါသကျောင်းစံ ရဟန်းတော်ဓမ္မညာဏသည် လူထွက် ာသည်။ ဘုရင်မကြီးလည်း ကျေးရွာစား သနားတော်မူပြီး ကောင်းစွာ နေစေသည်။

များမကြာမီ လိပ်ပြင်ကျောင်းစံ ရှင်ဓမ္မဓရ လူထွက်လာပြန်သည်။ ာင်းလူထွက်သည် ပိဋကတ်ကျမ်းဂန် တတ်ကျွမ်းသည်။ လောကဓမ္မကိုလည်း ားလည်သည်။ ထို့ကြောင့် ဘုရင်မရှင်စောပုသည် ဓမ္မဓရလူထွက်ကို အပါး တ်မှာထားပြီး တိုင်ပင်ဖော်တိုင်ပင်ဖက် ပြုသည်။ စာတတ်ပေတတ်ဖြစ်၍ မက်တော်ရန်လည်း ရည်ရွယ်ထားလေသည်။ သို့ဖြင့် သမီးကြီးဖြစ်သူ နဲ့တကာ ထ်အား နားချတော်မူသည်။ နဲ့တကာထော်သည် ရှိုက်ကြီးတငင်ငိုပွဲဆင်သည်။ ဟန်းလူထွက်ဖြစ်သောကြောင့် မနှစ်သက်နိုင်ပါဟု ငြင်းဆိုလေသည်။

သမီးတော်အကြီးက လက်မခံသဖြင့် သမီးတော်အငယ် နဲ့တကာသင် ို နားချပြန်သည်။ နဲ့တကာသင်လည်း ကြည်ဖြူခြင်းမရှိ။ နှစ်သက်ခြင်းမရှိ ို့သော် မယ်တော်ရှင်စောပုကို ရိုသေသောအားဖြင့် ယခုလိုတင်လျှောက်၏။

'သမီးတော်ရဲ့ ရှေ့ရေး ကောင်းကျိုး၊ ဆိုးကျိုးကို မယ်တော်ပင် ဖန်တီး ည်ဖြစ်ပါတယ်။ မယ်တော်ရဲ့အမိန့်ကို မလွန်ဆန်ဘဲ နာခံပါ့မယ်'

'ကောင်းလှပြီ သမီးတော်၊ ငါ့သမီးလေးဟာ ဘုန်းကံပါရမီကြီးသူပေ 'ဟု ဝမ်းသာစွာ ဆိုတော်မူသည်။

ဤသို့ သမီးတော်အငယ် နဲ့တကာသင်နှင့် ဓမ္မဓရလူထွက်တို့အား က်ရန် စေ့စပ်ပြီးဖြစ်၍ ရှင်စောပု ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသည်။ းမတ်တို့ကိုလည်း ပြောပြတော်မူ၏။ မှူးမတ်များကလည်း ဓမ္မဓရလူထွက် ည် ဉာဏ်အမြော်အမြင်ရှိသည်။ ထက်ထက်မြက်မြက်ရှိသည်။ အတတ်ပညာ လိမ္မာ ကြီးရင့်သည်တို့ကို သိရှိကြသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

သို့သော် ထိုသတင်းကို ဓမ္မဉာဏလူထွက် ကြားသိလျှင် မနာလိုဝန်တိုဖြစ်သည်။ မကျေမနပ်ဖြစ်သည်။ ဓမ္မဓရအတွက် မုဒိတာမပွားနိုင်ဖြစ်ရသည်။ သူ့ကိုယ်သူလည်း ဘုရင်မကြီး၏ သမီးတော်ကို ရထိုက်သူဟု ယူဆသည်။ ဓမ္မဉာဏသည် လူမထွက်ခင်ကတည်းကပင် လောကီပညာများကိုလည်း လိုက်စားသူဖြစ်ရကား ယခုအိပ်မက်စေအင်း စီရင်၍ မီးထွန်းလေတော့သည်။

ဓမ္မဉာဏလူထွက် စီရင်သည့်အတိုင်း ဘုရင်မကြီး ရှင်စောပုသည် စက်ပျော်နေစဉ် ထူးဆန်းသောအိပ်မက် မြင်မက်တော်မူသည်။

'ရွှေမော်ဓောစေတီတော် ထီးတော်အောက်မှ ရဟန္တာလေးပါးသည် ပရိက္ခရာရှစ်ပါးလွယ်လျက် ဈာန်ပျံလာ၏။ ဘုရင်မကြီးစက်တော်ရာ ပဒိုင်တော်ဦးတွင် ရပ်တော်မူပြီး ရှင်တော်ဘုရားက ငါတို့ရဟန္တာလေးပါးကို မိန့်တော်မူသည်။ ဓမ္မဉာဏရဟန်းလူထွက်သည် ဘုန်းကံပါရမီကြီးသော ယောကျ်ားကောင်းဖြစ်သည်။ မင်းမြှောက်လျှင် ရဟန်းရှင်လူတို့ ဝပြောသာယာမည်။ သာသနာထွန်းလင်းပေမည်ဟု မိန့်တော်မူပြီး အထက်သို့ ဈာန်ပျံတက်ကာ ရွှေမော်ဓောစေတီတော်၏ အကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်'

ဘုရင်မကြီးရှင်စောပုလည်း စက်ပျော်ရာမှ နိုးလာ၏။ မြင်မက်သော အိပ်မက်ဆန်းကြယ်ပုံကို တွေးနေမိသည်။ ဓမ္မဉာဏလူထွက်သည် အမှန်တကယ် ဘုန်းကံကြီး၍သာ ထူးထူးခြားခြား အိပ်မက်မက်ခြင်းဖြစ်မည်ဟု ယုံမှတ်တော်မူသည်။ သို့သော် ဓမ္မဓရလူထွက်ကို ခင်မင်တော်မူရင်းရှိသည်က တစ်ကြောင်း၊ သမီးတော်နှင့် ထိမ်းမြားပေးရန် ကတိတော်ထားပြီးသည်က တစ်ကြောင်းတို့ကြောင့် စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်ရသည်။ စိတ်လက်မအီမသာ ဖြစ်ရသည်။ အိပ်မက်ဆန်းကို တွေးရင်း တစ်မိုးသောက်ခဲ့သည်။

ဘုရင်မရှင်စောပုသည် ထွက်စံမြဲအတိုင်း ညီလာခံခန်းမသို့ ထွက်ကြွတော်မူသည်။ ဓမ္မဓရလူထွက်လည်း ဘုရင်မအပါး အခစားရောက်လာသည်။ ရှင်စောပုလည်း လိပ်ခဲတည်းလည်းဖြစ်နေသော အိပ်မက်ဆန်းအကြောင်း ဓမ္မဓရလူထွက်အား ပြောပြတော်မူသည်။ ထိုအိပ်မက်ကြောင့် စိတ်တော်မကြည်မသာ ဖြစ်နေရကြောင်းလည်း မိန့်တော်မူ၏။

'မယ်တော်၊ စိတ်တော်ချောက်ချားခြင်းမဖြစ်ပါနှင့်။ သည်အိပ်မက်သည် **လောကီဝိဇ္ဇာမယနည်း**မျှသာ ဖြစ်ပါတယ်။ သားတော်လည်း တတ်ကျွမ်းပါ

ာယ်။ ယနေ့ည မယ်တော်စက်ပျော်ရာသို့ ရဟန္တာရှစ်ပါးကြွပြီး အိပ်မက်ဗျာဒိတ်
ေးရန် သားတော်စီမံပါမယ်'

ဓမ္မစေရလူထွက်လည်း ဤသို့တင်လျှောက်ပြီး ပြန်သွားသည်။

ထိုညဥ့်တွင် ဘုရင်မရှင်စောပု စက်တော်ခေါ်သည့်အခါ 'ရဟန္တာရှစ်ပါး
ည် ပရိက္ခရာရှစ်ပါးနှင့် ကြွလာပြီး စက်တော်ခေါ်ရာကို ပတ်လည်ဝိုင်းရံ၍
၍သို့ မိန့်တော်မူကြသည်။

'သာသနဒါယိကာမကြီး ဆန္ဒရှိသည့်အတိုင်း ဓမ္မစေရကို မင်းမြှောက်
လော့။ တိုင်းသူပြည်သား ရှင်လူအများတို့ စည်ပင်ဝပြောမည်။ သာသနာတော်
ည် နေနှယ်ထွန်းလိမ့်မည်။ ယမန်ညဉ့်က ရဟန္တာလေးပါး ကြွရောက်၍
ာဒိတ်ပေးခြင်းသည် မှားသဖြင့် ငါတို့ဘုရားရှင်က ထပ်မံစေလွှတ်သဖြင့်
ကြွလာရသည်'

ဤသို့ မိန့်တော်မူပြီး ရုန်ပျံတက်ကာ ရွှေမော်ဓောစေတီတော်၏
း်တော်ဆီသို့ ကြွမြန်းကွယ်ပျောက်သွားသည်။ စက်ပျော်ရာမှ နိုးလာသော်
ရင်မရှင်စောပုလည်း ရဟန်းလူထွက်နှစ်ဦးတို့၏ ပညာဉာဏ်ကျယ်ခြင်း၊ စွမ်း
ဆောင်နိုင်ခြင်းတို့ကို ကောင်းစွာ ဆင်ခြင်နေမိတော့သည်။

တစ်မိုးသောက်ပြီ။ ရှင်စောပုသည် နံနက်ညီလာခံသို့ တက်ရောက်ရန်
ဆင်သင့်ဖြစ်နေပြီ။

အပျိုတော်လေးတစ်ယောက်သည် ဘုရင်မရှိရာ အဆောင်တော်သို့
ရောက်လာသည်။ လက်ယှက်ရှိခိုးလျက် ညီလာခံခန်းမအတွင်း မှူးမတ်များစုံညီ
ရောက်ပါကြောင်း သံတော်ဦးတင်သည်။

ဘုရင်မရှင်စောပုလည်း ညီလာခံစုံရာသို့ ကြွလာတော်မူသည်။ ညောင်
ာင်းတွင် ထိုင်ပြီးသည်နှင့် အရေးကြီးဆုံးသော သတင်းများ ရှိ၊ မရှိ မေးတော်မူ
ည်။ ထို့နောက် ဟံသာဝတီသုံးဆယ့်နှစ်မြို့၊ ပုသိမ်သုံးဆယ့်နှစ်မြို့၊ မုတ္တမ
ုံးဆယ့်နှစ်မြို့စသည်တို့မှ ရောက်ရှိလာသော သတင်းများကို ဆွေးနွေးတော်မူ
ည်။ ပြီးလျှင် အခွန်တော်ကိစ္စများ၊ ရာဇဝတ်ဆိုင်ရာများ၊ ရာထူးခန့်ထားရေး
သည်တို့ကို ဆွေးနွေးသည်။ ဘုရင်မရှင်စောပု မိန့်ဆိုသမျှကို သံတော်ဆင့်က
စ်လုံးမကျန် လိုက်မှတ်ထားရသည်။

ဆွေးနွေးတိုင်ပင်စရာ အားလုံးပြီးစီးသဖြင့် ညီလာခံရုတ်သိမ်းသည်။

မှူးမတ်များအားလုံး တညီတညွတ်တည်း နေရာမှထ၍ ပြန်ကြရသည်။

ရှင်စောပုက ဓမ္မဓရလူထွက်အား ခေတ္တစောင့်ဆိုင်းရန် တားပြီး မှူးမတ်များအားလုံး ပြန်သွားသောအခါ ယခုလို မိန့်တော်မူသည်။

'သားတော်၊ မင်းဟာ ပညာကြီးကျယ်တယ်။ ဝီရိယရှိလှပေတယ်။ ဘုန်းကံပါရမီထူးပေလိမ့်လို့ မယ်တော်ယုံကြည်တယ် မယ်တော်ဟာ အကာကို ပစ်ပြီး အနှစ်ကိုသာ ယူမည်အမှန်ပဲ။ ဒီတော့ သားတော်အနေနဲ့ အရိပ်ကောင်းကို ခိုချင်သပဆိုရင် ဆူးငြောင့်ကို တဖြည်းဖြည်းသုတ်သင်ပါလေ'

ဤသို့မိန့်တော်မူပြီးသည်နှင့် အတွင်းဆောင်သို့ ဝင်တော်မူသည်။

ဓမ္မဓရလူထွင်လည်း ညီလာခံခန်းမမှ ထွက်လာပြီးနောက် လမ်းတစ်လျှောက်လုံး ဘုရင်မ မိန့်ကြားသည့်စကားကို စဉ်းစားလာသည်။

'ဘုရင်မကြီးဟာ ငါ့ကို ချစ်မြတ်နိုးတာအမှန်ပဲ။ ငါ့ကို ချစ်မြတ်နိုးတဲ့အတွက် အနှစ်လို့ ထင်မှတ်တော်မူပေတယ်။ ငါ့ရဲ့ရှေ့ရေးခရီး လမ်းဖြောင့်ဖို့ ရန်ဆူး၊ ရန်ငြောင့်တို့ကို သုတ်သင်ဖို့ ပရိယာယ်ဖြင့် သတိပေးခြင်းဖြစ်ပေမယ်။ ငါအရိပ်ကောင်းရဖို့ဆိုတာ ရန်ဆူးရန်ငြောင့်သဖွယ်ဖြစ်နေတဲ့ ဓမ္မဉာဏလူထွက်ကို ရှင်းလင်းရပေမယ်'ဟု တွေးတောကာ ဆုံးဖြတ်ချက်ချလိုက်၏။

ဓမ္မဓရလူထွက်သည် အခွင့်ကောင်းကို စောင့်နေသည်။ ဓမ္မဉာဏဓာတာစန်းလက်ညှံ့ချိန်တွင် အစာထဲ၌ အဆိပ်ခတ်ပြီး ကျွေးသည်။ ဓမ္မဉာဏလည်း အကောက်ကို မမြင်၊ အဖြောင့်ထင်၍ စားသဖြင့် အစာအဆိပ်မိပြီး ကွယ်လွန်သွားလေတော့သည်။

ဓမ္မဓရသည် ပိဋကတ်ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်သည်။ အတွေးအခေါ် အမြော်အမြင်ရှိသည်။ ဓမ္မဉာဏနှင့်အတူ စစ်ကိုင်းတောင်ရိုး၌ အရိယဓေဆရာတော်ထံတွင် အတူပညာသင်ကြားခဲ့ကြသော ငယ်ပေါင်းသူငယ်ချင်းများ ဖြစ်သည်။ သို့စဉ်လျက် မိမိအရိပ်ကောင်းကို ရဖို့ တပ်မက်မှုတဏှာက ဦးစီးပြီး လုပ်သည့်အတွက် မစဉ်းစားမဆင်ခြင်ဘဲ ငယ်သူငယ်ချင်းကို အဆိပ်ခတ်သတ်သည်အထိ မိုက်မှားခဲ့သည်။

ဘုရင်မရှင်စောပုသည် သမီးတော်ကြီး နဲတကာထော်ကို 'ဝိဟာရဒေဝီ' ဘွဲ့ ချီးမြှင့်တော်မူသည်။ သမီးတော်ကြီးက ဓမ္မဓရလူထွက်ကို မနှစ်သက်သဖြင့် အခြားမည်သူနှင့် လက်ဆက်ပေးရအံ့ဟု စဉ်းစားသည်။ တွေ့ပါပြီ။ အမှုတော်ကို

က်စွန့်ကြိုးပမ်းထမ်းရွက်ရင်း ကွယ်လွန်သွားသူ စစ်သူကြီး ဗညားဩ၏ း ဗညားအိန်ဖြစ်သည်။ သမီးတော်ကြီးသည် ဗညားအိန်နှင့် လက်ဆက်ရမည် ငြင်းပယ်ခြင်းမရှိ။ မယ်တော်၏ အစီအမံကို နာခံသည်။ သို့ဖြင့် မယ်တော် စောပုသည် မဟာနွယ်ဘွား မင်းသမီး၊ မင်းသားများ ထိမ်းမြားလက်ထပ်တော် သည့် အစီအရင်အတိုင်း စီစဉ်ကာ ကြီးကျယ်ခမ်းနားစွာ ထိမ်းမြားပေးတော် သည်။

ဘုရင်မ ရှင်စောပုသည် အမြော်အမြင်ကြီးသည်။ နိုင်ငံတော်လုံခြုံရေး အမြဲစဉ်းစားသည်။ ကျရောက်လာမည့်အန္တရာယ်ကိုလည်း ကြိုတင်တွက်ဆ ည်။ ခန့်မှန်းကြည့်သည်။ ဤသို့ဖြင့် နိုင်ငံတော်ကို ကာကွယ်ရေးအတွက် ကြံကောင်းတစ်ရပ် ရရှိသည်။

တစ်နေ့တွင် သမက်တော်ဗညားအိန်ကို ခေါ်ယူတွေ့ဆုံသည်။ နိုင်ငံတော် ဖုံခြုံရေး၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သမက်တော်ကို ဆွေးနွေးတာဝန်ပေး သည်။

'သားတော်ဗညားအိန်၊ ပုသိမ်မြို့ဟာ စစ်လမ်းခရီးသာလှတယ်။ နာပူရအင်းဝက မွန်တို့ရဲ့ ရာမညတိုင်းကို လုပ်ကြံဖို့ စုန်ဆင်းလာရင် လွယ် တယ်။ သူလျှိုတမန် အထောက်တော်တွေထံကလည်း အင်းဝကို စိတ်မချရ ကြောင်း အလွှာတွေရောက်တယ်။ ဒါကြောင့် သမက်တော်နဲ့ သမီးတော်တို့ ပုသိမ်မှာ သွားနေကြပါ။ မြို့ရိုးမြို့တာ ကောင်းစွာခိုင်ခံ့အောင် ပြုပြင်ပြီး စံနေ မယ်'ဟု ရှင်စောပုက မိန့်တော်မူသည်။

သမက်တော် ဗညားအိန်သည် မယ်တော်ရှင်စောပု၏ ရှေ့တော်တွင် ာမျှပြန်မပြောဘဲ ဆိတ်ဆိတ်နေသည်။ အိမ်တော်သို့ ပြန်ရောက်သောအခါ ဖြင့်ရာတော် နဲတကာထော်အား ယခုလို ပြောပြသည်။

'မယ်တော်က ငါတို့ကို ပုသိမ်မှာ သွားနေခိုင်းတယ်။ အဝေးရောက် အောင်ပို့တယ်။ ဓမ္မစေရလူထွက်ကို ညီမတော် နဲတကာသင်နဲ့ ထိမ်းမြားပြီး းအပ်ဖို့ အကြံတော်ရှိတယ်။ နှမတော်၊ ကျုပ်တို့ ဘယ်လိုကြံကြမလဲ'

'မယ်တော်က အခုလို အမိန့်တော်ချမှတ်မှတော့ ကျွန်မတို့ ဘာလုပ် ဖြစ်ပါ့မလဲ အမောင်ရယ်'

'ရှိပါစေတော့ နှမရယ်။ ကျုပ်တို့လည်း မယ်တော်ရဲ့ခြေရင်းမှာ နေရတာ

မြှုးမိတဲ့ ငါးလိုပဲ။ ခြေလက်မသန်စွမ်းတဲ့လူတွေလိုပဲ။ အကြဲတုံး၊ ဉာဏ်တုံး၊ လူစတုံးဖြစ်နေကြတယ်။ ပုသိမ်မှာ သွားနေကြရမယ်ဆိုတော့ ဒီမှာထက် လွတ်လွတ်လပ်လပ်ဖြစ်မှာအမှန်ပဲ။ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ မှတ်ရတော့မှာပေါ့။ ပုသိမ်ကိုသွားရင် ရိုးရိုးအအသွားလို့တော့ မဖြစ်ဘူး။ ရဲမက်ဗိုလ်ပါ စုရုံးသိမ်းသွင်းပြီး အင်အားပြည့်မှ ငါတို့ကို စော်ကားဝံ့မှာ မဟုတ်ဘူး။ ဒီတော့ နှမတော်က မယ်တော့်ထံမှာ အခုလိုတောင်းဆိုပါ။ ဆင်တော်ပြည်ကွပ်နဲ့ သူ့ရဲ ကောင်းဗိုလ်မင်း မင်းညီတုံးကို ထည့်ပေးဖို့ သံတော်ဦးတင်ပါ'

ဝိဟာရဒေဝီလည်း ဝန်ခံ၍ မယ်တော်ရှင်စောပုထံ ဝင်ရောက်ခစားသည်။

'မယ်တော်ဘုရား၊ မယ်တော့်အမိန့်တော်အတိုင်း သမီးတော်တို့ ပုသိမ်ကို သွားပါ့မယ်။ ဒါပေမဲ့ လိုအပ်သမျှကို သနားတော်မူပါမှ သွားနိုင်ပါမယ် ဘုရား'

'ကောင်းပြီ သမီးတော်၊ လိုရာကို တောင်းလေ့'

'သမီးတော်တို့ ပုသိမ်သွားလျှင် ဗိုလ်မင်းမင်းညီထုံးနဲ့ ဆင်တော်ပြည်ကွပ်ကို ထည့်ပေးတော်မူပါ မယ်မယ်ဘုရား'

မထင်မှတ်သော တောင်းဆိုမှုကြောင့် ဘုရင်မရှင်စောပုသည် အံ့ဩသွား၏။ ခေတ္တမျှ တွေဝေသွား၏။ အတန်ငယ်ကြာမှ နှုတ်လေးစွာဖြင့် 'ယူစေ'ဟု မိန့်တော်မူသည်။

သမီးတော် ဝိဟာရဒေဝီလည်း ဝမ်းမြောက်ဝမ်းသာ ရှေ့တော်မှ ထွက်လာ၏။ အဆောင်တော်သို့ ပြန်ရောက်လျှင် မြောက်သားတော်ဗညားအိန်အား လိုအပ်သမျှ ရရှိခဲ့ကြောင်း ပြောပြသည်။

ဗညားအိန်လည်း လက်ရုံးတန်း၍ 'ဘုန်းစွမ်းနှင့် လူရေးလူစကို ကောင်းကောင်းကောင်းပြရတော့မယ်'ဟု ဝမ်းသာစွာ ကြုံးဝါးလေသည်။

သမက်တော်ဗညားအိန်နှင့် သမီးတော်ဝိဟာရဒေဝီတို့သည် ဘုရင်မရှင်စောပု၏ အမိန့်တော်ရပြီးသည့်အတိုင်း သူ့ရဲကောင်းဗိုလ်မင်း မင်းညီတုံးနှင့် ဆင်တော်ပြည်ကွပ်တို့ကို ယူကာ ပုသိမ်သို့ ထွက်ခွာသွားကြသည်။ ဗညားအိန်သည် မိမိဩဇာညောင်းသော အမတ်စစ်သည်အနည်းငယ်တို့ကိုလည်း ခေါ်ဆောင်သွားသည်။

ပုသိမ်သို့ရောက်လျှင် သမက်တော်ဗညားအိန်သည် အကြံတော်ရှိသည့်အတိုင်း မြို့ပြကျုံးမြောင်းတို့ကို အထူးခိုင်ခံ့စွာ ပြုပြင်တည်ဆောက်သည်။ ရဲမက်လူသူရသမျှ စုဆောင်းသည်။ ဟံသာဝတီ၌ ကျန်ရှိနေသေးသော ကြံရာပါအမတ်စစ်သူကြီးတို့နှင့်လည်း တိတ်တဆိတ်ဆက်သွယ်သည်။

ဗညားအိန်၏ လုပ်ရပ်များသည် ဟံသာဝတီသို့ သိုးသိုးသန့်သန့်သတင်းပြန့်လာသည်။ ဓမ္မဓရလူထွက်သည် ထိုသတင်းကို ရသည်နှင့် ဘုရင်မရှင်စောပုရှေ့တော်သို့ ဝင်ရောက်ခစားပြီး တင်လျှောက်သည်။

'မယ်တော်ဘုရားထံ သားတော် လျှောက်တင်ပါမယ်။ မယ်တော်ကသားတော်ကို မင်းပြုစိမ့်မည်လို့ မိန့်တော်မူဖူးပါတယ်။ ပြည့်စွယ်၊ ပြည့်အားဖြစ်တဲ့ ဆင်တော်ပြည်ကွပ်နဲ့ သူ့ရဲကောင်း မင်းညီတုံးတို့ကို သမက်တော်ဗညားအိန်နဲ့ သမီးတော် ဝိဟာရဒေဝီတို့ကို ပေးအပ်တော်မူလိုက်တာ စိုးရိမ်ဖွယ်ရာများဖြစ်လေမည်လားလို့ တွေးမိ၊ စိုးရိမ်မိကြောင်းပါ မယ်တော်ဘုရား'

'ငါ့သား စိုးရိမ်တတ်ရန်ကော၊ စိုးရိမ်စရာမရှိပါဘူး။ စစ်တိုက်ဖို့လည်းမလိုပါဘူး။ ဥပါယ်တံမျဉ်နဲ့ စီမံရင် နဖားကြိုးထိုးပြီး လိုရာကို ငင်လို့ ရသလိုဆွဲရာကို ရောက်လာပါလိမ့်မယ်'ဟု ရှင်စောပုက ဖျောင်းဖျမိန့်ဆိုတော်မူသည်။

ဓမ္မဓရလူထွက်လည်း အဓိပ္ပာယ်နက်နဲလှသည့်စကားကို စွဲစွဲမြဲမြဲမှတ်ထားလိုက်သည်။

* * *

# အခန်း (၂၃)
# သမက်တော်ကို အိမ်ရှေ့အရာပေး

ညီလာခံခန်းမဆောင်အတွင်း မှူးမတ်များ၊ စစ်သေနာပတိများ စုံညီစွာ ရောက်ရှိနေကြပြီ။ ယနေ့ အရေးကြီးသော အကြောင်းအရာကို ဆွေးနွေးမိန့်ကြားမည်ဖြစ်၍ မှူးမတ်များ၊ သေနာပတိများ၊ ရေကြောင်းဆိုင်ရာအရာရှိများ၊ ရာဇဝတ်ကြောင်းဆိုင်ရာ အရာရှိများ စုံညီစွာ တက်ရောက်ကြရသည်။

ညီညီညာညာ စီစီရီရီ ထိုင်နေကြပုံမှာ အရုပ်ကလေးများ ချထားသည့်နှယ်၊ လှုပ်ရှားခြင်းမရှိ၊ ငြိမ်သက်တိတ်ဆိတ်နေသည်။

မကြာခင်မှာပင် ဘုရင်မရှင်စောပု ကြွရောက်လာသည်။ သလွန်ထက်တွင် ထိုင်တော်မူပြီးသည်နှင့် ညီလာခံစတင်သည်။

'ငါ၏ သစ္စာတော်ကို စောင့်သိကြသော မှူးမတ်အပေါင်းတို့၊ ငါ၏ သမီးတော်ဝိဟာရဒေဝီနဲ့ သမက်တော်ဗညားအိန်တို့ကို ပုသိမ်မှာ သွားရောက်နေထိုင်စေတာ မင်းကြီးတို့အားလုံး အသိပင်ဖြစ်တယ်။ ပုသိမ်မှာနေပြီး အင်းဝရဲ့ စစ်အခြေအနေကို အကဲခတ်ဖို့ စေလွှတ်နေစေပေမယ့် သမီးတော်ရော သမက်တော်ပါ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေတော်မူခြင်း မရှိပေဘူး။ ငါ့ကို ခြားနားထောင်ထားဖို့ ပုသိမ်မြို့ကို အခိုင်အလုံပြုတယ်။ ငါ့ရဲ့ ကျေးတော်ရင်း၊ ကျွန်တော်ရင်းတို့ကိုပင် သူတို့ဘက်ရောက်အောင် သွေးဆောင်ခေါ်ယူကြတယ်။ ငါ့မှာလည်း ပြည်တွင်းရေးမလုံလောက်၊ ကိုးစားအားထားရမယ့်၊ ယုံကြည်ရမယ့် ကိုယ်စားတော်အဖြစ် မည်သူမျှ မရှိ။ ဒါကြောင့် ဓမ္မစေရလူထွက်နဲ့ သမီးတော်အငယ် နဲ့တကာသင်တို့ကို ထိမ်းမြားတော်မူပြီး အိမ်ရှေ့နှင်းကာ ပြည်တွင်းရေးစီမံစေမှ သင့်တော်မယ် အမတ်မင်းများ'

'သင့်မြတ်လျော်ကန်လှကြောင်းပါ ဘုရား'

ဘုရင်မရှင်စောပုလည်း မှူးမတ်များအားလုံးက သဘောထားကြိုက်ညီကြသဖြင့် ဝမ်းမြောက်တော်မူသည်။ သို့ဖြင့် ပုဏ္ဏားတော်များနှင့် တိုင်ပင်တွက်ချက်၍ မင်္ဂလာအခါတော်နေ့ကို ရွေးချယ်တော်မူသည်။

မင်္ဂလာအခါတော်နေ့ ကျရောက်သောအခါ မဟာနွယ်ဖွား၊ မင်းသား၊ င်းသမီးတို့ ထိမ်းမြားတော်မူသည့် အစီအစဉ်အတိုင်း သမီးတော်နဲ့တကာသင်ကို ဓမ္မဓရလူထွက်နှင့် စုံဖက်တော်မူသည်။

သမီးတော်ကို 'ရာဇဒေဝီ'ဘွဲ့ပေးအပ်၍ ဓမ္မဓရအား 'ဓမ္မစေတီ'ဟူသော ဘွဲ့ချီးမြှောက်ကာ အိမ်ရှေ့အရာ ထားတော်မူသည်။

တစ်ခါသော် ဘုရင်မရှင်စောပုနှင့် မှူးမတ်များ ညီလာခံကျင်းပနေစဉ် ဒဂုန်မြို့ဝန်က ဆက်သသောစာလွှာတော် ရောက်လာသည်။ ဖတ်ကြားစေရာ 'မွန်ပြည်သည် ဝပြောသည်။ ဘုရင်မကြီးလည်း ဘုန်းကြီးသည်။ သူရဲကောင်းပေါများသည်ဟု ကြားသိရသည်။ သူရဲကောင်းချင်းတိုက်လိုပါသည်။ ကျွန်တော်တို့ရှုံးလျှင် ကုန်အပြည့်နှင့် သင်္ဘောခုနစ်စင်းကို သိမ်းတော်မူပါ။ ကျွန်တော်တို့နိုင်လျှင် သင်္ဘောနှင့် ကုန်တန်ဖိုးကို ပေးတော်မူပါ'

ဘုရင်မကြီး အိမ်ရှေ့မင်းဓမ္မစေတီသို့ လွှဲအပ်စီမံစေသည်။ အိမ်ရှေ့မင်းလည်း မှူးမတ်များနှင့် တိုင်ပင်၍ ဗရမ်း(မင်းညီတုံး)ကို ခေါ်ယူပြီး ဒဂုန်မြို့ဝန်ဆက်သသော စာလွှာကို ပြ၍ မည်သို့သဘောရကြောင်း မေးသည်။

ဗရမ်းက အသက်နှင့် သတ္တဝါကို မဆိုထားနှင့်။ စက်နှင့်ဆင်ထားသောအရာကိုပင် ရှောင်မည်မဟုတ်။ ယခုပင် တိုက်မည်ဟု ဆိုသည်။ ဗရမ်းသည် ဝတ်စားဆင်ယင်ပြီး ဓား၊ လွှား၊ ကာ စွဲ၍ ထွက်လာသည်။ အိန္ဒိယသားတို့က များလှသော ပရိသတ်ဗိုလ်ပုံအလယ်တွင် သံချိုင့်ကို ဖွင့်၍ လွှတ်လိုက်သည်။ မွန်တို့ဘက်မှ စစ်သူကြီး စသည်တို့မြင်လျှင် လူချင်းသာတိုက်ရမည်။ တိရစ္ဆာန်နှင့် မည်သို့ တိုက်မည်နည်းဟုဆိုက 'ဗရမ်း၊ လူမဟုတ်ဘူး၊ တိရစ္ဆာန်၊ တိရစ္ဆာန်

နှင့် မပြိုင်နှင့်'ဟု အော်ပြောကာ တားမြစ်ကြသည်။

ဗရမ်းကမူ တိရစ္ဆာန်ပင်ဖြစ်ပါစေ၊ ကျွန်တော်တိုက်မည်ဟုဆိုပြီး ကွင်းလယ်သို့ ထွက်လာသည်။ အိန္ဒိယသားတို့က သူတို့ သူရဲမှာ လက်နက်မပါသဖြင့် ဗရမ်းလည်း လက်နက်စွဲကိုင်ခြင်းမပြုရန် တောင်းဆိုသည်။ ဗရမ်းက လက်နက်များကို ပစ်ချလိုက်၏။ အနီးသို့ ချဉ်းကပ်လာသော ဝက်ဝံအား လက်ကို လှမ်းပေးလိုက်သည်။ ဝက်ဝံက ပါးစပ်ဟာ၍ ကိုက်မည်အလုပ် ဗရမ်းသည် လက်ယာလက်ဖြင့် အောက်မေးစေ့ကို ဆွဲငင်လွှဲပစ်လိုက်သည်။ ဝက်ဝံအလဲတွင် ရင်ဘတ်ကြားကို ခြေဖြင့် တအားကျောက်ကန်လိုက်ရာ ဝက်ဝံသေလေ၏။ ထိုအခါ အိန္ဒိယသားတို့လည်း ကတိအတိုင်း သင်္ဘောခုနစ်စင်းနှင့် ကုန်များကို မွန်တို့အား ပေးအပ်လိုက်ရတော့သည်။

'လက်ဖျံတစ်လုံး၊ မင်းညီထုံး၊ ရှုံးလေ လူဝံကျွန်း'

* * *

# အခန်း (၂၄)
## သမက်တော်ဗညားအိမ်အဆိပ်ခပ်ခံရပြီး

ဓမ္မဓရလူထွက်နှင့် ခယ်မတော်နဲ့တကာသင်တို့ ထိမ်းမြား၍ အိမ်ရှေ့ ရာခိုင်းတော်မူကြောင်း သမက်တော် ဗညားအိန်ကြားလျှင် များစွာ မကျေမချမ်း ဖြစ်သည်။ သို့ဖြင့် ပုသိမ်သုံးဆယ်နှစ်မြို့အတွင်းရှိ လူသူတို့ကို သစ္စာခံစေ၏။ ဂိုအင်အားဖြင့် ရှင်စောပု၏ ဟံသာဝတီကို တိုက်ဖျက်သိမ်းယူရန် ကြီးမားသော စီအရင်ကို ပြုလုပ်လေသည်။

ဗညားအိန်၏ အကြံအစည်ဆောင်ရွက်မှုလှုပ်ရှားမှုသတင်းသည် ဟံသာ တီသို့ ချက်ချင်းရောက်လာသည်။ ဘုရင်မရှင်စောပုလည်း သမက်တော် မ္မစေတီကို ခေါ်တော်မူ၏။ ပုသိမ်စားအကြံအစည်၊ အစီအရင်၊ လှုပ်ရှားမှုအလုံးစုံ ကို ပြောပြသည်။ မယ်တော်တို့ဘယ်လိုလုပ်ကြမလဲဟု မေးတော်မူသည်။

သမက်တော် အိမ်ရှေ့မင်းဓမ္မစေတီက 'ယခုအခါ ဟံသာဝတီမှာ င်အားနည်းလှပါတယ် မယ်တော်ဘုရား၊ ပြည့်စွယ်ပြည်အားဖြစ်တဲ့ သူရဲကောင်း းလည်း မရှိပါ။ ဆင်တော်များလည်း မရှိပါ။ သို့ပါ၍ မယ်တော် ယခင်က နဲ့တော်မူဖူးသည့် ဥပါယ်တံမျဉ်ကို သုံးမှ ဖြစ်ပါမယ်ဘုရား'

'ဘယ်လို ဥပါယ်တံမျဉ်သုံးရမည်ကို ဆင်ခြင်စဉ်းစားပြီး လျှောက်တင် သားတော်'

'မယ်တော်ဘုရားက သမက်တော်ဗညားအိန်ရဲ့ လှုပ်ရှားမှုများကို မသိ န်ဆောင်ပြီး သူတို့ကို ရေးကထက် ချစ်ခင်ယောင်၊ မြတ်နိုးသယောင်ပြုတော် ပါ။ ဒါမှလည်း ဗညားအိန်ရဲ့ စိတ်တွေ မယ်တော်အပေါ် ညွတ်ပြောင်းလာပါ မ့်မယ် ဘုရား'

ဓမ္မစေတီ၏ အကြံဉာဏ်ကို ရှင်စောပုလက်ခံလိုက်၏။ မကြာမီပင် မက်တော် ဗညားအိန်နှင့် သမီးတော် ဝိဟာရဒေဝီတို့ ကြိုက်တတ်သော စ်သီးများ၊ စားကောင်းသောက်ဖွယ်များနှင့် အန္တရာယ်ကင်းပရိတ်တော်ချည် တို့ကို အမှာစာနှင့်အတူ ပုသိမ်သို့ ပို့လိုက်လေသည်။

အမှာစာတွင် သမက်တော်နှင့် သမီးတော်တို့ ကျန်းမာစေလိုသည်။

ဖော်ပြထားသည်။

သမက်တော်ဗညားအိန်နှင့် သမီးတော် ဝိဟာရဒေဝီတို့လည်း မယ်တော်၏ အမှာစာကို ဖတ်ပြီးနောက် ယုံကြည်ကြသည်။ မယ်တော်ကိုလည်း ကိုးစားသည်။ ထို့ကြောင့် ဟံသာဝတီကို တိုက်ခိုက်ရန် စီစဉ်ထားသည့် အစီအရင်များကို ဆိုင်းငံ့ပြီး နေမြဲအတိုင်း နေကြလေသည်။

ဘုရင်မရှင်စောပုသည် နောက်ထပ်တစ်ဖန် အမှာစာပို့လိုက်ပြန်သည်။

'သမက်တော်နှင့် သမီးတော်တို့၊ မယ်တော်နှင့် ကွဲကွာနေကြတာ ကာလအတန်ရှည်ကြာပြီ။ မယ်တော်လွမ်းလှပြီ သမီးတော်။ သမီးတော်ကို လွမ်းဆွတ်အောက်မေ့လွန်းလို့ အခုဆိုရင် မယ်တော် ကောင်းကောင်းမကျန်းမာပါ။ နှလုံးစိတ်ဝမ်းအေးချမ်းမှုလည်း မရှိပါ။ သမီးတော်လေး အမြန်လာပြီး အတူတူ ပွဲတော်တည်ကြရအောင်။ ဒါမှ မယ်တော်စိတ်ချမ်းသာတော်မူမယ်'

သမီးတော် ဝိဟာရဒေဝီလည်း မယ်တော်၏ စာကို ဖတ်ရလျှင် အလွန်စိတ်မချမ်းမသာဖြစ်သွား၏။ သားသမီးများကို အလွန်ချစ်သော မယ်တော်၊ သားသမီးများကို အရိပ်တကြည့်ကြည့်နှင့် ပြုစုယုယခဲ့သော မယ်တော်၊ သည် မယ်တော်ကို ပစ်ပယ်ထားသကဲ့သို့၊ လျစ်လျူရှုထားသကဲ့သို့ ဖြစ်နေသည့်အတွက် များစွာ နောင်တရမိသည်။ ခြောက်သားတော် ဗညားအိန်ကို မယ်တော်ထံသို့ သွားကြရန် တိုင်ပင်သည်။

ဗညားအိန်က သူပြုမူကြံစည်ထားသော ကိစ္စများကို ဘုရင်မရှင်စောပု သိတော်မူပြီးလောက်ပြီဟု ရိပ်မိသည်။ စိုးရိမ်မိသည်။ ထို့ကြောင့် ဝိဟာရဒေဝီကို ယခုလိုပြောသည်။

'နှမတော်၊ မယ်တော်ခေါ်ပုံက ငါတို့ကို ဥပါယ်တံမျဉ်နဲ့ ခေါ်တာ ဖြစ်မယ်'

'မစိုးရိမ်ပါနဲ့ အမောင်ရယ်၊ မယ်တော်ရဲ့ မူလအမှာတော်ကို အသေအချာဖတ်တယ် မဟုတ်လား။ အကာကို ပစ်ပြီး အနှစ်ကို ယူမယ်တဲ့လေ။ ဟံသာဝတီကို အမောင်မလိုက်ရင် မယ်တော်အထင်လွဲမယ်၊ စိတ်ဆင်းရဲပေမယ်၊ လိုက်ခဲ့ပါနော် အမောင်'

ဝိဟာရဒေဝီက အထပ်ထပ်ပူဆာသည်။ တောင်းပန်တိုးလျှိုးသည်။ ဗညားအိန်ထပ်ပြီး စောဒကမတက်တော့ဘဲ ဆိတ်ဆိတ်နေလိုက်သည်။

ဗညားအိန်နှင့် ဝိဟာရဒေဝီတို့လည်း ဟံသာဝတီသို့ ပြန်ရန် စီစဉ်ကြ
ဘာ်ာသည်။ ရဲမက်ဖိုလ်ပါများကို စုရုံး၍ ကြည်းတပ်၊ ရေတပ်လုံခြုံအောင် စီစဉ်
စားသည်။ အားလုံးစီစဉ်ပြီးသည်နှင့် ကတ္တူ၊ လွန်းကြင်၊ ရဲလှေတို့ ဝန်းရံကာ
ျားသိမ်မှ ထွက်ခွာလာခဲ့ကြတော့သည်။

သမက်တော်နှင့် သမီးတော်တို့ ပြည်တော်ပြန်အဖွဲ့ကြီး ဟံသာဝတီဆိပ်
ည်။ာမ်းသို့ ရောက်ကြပြီ။ ဘုရင်မရှင်စောပု အကြိုအဆိုလွှတ်ထားသော မှူးမတ်များ
ဘာ၊ ကောင်းစွာ ကြိုဆိုကြသည်။ အားလုံးဆိပ်ကမ်းပေါ်ရောက်ပြီ။ သို့သော်
ကို့တွင်းသို့ ဝင်ခွင့်မရသေးပေ။ မှူးမတ်များက 'မယ်တော်ဘုရင်မကြီးထံမှ
ပါ။ဇသံပါကြောင်းပါ သမီးတော်'ဟု ဆိုကာ ရှင်စောပု၏ ရာဇသံကို သမီးတော်
ုတ္တူ ဆက်သသည်။ ဝိဟာရဒေဝီက ရာဇသံကို ဖတ်လိုက်သည်။

'သမီးတော်၊ မယ်တော်တွေ့ချင်မြင်ချင်လွန်းလို့ အလျင်အမြန်ဝင်ရောက်
လျှင် စားရမည်။ အခစားဝင်သည့်အခါမှာလည်း သမီးတော်တစ်ပါးတည်းဖြစ်ရမည်။
ဘာ်၊မက်တော်ကို ဆိပ်ကမ်းမှာပဲ ထားရစ်ခဲ့ပါ'

သည် သမီးတော် ဘာများတတ်နိုင်ပါဦးမည်နည်း။ ရာဇသံအတိုင်း လိုက်နာ
ဒက်နိုသာ ရှိတော့သည်။ ထို့ကြောင့် မြောက်သားတော် ဗညားအိန်ကို ယခုလို
ာ်သို့ကြားသည်။

'အမောင်၊ မယ်တော့်ရာဇသံအတိုင်း ဟံသာဝတီဆိပ်ကမ်းမှာပဲ နေရစ်
စာပု။ ဒါပေမဲ့ သတိဝီရိယတော့ ရှိပါ။ အမှတ်တမဲ့မနေပါနဲ့'

ဒေဝီ 'စိတ်ချပါ နှမရယ်၊ အမောင် သတိဝီရိယနဲ့ နေပါ့မယ်'

သည်လို ကတိပေးလိုက်သဖြင့် ဝိဟာရဒေဝီလည်း မှူးမတ်ကြီးများနှင့်
တာ့တူ လိုက်ပါသွားသည်။

သမီးတော်ရောက်လာလျှင် ဘုရင်မ ရှင်စောပုသည် သမီးတော်ကို
သောက်၍ ရှိုက်ကြီးတငင် ငိုတော်မူသည်။ သမီးတော်ကလည်း မယ်တော်ကို
လာ။ပွေ့ဖက်ပြီး ငိုသည်။ သမီးတော်၊ မယ်တော်တို့ကို ကြည့်ပြီး နန်းတွင်းသူ
ယ်ခြွေအရံများလည်း ဣန္ဒြေမဆည်နိုင်ဘဲ ငိုရှိုက်ကြတော့သည်။

ဘုရင်မလည်း အားရအောင် ငိုရှိုက်ပြီးနောက် ဣန္ဒြေတော်ကို ပြန်ဆည်
ည်၊ကာ ယခုလို မိန့်တော်မူသည်။

'သမက်တော်ဟာ သူစိမ်းပီပီ မယ်တော့်ကို ရက်ရက်စက်စက် ပြုရက်

တယ်၊ စော်ကားတယ်၊ မယ်တော့်ကျေးဇူးကိုပင် မထောက်ဘူး၊ သစ္စာမဲ့လှတယ်၊ သမီးတော်ကပါ လင့်အလိုလိုက်၊ လင့်အကြိုက်ဆောင်ပြီး မယ်တော်ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဝံ့တယ်။ မိုက်လှချေလား သမီးရယ်။ သမီးတော်တို့ညီအစ်မ တတ်သိနားလည်တဲ့ အရွယ်ကတည်းက ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားရင် ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ သမီးတော် သိရက်သားနဲ့။ မယ်တော်ဟာ အမိဆိုလည်း ဟုတ်တယ်၊ အဖဆိုလည်း ဟုတ်တယ်။ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ပါ။ မယ်တော်စိတ်ဆင်းရဲအောင် ပြုလုပ်ရင်၊ ငြိုငြင်အောင်ပြုလုပ်ရင် ဘုန်းကံသေးသိမ် အန္တရာယ်တွေ့လိမ့်မယ်။ မမိုက်ပါနဲ့ သမီးလေးရယ်'

ရှင်စောပုသည် သမီးတော် ဝိဟာရဒေဝီကို ကောင်းစွာ သွန်သင်ဆုံးမတော်မူသည်။ ဝိဟာရဒေဝီလည်း သူ့အပြစ်နှင့် သူမို့ ဘာမှ မလျှောက်ဝံ့၊ ဆိတ်ဆိတ်သာ နေလေတော့သည်။

မယ်တော်က ဆက်လက်ပြီး ပြောသည်။ 'သမက်တော်နှင့် သမီးတော်တို့ အမျိုးမျိုးပြုမိမှားကြပုံကို မယ်တော် ကြားသိပြီးဖြစ်တယ်။ အခုတော့ သမီးတော် မယ်တော့်အပါးမှာပဲ နေပါဦး'

'အမိန့်တော်မြတ်အတိုင်းပါ မယ်တော်ဖုရား'

ဝိဟာရဒေဝီသိလိုက်ပါပြီ။ မယ်တော်သည် ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်းလို ကျင့်သုံးတတ်သူ မဟုတ်ပါလား။ သက်ပြင်းကိုသာ အခါခါချမိတော့သည်။

ရှင်စောပုသည် ဝိဟာရဒေဝီကို အစောင့်အကြပ်များဖြင့် ထားလိုက်သည်။ သမက်တော် ဗညားအိန်ကိုလည်း နန်းတော်သို့ ခေါ်ယူခြင်းမပြုဘဲ ဆိပ်ကမ်းမှ မြို့တွင်းသို့ မလာနိုင်ရန် အစောင့်များ ကျပ်တည်းစွာ ချထားလိုက်သည်။ 'အကာကို ပစ်၍ အနှစ်ကိုသာ ယူမည်'ဟု ဘုရင်မကြီး မကြာခဏ မိန့်တော်မူသောစကားကို သမက်တော် ဗညားအိန် ယခုတော့ နားလည်သဘောပေါက်ပါပြီ။

သမီးတော် ဝိဟာရဒေဝီလည်း ယခုမှ နောင်တရနေသည်။ ဓမ္မရေလူထွက်ကို အိမ်ရှေ့အရာ ထားလိုက်သည်ဆိုကတည်းက မိမိအတွင်းစိတ်ထဲမှာ မခံချင်ဖြစ်မိသည်မှာ အမှန်ပင်။ မြောက်သားတော်ဗညားအိန်က ဟံသာဝတီကို တိုက်ယူမည်ဆိုစဉ်က၊ လက်နက်လူသူစုဆောင်းစဉ်က တားဆီးကန့်ကွက်ရန်

အလျဉ်းသတိမရပေ။ မြောက်သားတော်၏ လုပ်ရပ် မှန်ကန်သည်ဟုပင် တွေးမိသေးသည်။ ယခုမှ မှားမှန်းသိတော့ လွန်ကုန်ပြီ။ ပြင်၍ မရတော့ပေ။

ဗညားအိန်မှာ မယ်တော်က ထိမ်းမြားလက်ထပ်ပေးတော့မှ တွေ့ဖူးသူ ါ။ သို့သော် အကြင်လင်မယားအဖြစ် ရောက်တော့လည်း သံယောဇဉ်တွယ် ာသည်။ သံယောဇဉ်ဆိုတာကလည်း ပြင်ဖို့ခက်သလို နှင်ဖို့လည်း ခက်ပါ ည်။ ယခုလို တကွဲတပြားနေရသည့်အခါ အမောင် နေမှကောင်းရဲ့လား၊ စားအသောက်များ ချို့တဲ့နေမလားဆိုပြီး တွေးပူနေမိသည်။ ထို့ကြောင့် မယ် တော့်ထံမှာ အခွင့်အရေးတစ်ခု တောင်းဆိုလိုက်၏။

'မယ်တော်ဖုရား၊ ဗညားအိန်အတွက် အစာအာဟာရကို သမီးတော် ကိုယ်တိုင် ချက်ပြုတ်ပြီး ပို့ခွင့်ပြုတော်မူပါ'

မယ်တော်ဘုရင်မကြီး၏ ခွင့်ပြုချက်အရ ဝိဟာရဒေဝီသည် ကိုယ်တိုင် ချက်ပြုတ်သော အစားအစာများကို တစ်နေ့လျှင် သုံးကြိမ် ဗညားအိန်ထံ ပို့ပေး ည်။ ပေးပို့ရာတွင် တံဆိပ်လက်ရာအမှတ်အသားပြု၍ ယုံကြည်စိတ်ချရသော၊ သစ္စာရှိသော၊ မိမိ၏ ဘက်တော်သားများကိုသာ အလှည့်ကျပို့စေသည်။

ဗညားအိန်လည်း ဝိဟာရဒေဝီ၏ အမှာစကားအတိုင်း ပို့လာသော ာ့တော်ကို စစ်ဆေးသည်။ ဝိဟာရဒေဝီ၏ တံဆိပ်ဟုတ်၊ မဟုတ်၊ မှန်၊ မမှန် သေချာစွာ စစ်ဆေးပြီးမှ စားသောက်သည်။ အနေအထိုင်နှင့်ပတ်သက်၍လည်း အစစအရာရာ သတိဝီရိယနှင့်နေသည်။

သို့သော် အိမ်ရှေ့မင်း ဓမ္မစေတီသည် ဘုရင်မကြီးရှင်စောပု မိန့်ဆိုခဲ့ဖူး သော စကားကို အမှတ်ရသဖြင့် စဉ်းစားသည်။

'နဖားကြိုးထိုးသကဲ့သို့ ကိုယ်ငင်ရာကို ရောက်စေရမည်'

သည်စကားကို ကိုယ်လိုရာ ဆွဲတွေးသည်။ ကိုယ်လိုရာ အနက်ဖွင့် သည်။ မှန်သည်။ မှားသည်၊ မည်သူ့ကိုမျှ တိုင်ပင်ခြင်းမရှိ။ ဗညားအိန်ကို စဖျောက်ပစ်ရန် ကြံစည်တော့သည်။

ဗညားအိန်အတွက် အစာအာဟာရတို့ကို ပို့ပေးနေသော ဝိဟာရဒေဝီ၏ ကျွန်ယုံတို့ကို အရောတဝင်ဆက်ဆံသည်။ ရင်းနှီးအောင်ပြုသည်။ ရတနာလက် တ်လက်စားများ ပေးကမ်းသည်။ တဖြည်းဖြည်း ဝိဟာရဒေဝီ၏ ကျွန်ယုံများ သည် ဓမ္မစေတီနှင့် ရင်းနှီးကျွမ်းဝင်လာသည်။ ဤတွင် ဗညားအိန်၏ ပွဲတော်စာ

တွင် အဆိပ်ခတ်ပေးရန် စေခိုင်းတော့သည်။ ဓမ္မစေတီ၏ လာဘ်ထိုးစည်းရုံး သိမ်းသွင်းမှုသည် သခင်ရင်းဖြစ်သော ဝိဟာရဒေဝီကို သစ္စာဖောက်သည်အထိ အောင်မြင်သွားသည်။ ဝိဟာရဒေဝီ၏ တံဆိပ်လက်ရာနှင့် တစ်ထပ်တည်းတူ အောင် ပြုလုပ်ကြပြီး ပွဲတော်အတွင်း အဆိပ်ခတ်ပြီး ဗညားအိန်ထံ ပေးပို့ကြ တော့သည်။

ဓမ္မစေတီသည် သူသွားရာလမ်းတွင် အနှောင့်အယှက်ဖြစ်သည်ဟု ထင်သော ဆူးညှောင့်ခလုတ်များကို ရှင်းပစ်ရန် ဝန်မလေးပေ။ ပထမ-ဓမ္မဉာဏ လူထွက်၊ ဒုတိယ-ဗညားအိန်။

ဓမ္မစေတီသည် ဗညားအိန်ကွယ်လွန်ပြီးမှ ဘုရင်မ ရှင်စောပုအား တင်လျှောက်သည်။ မိမိအဆိပ်ခတ်၍ ကွယ်လွန်ကြောင်း ပွင့်လင်းစွာ လျှောက် တင်သည်။

ဘုရင်မ ရှင်စောပုလည်း ဆိတ်ဆိတ်နေသည်။ ခဏကြာမှ 'သည်ကိစ္စ ကို သမီးတော် ဝိဟာရဒေဝီ မသိစေနဲ့။ အိမ်ရှေ့မင်းကိုယ်တိုင် ဈာပနအခမ်း အနား ဆောင်ရွက်လိုက်ပါ' ဟု မိန့်တော်မူသည်။

အိမ်ရှေ့မင်းဓမ္မစေတီလည်း မိမိကို လွဲအပ်သင်္ဂြိုဟ်စေသဖြင့် မင်းတို့၏ ဈာပနအခမ်းအနားအစီအရင်အတိုင်း ကောင်းစွာ သင်္ဂြိုဟ်လိုက်၏။

(ဓမ္မစေတီပေမူတွင်ကား ဘုရင်မရှင်စောပုသည် သမက်တော်နှင့် သမီး တော်တို့အား ရာဇသံအတန်တန်ပေး၍ ခေါ်ယူသော်လည်း ပုသိမ်မှ မလာ မရောက်သဖြင့် ပြင်းစွာ အမျက်ထွက်ပြီး ဆောင်းဦးပေါက်တွင် ဆင်လုံးမြင်လုံး ဗိုလ်ပါရဲမက်စုံလင်စွာနှင့် ချီထွက်သည်။ ဒဂုန်တွင် စခန်းချပြီး သမက်တော် အိမ်ရှေ့မင်းဓမ္မစေတီအား စီးတော်ဖောင်နှင့် သရော်လှော်ကားအစုံပေးအပ်၍ ပုသိမ်သို့ ချီတက်တိုက်ခိုက်စေသည်။ ပုသိမ်စားဗညားအိန်ကလည်း ခုခံ၍ အပြိုင်အဆိုင် တိုက်ခိုက်ကြစဉ် အိမ်ရှေ့မင်း၏ တပ်တော်ပါ ဇောဇအဲအမတ်၏ ချွန်းချက်ဖြင့် ဆင်ပေါ်မှ လိမ့်ကျကံကုန်သည်ဟု ပါရှိသည်။ မှူကွဲ)

ဗညားအိန်ကံတော်ကုန်သည့်ကိစ္စကို ကြာရှည်စွာ ဖုံးကွယ်ထား၍ရသည့် ကိစ္စ မဟုတ်ပေ။ သို့ဖြင့် ဘုရင်မရှင်စောပုသည် သမီးတော် ဝိဟာရဒေဝီကို အသိပေးလိုက်သည်။

'သမီးတော်၊ဗညားအိန်မှာ လေရောဂါဖြင့် ကံတော်ကုန်ရှာပြီ။ လောကခံ

တရားအတိုင်း ဖြစ်ရတာမို့ သမီးတော် ရက်လရှည်ကြာ ပူဆွေးတမ်းတမနေဖို့
ရာ မယ်တော်ပြောလိုတယ်။ ဗညားအိန်ရဲ့ အလောင်းကိုလည်း ကောင်းစွာ
သဂြိုဟ်ပြီးစီးပြီ။ သမီးတော်ရဲ့ စိတ်ကိုသာ တရားနှင့် ဖြေပြီး အပူငြိမ်းလိုက်ပါ။
ယခုအချိန်အခါမှာ မယ်တော်မပြောရက်ပေမယ့် ပြောကို ပြောရပါမယ်။ မယ်တော့်
ကို ရက်စက်လှချေရဲ့လို့ မဆိုပါနှင့်။ အိမ်ရှေ့မိဖုရားကြီးအဖြစ်ကို ယူပါ'

သည်စကားကို ကြားသည့်အခါ ဝိဟာရဒေဝီသည် များစွာ ထိတ်လန့်
သွား၏။ ချစ်လင်ဗညားအိန် ကံတော်ကုန်သည်မှာ ဘာမှမကြာသေး။ ပူပူနွေးနွေး
ဝင်ရှိသေးသည်။ တစ်ကြောင်းမှာလည်း ဓမ္မရေလူထွက်ကို မယူပါရစေနှင့်ဟု
ရှုးမဆွကတည်းကပင် ငြင်းပယ်ခဲ့သည်မဟုတ်ပါလား။ ပြီးတော့ အိမ်ရှေ့မင်း
ဓမ္မစေတီနှင့် ညီမလေးနဲ့တကာသင်တို့ကလည်း ထိမ်းမြားလက်ထပ်ထားပြီးပြီပဲ။
ဆို…မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး။

သို့သော် မယ်တော်ဘုရင်မရှင်စောပုသည် နေ့ကောင်းရက်မြတ်တွင်
သမက်တော်ဓမ္မစေတီနှင့် သမီးတော် ဝိဟာရဒေဝီတို့ကို ထိမ်းမြား၍ အိမ်ရှေ့
မိဖုရားကြီး မြှောက်လိုက်လေတော့သည်။

သမီးတော်သည် မယ်တော်၏ အမိန့်ကို မလွန်ဆန်ဝံ့၍သာ ထပ်မံငြင်း
ဆိုခြင်းမပြုတော့ပေ။ သို့သော် ထိမ်းမြားပြီးသည့်နောက်တစ်နေ့တွင် ဒဂုန်သို့
နှင့်ပန်ကာ ထွက်ခဲ့သည်။ ဒဂုန်သို့ရောက်သောအခါ ဒဂုန်ဆံတော်ရှင်စေတီတွင်
သူ့ဆံပင်ကို ဖြတ်၍ လှူသည်။ ဝိဟာရဒေဝီ၏ ဆံပင်မှာ လေးတောင်ကျော်မျှ
ည်လျားသည်။ ထိုဆံပင်ကို လှူပြီးနောက် 'တပည့်တော်မသည် သံသရာ၌
ကျင်လည်သမျှ ကာလပတ်လုံး ဗညားအိန်နှင့်သာ တွေ့ဆုံပေါင်းဖက်ရပါလို၏
အရှင်ဘုရား'ဟု ဆုတောင်းလိုက်သည်။

ထိုသို့ ဆုတောင်းခဲ့သည့်သတင်းသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့်
အိမ်ရှေ့မင်း ဓမ္မစေတီကြားသိသွား၏။ တစ်နေ့တွင် အိမ်ရှေ့မင်းသည် မယ်တော်
ဘုရင်မ ရှင်စောပုထံ ဝင်ရောက်ခစားပြီး လျှောက်တင်သည်။

'မယ်တော်ဘုရား၊ ဝိဟာရဒေဝီဟာ ဒဂုန်ဆံတော်ရှင်ဘုရားမှာ သူ့ဆံပင်
ကို ဖြတ်လှူပြီး ဘဝသံသရာကျင်လည်သမျှ ကာလပတ်လုံး ဗညားအိန်နှင့်သာ
တွေ့ဆုံပေါင်းဖက်ရပါလို၏လို့ ဆုတောင်းကြောင်း သိရပါတယ်။ ဗညားအိန်ကို
သတ်မိခြင်းဟာ သားတော်အဖို့တော့ ဝိဟာရဒေဝီရဲ့ ရန်ငြိုးဖွဲ့တာကို ခံရဖို့

ပြုမိမှားသလို ဖြစ်နေပါပြီ မယ်တော်ဘုရား'

'သည်အတွက်ဖြင့် သားတော် နှလုံးမသာမယာမဖြစ်ပါနှင့်၊ ပူပန်သောက မရောက်ပါနှင့်၊ သမီးတော်ကို မယ်တော် ဖျောင်းဖျပေးပါ့မယ်'

ဘုရင်မရှင်စောပုသည် ဒဂုန်တွင်ရောက်နေသော သမီးတော် ဝိဟာရဒေဝီအား ဟံသာဝတီသို့ အမြန်ပြန်လာရန် ခေါ်တော်မူသည်။

ဝိဟာရဒေဝီလည်း မယ်တော်ထံမှ အခေါ်တော်ရောက်သဖြင့် မပြန်လိုသော်လည်း ပြန်လာခဲ့ရသည်။ သမီးတော်ရောက်လျှင် 'သမီးတော်လေးစိတ်ထဲမှာ မွန်းကျပ်နေတာ မယ်တော်သိပါတယ်။ မယ်တော် စိတ်မချလို့ ပြန်ခေါ်လိုက်တာပါ။ မွန်းကျပ်နေတဲ့ ဝေဒနာတွေ၊ စိတ်ဖိစီးမှုတွေ ပြေပျောက်သွားအောင် မယ်တော် မှတ်သားထားတာလေးတွေကို ပြောပြချင်တယ်။ အဲဒါတွေကတော့ ခွင့်လွှတ်ခြင်းဟာ ဒေါသအကုန်အကျကို သက်သာစေတယ်။ အမုန်းစရိတ်ကိုလည်း သက်သာစေတယ်။ အင်အားအလဟဿဖြစ်မှုမှလည်း သက်သာစေသတဲ့။ သည်တော့ ဓမ္မစေတီကို ခွင့်လွှတ်လိုက်ပါ သမီးတော်။ ခွင့်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် မုန်းတဲ့စိတ်တွေ ပြေလျော့သွားမယ်။ သမီးတော်ရဲ့ အင်အားတွေလည်း အလဟဿမဖြစ်တော့ဘူးပေါ့။ မယ်တော့်စကားနားထောင်ပါ။ မယ်တော့်ကို ယုံကြည်မယ်လို့လည်း မျှော်လင့်တယ် သမီးတော်'

ဘုရင်မရှင်စောပုသည် သမီးတော် ဝိဟာရဒေဝီကို ဖျောင်းဖျပြီးနောက် ဘုရားဆောင်သို့ကြွပြီး ဘုရားဝတ်ပြုတော်မူသည်။

ဝိဟာရဒေဝီလည်း အိမ်ရှေ့မင်း ဓမ္မစေတီ၏ စံအိမ်တော်မှာပင် နေမြဲနေလိုက်သည်။

* * *

# အခန်း (၂၅)
# ဓမ္မစေတီမင်းနန်းတက်ခဲ့ပြီ

နံနက်ညီလာခံကျင်းပချိန်နီးပြီး ခန်းမကြီးအတွင်း၌ မင်းညီမင်းသား ူးမတ်များ၊ စစ်သေနာပတိကြီးများ စုံညီစွာ ရောက်ရှိနေကြပြီ။ အပျိုတော်ကလေး ည် ဘုရင်မရှင်စောပုရှိရာ ဝင်လာပြီး စုံညီစွာ ရောက်ရှိကြပြီးဖြစ်ကြောင်း က်ယုက်ကာ သံတော်ဦးတင်သည်။

ရှင်စောပု ညီလာခံခန်းမအတွင်းသို့ ဝင်ရောက်လာပြီး သလွန်ထက်တွင် ိုင်တော်မူသည်။

ခန်းမကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ ယနေ့ညီလာခံတွင် ုရင်မကြီးရှင်စောပု အထူးအမိန့်တော်ထုတ်ပြန်မည်ဆိုသော သတင်းကြောင့် ိလိုဇောဖြင့် ငံ့လင့်နေကြသည်။

ဘုရင်မကြီးသည် ညီလာခံခန်းမအတွင်းရှိ မင်းပရိသတ်များကို မျက်လုံး စ်ချက်ဖြန့်ကြက်၍ ကြည့်လိုက်ပြီးနောက် တည်ငြိမ်လေးနက်စွာ မိန့်တော်မူ ည်။

"ကျွန်ုပ် ဒီနေ့ မိန့်ကြားမည့်စကားကို အလေးအနက်ထားပြီး နားဆင် ပါ။ ဟံသာဝတီမှာ လိတ်မွတ်ထော ကံတော်ကုန်ပြီးနောက် ကျွန်ုပ်ရှင်စောပု ာ ဗညားထောအမည်ကို ခံယူပြီး နန်းတက်ခဲ့တယ်။ ကျွန်ုပ်အား ပြည်သူပြည် းတို့ နှစ်လိုသည်က တစ်ကြောင်း၊ ကျွန်ုပ်လက်ထက်မှာ အထက်တွင်လည်း ်မာတို့အချင်းချင်း တိုက်ခိုက်နေကြတာ တစ်ကြောင်းတို့ကြောင့် ဟံသာဝတီဟာ ်မက်ဘေးမှ ကင်းဝေးနေပြီး အေးချမ်းသာယာရှိတယ်။ ယခုအချိန်မှာ ကျွန်ုပ် ည်း ဇရာထောင်းလာပြီ။ တိုင်းပြည်အုပ်ချုပ်ဖို့လည်း စိတ်မထက်သန်တော့ း။ ပြီးတော့ ကျွန်ုပ်ရဲ့ ပင်ကိုက တရားဓမ္မ၊ အလှူဒါနတို့၌သာ မွေ့လျော်ခဲ့ ဖြစ်တယ်။ ကျွန်ုပ်ရဲ့ ကျန်ရှိနေတဲ့အချိန်ကို တရားဓမ္မနဲ့ပဲ မွေ့လျော်လိုတယ်။ တော့ ဟံသာဝတီထီးနန်းကို သင့်တော်သူတစ်ဦးထံ လွှဲအပ်ရပါမယ်။ လွှဲအပ် ်မည့်သူကို ဆင်ခြင်ရွေးချယ်တဲ့အခါ အိမ်ရှေ့မင်း ဓမ္မစေတီဟာ ဉာဏ်ပညာ လိမ္မာနဲ့ ပြည့်စုံတယ်။ သူတစ်ပါးတို့ မပြုဝံ့တဲ့အမှုကို ရဲရဲရင့်ရင့်ပြုပြီး အကျွန်ုပ် အင်းဝမှ ဟံသာဝတီအရောက် ဆောင်ကြဉ်းနိုင်ခဲ့တယ်။ ဓမ္မစေတီရဲ့ ကျေးဇူး

ဟာ ကျွန်ုပ်အပေါ် ကြီးမားခဲ့တာတွေကို ထောက်ထားပြီး မဒ္ဒစေတီအား ထီးနန်းလွှဲအပ်တော်မူမယ်'

ဤတွင် တိတ်ဆိတ်ငြိမ်သက်နေသော ညီလာခံခန်းမတစ်ခုလုံး ကန့်ကွက်သံ၊ မကျေနပ်သံ၊ အံ့ဩသံများ ဗလုံးဗထွေးထွက်လာသည်။ နံနက်ညီလာခံတွင် အတွင်းဝန်များကသာ စကားပြောဆိုခွင့်ရှိသည်။ ဘုရင်မက အမေးတော်ရှိမှသာ သက်ဆိုင်ရာဝန်ကြီးများက ဖြေဆိုရသည်။ သည်ထုံးတမ်းစဉ်လာအရ ကျုန်မှူးမတ်၊ သေနာပတိများသည် ကန့်ကွက်စကား မဆိုဝံ့ကြ။ ငြင်းပယ်စကား မပြောဝံ့ကြပေ။ မှားသော်ရှိ၊ မှန်သော်ရှိ ဘုရင်မရှင်စောပု၏ အမိန့်တော်သည် အတည်ဖြစ်ရမည်။ နန်းတွင်းသံတော်ဆင့်သည် ဘုရင်မ၏ အမိန့်တော်ကို ပုရပိုက်တစ်ခုတွင် ရေးမှတ်လိုက်သည်။

ညီလာခံ ခေတ္တရပ်နားလိုက်သည်။ ဘုရင်မ ရှင်စောပုလည်း ညီလာခံ ပြန်စလျှင် ပြောရမည့်စကားများကို တွေးတောစဉ်းစားလိုက်၏။

ညီလာခံ ပြန်လည်စတင်ပြီ။ ရွှေနန်းတော်ဝန်၊ ပညာရှိအမတ်ကြီးများ၊ စစ်သေနာပတိကြီးများ၊ လွှတ်တော်ဝန်ကြီးများ၊ အားလုံး ဘုရင်မကြီး မည်သို့ မိန့်ကြားဦးမည်ကို စိတ်စောနေကြသည်။

မဒ္ဒစေတီရဲ့ ကျေးဇူးကြီးမားပုံကို စောစောက အမြွက်မျှပြောကြားပြီးပြီ။ ယခု အသေးစိတ်လေးလေးနက်နက် ပြောကြားလိုပါတယ်။ ကျွန်ုပ်ရှင်စောပု မိုးညှင်းမင်းတရားကြီးရဲ့ မိဖုရားအဖြစ် အင်းဝမှာ စံနေတော်မူရစဉ် ရှင်ဓမ္မရေ၊ ရှင်ဓမ္မဉာဏဘွဲ့အမည်ရှိတဲ့ သာမဏေနှစ်ပါးနဲ့ တွေ့ဆုံရတယ်။ တွေ့ဆုံကြပုံကလည်း အင်မတန်ထူးဆန်းတယ်။ သာမဏေနှစ်ပါးဟာ စစ်ကိုင်းတောင်ရိုး အရိယဓဇချောင်၊ အရိယဓဇဆရာတော်ထံ ပညာသင်ကြားနေစဉ် တစ်နေ့တော့ ဧရာဝတီဆိပ်ကမ်းမှာ သင်္ကန်းချွတ်ပုံ ရေချိုးနေကြတယ်။ ရုတ်တရက် လေမုန်တိုင်းကျပြီး ရှင်ဓမ္မရေရဲ့ ကိုယ်ရုံသင်္ကန်းသင်းပိုင်တို့ဟာ လေဟုန်နဲ့ ပါသွားပြီး အင်းဝကို ရောက်လာတယ်။ ကေသီသင်္ကန်းက မင်္ဂလာစေတီတော်တစ်ဖက်မှာ လွှမ်းတယ်၊ ကိုယ်ဝတ်သင်းပိုင်က အင်းဝဘုရင် မိုးညှင်းမင်းတရားကြီးရဲ့ နန်းတော်အထွဋ်မှာ ရစ်ပတ်နေတယ်။ ဒါကို တွေ့မြင်ကြတဲ့ အင်းဝသားတွေဟာ အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး မင်းတရားကြီးကို တိုင်ကြားကြတယ်။ မင်းကြီးက မှူးမတ်သေနာပတိတို့ကို မေးတော်မူပြီး သင်္ကန်းရှင်ကို ရှာဖွေစေတယ်။ အမှုတော်

ထမ်းတွေလည်း စစ်ကိုင်း၊ ပင်းယ၊ အင်းဝ စတဲ့ အရပ်တွေမှာ ရှာကြတယ်။ အဲဒီအချိန်မှာ ရှင်ဓမ္မဓရဟာ သူ့သက်န်း လေထဲပါသွားလို့ ရှင်ဓမ္မဉာဏရဲ့ သင်္ကန်းကို ခေတ္တရုံပြီး သင်္ကန်းရှာထွက်လာတယ်။ လမ်းခရီးမှာ အမှုတော်ထမ်းတွေနဲ့ တွေ့ပြီး အစစ်အဆေးခံ၊ နောက်ဆုံးတော့ မင်းတရားကြီးထံ ရောက်လာတယ်။

မိုးညှင်းမင်းတရားကြီးက သာမဏေရဲ့ နေရပ်ဇာတိကို မေးမြန်းရာက ျန်လူမျိုးဖြစ်ကြောင်း၊ ဟံသာဝတီက ဖြစ်ကြောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆရာတော်အရိယဓေဇထံမှာ ပညာသင်ကြားနေကြောင်း၊ သူနှင့်အတူ ရှင်ဓမ္မဉာဏလည်း ရှိသေးကြောင်း ပြောပြတယ်။ သည်တော့ မင်းတရားကြီးက ရှင်ဓမ္မဉာဏကိုလည်း နန်းတော်သို့ ပင့်စေပြီး သာမဏေနှစ်ပါးစလုံး သင်္ကန်းပရိက္ခရာအစုံ လှူဒါန်းတော်မူပါတယ်။

သည်သတင်းကို ကျွန်ုပ်ကြားရတော့ မွန်သာမဏေလေးနှစ်ပါးကို ုးချင်၊ တွေ့ချင်၊ ဟံသာဝတီသတင်းတွေ မေးချင်လာတယ်။ မင်းကြီးကို လျှောက်ထားတဲ့အခါ အိမ်တော်မင်္ဂလာသို့ ကြွရန် ပင့်ဖိတ်ခွင့်ရပါတယ်။အင်းဝမြို့တစ်ခွင် ဆွမ်းခံမကြွဘဲ ဆွမ်းလုပ်ကျွေးခွင့်လည်း ရခဲ့တယ်။ ပဥ္စင်းခံချိန်ကန်တော့ ပဥ္စင်းအမအဖြစ် ခံယူခွင့်ရခဲ့တယ်။ အဲဒီအချိန်ကစပြီး နေ့စဉ် တရားဓမ္မဟောကြားပေးခဲ့တယ်။ သည်လိုနဲ့ အင်းဝမှာ မပျော်ပိုက်ဘဲ ဟံသာဝတီသို့သာ ပြန်လိုကြောင်း လျှောက်ထားတဲ့အခါ တိတ်တဆိတ် လှေလုပ်ကြတယ်။ အစစအရာရာ စီစဉ်ပြီးတဲ့အခါ ရှင်ဓမ္မဓရနဲ့ ရှင်ဓမ္မဉာဏတို့ အကူအညီနဲ့ ဟံသာဝတီရိုးသို့ ပြန်ရောက်ခဲ့ရတာပါ။ ပြန်ရောက်ပြီးတဲ့နောက်ပိုင်း အခြေအနေအရပ်ရပ်**ကို**တော့ မှူးမတ်ကြီးများ သိပြီးဖြစ်လို့ ပြောပြဖို့ မလိုတော့ပါဘူး။ ဓမ္မဓရ**ဟာ**ဉာဏ်ပညာကြီးမြင့်တယ်။ အကျင့်သီလ ဖြူစင်တယ်။ ဓမ္မဓရလူထွက်တစ်ဖြ**စ်လဲ**ပြီး ဓမ္မစေတီရဲ့ ကျေးဇူးကြီးမားပုံကို သည်မျှနှင့် တော်လောက်ပါပြီ။ အရေး**ကြီး**မှာကလေးတော့ ပြလိုက်ချင်သေးတယ်'

'အထိန်းတော်ကြီး၊ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ မှူးကြီးမတ်ကြီးများ၊ ပညာရှိကြီးများ၊ စစ်သေနာပတိကြီးများ ဖူးမြော်ကြည်ညိုရအောင် ဗုဒ္ဓဆင်းတုတော်မြတ်ကို ပင့်ဆောင်ခဲ့ချေဦး'

အထိန်းတော်ကြီးသည် ရွှေသင်္ကန်းမှည့်ဝင်းနေသော ဆင်းတုတော်မြတ်

ကို တံကဲတော်နှင့်တကွ ပင့်ဆောင်လာသည်။ ဆင်းတုတော်မြတ်ကို ပရိသတ်ရှေ့ မြင့်သောနေရာ၌ စံပယ်တော်မူစေသည်။

ဆင်းတုတော်မြတ်မှာ ကြည်ညိုသပ္ပာယ်လှသဖြင့် မှူးမတ်ကြီးများအားလုံး လက်အုပ်ချီမိုး၍ ကန်တော့လိုက်ကြသည်။

ဘုရင်မကြီး ရှင်စောပုသည် မသိမသာပြုံးလိုက်၏။ မိမိလိုရာ အကွက်ထဲ ဝင်ပြီ။

'မင်းကြီးများ ယနေ့သေစွာ ရှိခိုးကန်တော့ကြသော ဆင်းတုတော်မြတ်ဟာ သင်မင်းကြီးတို့ ခြေဖြင့် နင်းကျော်သွားကြသည့် တံတားမှ သစ်သားတိုင်ကို ထုဆစ်ထားသည့် ရုပ်ပွားတော်ဖြစ်ပါတယ်။ ယုတ်ညံ့သော သစ်ဖြင့် ထုလုပ်ထားသည်ကို ပဓာနမထားဘဲ မင်းကြီးတို့ ရှိခိုးပူဇော်နိုင်ခဲ့ကြတယ်။ ထို့အတူပါပဲ၊ ဆင်းရဲသားပင် ဖြစ်သော်လည်း ဓမ္မစေတီဟာ ဘုန်းပညာလက္ခဏာနဲ့ ပြည့်စုံသူမို့ ဘုရင်အဖြစ် ချီးမြှင့်ခြင်းလည်း ဖြစ်တယ်။ အကယ်၍ သင်တို့ထဲက ဘုန်းပညာနဲ့ ပြည့်စုံပြီး မင်းသွေးစစ်စစ်ဖြစ်သူ ရှိလျှင် တင်ပြကြပါ'

ဘုရင်မကြီးရှင်စောပုသည် ဓမ္မစေတီနှင့်ပတ်သက်၍ အကျအအပေါက်မရှိ မိန့်တော်မူသည်။ အတွေးအခေါ်လေးနက်၍ အပြောညက်သော ဘုရင်မကြီးအား ကန့်ကွက်သူမရှိ။ မှူးမတ်သေနာပတိကြီးများအားလုံး နှုတ်ဆိတ်သွားကြတော့သည်။ ခေတ္တမျှအကြာတွင် ကျေကျေနပ်နပ်သဘောတူလက်ခံကြောင်း တစ်ပြိုင်တည်း လျှောက်တင်လိုက်ကြသည်။

'ဓမ္မစေတီသည် ပဲခူးဟံသာဝတီနန်းပလ္လင်နှင့် အသင့်မြတ်ဆုံး၊ အထိုက်တန်ဆုံးဖြစ်ကြောင်းပါ သခင်မကြီးဖုရား'

ကန့်ကွက်သူမရှိ၊ အားလုံးသဘောတူကြသည့်အတွက် ဓမ္မစေတီအား ထီးနန်းလွှဲအပ်လေသည်။

သမက်တော်ဓမ္မစေတီမင်း နန်းတက်သောအခါ စွမ်းရည်ထက်မြက်သော ဗရမ်းအား သမိန်ဗရမ်းဟူသော ဘွဲ့ကို ချီးမြှင့်သည်။ စစ်တောင်းမြို့ကိုလည်း စားစေသည်။ ထို့ပြင် မင်းဆွေမင်းမျိုးဖြစ်သော အမတ်ကြီးဗညားလော၏ သမီးလေးယောက်အနက် တတိယသမီး 'စောနှင်းညို'နှင့် လက်ထပ်ထိမ်းမြားပေးလေသည်။

ဗရမ်းသည် ဘုရင်မကြီး ရှင်စောပုလက်ထက်က ဝက်ဝံနှင့် တိုက်ခိုက်

ပြီး မွန်တို့အရည်အသွေးကို ပြခဲ့သည်။ ယခု ဓမ္မစေတီမင်း နန်းတက်သောအခါ မွန်တို့၏ သတ္တိသွေးကို ပြရန် အခွင့်အရေးတစ်ရပ် တောင်းဆိုပြန်သည်။

'မင်းကြီး၊ တရုတ်ပြည်နယ်စပ် ခန္တီးမြို့ မြေခြား၌ ကျောက်တိုင်သွား ရောက်စိုက်လိုပါတယ်။ ခွင့်ပြုတော်မူပါ'

'ငါ့ကျွန်အဟုတ်စွမ်းသလား၊ စွမ်းလျှင် ကြိုက်နှစ်သက်ရာ သူရဲကောင်း တစ်ထောင်နှင့် ဆင်မြင်းလက်နက်အစုံအလင် ယူပြီး သွားလေ'

'မှန်လှပါ။ ဆင်တော်ချစ်နှောင်ရင်းကို စီးခွင့်ပြုတော်မူပါဘုရား'

ဘုရင့်ထံမှ ခွင့်ပြုချက်ရလျှင် သမိန်ဗရမ်းသည် အရပ်ခုနစ်တောင်ရှိ သော ဆင်တော် ချစ်နှောင်ရင်းကို စီး၍ ခန္တီးမြို့သို့ ချီတက်လေသည်။ ကျောက် တိုင်စိုက်ပြီး ခန္တီးမှအပြန်တွင် အင်းဝဘုရင် မဟာသီဟသူရက ရမည်းသင်းမှ ဆီး၍ ဖမ်းစေသည်။ မြန်မာစစ်သည်တော်များနှင့် သမိန်ဗရမ်းတို့ အပြန်အလှန် တိုက်ခိုက်ကြသည်။ ရိက္ခာလည်း ပြတ်၊ ဆင်တော်ချစ်နှောင်ရင်းလည်း အားအင် ကုန်ခန်းနေပြီ။ မြန်မာတို့ ဖိတိုက်သဖြင့် မွန်စစ်သည်များ အရေးနိမ့်လျှင် သမိန် ဗရမ်းလည်း ဆင်တော်ချစ်နှောင်ရင်းကို ချွန်းဖွင့်၍ ခုခံသည်။ ဆင်တော်လည်း နုံ့ယိုပြီး ဂမော်အင်းသို့ ဆင်း၍ ရေစိမ်နေသဖြင့် မြန်မာစစ်သည်တို့ ဝိုင်းဖမ်းကြ သည်။

အင်းဝဘုရင်၏ အမိန့်တော်တွင် သမိန်ဗရမ်းကို မသေစေရ၊ အနုနည်း ဖြင့် ဖမ်း၍ ဆက်ရမည်ဟု ပါသည်။ မြန်မာစစ်သည်တို့လည်း မပစ်မခတ်ဘဲ လက်ရဖမ်းဆီးပြီး ဆောင်ခဲ့သည်။ မြို့တွင်းသို့မူ သံလျင်းဖြင့် ဝင်လေသည်။

သမိန်ဗရမ်းအဖမ်းခံရသော်လည်း ဆင်တော်ချစ်နှောင်ရင်းက အဖမ်းမခံ ပေ။ ဝိုင်းဖမ်းကြသော အင်းဝစစ်သည်တော်တို့ကို ဖွေ့ယမ်းသတ်ဖြတ်၍ ဖောက် ထွက်ပြီး ဟံသာဝတီအရောက်ပြန်လာကာ သူ့ဆင်တင်းကုပ်၌ ဝင်နေသည်။

တရုတ်တို့လည်း နယ်ခြားတွင် ကျောက်တိုင်စိုက်ကြောင်း ကြားသဖြင့် တော်ပစ်သည့်အပြင် မြန်မာတို့စိုက်သည်ဟု ထင်မှတ်မှား၍ အင်းဝဘုရင်ထံမှ ရက္ခာတောင်းလေသည်။ မရသဖြင့် စီးချင်းတိုက်ရန် စကားဆိုလာသည်။

အင်းဝဘုရင် ခေါင်းခဲရပြီ။ ဤတွင် မှူးမတ်များက ဟံသာဝတီမှ မွန်သူရဲကောင်း သုံ့ပန်း သမိန်ဗရမ်းရှိကြောင်း လျှောက်တင်ကြသည်။ မြန်မာ ဘက်မှ သူရဲကောင်း 'သမိန်ဗရမ်း' နှင့် တရုတ်တို့ဘက်မှ တရုတ်သူရဲကောင်း

'စလုံကျော်ခေါင်'တို့ စီးချင်းတိုက်ကြသည်။ သမိန်ဗရမ်းနိုင်၍ တရုတ်တို့ဘက်မှ ကျရှုံးသည်။

အင်းဝဘုရင်လည်း အလွန်ဝမ်းမြောက်အားရတော်မူသဖြင့် သမိန်ဗရမ်းအား ဤသို့မိန့်တော်မူသည်။

'အင်းဝတွင် နေလိုက မဏ္ဍစေတီမင်း ချီးမြှောက်သည်နှင့်အမျှ ငါချီးမြှောက်တော်မူမည်။ ဟံသာဝတီသို့ ပြန်လိုကလည်း ပို့ပေးမည်'

'မွန်တို့ဒေသ ဟံသာဝတီမှာ ကျွန်တော်မျိုးရဲ့ ဇနီးနှင့် သားသမီးများရှိပါ၍ နေရပ်သို့သာ ပြန်လိုကြောင်းပါဘုရား'

အင်းဝဘုရင်လည်း သမိန်ဗရမ်းအား ရတနာရွှေငွေ၊ အဝတ်အစား၊ ဆုလာဘ်များ ပေး၍ လှော်ကားလက်ပြည့်နှင့် ဟံသာဝတီအရောက် ကောင်းစွာ ပို့တော်မူသည်။ သမိန်ဗရမ်းပြန်ရောက်သဖြင့် ဇနီးစောနှင်းညိုနှင့် သားလေးမင်းရဲကျော်စောတို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။

သမိန်ဗရမ်းသည် လက်ရုံးရည်သာ ပြောင်မြောက်သည် မဟုတ်၊ နှလုံးရည်လည်း ကောင်းသည်။

တစ်ချိန်တွင် မဏ္ဍစေတီမင်းသည် သမိန်ဗရမ်းအား မင်းတမန်အဖြစ်ဖြင့် သီရိလင်္ကာ(သီဟိုဠ်)မင်းထံ စေလွှတ်လိုက်သည်။

သီရိလင်္ကာမင်းက သိင်္ဂုတ္တရကုန်း၌ ဘုရားလေးဆူ၏ ဝတ်တော်ဆံတော်များ တည်နေပုံကို မေးတော်မူသည်။

သမိန်ဗရမ်းက ရှေးဘုရားရှင်များဖြစ်သော ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုပ်သင်္ကန်းတော်၊ ဂေါတမဘုရားရှင်၏ ဆံတော်မြတ်တို့ကို စေတီတော်ဌာပနာဥမင်၌ ထည့်သွင်းပူဇော်ထားကြောင်း၊ ထို့ကြောင့် လေးဆူဓာတ်ပုံ ရွှေတိဂုံဟူ၍လည်းကောင်း၊ သိင်္ဂုတ္တရကုန်းပေါ်တွင် တည်ထားသည်ကို အစွဲပြု၍ သိင်္ဂုတ္တရစေတီဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြောင်း စေ့စေ့စုံစုံ ပြန်လည်ဖြေကြားခဲ့သည်။

သီရိလင်္ကာမင်းလည်း နောက်ထပ်မေးခွန်းတစ်ရပ် မေးပြန်သည်။

မွန်ဘုရင်မဏ္ဍစေတီ၏ အလုံးအရပ်၊ အရောင်အသွေး၊ အနေအထိုင်၊ အသွားအလာ၊ အကြည့်အရှု မည်သို့ရှိပါသနည်း။

သမိန်ဗရမ်းက 'သည်မှာ တူသူမရှိ၍ မပြနိုင်ပါ'ဟု ဖြေသည်။

သီရိလက်ာမင်းက 'ငါ့ဘိုးတော်နဲ့ တူသလား'ဟု မေးသည်။

'ဘိုးတော်က မြင့်လွန်းပါတယ်'

'ငါ့နောင်တော်လိုလား'

'နိမ့်လွန်းပါတယ်'

'ငါ့ဦးရီးတော်လောက်ရှိသလား'

'ဦးရီးတော်က ဝလွန်းပါတယ်'

'ငါ့ဘထွေးတော်လိုပဲလား'

'ဘထွေးတော်က ကြုံလွန်းပါတယ်'

'ငါ့အမတ်လေးပါးကဲ့သို့လား'

'တစ်ယောက်ကား ကြီးသည်။ တစ်ယောက်ကား ခွင်သည်။ တစ်ယောက်ကား ကုန်းသည်။ တစ်ယောက်ကား ငုံ့လျှိုးပါသည်'

'ဒီလိုဆို ငါနဲ့ တူသလား'

'ယခုထိုင်နေတော်မူ၍ မလျှောက်သာပါ။ ရပ်၍ပြတော်မူပါ'

ထိုအခါ သီရိလက်ာမင်းလည်း ရပ်၍ ပြသည်။

'အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ အဆင်းအသွင်တော်သည် လပြည့်န်းကဲ့သို့ ရှိပါသည်။ အဆွေတော်ဟံသာဝတီမင်း (ဓမ္မစေတီ)မှာ ဆန်းသစ်သောကဲ့သို့ ရှိပါသည်။ ထို့ပြင် အရှင်မင်းကြီးကား နေမင်းကဲ့သို့လည်းကောင်း၊ ဆွေတော်ဟံသာဝတီမင်းလည်း လမင်းကဲ့သို့လည်းကောင်း ရှိပါသည်'

သမိန်ဗရမ်းက ယခုလို လျှောက်တင်လေလျှင် သီရိလက်ာမင်းက အား လပြည့်ဝန်း၊ နေမင်းတို့နှင့် နှိုင်း၍ လျှောက်ထားသဖြင့် ဝမ်းမြောက်န်းသာဖြစ်ကာ ဆုလာဘ်များစွာ ပေးတော်မူသည်။

သို့ရာတွင် လပြည့်ဝန်းဟူသည် ပြည့်ဖြိုး၍ တင့်တယ်သော်လည်း သို့ တိုးတက်ရန် အကြောင်းမရှိ။ တဖြည်းဖြည်းဆုတ်လာရပေတော့မည်။

ဆန်းသစ်သောလဟူသည်မှာ တစ်နေ့တခြား ပြည့်ဖြိုးတင့်တယ်ဖို့သာ သည်ဟူသော အဓိပ္ပာယ်ဖြင့် ခိုင်းနှိုင်းထားရာ မိမိဘုရင် ဓမ္မစေတီအား ချီးမြင့်ပြာရာ ရောက်ပါသည်။

ပြီးတော့ နေမင်းသည် အခြံအရံမရှိ။ လမင်းသည် ကြယ်တာရာအခြံ

အရုံအပေါင်းဖြင့် တင့်တယ်ပါသည်။ မိမိဘုရင် ဓမ္မစေတီမှာ ပညာရှိမှူးမတ်အခြံ အရံပြည့်စုံတင့်တယ်သည်ဟူသော အဓိပ္ပာယ်ဖြင့် လျှောက်ခြင်းဖြစ်သည်။

သီရိလက်ာမင်းကလည်း သူ့ကို နေမင်းနှင့် အနှိုင်းခံရသောကြောင့် ကျေနပ်အားရတော်မူသည်။

ဤသို့ နှုတ်ရည်၌ လိမ္မာပါးနပ်သော မင်းတမန်သမိန်ဗရမ်းကြောင့် ဟံသာဝတီနှင့် သီရိလက်ာနှစ်နိုင်ငံသည် ချစ်ကြည်လေးစားမှု ပိုမိုခိုင်မြဲလာလေတော့သည်။

သီရိလက်ာမင်းနှင့် သံဃာ့ရာဇာခေါ် သာသနာပိုင်တို့သည် ဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကို များစွာ စိတ်ဝင်စားသည်။ သို့ဖြင့် ရွှေတိဂုံသမိုင်းကို ရေးသားပေးပါရန် ဓမ္မစေတီမင်းတရားကြီးအား တောင်းပန်စာလွှာ ပါးလိုက်သည်။ သီရိလက်ာမင်းလွှတ်လိုက်သော သဘော်ကြီးကို ခေါင်းဆောင်လာသူမှာ သမိန်ဗရမ်းပင်ဖြစ်သည်။

စွမ်းရည်သတ္တိနှင့် ပြည့်စုံသော သူရဲကောင်းကြီး သမိန်ဗရမ်းသည် မိမိစားရသည့် စစ်တောင်းမြို့သို့ အပြန်လမ်း၌ နာမည်ကြီးသူ သူခိုးကြီး မောင်မဲအား ဖမ်း၍ တံကျင်လျှိုကာ သတ်ထားလေသည်။ နောက်တစ်နေ့ တစ်ဖန် ဟံသာဝတီမှ စစ်တောင်းအပြန် သူခိုးကြီးအား သတ်ထားသောအနီးမှ ဖြတ်သွားရာ လူသေကောင်က 'ဟဲ့လူ၊ ပြန်ခဲ့ဦး' ဟု ခေါ်သည်။ သမိန်ဗရမ်းလည်း ဒေါသဖြစ်ဖြစ်နှင့် ခေါင်းကို ဓားနှင့် ဖြတ်ပြီး မြင်းနံဘေးတွင် ဆွဲချိတ်ကာ မြင်းကို စိုင်းခဲ့သည်။ လမ်းတွင် ထိုလူသေခေါင်းက သမိန်ဗရမ်း၏ တင်ပါးကို တစပ်စပ်ဟပ်လာသည်။ အိမ်ရောက်သည့်အခါ ခေါင်းကို ခွဲထုတ်သော်လည်း သွားများမကျွတ်ဘဲ အသားထဲ ဝင်နေသည်။ အနာပြင်းထန်သဖြင့် သမိန်ဗရမ်းလည်း အနိစ္စရောက်လေတော့သည်။

ဓမ္မစေတီမင်းသည် ထိုသတင်းကို ကြားလျှင် များစွာ စိတ်မကောင်းဖြစ်သည်။ အလွန်နှမြောလေသည်။ သမိန်ဗရမ်းကို ကြီးကျယ်ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် ကျန်ရစ်သူဇနီး စောနှင်းညိုအား 'ရေပွက်' ဆိုသော အရပ်နှင့် တကွ စားကျေးမြို့ရွာကိုလည်းကောင်း၊ သားမင်းရဲကျော်စောအား သမိန်ဗရမ်း စားရသော စစ်တောင်းမြို့နှင့် ဗရမ်းအရာကိုလည်းကောင်း ပေးတော်မူသည်။

မှူးကြီး၊ မတ်ကြီး၊ မင်းညီမင်းသား၊ သူဌေးသူကြွယ်တို့ကလည်း သမိန်ဗရမ်း၏ ဂုဏ်ကျေးဇူးကို သိမြင်ပြီး သမိန်ဗရမ်းအတွက် လှူဒါန်းရန် ပစ္စည်းဥစ္စာများ စုဆောင်းကြသည်။ ရရှိသော ပုဆိုးတစ်ထောင်နှင့် ရွှေလေးပိဿာကို ဓမ္မစေတီမင်းအား ဆက်ကြသည်။ ဓမ္မစေတီမင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ပုဆိုးများကို သံဃာတော်တို့အား လှူဒါန်းသည်။ ရွှေနှစ်ပိဿာကို မြို့အနောက်၌ ဇရပ်တစ်ဆောင်ဆောက်သည်။ ကျန်နှစ်ပိဿာကို ယခု ဘုရားကလေးဟုခေါ်သော ရွာ၌ သိမ်သမုတ်လေသည်။

* * *

# အခန်း (၂၆)
## ဘုရင်မကြီးရှင်စောပု ဒဂုန်သို့ပြောင်းရွှေ့စံနေခြင်း

ဘုရင်မကြီးရှင်စောပုသည် သမက်တော် ဓမ္မစေတီကို ထီးနန်းမလွှဲအပ်မီကတည်းကပင် ဒဂုန်သို့ ပြောင်းရွှေ့စံမြန်းရန် ကြိုတင်စီစဉ်ထားပြီးဖြစ်၏။ ဒဂုန်ဆံတော်ရှင်စေတီ၏ အနောက်တောင်ထောင့်အရပ်၌ မြို့နန်းသစ် တည်ထားတော်မူသည်။ ဒဂုန်သို့ ရဲမက်ဗိုလ်ပါအနည်းငယ်မျှလောက်နှင့် ထွက်တော်မူရန် စီစဉ်ထားသော်လည်း ဟံသာဝတီ ပြည်သူပြည်သားအချို့သည် ဝမ်းနည်းကြေကွဲ၍ ဘုရင်မကြီးနှင့်အတူ လိုက်ပါလိုကြောင်း ကြွေးကြော်ကုန်ကြ၏။ ဘုရင်မကြီးရှင်စောပုကလည်း ပြည်သူပြည်သားတို့ကို သနားတော်မူသဖြင့် အခွဲခက်နေသည်။ သံယောဇဉ်ဖြတ်ခဲ့ရမှာ စိတ်မကောင်းဖြစ်နေသည်။ သို့ဖြင့် မောင်းကြေးနင်းခတ်ကာ ယခုလို အမိန့်ထုတ်ဆင့်ရတော့သည်။

'တိုင်းသူပြည်သားအပေါင်းတို့၊ ဘုရင်မကြီးရှင်စောပုအား ချစ်မြတ်နိုး၍ ဘုရင်မကြီးနှင့်အတူ ဒဂုန်သို့ လိုက်ပါလိုသူများ လိုက်ခဲ့ကြပါ။ မလိုက်လိုသူများသည် ပဲခူးဟံသာဝတီ၌ပင် ချမ်းသာစွာ နေရစ်ကြပါ။ အမိန့်တော်'

သည်လိုမောင်းကြေးနင်းခတ်ပြီး အမိန့်တော်ထုတ်သောအခါ ဟံသာဝတီလူဦးရေ၏ လေးပုံသုံးပုံခန့်မျှသော သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားအပေါင်းတို့သည် ဘုရင်မကြီးနှင့်အတူ ဒဂုန်သို့ လိုက်ပါလိုကြောင်း သံတော်ဦး တင်ကြလေသည်။

ဘုရင်မကြီးလည်း လိုက်ပါလိုသူအားလုံးကို ခေါ်၍ ဒဂုန်မြို့သို့ ပြောင်းရွှေ့တော်မူသည်။ ဒဂုန်တွင် တည်ဆောက်ထားပြီးဖြစ်သော မြို့သစ်၊ နန်းသစ်တွင် လိုက်ပါလာသည့် ဟံသာဝတီပြည်သူပြည်သားများနှင့် ပျော်ရွှင်အေးချမ်းစွာ စံနေတော်မူသည်။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ မြေနီကုန်းရပ်ကွက်သည် ရှင်စောပုကုန်းဟူ၍ ထင်ရှားလေသည်။

ဤသို့ စံနေတော်မူစဉ် ဥရောပတိုက်သား ရုရှားလူမျိုး နိတိက (Nitikin) ဆိုသူသည် ခရစ်နှစ် ၁၄၇၀ ပြည့်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိရာ ဘုရင်မကြီး

င်စောပုထံ ဝင်ရောက်တွေ့ဆုံဖူးမြော်သည်။ ထိုစဉ်က ပဲခူးဟံသာဝတီသည် န်တို့၏ မြို့တော်ဖြစ်၍ အိန္ဒိယလူမျိုးများ၏ ဆိုင်များကို တွေ့ရကြောင်း၊ သော်ဘဆိပ်မှာလည်း စည်ကားလှကြောင်း၊ ဘုရင်မကြီးက ဒဂုန်၌ စံနေတော်မူ း သမက်တော်ဓမ္မစေတီမင်းက ပဲခူးဟံသာဝတီတွင် စောင့်ထိန်းအုပ်ချုပ်လျက် ကြောင်း မှတ်တမ်းတင်ထားသည်။

နိုင်ငံတကာတို့ကလည်း ဘုရင်မကြီးရှင်စောပု သက်ရွယ်ကြီးရင့်ခြင်း င့် ရတနာသုံးပါးကြည်ညိုပုံ၊ စေတနာသဒ္ဓါတရားထက်သန်ပုံတို့ကို ကြားသိရ ကြည်ညိုကြသဖြင့် သဝဏ်ရွှေလွှာ၊ ပဏ္ဏာလက်ဆောင်၊ ရတနာရွှေပန်း၊ ငွေပန်းတို့ကို ဆက်သကြလေသည်။

ဒဂုန်မြို့နန်းသစ်၌ စံမြန်းနေသော ဘုရင်မကြီးသည် ဒဂုန်ဆံတော်ရှင် စေတီတော်သို့ မပြတ်သွားရောက်ဖူးမြော်တော်မူသည်။ ကုသိုလ်ဒါနပြုရေး၌သာ တ်ဆန္ဒပြင်းပြလှသော ဘုရင်မကြီးသည် ယခုအချိန်တွင် သက်တော်ကြီးရင့် ည့် အရွယ်ဖြစ်၍ ပြုလုပ်လိုသော အလှူဒါန၊ သွားရောက်လိုသော နေရာဒေသ ားသို့ တစ်ဦးတည်း မသွားတော့ပေ။ သမက်တော်ဓမ္မစေတီက အမြဲလိုက်ပါ ဆောင်ရွက်ပေးရသည်။

ဒဂုန်ဆံတော်ရှင်နှင့်ပတ်သက်၍ ကြီးစွာသော ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်သည်။ စေတီတော်ပတ်လည်ရှိ ချောက်ကမ်းပါးနှင့် ချိုင့်ဝှမ်းများကို ဝံကျောက်တုံးကြီးများဖြင့် ဖို့စေသည်။ မြင့်သော ကုန်းမြေကို ညီညာစေရန် ူးညှိသည်။ အပြင်ဘက်တွင် ဂဝံကျောက်တုံးကြီးများ စီစေသည်။ စေတီတော် ကို ခံသော ပစ္စယံပေါ်တွင် ကျောက်ထီးများ ပြုလုပ်၍ ရွှေချသည်။ ပန်းတင်ခုံ စ္စယံကို ခါးဖွဲ့၍ ကျောက်ဖြင့် ပြီးသော ဆီမီးအိမ်တို့ဖြင့် ပတ်လည်စီစေသည်။

ဘုရင်မကြီးရှင်စောပုသည် ဒဂုန်ဆံတော်ရှင်မြတ်ကို အလွန်ကြည်ညို တ်မူသဖြင့် မိမိကိုယ်အလေးချိန်ဖြစ်သော ရွှေ (၂၅)ပိဿာကို မျက်ပါးခတ်ပြီး ျှင် စေတီတော်ကြီးအား ရွှေသင်္ကန်းလှူတော်မူသည်။ မြို့သူမြို့သားတို့ကလည်း ရွှေပိဿာချိန်(၅၀)မျှ လှူဒါန်းပူဇော်သည်။ ဘုရင်မကြီးသည် ကြေးပိဿာချိန်

(၁၇၀၀)ရှိ ခေါင်းလောင်းကြီးတစ်လုံးကိုလည်း သွန်းလုပ်လှူဒါန်းတော်မူသည်။

စေတီတော်ကြီးအတွက် နယ်မြေလေးရပ် သတ်မှတ်၍ လှူဒါန်းတော်မူသည်။ နယ်မြေလေးရပ်မှာ…

- စေတီတော်မှ အရှေ့လားသော် ကျိုက်ကနက်ဘုရားအထိ
- စေတီတော်မှ အနောက်လားသော် ကျိုက်မြောင်းဘုရားအထိ
- စေတီတော်မှ တောင်လားသော် ကျိုက်နတ်ဘုရားအထိ (ကျိုက်သုတ်ဟုလည်း ဆိုကြသည်။)
- စေတီတော်မှ မြောက်လားသော် ကျိုက်မိုးရပ်ဘုရားအထိ သတ်မှတ်၍ ဘုရားကြီး၏ ဝတ္တကံမြေအဖြစ် လှူဒါန်းတော်မူသည်။

ဘုရားရင်ပြင်တော်အပြည့် ကျောက်ပြားခင်းသည်။ ရင်ပြင်တော်အဆုံးပတ်လည်တွင် မဟာရံတံတိုင်းခုနစ်ထပ်ပြုလုပ်၍ တံတိုင်းများအကြားတွင် အုန်းပင်၊ ထန်းပင်၊ ပေပင်၊ သရက်ပင်၊ ပိန္နဲပင် စသည့် သီးစားပင်များကို စိုက်ပျိုးသည်။ ကံ့ကော်၊ စကားစသည့် မွှေးရနံ့သင်းသော ပန်းပင်များကိုလည်း စိုက်ပျိုးစေသည်။ တံတိုင်းအောက်ဆင့် စေတီပတ်ဝန်းကျင်တွင်လည်း ဇရပ်ကြီးများကို ဆောက်လုပ်စေသည်။

ဆံတော်ရှင်စေတီတော်ကြီးတွင်လည်း ထီးဖြူလေးစင်း၊ ရွှေသပိတ်လေးလုံး၊ ရွှေပန်းကန်လေးလုံး(ပန်းကန်တစ်လုံးလျှင် ဆန်တစ်တင်းချက် ဝင်သည်)၊ ရွှေဇွန်းလေးစင်း (ဇွန်းတစ်စင်းလျှင် ဆန်တစ်စလယ်ချက် ဝင်သည်။) ငွေပန်းကန်ရှစ်လုံး၊ ငွေဇွန်းရှစ်စင်း၊ ဆွမ်းသင်ပုတ်တော် (၄၄)ခွက်၊ ရေအိုးကြီးလေးလုံး၊ သွေးအင်လေးလုံး၊ ကုလားစည်လေးလုံး၊ စောင်းတန်းမုခ်လေးဖက်လေးဆောင်တို့ကို လှူဒါန်းတော်မူသည်။

စေတီတော်ကြီး၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရန် တံခါးစောင့်၊ တံမြက်လှည်း၊ ပန်းတင်သမား၊ ဆီမီးခွက်ထွန်းသမား စသည်တို့ကိုလည်း လှူဒါန်းသည်။ စေတီတော်ကြီးအား ပြုပြင်မွမ်းမံရန် ပန်းထိမ်ဖိုလေးဖို၊ ပတ်ဝိုင်းလေးဝိုင်းတို့ကိုပါ လှူဒါန်းတော်မူသည်။ ဤသို့ အပြည့်အစုံလှူဒါန်းထားပြီး

အနောက်ဘက်စောင်းတန်းမှ ရွှေတိဂုံကုန်းတော်ပေါ်သို့ တက်ရောက်၍ စေတီတော်မြတ်ကြီးအား မပြတ်ဖူးမြော်ကန်တော့လေ့ရှိသည်။

ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်အား လှူဒါန်းရုံမျှမက အနယ်နယ်အရပ်ရပ်သို့လည်း လှည့်လည်လှူဒါန်းတော်မူသည်။

မော်လမြိုင်မြို့ အရှေ့တောင်ဘက် အတ္တရံမြစ်ပေါ်တွင် တည်ရှိသော ကျိုက်မရောမြို့သို့ သွားရောက်ခဲ့ပြီး ဝတ်ကျောင်းကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထိုဝတ်ကျောင်းမှာ အထင်ရှားဆုံး မြို့၏ ကျက်သရေဆောင်ဖြစ်သည်။ ဝတ်ကျောင်းအတွင်းရှိ ရုပ်ပွားတော်မှာ ဆုတောင်းပြည့်ဘုရားဟု ဘွဲ့တော်ချီသည်။ ထိုရုပ်ပွားတော်၏ ပုံသဏ္ဌာန်မှာ အလွန်ထူးခြားသည်။ တင်ပျဉ်ခွေပုံတော်မဟုတ်ဘဲ ခြေတော်အစုံချလျက် ထိုင်နေတော်မူသည့်ပုံဖြစ်သည်။ ဝတ်ကျောင်းအဝင်ဝ လက်ဝဲဘက်၌ မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာရှိသည်။ မိမိ၏ အလှူဒါန၌ ပိုင်းဝန်းကူညီပံ့ပိုးသူများ ကြီးပွားချမ်းသာကြစေရန် လေးနက်စွာ မေတ္တာပို့ဆုတောင်းပြီး မိမိကုသိုလ်ကောင်းမှုများကို ဖျက်ဆီးသူများအား ကျိန်စာများ ရေးထိုးထားသည်။

ကျိုက်မရောအနီးတစ်ဝိုက်ရှိ ကျော့သိန်းကျောက်တောင်ဂူ၊ ဓမ္မသတ်ဂူ၊ ကဂုံဂူ၊ ကော့ဂွန်းဂူနှင့် ဖားကပ်ဂူ အစရှိသည့် ဂူဘုရားများသို့လည်း ဘုရင်မရှင်စောပုရောက်ရှိပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သည်။

ရှေးဟံသာဝတီပြည့်ရှင် မဟာတိဿမင်းကြီး၏ မိဖုရားသုဘဒ္ဒါဒေဝီ (ဘဒြဒေဝီ)တည်ထားခဲ့သော ဘုရားခုနစ်ဆူ ပျက်စီးယိုယွင်းနေသည်ကို ဒါန၊ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဘုရင်မကြီးရှင်စောပုသည် မင်းကျင့်တရားဆယ်ပါးကို စောင့်ထိန်းသော သမက်တော် ဓမ္မစေတီ (ရာဇာဓိပတိ)မင်းနှင့်အတူ တကွ ပျက်စီးယိုယွင်းနေသော ဘုရားခုနစ်ဆူကို ခိုင်ခံ့အောင် ပြန်လည်ပြုပြင်မွမ်းမံတော်မူသည်။ ဓာတ်တော်ဟောင်းသစ်များနှင့်တကွ ရတနာခုနစ်ပါးတို့ကို ဌာပနာသည်။ ပြုသောကုသိုလ်အဖို့ကို သတ္တဝါအပေါင်းအား အမျှပေးဝေ၍ ထိုကုသိုလ်ကောင်းမှုကြောင့် သံသရာမှ လွတ်မြောက်ပြီးလျှင် သဗ္ဗညုတဉာဏ်

အတွက် အထောက်အပံ့ဖြစ်ပါစေဟု ဆုတောင်းခဲ့သည်။

ပဲခူးခရိုင် ဘုရားကြီးရွာရှိ ဘုရားကြီးကိုလည်း ရှင်စောပုနှင့် သမက်တော်တို့ ပြုပြင်မွမ်းမံခဲ့သည်။

နောက်ထပ် ပြုပြင်မွမ်းမံရန် ကျန်ရှိနေသော ဘုရားများကို စဉ်းစားသည်။ သထုံခရိုင် ကေလာသတောင် (သို့မဟုတ်)ငွေတောင်ဟုခေါ်သော တောင်ပေါ်တွင် စေတီတစ်ဆူရှိသည်။ ထိုငွေတောင်ရှိ စေတီသည် သီရိမာသောကမင်းရရှိသည့် သွားတော်ဓာတ်အစစ် ကိန်းဝပ်ရာစေတီဖြစ်သည်။ ထိုစေတီတော်မြတ်ကို ဟံသာဝတီမင်းအဆက်ဆက်တို့ ပြုပြင်မွမ်းမံခဲ့ကြောင်း ရှင်စောပုသိတော်မူသည်။ ထို့ကြောင့် သမက်တော် ဓမ္မစေတီနှင့်အတူ သွားရောက်ပြီး ပြုပြင်မွမ်းမံသည်။ စေတီအနီးတွင် ရှစ်မြှောင့်ပုံသဏ္ဌာန် သိမ်တော်ကြီးတန်ဆောင်းကို ဆောက်လုပ်လှူဒါန်းသည်။ ကေလာသဘုရားစေတီအတွက် ဝတ္တကံလယ်ယာမြေတို့ကိုလည်း လှူဒါန်းတော်မူသည်။

ဘုရင်မကြီးသည် ကုသိုလ်ဒါနအမျိုးမျိုး ပြုလုပ်လျက် ဝတ်ဖြူစင်ကြယ် ဝတ်ကာ ဒဂုန်ဆံတော်ရှင်စေတီတော်သို့ ဝတ်မပျက် တက်ရောက်ဖူးမြော်သည်။ အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

နှပျိုလန်းဆန်းခြင်းမှ အိုမင်းရင့်ရော်ခြင်းသို့ တဖြည်းဖြည်းကူးပြောင်းလာပြီ။ ဇရာဒုဗ္ဗလနှိပ်စက်သဖြင့် မကျန်းမမာဖြစ်တော်မူသည်။

သမက်တော်ဓမ္မစေတီနှင့် ဝိဟာရဒေဝီ၊ ရာဇဒေဝီတို့သည် ဆွေတော်မျိုးတော်များ၊ သမားတော်များ၊ ဟူးရားများကို ခေါ်၍ ဒဂုန်သို့လာပြီး နေ့ညမကွာစောင့်ကြပ်ကုသကြသည်။ သို့သော် ဘုရင်မကြီး၏ ရောဂါဝေဒနာသည် သက်သာခြင်းမရှိပေ။

ဝိသုဒ္ဓိရာဇဗညားထောဘွဲ့ခံ ဘုရင်မကြီး ရှင်စောပုသည် ခုနစ်ဆယ့်ရှစ်နှစ်တာ ကာလပတ်လုံး ဒါနကုသိုလ်အမျိုးမျိုး ပြုခဲ့ပြီးပြီ။ လက်အောက်ငယ်သားမင်းမှုထမ်းများကိုလည်း ချီးမြှောက်သင့်သလောက် ချီးမြှောက်ခဲ့ပြီးပြီ။ အသက်တမျှချစ်ခဲ့ရသည့် သမီးတော်လေးနှစ်ယောက်အတွက်လည်း ဘာမျှ ပူပင်စရာမရှိ

တော့ပြီ။ သံယောဇဉ်ကြိုးတွေကို တတ်နိုင်သမျှ ဖြတ်လိုက်ပြီ။ ယခု မီးစာကုန် ဆီခန်းလုပြီကိုလည်း ကိုယ်တိုင်သိနေပြီ။ ပျက်စီးယိုယွင်းနေသော ဘုရားခုနစ်ဆူ ကို ပြုပြင်မွမ်းမံစဉ်က မိမိ၏ ကုသိုလ်ကောင်းမှုအဖို့ကို သတ္တဝါအပေါင်းအား အမျှပေးဝေခဲ့ပြီးပြီ။ ပြီးတော့ 'ဤကောင်းမှုကုသိုလ်ကြောင့် သံသရာမှ လွတ် မြောက်ပြီး သဗ္ဗညုတဉာဏ်အတွက် အထောက်အပံ့ဖြစ်ပါစေ' ဟု ဉာဏ်နှင့် ယှဉ်၍ ဆုတောင်းခဲ့သည်ကိုလည်း ပြန်လည်၍ အာရုံယူနေသည်။

ဝေဒနာဖိစီးနေသော ဘုရင်မကြီးရှင်စောပုသည် သလွန်ထက်တွင် လဲလျောင်းနေလျက်မှ ပြတင်းကို ကျော်ဖြတ်၍ လှမ်းမျှော်ကြည့်လိုက်သည်။ ရွှေသင်္ကန်းတို့ဖြင့် ဝင်းဝါရွှန်းအိနေသော တိဂုံဆံတော်ရှင်စေတီတော်မြတ်သည် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

နာမကျန်းဖြစ်၍ လှုပ်ရှားသွားလာခြင်းမပြုနိုင်သည့် အချိန်မှစ၍ ရှင်စောပုသည် ဒဂုန်ဆံတော်ရှင်စေတီတော်မြတ်အား မပြတ်ဖူးမြော်နိုင်သော ပြတင်းပေါက်နားသို့ ပြောင်းရွှေ့စံနေတော်မူသည်။ ဘုရင်မကြီးသည် သလွန် ထက်တွင် လဲလျောင်းရင်း လှမ်းမျှော်ကြည့်လိုက်သည်။ ဝင်းမှည့်ရွှန်းအိနေသော ရွှေသင်္ကန်းတော်မြတ်ကို လွှမ်းခြုံထားသည့် တိဂုံဆံတော်ရှင်မြတ်သည် သိင်္ဂုတ္တရ ကုန်းတော်ပေါ်တွင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ စေတီတော်မြတ်၏ စိန်ဖူး တော်သည် ပြာလဲ့ကြည်စင်နေသော ကောင်းကင်ထဲသို့ ထိုးဖောက်ဝင်တော့မည့် အလား ဖူးမြင်ရသည်။

ဘုရင်မကြီးသည် စိတ်အာရုံဖြင့် ဖူးမြော်ရသည်ကို အားရကျေနပ်ဟန် တူပါ။ လဲလျောင်းနေလျက်မှ လက်အစုံကို အားယူ၍ မ,ချီနေသည်။ အင်အား ချုံးယုတ်လျော့နေပြီမို့ မ,ချီ၍ မရနိုင်ဖြစ်နေသည်။

မယ်တော်၏ အရိပ်အခြည်ကို မပြတ်အကဲခတ်နေသော သမီးတော်ကြီး ဗိတကာထော်(ဝိဟာရဒေဝီ)သည် မယ်တော်၏ လက်အစုံကို ကြာမုံသဖွယ်ပြု နိုင်ရန် မ,ချီပေးလိုက်သည်။

ဘုရင်မကြီးသည် တိဂုံဆံတော်ရှင်အား လက်အုပ်ချီမိုးလျက် ရှိခိုးဖူး

မြော်နေသည်။ ခေတ္တခဏကလေးမျှသာ ကြာသည်။ ချီမိုးထားသော လက်အစုံ သည် ပြေလျော့ကျသွား၏။

'မယ်တော်မရှိတော့ဘူး အစ်မတော်၊ မယ်တော်မရှိတော့ဘူး' ဟု ပြော ရင်း ရာဇဒေဝီ(နဲတကာသင်)သည် အစ်မတော်ဝိဟာရဒေဝီ(နဲတကာထော်)ကို ဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

ဝိဟာရဒေဝီလည်း ညီမတော် ရာဇဒေဝီကို နှစ်သိမ့်ခြင်းငှာ မစွမ်းနိုင်ပါ။ ရင်ထဲမှာ ဆို့နင့်နေသဖြင့် ညီမတော်၏ ကျောပြင်ကို အသာအယာဖက်ကာသာ နှစ်သိမ့်နိုင်တော့သည်။

ရဟန္တာအရှင်သူမြတ်တို့သော်မှ မလွန်ဆန်သာသော အနိစ္စသဘောသို့ ဘုရင်မကြီးရှင်စောပု ရွှေလျောပြောင်းကြွ နတ်ရွာစံတော်မူလေပြီ။

ထိုနေ့ကား သက္ကရာဇ် (၈၃၃)ခုနှစ်၊ တပို့တွဲလဆုတ် (၁၃)ရက်၊ မွေးနေ့ဖြစ်သော ဗုဒ္ဓဟူးနေ့ပင်တည်း။

ဝိသုဒ္ဓိရာဇဗညားထောဘွဲ့ခံ ဘုရင်မကြီး ရှင်စောပု၏ ကြွင်းကျန်ရစ် သော ရုပ်ကလာပ်တော်ကို ဟံသာဝတီသို့ သယ်ဆောင်ခြင်းမပြုပါ။ သမက်တော် နှင့် သမီးတော်နှစ်ပါးတို့သည် ရှေးမင်းကောင်းမင်းမြတ်တို့ ထုံးတမ်းစဉ်လာ အတိုင်း သဂြိုဟ်တော်မူသည်။ အရိုးတော်များကို စံနန်းတော်မြောက်ဘက်၌ ဂူသွင်းထားသည်။

ဒဂုန်မြို့၊ ကြည့်မြင်တိုင်၊ မြေနီကုန်းရပ်ကွက်၌ ရှင်စောပုကုန်းဟူ၍ အထင်အရှားရှိနေလေတော့သည်။

* * *

## အခန်း (၂၇)
## ဓမ္မစေတီမင်း ဖြတ်ထုံးနှင့်ခေါင်းလောင်းကြီး

ဘုရင်မကြီးရှင်စောပုသည် သမက်တော် ဓမ္မစေတီအား ထီးနန်းအပ်၍ ဂုန်သို့ သွားရောက်နေထိုင်ရင်း အနိစ္စရောက်သည်။ ထိုအချိန်မှစ၍ ဓမ္မစေတီ ည် ဘုရင်မကြီးရှင်စောပု၏ အရိုက်အရာဖြစ်သော ဟံသာဝတီပြည့်အလုံးကို က်ခံအုပ်စိုးရလေသည်။ မင်းအဖြစ်သို့ရောက်သောအခါ ရာဇာဓိပတိဟူသော ဲ့ကို ခံယူသည်။

ဓမ္မစေတီမင်းသည် သာသနာပြုမင်းကောင်းတစ်ပါးဖြစ်၏။ အထူးထူး သာ ကျမ်းဂန်တို့ကို တတ်မြောက်သည်။ သာသနာတွင် သိမ်သည် အရေးကြီး ည်။ ဝတ်၊ ဥတ်၊ ကမ္မဝါ၊ သိမ်၊ ပရိသာ၊ ငါးဖြာသမ္ပတ္တိဟူသော လက်္ခအရ ည့်စုံခြင်းငါးမျိုးရှိမှ ရဟန်းဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်သည်။

ထို့ကြောင့် ဓမ္မစေတီမင်းသည် သဘော်ကြီးနှစ်စီးကို အမတ်ကြီးတစ်ဦး အုပ်ချုပ်စေလျက် ဟံသာဝတီသားဆရာတော်ကြီး အပါး (၂၀)ကို စားရေရိက္ခာ ပြည့်အစုံဖြင့် သီရိလင်္ကာ(သီဟိုဠ်)ကျွန်းသို့ စေလွှတ်ကာ သိက္ခာသစ်တင်စေ ည်။ ထိုဆရာတော်ကြီးများသည် ကလျာဏီမြစ်ထဲ၌ မဟာဝိဟာရဂါဏ ်၏ အဆက်အနွယ်ဖြစ်သော ရဟန်းသံဃာတော်များထံမှ ရဟန်းအဖြစ် ပ်မံခံယူကြသည်။ ဆရာတော်ကြီးများသည် ဟံသာဝတီသို့ ပြန်လည်ဆိုက် ရောက်လာကြသောအခါ ကလျာဏီသိမ်တော်ကြီးကို တည်ကြသည်။ ကလျာဏီ သိမ်တော်ကြီးသည် ပဲခူးမြို့အနောက်မျက်နှာ မဇင်းချောင်းရပ်ကွက် ရွှေသာ လျောင်းဘုရားသွားရာလမ်းတွင် တည်ရှိသည်။ ဓမ္မစေတီမင်းသည် ဟံသာဝတီ ိုင်ငံတော်အတွင်း ဝေးနီးအရပ်များရှိ ရဟန်းတို့အား ယင်းကလျာဏီသိမ်တော် ကြီးတွင် သိက္ခာသစ်တင်၍ ရဟန်းအဖြစ် ထပ်မံခံယူစေသည်။ သို့ဖြင့် 'သိမ် ပ်ခြင်းအစ ဓမ္မစေတီမင်းကြီးက' ဟု ဆိုရိုးရှိခဲ့သည်။

ဓမ္မစေတီမင်းသည် လောကီလောကုတ္တရာနှစ်ဖြာ ကျွမ်းကျင်တတ် မြောက်သည်ဟု ထင်ရှားသဖြင့် သီရိလင်္ကာကျွန်း သံဃာ့ရာဇာခေါ် အတုလ ာသနာပိုင်ဆရာတော်ကြီးနှင့် သီရိလင်္ကာဘုရင်တို့က မြန်မာနိုင်ငံရွှေတိဂုံစေတီ တ်မြတ်ကြီးသမိုင်းကို ပြုစုပေးပါရန် ဓမ္မစေတီအား တောင်းဆိုကြသည်။

တောင်းဆိုလွှာကို သီရိလင်္ကာအမတ်ကြီးတစ်ဦးအား လက်ဆောင်ပဏ္ဏာများ များစွာဖြင့် ကိုယ်စားလွှတ်လိုက်သည်။

ဓမ္မစေတီမင်းလည်း ရွှေတိဂုံသမိုင်းကို ပါဠိဘာသာဖြင့် ပြုစုပြီး 'တိကုမ္ဘဝိနိစ္ဆကျမ်း' ဟု အမည်တပ်သည်။ ဓမ္မစေတီမင်းသည် ဗရမ်းအမည်ရှိသော အမတ်ကြီးကို တမန်ခန့်ပြီး ထိုကျမ်းကို သီရိလင်္ကာဘုရင်ထံ လက်ဆောင်ပဏ္ဏာများနှင့်အတူ ပို့စေသည်။

သံဃာ့ရာဇာသာသနာပိုင်နှင့် သီရိလင်္ကာဘုရင်တို့သည် ထိုကျမ်းကို အဖန်ဖန်လေ့လာဖတ်ရှုပြီး ဓမ္မစေတီမင်းသည် ပိဋကတ်စာပေကို ကောင်းစွာကျွမ်းကျင်တတ်မြောက်ပါပေသည်။ အလွန်တော်သည့် သာသနာပြုမင်းတစ်ပါးဖြစ်၍ 'ဓမ္မစေတီ' ဟူသောဘွဲ့နှင့် ထိုက်တန်ပါပေသည်ဟု အတန်တန်ချီးကျူးထောပနာပြုကြလေသည်။

သီရိလင်္ကာဘုရင်သည် မြန်မာနိုင်ငံမှ သံတမန်ခေါင်းဆောင်အမတ်ကြီး ဗရမ်းအား သူသိလိုသမျှ မေးမြန်းပြီး အမွန်မြတ်ဆုံးသော လက်ဆောင်ပဏ္ဏာနှစ်မျိုးကို ဓမ္မစေတီမင်းအား ဆက်သရန် ပေးအပ်လိုက်သည်။ ထိုလက်ဆောင်များမှာ မြတ်ဗုဒ္ဓ၏ ဆံတော်အစစ် ဓာတ်စာနှစ်တစ်ဆူနှင့် မြတ်ဗုဒ္ဓ၏ စွယ်တော်ပွားနှစ်ဆူတို့ဖြစ်သည်။

မြန်မာနိုင်ငံဟံသာဝတီမှ အတုလပါလသာသနာပိုင် ဆရာတော်သည် သေချာစွာစေ့စပ်စွာ လေ့လာကြည့်ရှုပြီး မြတ်ဗုဒ္ဓ၏ ဆံတော်အစစ်နှင့် စွယ်တော်ပွားများဖြစ်ကြောင်း မိန့်ကြားကာ အကြိမ်ကြိမ် ရှိခိုးဖူးမြော်လေတော့သည်။

ဓမ္မစေတီမင်းလည်း များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူသည်။ ယင်းဆံတော်နှင့် စွယ်တော်များကို ဌာပနာကာ မော်ဓောယ်စေတီကို တည်ထားကိုးကွယ်တော်မူသည်။

ဟံသာဝတီပြည်ကို စိုးမိုးအုပ်ချုပ်သော မွန်ဘုရင်ဓမ္မစေတီမင်းသည် ဝါရီရူမင်းဆက်တွင် ဘုန်းတန်ခိုးအကြီးဆုံးသော ဘုရင်တစ်ပါးလည်း ဖြစ်သည်။ ဤမင်းလက်ထက်၌ တိုင်းနိုင်ငံ ငြိမ်းချမ်းသာယာသည်။ စည်ပင်ဝပြောသည်။ ဝါရီရူဓမ္မသတ်ကို ရှင်ဗုဒ္ဓဃောသမထေရ်မြတ်က မြန်မာဘာသာသို့ ပြန်ဆိုသည်။ ဓမ္မစေတီမင်းလက်ထက် ယူနန်ပြည်နှင့် မီးမသေရေမနောက် ချစ်ကြည်စွာ ဆက်ဆံသည်။ မင်းတရားကြီး၏ တရားစီရင်ထုံးများကို 'ဓမ္မစေတီမင်းဖြတ်ထုံး'

ခေါ်တွင်သည်။

ဓမ္မစေတီမင်းကြီးသည် ကျောက်အကြီးသုံးဆူကိုလည်း ရေးထိုးခဲ့သည်။ ကျောက်စာကြီးကို မွန်ဘာသာ၊ ပါဠိဘာသာ၊ မြန်မာဘာသာဟူ၍ ဘာသာသုံးမျိုးဖြင့် ရေးထိုးထားသည်။

ကျောက်စာ (က)မျက်နှာတွင် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဆုတောင်း၍ အစဉ်အတိုင်းပါရမီဖြည့်ပြီးလျှင် ဗောဓိပင်အောက်၌ ဒေဝပုတ္တ ဘ်စစ်သည်တော်များကို အောင်မြင်ပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဂေါတမမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသည့်အကြောင်း ဗုဒ္ဓဝင်ကို ဖော်ပြထားသည်။

ထို့နောက် အသိတဉ္စနတိုင်း(ရန်ကုန်)မှ တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ကုန်များကို သင်္ဘောဖြင့်တင်ကာ သမုဒ္ဒရာကို ဖြတ်ပြီး လှည်းပေါင်းငါးရာဖြင့် ကုန်ကူးသွားနေစဉ် နတ်များ ညွှန်ပြချက်အရ မုန့်ကြွပ်ကျစ်တို့နှင့် ပျားဆုပ်မုန့်ထောပတ်တို့ကို မြတ်စွာဘုရားအား ရှေးဦးစွာ လှူဒါန်းပြီး 'တပည့်တော်တို့၏ စီးပွားချမ်းသာရေးအကျိုးငှာ အရှင်ဘုရားသည် တပည့်တော်တို့၏အလှူတော်ကို ခံယူတော်မူပါလော့'ဟု လျှောက်ထားပုံ၊ နတ်များက သပိတ်လေးလုံးကို တစ်လုံးတည်းဖြစ်စေပြီး ထိုသပိတ်၌ ကုန်သည်ညီနောင်တို့ အလှူကိုခံယူပုံ၊ တရားဟောပြသ ဆုံးမတော်မူပုံတို့ကို ရေးသားထားလေသည်။

မွန်ကျောက်စာ(ခ)မျက်နှာတွင် တဖုဿနှင့် ဘလ္လိကညီနောင်တို့ မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူရရှိခဲ့ပုံ၊ အပြန်ခရီးတွင် နဂါးမင်းက ဆံတော်များကို ခိုးယူပုံ၊ တဖုဿသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြား၍ သောတာပတ္တိဖိုလ်၌ တည်သည့်အကြောင်း၊ ဘလ္လိကမူကား ရဟန်းပြု၍ ဘလ္လိကမထေရ်ဖြစ်ပုံ၊ ယင်းတို့သည် အသိတဉ္စန (ဒဂုန်မြို့)သို့ ဆံတော်တို့ကို ယူဆောင်ခဲ့၍ တမ္ဗဂုတ္တတောင်ထိပ်၌ ဆံတော်ဓာတ်စေတီတွင် ဌာပနာပုံ၊ နှစ်ပေါင်းကြာညောင်းလာသောအခါ စေတီတော်ကို ချုံနွယ်သစ်ပင်များ ဖုံးအုပ်ခဲ့သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည်မှ နှစ်ရာသုံးဆယ့်ခြောက်နှစ် လွန်သောအခါ အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ် မထေရ်မြတ်နှစ်ပါးတို့သည် သာသနာပြုရန် သုဝဏ္ဏဘူမိသို့ ကြွလာသည့်အကြောင်း၊ အရှင်မြတ်နှစ်ပါးသည် မွန်ဘုရင်သီရိမာသောကထံ ရောက်ရှိပုံ၊ သာသနာပြုပုံတို့ကို ဖော်ပြသည်။

ထိုအခါ အရှင်မဟာထေရ်နှစ်ပါးတို့သည် **တမ္ဗဂုတ္တ**တောင်ထိပ်၌ တဖုဿ၊ ဘလ္လိကတို့ ဌာပနာထားသော မြတ်စွာဘုရား၏ **ဆံတော်ဓာတ်**စေတီကို တောချုံ ပိတ်ဖုံး၍ လူများ မသိကြသော နေရာကို **သီရိမာသောက**မင်းအား ပြတော်မူပုံ၊ မင်းကြီးက တောရှင်း၍ စေတီတော်ကိုလည်းကောင်း၊ ပြာသာဒ်ကိုလည်းကောင်း ပြုလုပ်ဆောက်တည်ပုံ၊ ထိုမှစ၍ မွန်တိုင်းဒေသ၌ သာသနာထွန်းကားပုံ၊ ယင်း စေတီငယ်ကို ငုံ၍ မွန်တိုင်းသခင်ဘုရင်တို့သည် ကြီးစွာသော ရွှေတိဂုံစေတီ တော်ကို တည်ခဲ့ပုံ၊ ဓမ္မစေတြလော့ကျနာထရာဇမိရာဇ်ဘုရင်လက်ထက်၌ ဘုရား ၏ အမြင့်မှာ အတောင်လေးဆယ်ရှိသည်ဟု ရေးထိုးထားသည်။ ၎င်းနောက် သုရှင်သုတသောမရာဇဓိရာဇ်မင်းလက်ထက်တော်တွင် စေတီတော်ကို ချဲ့၍ ထီးတော်တင်ပြန်သည်။ စေတီတော်ကို အတွင်းမှ ကြေးပြားခံ၍ အပြင်ဘက်၌ ရွှေချတော်မူသည်မှာ အထွတ်တိုင်ပြည့်စေသည်ဟု ရေးထားသည်။ ထို့နောက် ရာမရာဇာဓိရာဇ်မင်းပြုသော ကာလသက္ကရာဇ် ၇၉၈ ခုနှစ်တွင် ဤဆံတော် ဓာတ်စေတီတော်သည် ခေါင်းလောင်းအထက်မှ ပြိုကျ၍ နာရာဇဒေဝီမိဖုရားနှင့် တကွ မင်းကြီးသည် သားတော်ကို စေခိုင်း၍ တည်လုပ်စေပြန်သည်။ ထို့နောက် ဇယဒ္ဒိသရာမိရာဇ်ဘွဲ့ခံ ဗညားပရူးသည် ရာယ် (Rai) အမည်ရှိသော မိဖုရားနှင့် အတူ များစွာသော အသပြာများကို စွန့်၍ ဆံတော်ဓာတ်စေတီတော်ကြီးကို ပြုပြင်ပြန်သည်။

၎င်းနောက် ဓမ္မစေတြလောကျနာထရာဇာဓိရာဇ်မည်သော ဗညားကင်း ဒဲဘုရင်သည် စေတီတော်ကြီးကို ချဲ့ထွင်၍ ထီးတော်တင်သည်။

စီတြိဘုဝနာဒိတျပြဝရဓမ္မစေတြလောကျနာထမဟာဓမ္မရာဇာဒေဝီဘွဲ့ခံ မွန်ဘုရင်မ ရှင်စောပုသည် သမက်တော်ရာဇာဓိပတိဂြိပရမ မဟာဓမ္မရာဇာဓိရာဇ် (ဓမ္မစေတီ)နှင့်တကွ သားတော်မင်းပြုသော ကာလ၌ များစွာသော ဝတ္ထုကို စွန့်၍ စစ်သည်ဗိုလ်ပါအင်အားအပေါင်းနှင့်တကွ သူ့ရှင်နှစ်ပါးမိသားစုတို့သည် ဆံတော်ဓာတ်ခြေတော်ရင်းသို့ ကြွရောက်စံနေတော်မူကြပြီးလျှင် စေတီတော်၌ ချိုင့်ဝှမ်းများကို ဖို့စေသည်။ နက်လှသော ချောက်ကမ်းပါးချိုင့်ဝှမ်းတို့ကို ပြည့် အောင် ဖို့စေသည်။ အပြင်ဘက်တွင် အုတ်ဖြင့်စီ၍ ဂဝံကျောက်တုံးကျောက်ခဲ များ ခံပြီး အုတ်များ စီတက်စေသည်။ ထီးနှင့် စေတီ၏ ပန်းတင်ခုံပစ္စယံ အကြားတွင် ကျောက်ပြားအပြည့်ခင်းသည်။ ပန်းတင်ခုံပစ္စယံကိုကား ကျောက်

ဖြင့် ပြီးသော ဆီမီးအိမ်များ စီထားသည်။ စေတီတော်ရင်ပြင်ကို ကျောက်ပြား အပြည့် ခင်းသည်။ တံတိုင်းများခတ်၍ ကြာပန်းဖြင့် ခြယ်ထားသည်။ ဇရပ်များ ဆောက်လုပ်သည်။ တံတိုင်းအပြင်ဘက်မြေကိုလည်း ညီညာစွာ ခင်းဖို့စေသည် ဟု ကျောက်စာရေးထိုးထားသည်။

မိဖုရားကြီး၏ ကိုယ်အလေးချိန်လေးဆမျှသော ရွှေတို့ကို စက်၍ စေတီတော်ရွှေသင်္ကန်းအတွက် လှူဒါန်းသည်။

ဓမ္မစေတီမင်းသည် ဗုဒ္ဓဂါယာသို့ အဖွဲ့တစ်ဖွဲ့စေလွှတ်၍ ဗောဓိပင်နှင့် သာသနိကအဆောက်အအုံများအတွက် လှူဒါန်းဖွယ်ရာတို့ကို ပို့ဆောင်လှူဒါန်း သည်။ သီရိလင်္ကာရှိ ဗုဒ္ဓဘာသာအဆောက်အအုံများအတွက် အလှူဒါနနှင့်တကွ သီရိလင်္ကာမင်းသို့ လက်ဆောင်များကို ပို့စေသည်။

ဓမ္မစေတီမင်းသည် ဘုရင်မကြီး လှူဒါန်းခဲ့သော ဝတ္တကမြေနယ်နိမိတ် ကို ကျယ်လွန်းလှသည့်အတွက် ပြန်၍ ချုံ့ခဲ့သည်။ ထိုသို့ပြုလုပ်ရသည့်အတွက် ဘုရားကြီးအား ရွှေ(အခြား)လှူဒါန်းသည်။ သန်လျင်ရာဇဝင်တွင် ဤအကြောင်း ဖော်ပြထားရာ ဝတ္တကမြေမှာ အရှေ့မြောက်ဘက်တွင် သစ်သင်္ကန်းတောင်အထိ အရှေ့ဘက်တွင် ငမိုးရိပ်ချောင်းအထိ အရှေ့တောင်ဘက်တွင် ငမိုးရိပ်ချောင်းဝ နှင့် ပန်းအလှဲချောင်းအထိ တောင်ဘက်တွင် စေတီတော်၏ မြေသည် ထုံးဘို ဆိပ်ကမ်းဖြစ်၍ ဒလနယ်မြေနှင့် ကျောခိုင်း၍ နေကြောင်း၊ အနောက်တောင် ဘက်တွင် ကံကြီးကင်းအထိ အနောက်ဘက်တွင် ကြည့်မြင်တိုင်ကင်းစခန်းနှင့် အင်းဝပေါက်ချောင်းအထိ အနောက်မြောက်ဘက်တွင် မော်ဘီချောင်းဝအထိ မြောက်ဘက်တွင် ငသံ့ထင်ရွာမှ ရုံကလောက်ချောင်းအထိ ဖြစ်သည်။ ဓမ္မစေတီ မင်းကြီးသည် ထိုသို့ ဝတ္တကမြေကို ချုံ့လိုက်ရသဖြင့် မိမိကိုယ်နှင့်တကွ မိဖုရား ကြီးကိုယ်တို့ကို ချိန်တွယ်၍ နှစ်ယောက်ပေါင်းအလေးချိန်နှင့် ညီမျှသော ရွှေကို ရွှေပုစွန်ခံခတ်၍ လှူဒါန်းခဲ့သည်။

အလေးချိန်ပိဿာ (၁၀၀,၀၀၀)မျှရှိသော ကြေးခေါင်းလောင်းကြီးကို သွန်းလုပ်၍ စေတီတော်ကြီးသို့ လှူဒါန်းတော်မူသည်။ ခေါင်းလောင်းကြီးသည် အဝရှစ်တောင်၊ ဓာက် (၁၂)တောင် ရှိသည်။ ခေါင်းလောင်းတော်ကြီးကို ရွှေတိဂုံစေတီတော်ကြီး၏ ခြေတော်ရင်းတွင်ပင် သွန်းလုပ်ခဲ့သည်။

သန်လျင်မြို့စားဇင်ကာသည် ဒဂုန်မှ သန်လျင်သို့ သယ်ယူသွားရာ

ဒေါပုံမြစ်တွင် လှေကွဲ၍ နစ်မြုပ်သွားခဲ့သည်။

ထို့ပြင် ဓမ္မစေတီမင်းသည် အလေးချိန် ပိဿာ (၅၀၀)မျှ စီးသော ခေါင်းလောင်းငယ်တစ်လုံးကိုလည်း သွန်းလုပ်စေ၍ ဘုရားကြီးအား လှူဒါန်းသည်။ ထိုခေါင်းလောင်းကို စေတီတော်အထက်ပစ္စယံတွင် ထားရှိသည်။ မင်းတရားကြီး၏ ကောင်းမှုတွင် ဒဂုန်မြို့သူမြို့သားများက ရွှေငါးပိဿာနှင့် ကြေးချိန်ပိဿာ ငါးထောင် အလှူပါဝင်ခဲ့ကြသည်။

ဓမ္မစေတီမင်းသည် ဒဂုန်မြို့နေ ဘုရင်ခံအား ဝါကျွတ်သည့်အချိန်သို့ ရောက်တိုင်း ပဒေသာပင် နှစ်ဆယ့်ငါးပင် နှစ်စဉ်ပူဇော်ရန် အမိန့်ချမှတ်သည်။ ထိုအစဉ်အလာကို နောက်မင်းများကလည်း ဆက်လက်ကျင့်သုံးခဲ့ကြသည်။

အထူးထူးသော ကျမ်းဂန်တို့ကို တတ်မြောက်သော ဓမ္မစေတီမင်းသည် ဝတ်ဖြူလဲ၍ သံဃာတော်အရှင်မြတ်တို့အား စာပေသင်ကြားပို့ချခဲ့သည်။

ဓမ္မစေတီမင်းသည် ဘုရင်မကြီးရှင်စောပု ထီးနန်းလွှဲအပ်သည်မှ ဘုရင်မကြီးကံတော်ကုန်သည်အထိ (၁၃)နှစ်တာကာလပတ်လုံး ဘုရင်မကြီးဆောင်ရွက်လိုသော ကုသိုလ်ကောင်းမှုအစုစုကို အရပ်ဒေသနီးဝေးမရွေး လိုက်ပါဆောင်ရွက်ပေးခဲ့သည်။ ဘုရင်မကြီးကံတော်ကုန်ပြီးနောက် ပဲခူးဟံသာဝတီထီးနန်းကို စိုးမိုးအုပ်ချုပ်ခဲ့သည်။

'လှည်းဘီးသည် ဝန်ကို ဆောင်သော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့' တစ်ချိန်က ပြုမိမှားခဲ့သော မကောင်းမှုကံသည် ဓမ္မစေတီမင်း၏ နောက်သို့ အစဉ်တစိုက် လိုက်လေတော့သည်။

သက္ကရာဇ်ရှစ်ရာငါးဆယ့်လေးခု၊ တစ်ခုသောနေ့တွင် သားတော် ဗညားရံလုပ်ကြံသဖြင့် ဓမ္မစေတီမင်း ကံတော်ကုန်ရရှာသည်။ ဓမ္မစေတီမင်းသည် သေခါနီးကာလ၌ မြတ်ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ခြင်းစသော ကုသိုလ်ကံ (အာသန္နကံ)ကို ပြုရန် အချိန်မှ ရလိုက်ပါရဲ့လား။

* * *

## နောက်ဆက်တွဲ
## ရှင်စောပု အင်း၀မှ ဟံသာ၀တီသို့ စုန်တော်မူရာ၌ ဖွဲ့ဆိုပုံ
## လွမ်းချင်း

နဒီငယ်ဝိုင်းပါလို့၊ ရွှတိုင်းငဲ့ပြာမှုန်
၀တ်နံ့ငယ်ဖြာ၊ ထူပါရုံစေတီကြီးငယ်နှင့်
ထီးစွင့်စွင့်ပုညရှင်၊ သည်ကပင် ဦးစိုက်ပါ့မယ်လေး။
အဠလီငယ်၊ ၀စီကာယ၊ ပဏာမဖြင့်
ပတ္တမြစေတီ၊ ခြောက်ရောင်ငယ်ညီလို့
မဟီမဏ္ဍလာ၊ မြေမျက်နှာ
တေဇာဝှမ်းထက်၊ ရွှေကြက်ယက်နှင့်
ရွှေကြက်ကျခေါ်၊ စိန္တေယျော်၊ ပူဇော်ပြီးလျှင်
မြို့ပဝိုးကိုတဲ့၊ ရေရိုးကနှင့်တော့
တို့မောင်ရင်၊ ရစ်ရောင်ငယ်၊ မင်းရဲတောင်
ကျောက်ဆောင်စွန်းဆီက၊ မယ်စောကွယ်ဖြူရွှန်းကို
လွမ်းရစ်ပလေး။

သွင်သွင်ငယ်ဆင်းပါလို့၊ မြစ်မင်းငယ်ရော
သဲမွေ့ရာ၊ မဂဓာရွှေဇင်ယော်တို့
မ,ခေါ်ကာ ထူးပြန်ကြတယ်လေး။
နဒီဗွေလေဝေရမ္မ၊ မြူခိုးဆင်မင်းလွင်ထလို့
လှိုင်းခသုတ်သုတ်၊ ရေဝဲငုပ်လို့
မြုပ်ချည်ပေါ်ချည်၊ ပွက်အော်ချည်နှင့်
မဆည်သော်နိုင်၊ မိန်းမသားငယ်မို့
ကြောက်အားသာ လှိုင်တော့တယ်။
ပဲ့ထိုင်တဲ့ ပျိုခင်ငယ်၊ လက်ပံဇင်ကမ်းပါးနီမြင့်ဆီက
ရေလှိုင်းသံကမ်းခြေရင်းမှာ၊ ပြင်းလှတယ်လေး။

လှေယဉ်ငယ်လောင်းနှင့်၊ ရေကြောင်းကိုတဲ့ စုန်လို့လာ
ရွှေကိုင်းငယ်သာ၊ ပြည်ဇေယျာနိုင်ငံကြီးငယ်က
ခရီးတဲ့ သချာယူ၊ ရွှေမြင်းမူသာ ပြန့်ပြူးပါဘိ
မြတ်စောလှူစိန္တေယျော်ကို၊ လှေဝနာသည်အပေါ်က
ကြည်ပူဇော်ဦးခိုက်ပါ့မယ်လေး။
ရွှေဖြောင်းရှာ၊ တောဓာတောက်ထွန်း
တန်ခိုးငယ်ဝေ၊ ရွှေပေါ်ကျွန်းနှင့်
ဝန်းလှိုင်နဂါးရုံ၊ ဓာတ်ပေါင်းငယ်စုံ
ရိပ်မြုံသာယာ၊ ရှာငမြာမဟာရွှေဂူ
သည်ကမူလည်း၊ လေးဆူဓာတ်ရှိး။
ကုန်သည်မျိုး၊ ပုထိုးမနိုင်၊ ညောင်ပင်နိုင်က
တစ်တိုင်သချာ၊ ခရီးကို ခွာလိုက်လျှင်
ရှာမြင်းခြံအောက်ဆွယ်၊ ကွန်းရာဝယ်ရွှေတန်တ၂ကိုလ
မယ်စောကွယ်စုန်တဲ့ နှစ်တွင်မှ၊ ဖူးဖြစ်တယ်လေး။

(ရေးဖွဲ့သူကို မသိဟူ၍ ဆရာမြဒေါင်းရင်၏ 'ဧကရီရှင်စောပု' စာအုပ်တွင် ဖော်ပြထားသည်။)

## ဘုရင်မကြီးရှင်စောပု စိုးပိုင်တော်မူသော ရာမညတိုင်း မြို့တော်အမည်များ ဟံသာဝတီသုံးဆယ့်နှစ်မြို့

(၁) ကျောက်မော် (၂) အံး (၃) ဒုန်ဇရစ် (၄) လှည်းကူး (၅) စစ်တောင်း (၆) ဒင်းမဲ (၇) ဖွဲ့သဘုံ (၈) အသား (၉) မော်လုံ (၁၀) လကွန်းဈည်း (၁၁) ခရိမ်(၁၂)မအူ (၁၃)ရမ္မာနိဂိုရ် (၁၄)ရမ္မာဝတီ (၁၅) မှော်ဘီ (၁၆) လှိုင် (၁၇)ဘောင်းလင်း(၁၈) ထမ်းတောကြီး (၁၉) တီတွတ်(၂၀)ဒွေဓ (၂၁) ဇောင်းတူ (၂၂) ဘားအိုင် (၂၃) တုံခမ်း (၂၄) ရဲနွဲ့ (၂၅) မေရွှယ (၂၆) တငါပေါင် (၂၇) ရဲလှ (၂၈) ကောလိယ (၂၉) ယွန်းစလင်း (၃၀) ဝင်းပြိုင်

၃၁) ယွန်းဇင်း (၃၂) ဟံသာဇိုင်းကနိုင်း

## ပုသိမ် သုံးဆယ်နှစ်မြို့

၁) ပုသိမ် (၂) ဟိုင်းကြီး (၃) မော်တင် (၄) ကျုံကူး (၅) ဘမ်းဖြူ (၆)ကျောက်တမော့ (၇) ပန်းမ (၈) ဆိတ်ကြီး (၉)ကျုံတုံ (၁၀) မြောင်းမြ (၁၁) သစ်ရောင်းချောင်း (၁၂) တကောင်းဘုရား (၁၃) ကျုံထရော် (၁၄)ထောင်ပုံ (၁၅) ပန်းတောရေကြည် (၁၆) သာရဝေါ (၁၇) ဒမ္မီ (၁၈) ဂူထွတ် (၁၉) ကျိုက်ထော်(၂၀) မန်းကြာ(၂၁)ပန်းတောကြီး(၂၂) သီဒါမြို့ (၂၃) ဘိုးတတ်ဘုရားကြီး (၂၄) ခေနံ (၂၅) ခသောဒရာ (၂၆) ထမ်းဖူး (၂၇) သိမ်ချောင်း (၂၈) ကျောက်ချောင်းကြီး (၂၉) သမြင်းတုံး (၃၀) ခနုဖြူ (၃၁) ဇဝွန်း (၃၂) ခဲပေါင်

## မုတ္တမ သုံးဆယ်နှစ်မြို့

၁) ကောပိန် (၂) ကျိုင်း (၃) ဇွယ်ယ (၄) ကျိုတ် (၅) အောင်ဗို့ (၆)မြဝတီ (၇) ပေါင် (၈) သဇိုစ် (၉) ထားကျိုင် (၁၀) လှိုင်းဘွဲ (၁၁) မော်လမြိုင် (၁၂)အထရံ (၁၃)ဝင်ယော် (၁၄) ဝါခရု(၁၅) လမိုင်း (၁၆) ရေး (၁၇) ဘီးကျွန်း (၁၈) ရေယ် (၁၉) ဇရာ (၂၀) ကွန်း (၂၁) ဇမိ (၂၂) လဝွန်းဗျည်း (၂၃)မြိုင် (၂၄) အလှိုင် (၂၅) ယင်းငြိမ် (၂၆) ကော့ (၂၇)တုံဝန်း (၂၈) အိစ် (၂၉) အိဝဲ (၃၀) တိုက်ကလား (၃၁) ယင်အုံ (၃၂) ဘုံကမိ